# မမသဒ္ဒါပေါင်

## သူခြယ်မှုန်းတဲ့တေးပန်းချီ



(အချစ်လုံးချင်းဝတ္ထုရှည်)

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၇၊ အောက်တိုဘာလ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ – ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ဈေး – ၂၀၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

၈၉၅ • ၈၃
မမသဒ္ဒါမောင်
သူခြယ်မှုန်းတဲ့ တေးပန်းချီ/ မမသဒ္ဒါမောင် – ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၇ ။
၃၀၄ – စာ ၊ ၁၂ • ၃ × ၁၈ စင်တီ။
(၁) သူခြယ်မှုန်းတဲ့ တေးပန်းချီ

# မမသဒ္ဒါမောင်

# သူခြယ်မှုန်းတဲ့ တေးပန်းချီ

အချစ်ဆိုတာ သိမ်မွေ့နူးညံ့ နက်နဲလွန်းတဲ့ အရာတစ်ခုပါ။
ေးဆပ်ခြင်းနဲ့ ချစ်နိုင်မှသာ စစ်မှန်တဲ့ ချစ်ခြင်းမျိုး ဖြစ်ပေမယ့်
ယူလိုစိတ်နဲ့ ချစ်ရင်တော့ အဲဒါက အချစ်မဟုတ်တော့ပါဘူး။ ဖြစ်ခြင်း
ဖြစ် အတ္တပဲဖြစ်မှာပါ။ ဒါကြောင့်လည်း "အလိုကြီး အရနည်း" ဆိုတဲ့
ကားပုံဖြစ်လာတာလေ။ နှစ်ကိုယ်တူ ချစ်တယ်ဆိုတာထက် ပိုချစ်တဲ့
ူက မီးလိုပူလောင်တတ်တယ်ဆိုတာ သူမ မသိဘူးထင်ပါရဲ့။
လောကမှာ ချစ်တဲ့လူထက် အချစ်ခံရတဲ့လူက ပိုပြီးလောင်မြိုက်ခံစားရ
ယ်ဆိုတာကို သူကိုယ်တိုင် လက်တွေ့ခံစားရမှပဲ သိခဲ့ရတာပါ။

**နေမျိုးကျော်ဇင်**

အချစ်ဆိုတာ ဘာသာဗေဒတစ်ခုလို့ ကျွန်မ ယူဆသတ်မှတ်တာမျိုး မရှိခဲ့ပါ။ ချစ်တာကို ချစ်တာလို့ ခပ်ရိုးရိုးပဲ ခံယူထားပါတယ်။ ကိုယ်က ပိုချစ်တော့ ပိုခံစားရလေပါပဲ။ ဘာဖြစ်လဲ။ အချစ်က ခံစားချက်မျိုးစုံပေးတတ်တဲ့ နတ်ဘုရားတစ်ပါးပင် မဟုတ်ပါလား။ သူ့အပေါ် ချစ်မိတဲ့ ကျွန်မရဲ့ချစ်ခြင်းတွေက အဆိပ်ဖြစ်နေမယ်ဆို ဘယ်ထင်ထားပါ့မလဲ။ ရှုးသွပ်မူးမေ့မတတ် ချစ်မိတဲ့လူရဲ့အပြစ်လား။ အဲဒါတွေ ဘာမှမသိချင်ပါ။ ရင်ထဲမှာရော ဦးနှောက်ထဲမှာပါ သိထားတာက တစ်ခုတည်းပါပဲ။ 'ကျော့' ကို ကျွန်မ သိပ်ချစ်တယ်။

**တေးပန်းချီ**



ထူးဆန်းလေစွ။ မိန်းမတွေ အချစ်ကြီးတတ်ကြတာကို သူ
သည်း သိနေတာပါပဲ။ ဒါပေမဲ့ အဲဒီမိန်းမလောက် သူချစ်သူကို ချစ်
ဘာက မြင်တဲ့လူတိုင်း အံ့သြစရာ ဖြစ်နေတာလေ။ သူမ ချစ်သူနဲ့
တ်သက်လာရင် မြင်မြင်သမျှ အရာအားလုံးကို ရင်ဆိုင်ဖြေရှင်းမယ့်
သူ့ရဲ့ကောင်းလိုမှုနဲ့ သွေးဆူပွက်လာတတ်တာ မဟုတ်ပါလား။ ရှင်းရှင်း
ပြောရရင် သူမကို ကြည့်ရမြင်ရတိုင်း ကြက်သီးတွေ ဖြန်းခနဲ ထမိသည်
အထိ သူ စိတ်လှုပ်ရှားခဲ့ရတာပါလေ။ နောက်ဆုံးမှာ သူ သိလိုက်ရတာ
က အဲဒီမိန်းမကို အလိုလိုသနားမိရင်း ချစ်မိသွားရတယ်ဆိုတာပါ။

**ရဲရင့်မြတ်သွေး**

'သော်' သူ့ကိုမုန်းသည်။ ခါးခါးသီးသီးကို မုန်းတီးမိပါ၏။ လောကကြီးမှာ ယောကျ်ားလေးနှင့် မိန်းကလေး ရိုးရိုးသားသား ခင်မင်ခွင့်မျိုး မရှိရတော့ဘူးလား။ နေရာတကာ ရန်လိုစိတ် မရွှရိုယ တို့နှင့် လောင်မြိုက်နေသည့် သူ့ကိုကြည့်ရင်း ကြေ႔ကွဲမိတာ အမှန် ပါပဲ။ 'သော်' သိထားတဲ့အချစ်ဆိုတာက အေးငြိမ်းတဲ့ ကြာဖြူပွင့်လေး လို တည်တည်ငြိမ်ငြိမ်လေးပါလေ။ 'သော်' မြင်နေရတဲ့ သူ့ချစ်ခြင်း တွေကတော့ဖြင့် ဟုန်းခနဲ ထတောက်တော့မယ့် မီးတစ်စလို အန္တရာယ် အပြည့်နဲ့ပါပဲ။

**သော်တာမြင့်မိုရ်**





## အခန်း (၁)

ပန်းအိုးသေးသေးလေးထဲမှ သစ်ခွပင်တို့ကို အိုးအလတ် အကြီးခွဲကာ အုန်းခွံရေစိမ်ထုထားတာတို့ဖြင့် သေသပ်လှပအောင် ထည့်လိုက်ပါ၏။ တစ်အိုးပြီးသည်နှင့် ရေဇလုံးထဲ ပြန်စိမ်ထားကာ နောက်ထပ်တစ်အိုးကို ဆက်လုပ်ရပါသည်။ အပင်ခွဲစိုက်ရမှာတွေကို အိုးအသေးမှအကြီးပြောင်းပြီးမှသာ သစ်ခွအိုးကြားလေးတွေထဲသို့ plastic ခြင်းပိစိလေးဖြင့် ထည့်ထားပါသည့် အပင်အားဆေးကို ကြားလေးတွေထဲ သေချာထည့်ရလေ၏။

နိုင်လွန်ကြိုးတို့ဖြင့် သုံးကြိုးစီပြုလုပ်ထားပါသည့် သစ်ခွအိုး တို့ကို သံချိတ်အသီးသီးဖြင့် ပြန်တွယ်ကာ သစ်ခွစင်တန်းမှာ ချိတ်ရန် ပြင်လိုက်ပါသည်။ အမြင့်တစ်တန်း အနိမ့်တစ်တန်းစီ မြင့်သည့်တန်းကို

ခုံဖြင့်တက်မှရမည် ဖြစ်သဖြင့် plastic ခုံမြင့်တစ်လုံးကို လှမ်းယူလိုက်ရလေ၏။ နှစ်လုံးချိတ်လိုက် ပြန်ဆင်းယူလိုက် ပြန်တက်လိုက်ဖြင့် 'သော်' တစ်ယောက်တည်း အလုပ်ရှုပ်နေစဉ် ခြံဝမှ Bell သံပေး၍ စက်ဘီးတစ်စီးဝင်လာလေသည်။

"ကလင် ကလင်"

"သော် ဒီမှာ ရဲရေ့!"

ပန်းခြံထဲရောက်နေသဖြင့် အိမ်ထဲဝင်ရမည်စိုးပြီး အသံလှမ်းပေးလိုက်ရပါသည်။ 'ရဲရင့်မြတ်သွေး' က 'သော်' ရှိနေသည့် ပန်းခြံမှာ စက်ဘီးကို ဒေါက်ထောက်လျက် ရပ်ခဲ့ပြီး အရိပ်မိုးထားပါသည့် သစ်ခွရုံထဲသို့ လိုက်ဝင်လာလေ၏။ Plastic ခုံပေါ်မှာ Jeans အရှည်ကို ဒူးအောက်နားထိ ခေါက်လိပ်ထားပြီး အပေါ်မှာက T-shirt အဝါဖျော့ဖျော့လေးကို ဝတ်ထားသဖြင့် 'သော်တာမြင့်မိုရ်' က ကပိုကရိုလေးဖြစ်နေလေသည်။

"သော်တို့တော့ လုပ်ချလိုက်ပြန်ပြီ။ လူမြင်မသင့်တာတွေ လုပ်နေပြန်ပြီလား"

ရောက်တာနှင့် ဆူဖို့က အရင်ဆုံးပါပဲ။ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းဖြစ်ပေမယ့် 'ရဲ' က 'သော့်' အပေါ် သူငယ်ချင်းလိုရော အစ်ကိုလိုပါ ခင်မင်စောင့်ရှောက်ခဲ့သူပါ။ ကျောင်းပြီး ဘွဲ့ရပြီးနောက်





ကိုယ်ပိုင်စီးပွားရေးတွေ ရွေးလုပ်ကြစဉ် 'ရဲ' က coffee ဆိုင်သန့်သန့်လေးဖွင့်ထားပြီး 'သော်'က ဝါသနာပါသည့် ပန်းပင်ပျိုးပင်ရောင်းသည့်ဆိုင်လေးကို ဖွင့်ဖြစ်ခဲ့တာပါလေ။

"အမြင်မတော်လည်း မျက်စိမှိတ်ထားပေါ့ဟယ်"

"ဆင်းစမ်းပါဟာ၊ ငါလုပ်ပေးပါ့မယ်။ ဘယ်နှစ်အိုး ချိတ်မှာလဲ"

"ဒီဘက်ခြမ်းမှာစီထားတဲ့အိုး အကုန်ပေါ့"

"နင်တစ်ယောက်တည်း အုန်းခွံတွေ ထုထားတာပေါ့လေ"

"ဩော် ကိုယ့်အားကိုယ်မကိုးလို့ ဘယ်သူ့ကို အားကိုးရမှာလဲ"

"ဒီမှာလေ၊ ငါ့ကိုအားကိုးလိုက်စမ်းပါ၊ အားကိုးခံချင်လွန်းလို့"

"နာနေပါဦးမယ်"

"ဆင်းတော့လေ လာ"

သုံးလေးနှစ်ကလေးလို့များ ထင်နေသလား မသိပါ။ ခုံပေါ်မတ်တပ်ရပ်နေပါသည့် 'သော့်' ကို လက်နှစ်ဖက်ကမ်း၍ ချီရန် ပြင်လိုက်သဖြင့် မျက်လုံးပြူးသွားရပါ၏။ ပြောတော့ဖြင့် လူမြင်မသင့်ဘူးဆိုပြီး သူလုပ်တာကမှ ပြဿနာပါ။ ဒါတောင် မသိဘူးလား 'ရဲရင့်မြတ်သွေး' ရယ်။

"ဆင်းလေ"

"နင် ဖယ်ပေးမှပေါ့"

"ဩော် . . . ခုနဆင်းရင် ခြေထောက်ခဲလုံးစုးမှာစိုးလို့လည်း ချီပြီးချပေးမလို့ပါဆိုနေမှ။ ငါ့ကိုများရှက်နေရသေးတယ်။ ငယ်ငယ်က ကုန်းပိုးစီးခဲ့တာ မဟုတ်သလိုပဲ"

"ငယ်ငယ်က ကလေးလေ"

"ဒါဆို အခုက လူကြီးလား"

"အင်းပေါ့"

"ဒီရုပ်ကို ဘယ်သူက လူကြီးထင်မှာလဲ။ နင့်ရုပ်က ခုထိ (၈) တန်းကျောင်းသူပုံစံမှ မပျောက်သေးတာ"

"ရဲနော် နင်"

"လာပါ ပြောနေကြာတယ်။ မှန်းစမ်း! ပေါင် (၁၀၀) တောင် ပြည့်ရဲ့လား။ ပေါ့ရွှတ်နေတာပဲ၊ Sparrow!"

ခါးနေရာကိုကိုင်၍ 'ပွေ့ချီမ' လိုက်သလို နူတ်မှလည်း 'စာကလေး' နှင့် နှိုင်းယှဉ်လိုက်လေ၏။ မျက်နှာရဲကာ ရှက်သွားပါသော်လည်း သူ့လက်မောင်းကို ဖျတ်ခနဲထုလိုက်မိပါသည်။ သူပြောလည်း ပြောချင်စရာပါ။ 'သော်' ကအသက် (၂၀) ကျော်နေပါသော်လည်း အရပ်က (၅) ပေ နှစ်လက်မခန့်သာရှိပြီး သေးသေးလေးဖြစ်နေတာ





မဟုတ်ပါလား။ အထူးသဖြင့် ကုတ်ဝဲဆံပင်တိုလေး ညှပ်ထားသဖြင့် ပို၍ ကလေးဆန်လွန်းနေတာပါလေ။

သူကဖြင့် ယောကျ်ားပီသသည့် ကိုယ်ဟန်သုံးကိုယ်ထည်ဖြင့် အရပ်အမောင်းကလည်း ကြည့်ကောင်းလွန်းတာ မဟုတ်ပါလား။ ဒီကြားထဲ ကျန်းမာရေးလည်း မှန်မှန်လုပ်သဖြင့် ခန္ဓာကိုယ်က တင်းမာ ကြံ့ခိုင်လွန်းတာလေ။ မိုးတွင်းမှာသာ အပြင်ထွက် စက်ဘီးစီးတာကို ရှောင်ပြီး ဆောင်းတွင်းနှင့်နွေမှာ မနက်စောစောမဟုတ်လျှင် ညနေစောင်းကို ရပ်ကွက်လမ်းမထက် စက်ဘီးလှည့်လည်စီးလေ့ရှိပါ၏။ အခုလည်း အပြင်က ပြန်ရောက်ပြီး 'သော့်' ထံဝင်လာပုံပါ။

"ဒါတွေကရော"

"ရတယ်၊ အဲဒါက သော်ဆက်လုပ်လို့ပြီးတယ်"

"ပို့မယ့်ပို့ ကုတို့ရောက်အောင် ပို့ပေးပါ့မယ် သော်ရာ"

ကျန်နေပါသည့် သစ်ခွအိုးတွေကို သူပဲ ကြည့်ကောင်းအောင် လုပ်နေသဖြင့် ရှုပ်ပွထားပါသည့် ပစ္စည်းတွေ အမှိုက်တွေကို 'သော်' ခပ်မြန်မြန်ပင် ရှင်းလိုက်ပါသည်။ နေလည်းစောင်းပြီ၊ အလုပ်လည်း ပြီးပြီ မဟုတ်ပါလား။ ဒီနေ့ ဆိုင်ပိတ်ရက်မို့ 'သော်' က ဒီအလုပ်တွေ လုပ်နေတာဖြစ်ပြီး သူလည်း (ရှယ်ရာဝင် သူငယ်ချင်းတွေကိုထားကာ) off ရက်ယူထားပုံပါ။

"ဟိုဘက်ခြံကို လူသစ်တွေရောက်လာတော့မှာဆို"

"အင်းလေ ကြားတယ်"

"သော်"

"ပြော"

"ကောင်မလေးတွေ ပြောင်းလာရင်တော့ မဆိုးပါဘူး။ ဂျီလို ခပ်မိမိကောင်လေးတွေ ရောက်လာရင်တော့ နင်သတိထားပေတော့"

"ဘာဖြစ်လို့လဲ"

"ပါသွားမှာစိုးလို့ပေါ့ တော့်ရဲ့။ ဒါလေးတောင်မသိဘူးလား"

"ပါစရာလား။ သော်က မသိနားမလည်တဲ့ ကလေးမှ မဟုတ်တာ"

"ကလေးမဟုတ်လို့ ပူရတာပေါ့ သော်ရဲ့။ ကလေးဆိုရင် တုတ်နော်ဆိုပြီး ခြောက်လို့ရသေးတာ"

'သော်' ပြုံးစိစိလေးဖြစ်သွားရပါ၏။ သူ့ပဲ အမျိုးမျိုးတတ်နိုင်လွန်းတာပါ။ စောစောကဖြင့် ကလေးဆိုပြီး ခုတစ်ခါ လူကြီးဟု ပြောနေပြန်တာမဟုတ်လား။ တခြားအချိန်မှာ ဆိုခဲစေမြဲစေ ယောကျ်ား ပီသပါသည့် 'ရဲရင့်မြတ်သွေး' က 'သော်' နှင့်ပတ်သက်လျှင်ဖြင့် တကယ့်ကို ကလေးဆန်လွန်းတာလေ။

"ဒါတော့ မပြောနိုင်ဘူးလေ။ အေးအေးနေနေပေမယ့် အီ





အေးအေးလေးကိုမှ စိတ်ဝင်စားလာရင်တော့ သော်လည်း မတတ်နိုင်ဘူး။ တချို့က တုံးမှကြိုက်ကြတာ မဟုတ်လား"

"ကြည့်စမ်း! သော်နော်။ အခုကတည်းက ဇာတိပြနေပြီ"

"ဘာဖြစ်လဲ နင်လည်း နင့်ကော်ဖီဆိုင်မှာ customer လှလှလေးတွေနဲ့ အီစီကလီလုပ်နေတာ မသိဘူး မထင်လေနဲ့။ သော်တာ မြင့်မိုရ်ကို တစ်နေ့တစ်နေ့ ခြံထဲတကုပ်ကုပ်ဆိုင်မှာလည်း အလုပ်ရှုပ်နေတာဆိုပြီး ဖော့တွေးထားတာကိုး"

"နင့်ကို သိပ်ဟတ္တိမှုတာ မဟုတ်လား။ ဒီကောင်တွေတော့ တွေ့မှ နာရင်းအုပ်ပစ်ရဦးမယ်"

စကားလေးနည်းနည်းတောက်လိုက်ရုံဖြင့် အတွင်းထဲထိ မြင်သာအောင် 'ရဲ' တို့ဖြူစင်ပုံက အထင်းသားပါ။ သူငယ်ချင်းကို ဒီထက် ပိုတာမျိုးလည်း မဟုတ်ပါဘဲ ထိန်းချုပ်ချင်တာကိုတော့ 'သော်' မနှစ်သက်ပါ။ 'သော်' တို့နှစ်ယောက်ကြားက စည်းကို ဘယ်သူဘယ်သူမှ မကျော်ကြဘဲ ဒီအတိုင်းလေးထားခဲ့ကြတာ ဒီအရွယ်ထိတိုင်ပါပဲ။

"သမီးသော်၊ ညနေစာ စားကြမယ်လေ"

"လာပြီ မေမေ"

"ဩော် . . . သားရောက်နေတာကိုး။ တစ်ခါတည်း ဝင်စားသွားပါလား ရဲရယ်"

"နေပါစေ မေသက်ရယ်"

"လာပါ ရဲရဲ၊ ဒီနေ့ နင်ကြိုက်တဲ့ ကြက်အသည်းအမြစ်ဟင်း ချက်ထားလို့ပါ"

"တကယ်"

"အင်းပေါ့"

"ဒါဆို စားမယ်"

အိမ်ဘေးပြတင်းပေါက်မှ လှမ်းခေါ်လိုက်ပါသည့် 'သော်'၏ မေမေ 'ဒေါ်မီမီသက်' က 'ရဲ' ကိုတွေ့သွားသဖြင့် ညနေစာ အတူစားရန် ခေါ်လေတော့၏။ တစ်လမ်းတည်းအတူနေပေမယ့် ငယ်စဉ် မူကြို ကတည်းက 'သော်' နှင့် 'ရဲ' က နှစ်အိမ့်တစ်အိမ်လို ဖြစ်ခဲ့ကြတာပါ။ 'ရဲ' တို့အိမ်မှာက အိမ်အကူတွေသာချက်ကျွေးသဖြင့် ဖွယ်ဖွယ်ရာရာ မရှိသဖြင့် 'သော်' တို့သားအမိက . ချက်တတ် ပြုတ်တတ်တာမို့ မကြာခဏ ခေါ်ကျွေးတတ်ပါသည်။

အခုလည်း ဖေဖေ 'ဦးမိုးမြင့်မိုရ်' စားချင်သည်ဆို၍ ကြက်အသည်းအမြစ်ဆီပြန် မဆလာမွှေးမွှေးလေးဖြင့် ချက်ထားတာကို 'ရဲ' သိအောင်ပြောလိုက်တာပါ။ 'သော်' နှင့် 'ရဲ' က မရှက်မကြောက် ပွင့်ပွင့်လင်းလင်းဖြင့် တိုင်ပင်လေ့ရှိကြသည့် အရင်းနှီးဆုံး သူငယ်ချင်းတွေပါပဲ။ ဒီနေ့ ဒီအချိန်ထိ ခေါင်းမူးတာ၊ ဗိုက်အောင့်တာကအစ





ရဲ့ မသိအောင် ဘာတစ်ခုမှ မဖုံးကွယ်ခဲ့ဖူးပါဘူး

"လက်ဆေးဦးမယ်နော်"

"ဆေးပါ သားရယ်၊ အဲဒီမှာ ဆပ်ပြာလည်း ရှိတာပဲဟာ"

"သော်, ရေလောင်းပေး"

ဆပ်ပြာဖြင့် လက်ဝါးပြင်ကို ပွတ်နေပါသည့် သူ့ကို ရေလောင်းပေးရပြန်လေ၏။ 'သော်' က ခန္ဓာကိုယ်လည်း ပိန်သလို အစားအသောက်လည်း နည်းလွန်းပါသည်။ 'ရဲ' ကဖြင့် ယောက်ျားလေးပီပီ ဘာမဆို မရွေးချယ်ဘဲ စားတတ်လေ၏။ ရေချိုးခန်းထဲမှာ ဘစ်ယောက်တစ်လှည့် ခြေလက်ဆေးတာကို ကူပြီးမှ ထမင်းစားခန်း ထဲ ဝင်ခဲ့ပါသည်။

'ရဲ' ၏မေမေ အန်တီထား 'ဒေါ်ထားထားဆွေ' က 'သော်' ကိုအလယ်တန်းတက်နေစဉ်မှာပင် ဦးနှောက်သွေးကြောပြတ်၍ ဆုံးခဲ့သည်။ အခု 'ရဲ' က ဖေဖေ (သော့်အခေါ် ဦးဦး) 'ဦးမြတ်သွေး' နှင့် သားအဖနှစ်ဦးသာ အလုပ်သမားတွေနှင့်အတူ နေထိုင်နေတာဖြစ်ပါသည်။ 'ဦးဦး' က အရွယ်ကောင်းလေးမှာ မုဆိုးဖိုဖြစ်ခဲ့ပေမယ့် ရဲ့ ကိုငဲ့ပြီး နောက်ထပ်အိမ်ထောင်မပြုခဲ့ပါလေ။ အန်တီရှိစဉ်ကတည်းက မေမေ့ကို 'ရဲ' က 'မေသက်' ဟုပင် ချစ်စနိုးခေါ်ဖြစ်ခဲ့တာပါ။

"လာ ထိုင်သား"

"မေသက် မစားဘူးလား"

"မေသက်က မဆာသေးပါဘူး သားရယ်။ သားညီမကသ
အစာကို အချိန်မှန်မကျွေးရင် မစားဖြစ်လို့ အမြဲ ဂရုစိုက်နေရတာ

"ချစ်ချစ်ကြီးကိုစောင့်ချင်လို့ မဟုတ်ဘူးလား မေသက်ရဲ့

"ရဲနော်"

"ဘာဖြစ်လဲ ချစ်လို့စတာပဲကို"

"စားနော် သား။ အအီပြေအောင် မေသက် ကင်ပွန်းချဉ်ရွ
ကို ပဒက်စာလေးနဲ့ ချက်ထားပေးတယ်"

"ဒါက ပဲပြားသုပ်လား"

"အေး ဟုတ်တယ်၊ အဲဒါ သမီး လက်ရာပေါ့"

"သော့်ကို ပန်းဆိုင်မဖွင့်ခိုင်းသင့်ဘူး မေသက်ရဲ့"

"ဘာဖြစ်လို့လဲ"

"အသုပ်ဆိုင်ဖွင့်ပေးရမှာ။ သော်က ဟင်းချက်တဲ့လက်
ထက် အသုပ်တွေလုပ်ပေးသမျှ အကုန်စားလို့အရသာရှိတယ်"

"ကြည့်စမ်း! လူကို မြှောက်ပင့်ရေးသည်လုပ်ခိုင်းချင်တာပေါ့လေ"

"ရေးသည်မဟုတ်လို့ဘာလဲ။ ငါလည်း ကော်ဖီဖျော်ရေး
တဲ့ ရေးသည်ပဲဟာ"

'သော်' က သူ့ကို မျက်စောင်းခဲလိုက်မိပါ၏။ မေမေ





'သော်' တို့အတွက် ပြင်ဆင်ပေးပြီး ရေချိုးရန်အ‌ေ၇က် ရေချိုးခန်းထဲ ဝင်လေပြီ။ အိမ်က သိပ်ကြီးမကျယ်သဖြင့် 'သော်' တို့ ထမင်းစားခန်းမှာပြောသမျှကို မေမေလည်း အတိုင်းသားကြားရမည်သာ။

"ဘာပဲဖြစ်ဖြစ် ဟိုတက်ခြိပြောင်းလာတဲ့လူတွေကိုတော့ ငါ့လိုမျိုး အိမ်ထဲခေါ်ပြီး မကျွေးဘူး မဟုတ်လား"

"ဩော် . . . သူစိမ်းကြီးတွေကို ခေါ်ပါ့မလား ရဲရဲ့။ ကြီးဖန်တွေးပူနေပြန်ပါပြီ"

"ပူရတာပေါ့။ ငါက ဒီအိမ်ရဲ့ အခွင့်ထူးခံ သူကျက်ပဲဟာ"

"ဘာလဲ"

"သူကျက်လေ၊ သူစိမ်းမှ မဟုတ်တာ၊ မဟုတ်ဘူးလား"

'သော်' ပြုံးစိစိဖြစ်သွားရပါသည်။ တခြားသူတွေနှင့်ဆို ထိုသို့မဟုတ်တာ၊ ရယ်စရာတွေ မပြောတတ်ပါဘဲ တည်တည်ကြည်ကြည်နေတတ်ပါသည့် 'ရဲရင့်မြတ်သွေး' က 'သော်'နှင့်ဆိုလျှင်တော့ ဤသို့ပြောတတ်လေ၏။ အာလူးအစိတ်လေးတွေ ကြော်ထားတာကိုရော ခေါ်ဖီပန်းပွင့်နှင့် ကြက်ဥမွှေကြော်ထားတာကိုပါ သူ့ပန်းကန်ထဲသို့ နည်းနည်းစီ ဦးဖယ်ထည့်ပေးလိုက်စဉ် 'ရဲ' က တိုးတိုးရယ်လေတော့သည်။

❊

# အခန်း (၂)

ကားကို သူ့ကော်ဖီဆိုင်ဘေးရှိ လမ်းကြားထဲမှာ ဝင်ရပ်ပြီးမှ ကားပေါ်မှ ဆင်းလိုက်ပါသည်။ ဘေးလမ်းကြားအနီးမှ ကုန်းမြင့်လမ်းမပေါ် လမ်းလျှောက်ပြီး ပြန်တက်ကာ ကော်ဖီဆိုင်ရှေ့သို့ ရောက်လေ၏။ 'DREAM' ဟု ရွှေစာလုံးဖြင့် ရေးထားပါသည့် ဆိုင်းဘုတ်က အရုဏ်တက်နေရောင်အောက်မှာ လင်းလက်နေတာအမှန်ပါ။

"မင်္ဂလာပါ အစ်ကို"

"အေး"

"ဒီနေ့ တယ်စောပါလား ရဲရင့်"

သန့်ရှင်းရေးလုပ်နေကြပါသည့် ချာတိတ်တွေကို ပြုံးနှုတ်ဆက်မိစဉ် ကောင်တာနောက်မှာ စာရင်းလုပ်နေပါသည့် သူငယ်





ချင်း သုံးယောက်က သူ့ကိုမြင်သွားပါ၏။ သီဟ၊ သိန်းဇော်နှင့် မြင့်ကျော် ဟူသည့် သူငယ်ချင်းသုံးဦးနှင့်အတူ ရှယ်ယာငွေစုပြီး ဤဆိုင်လေးကို တည်ဖြစ်ခဲ့တာပါ။ စရောင်းစဉ်က လူသိပ်မသိတဲ့ ရောင်းအားရှိခဲ့ပေမယ့် အခုတော့ လူအတော်များများ (အထူးသဖြင့် စုံတွဲတွေအများဆုံး) လာထိုင်သည့် ဆိုင်လေး ဖြစ်နေလေပြီ။

ဆိုင်၏ ထူးခြားချက်က မနက်ပိုင်းမှာ breakfast အဖြစ် ဘမင်းကြော်၊ ပေါင်မုန့်ထောပတ်သုတ်၊ ခေါက်ဆွဲပြုတ်၊ ကြာဆံပြုတ်၊ နွားနို့နှင့်ပူတင်း စသည်တို့ကို မနက် (၉) နာရီမထိုးခင်အထိ ရောင်းချပေးခြင်းပါပဲ။ အဖျော်အလုပ်သမားနှင့် ချက်ပေးသည့် ဝန်ထမ်းက နှစ်ယောက်စီရှိတာမို့ တစ်လှည့်စီလုပ်ရသလို စားပွဲထိုးဝန်ထမ်းက သုံးဦးသာ ထားပါ၏။

ညနေဘက်နှင့် မနက်စောစော လူကျချိန်မှာ သူတို့လေးဦးပါ ကောင်တာမှာ မနေရဘဲ စားပွဲထိုးအဖြစ် ကူရလေသည်။ လိုအပ်သည့် စားသောက်ကုန်ထွက်ဝယ်တာ၊ မုန့်မှာတာ ငွေသိမ်းငွေစာရင်း လုပ်တာကိုတော့ သူတို့ လေးယောက် တစ်လှည့်စီ လုပ်ကြပါ၏။ သူဌေးသားသမီးတွေဆိုပြီး ဟန်ကြီးပန်ကြီးဖြင့် မနေတတ်ကြ၍သာ သူတို့လေးယောက်ပေါင်းနိုင်ကြတာပါ။

"ဒီနေ့ ဝယ်စရာဘယ်သူ့အလှည့်လဲ"

“ငါပါ၊ list လုပ်ထားပြီးပြီလား”

“အေး”

“ဒါဆို ပိုက်ဆံပေး”

“စိုက်လာပါလားကွာ။ သူဌေးကပ်စေးနည်းရဲ့”

“အပိုတွေ ပြောမနေနဲ့။ စီးပွားရေးက စီးပွားရေးပဲ။ ပေး နှစ်သိန်းဆို နှစ်သိန်း”

“ငွေ သေချာမရေရသေးလို့ပါ ရဲရင့်ရာ”

“ချွင်! ”

မှန်တံခါးမှ ချည်သံထွက်လာသဖြင့် ကောင်တာအပြင်မှာ ရှိနေ သည့် သူက လှည့်ကြည့်လိုက်မိပါသည်။ ကောင်မလေးတွေ သန့်ရှင်း ရေးလုပ်ပြီးပြီမို့ လက်သွားဆေး၊ အမှိုက်ပစ်နေချိန်မှာမှ custome က စောစောစီးစီး ရောက်လာတာပါလား။ မှန်ချပ်များမှတစ်ဆင့် အရုဏ်တက်နေခြည်လေး ဖြာကျနေစဉ်မှာပင် ဂန္ထဝင်ဆန်လွန်းပါသည့် အလှတရားကို သူ ခံစားလိုက်မိလေ၏။

ကြည့်စမ်း! နက်မှောင်ရှည်လျားလွန်းပါသည့် ဆံနွယ်ရှည် ကို ဒီအတိုင်းလေးချထားသဖြင့် ဖြောင့်စင်းပျော့အိနေသည့် ဆံနွယ် က ပိုးသားမျှင်များနှယ် နူးညံ့နေတာကိုမြင်တာနှင့်သိနိုင်တာပေ မိန်းကလေးက အပြင်မှ မြင်သာမည့် စားပွဲမှာ နေရာယူထိုင်လျှ





ကြည့်က သူရှိရာဆီ ဖျတ်ခနဲ ရောက်လာလေသည်။

အလို! အင်မတန် တောက်ပကြည်လင်နေပါသည့် မျက်ဝန်း စုံပါပဲလား။

“ဟော့ကောင်ရဲရင့် သွားလိုက်လေ”

“ငါက”

“အေးလေ၊ ဗိုးကျော်တို့မှ မထွက်လာသေးတာကို”

‘သီဟ’ က သူ့ပခုံးကို တွန်းလိုက်သဖြင့် ခြေလှမ်းကို ရွှေ့ က်ရပါ၏။ သူဝတ်ထားပါသည့် Sport shirt နီညိုရောင်နှင့် style nts အနက်ရောင်က သူ့ကို waiter မှန်း ဘယ်လိုမှ ထင်စရာမရှိပါ ။ ဒီဆိုင်က စားပွဲထိုးဝတ်စုံက အပေါ်က အဖြူ အောက်ကကာကီ င် ဘောင်းဘီရှည် မဟုတ်ပါလား။

“မင်္ဂလာပါခင်ဗျာ၊ ဘာများသုံးဆောင်ချင်ပါသလဲ”

“Breakfast ဘာရမလဲ”

ဒီမိန်းကလေး အဝင်ဝမှတုတ်ကို သေချာမကြည့်မိပုံပါ။ သူတို့ မှာ မနက်တိုင်း ရောင်းချသည့် အစားအသောက်ကို White rd ဖြင့် ရေးသားထားလေ့ရှိတာ မဟုတ်ပါလား။ ဒီမနက် ထမင်း က ကြက်ဥမွှေပြီးကြော်ထားတာ ဖြစ်သလို half-fried တစ်လုံး ဝိကြော်၊ ချဉ်ပေါင်နှင့် မျှစ်ရောကြော်ထားတာကို အရန်ချပေး

မှာပါ။ ချဉ်ပေါင်မရှိပါက ကြက်သွန် သို့မဟုတ် သခွားသီးကို ရှာလ
ရည်ဆမ်း၍ အအီပြေပေးလေ့ရှိလေ၏။

"Today special breakfast က ထမင်းကြော်ပါ ခင်ဗျာ"

"ရင်ပြည့်မှာစိုးလို့ ထမင်းကြော်မစားချင်ဘူး။ တခြားဟာ တစ်ခုခုမှာလို့ မရဘူးလား"

"ပေါင်မုန့်ထောပတ်သုတ်တော့ ရမှာပါ"

"ရိုးရိုးအစိမ့် Roll မျိုး မရဘူးလား"

"ရပါတယ်၊ ခဏလေး နွေးတာစောင့်ရမှာပါ"

"Ok! အဲဒါနဲ့ ကော်ဖီခါးခါးတစ်ခွက်ပေးပါ။ No cream"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

သူ လှည့်ထွက်လာရင်း မျက်ခုံးပင့်သွားရပါ၏။ ကြိုကြိုဖန်
ကော်ဖီခါးခါးမှာသတဲ့။ မိန်းကလေး အတော်များများက အချိုအချ
အစိမ့်အများဆုံး ကြိုက်ကြတာ အမှန်ပါ။ ဤမိန်းကလေးကတော့
ပေါင်မုန့်လည်း အစိမ့်ကော်ဖီလည်း အခါးပါတဲ့လေ။ မှာမည့်စာရင်း
Note Pad ကော်ကပ်စာရွက်လေးမှာ ခပ်မြန်မြန်ရေးရင်း အ
ကောင်တာ board မှာ နံပါတ်ရေး၍ ကပ်ပေးလိုက်ပါသည်။ ပြီး
နောက် မုန့်ကောင်တာထဲ ငုံ့ကြည့်ကာ အစိမ့်သုံးခုလောက်
လက်ညှိုးညွှန်၍ Microwave မီးဖိုဖြင့် နွေးခိုင်းလိုက်ရလေ၏။





"ဟာ! အစ်ကို waiter လုပ်နေပြီ"

"ရတယ်၊ ဒီတစ်ယောက်တော့ လုပ်ပေးမယ်"

"ဒီတစ်ယောက်"

"အေး"

"ဩော် ... လှလှလေးကိုး"

တီးတိုးလေးပြောလိုက်ပေမယ့် နားပါးသည့် ယောက်ျားလေး
တွေမို့ တီးတိုးရယ်လိုက်ကြလေ၏။ 'လှလှလေး' တဲ့။ လှတာကိုတော့
အသိအမှတ်ပြုမိပါသည်။ သို့သော် 'သော်' နှင့်တော့ မနွေးထွေးလှပါ။
သူမအနားသို့ ရောက်သွားတာနှင့် တကယ့်ကို အေးစက်စက်အငိုပ်တို့
လာသလို ခံစားရတာ အဘယ့်ကြောင့်ပါနည်း။

"သော်တာလောက် ချစ်ဖို့မကောင်းပါဘူးကွာ၊ နော် ရဲရင့်"

"သော်က ဘယ်ကနေ ပါလာရသလဲ"

"ငါက ဒီလိုပဲ ရိုးရိုးသားသား ပြောလိုက်တာပါကွာ"

"ရိုးရိုးသားသားလည်းမပြောနဲ့၊ ဆန်းဆန်းပြားပြားလည်း
ဘားနဲ့။ ငါ့လက်သီးက အကြောင်းသုံးပါး မရွေးဘူး သိန်းဇော်ရဲ့"

"မင်းကလည်း ဘော်ဘော်ချင်းကို"

"မရဘူး လေကြောရှည်မနေနဲ့ ပေါင်မုန့်တွေ ကူးကုန်မယ်။
ထတ်တော့"

"သော်တာ့ကို ထိလို့ရော မရဘူးလား"

"အေး"

"ဘာဖြစ်လို့လဲ"

"သော်က အဖြူထည်စွတ်စွတ်ကလေးကွ၊ သူ့ကို ဘယ်သူမှ ထိလို့ ငြိလို့မရဘူး။ အဲဒီလိုလုပ်တဲ့သူ ငါ့ရန်သူပဲ"

"သူငယ်ချင်းကိုများကွာ"

"ငါနဲ့သော်က ရိုးရိုးသူငယ်ချင်းမှ မဟုတ်တာ"

"ဒါဆို"

"လေကြောရှည်လိုက်ကြတာကွာ။ ကော်ဖီမြန်မြန်ပေး"

သူက သူငယ်ချင်းတွေရှေ့မှာ လှည့်ထွက်ခဲ့ရတော့ 'သော့်' ကို ကွယ်ရာမှာ ချိုးမွမ်းတာရော ကဲ့ရဲ့တာကိုပါ သူ မကြိုက်ပါ။ နာမည်ထည့်ပြောကြတာကိုလည်း မနှစ်သက်ပါလေ။ 'သော်တာမြင့်မိုရ်' ဆိုတာ တကယ့်ကို ရိုးစင်းဖြူစင်လှပါသည့် simple လေး မဟုတ်ပါလား။ အကြည့်လေးထဲမှာကိုက အတွင်းစိတ် မည်မျှသန့်ရှင်း သလဲဆိုသည်ကို အထင်းသားမြင်နေရတာပါလေ။

"သုံးဆောင်ပါ ခင်ဗျာ၊ လိုအပ်တာရှိလည်း ပြောနိုင်ပါတယ်"

"Ok! Thanks!"

ပေါင်မုန့်ပန်းကန်ကို အရင်ဆုံးချလိုက်ပြီးနောက် ကော်ဖီခွက်





ကို ပန်းကန်ပြားနှင့်အတူ ထားပေးကာ နို့ခွက်ကရာလေး၊ သကြားခွက်နှင့် cream အမှုန့်ခွက်တို့ကိုပါ အဆင်သင့်ပြင်ထားပေးပါ၏။ ကော်ဖီ ... သိပ်အခါးကြီးဖြစ်နေလျှင် အခါးပေါ့အောင် ထည့်ဖျော်လို့ ရစေရန်

"ကဲ! ငွေချေပြီးပြီလား"

"ပြီးပါပြီကွာ၊ ရော့ ရော့ ဦးကပ်စေးရဲ့"

"စည်းကမ်းတကျ သုံးတာပါကွ။ ကပ်စေးနည်းတာ မဟုတ် ဘူး။ မင်းတို့လို ဖြုန်းလရမ်းသုံးလို့ကတော့ ကြာရင် မွဲမှာပဲ။ ဘာမှ ... မှာမဟုတ်ဘူး"

"အခုမှပဲ အဖေလေးနဲ့တွေ့ပြီး ဆုံးမခံနေရတယ်။ တကယ့် ... ကောင်ပဲ"

"မှန်တာပြောရင် ရှာပြင်ထွက်နေရတယ်တဲ့။ ငါသိပြီးသား ... ဘဲ!"

Waiter လုပ်လိုက်ရသဖြင့် ခါးမှာပတ်ထားပါသည့် 'ခါး ... ' ကို ဖြုတ်နေစဉ် သူ့ phone ထမြည်သွားသဖြင့် လန့်သွားရပါ ... အခုမှ မနက် (၇) နာရီကျော်ရုံရှိသေးတာ ဘယ်က phone ... နေပြီး ခေါ်နေပါသလဲ။ Phone မှန်ပြင်ထက်မှာ 'သော်' ၏ ... မျက်နှာလေး ပေါ်နေပါသဖြင့် သူ ပြုံးလိုက်မိပါသည်။

"သော် ပြော"

"ဆိုင်ရောက်နေပြီလား"

"အင်း"

"အပြင်ထွက်ဦးမှာလားဟင်"

"ဘာကိစ္စရှိလို့လဲ သော်ရဲ့။ ပြောလေ အခုပဲ အပြင်မှာ ဝယ်စရာရှိလို့ ထွက်မှာ"

"ဒါဆို လမ်းမကြုံဘူးထင်တယ်"

"ဘာစားချင်လို့လဲ"

"ဟိုလေ၊ ရဲတို့ဆိုင်ကရောင်းတဲ့ ပေါင်မုန့်အစိမ့်လေး စားချင်တာ။ သော်က ပစ္စည်းမှာထားတာ လာပို့နေပြီဆိုတာနဲ့ ဆိုင်မှာ စောင့်နေရတယ်။ အပြင်ထွက်လာလို့မဖြစ်လို့"

"ငါလာပို့ပေးမှာပေါ့ သော်ရာ။ အခုစားမှာ မဟုတ်လား"

"အင်း အိမ်က ဘာမှမစားခဲ့ရလို့ ဆာနေပြီ ရဲရဲ"

"Ok! Ok! မိနစ် (၂၀) အတွင်း ရောက်အောင်လာခဲ့မယ်"

"အားနာလိုက်တာ"

"ပြောပြန်ပြီ"

"ဒါဖြင့် ကျေးဇူးနော်"

တွေ့လား။ အဘယ်မျှ နွေးထွေးတဲ့အပြောအဆိုလေးပါလဲ





တစ်ဖက်သားကို အားနာတတ်ပြီး လိုက်လိုက်လျောလျောလေး ဆက်ဆံတတ်တာမို့ အမြဲသတိပေးနေရတာပါ။ သူက သူငယ်ချင်း အရင်းခေါက်ခေါက်မို့ 'သော့်' အပေါ် တင်စီးတာ[illegible]ကြောင်းမဟုတ်။ တခြားသူစိမ်းတွေ 'သော့်' အပေါ် နိုင်စားမှာကိုဖြင့် လက်မခံနိုင်ပါလေ။

"ကဲ! စောစောက bread မျိုး နွေးအောင်လုပ်ပေးဦး"

"ဘယ်သူ့ဖို့လဲ"

"သော့်ဖို့"

"ပြောတော့ မဟုတ်ဘူးဆို"

"ဘာကိုလဲ"

"မင်းနဲ့သော်တာလေ"

"ပြောပြန်ပြီ၊ အဲဒီနာမည်ကို တစ်ရက်မရွတ်ရ မနေနိုင်ဘူး လား"

"မင်း ဝန်မခံချင်သေးဘူးပေါ့"

"ငါက ဘာကိုဝန်ခံရမှာလဲ"

"ဟာ! ဒီကောင်ကတော့ သူလည်းမစား သူများလည်း [illegible]တဲ့ the dog in the manger (နွားစာခွက်ထဲမှခွေး) ဖြစ်နေပြီ"

"အံမာ၊ ငါ့ကိုများ ခွေးနဲ့နှိုင်းနေတယ်။ ငါ ခွေးဆို မင်းတို့ [illegible] အတူတူပဲ။ ငါက အိမ်ပေါ်မှာမွေးတဲ့ အကောင်းစားခွေး။

မင်းတို့က လမ်းကပေါက်လွှတ်ပဲစား ခွေးလေခွေးလွင့် မှတ်ပြီလား"

"ဟော့ကောင်!"

ပြောမနာ ဆိုမနာ သူငယ်ချင်းတွေမို့ သူက နိုင်အောင်ဖိပြော လိုက်မိပါ၏။ မုန့်ပူပူလေးရပြီမို့ စက္ကူဘူးဖြင့် လုံအောင်ထည့်စေကာ လက်ဖက်ရည်ဖျော်စေပြီး မအေးအောင် ဘူးဖြင့်ထည့်ပြီးမှ အိတ်ထဲသို့ သေချာထည့်လိုက်ပါသည်။

"အခုကရော သော်တာ့ဆီ အရင်ဝင်ပြီးမှ ဈေးသွားမှ မဟုတ် လား"

"အဲဒါ ငါ့ကိစ္စပါ"

အိတ်ကို လက်ဖြင့်သယ်ပြီး ဆိုင်အဝင်ပေါက်မှ ပြန်ထွက်ခဲ့ စဉ် စောစောက မိန်းကလေးက မျက်မှောင်ကြုတ်လျက် phone ပြောနေလေ၏။ ကြည့်ရတာ စိတ်လည်း တိုနေပုံပါ။ စောစောစီးစီး ဒေါသထွက်နေတာတော့ မကောင်းပါဘူးနော်။ သူက ကားပေါ် ပြန် တက်ခဲ့ပြီး 'သော်' ၏ သစ်ခွဆိုင်လေးရှိရာဆီ အရင်ဆုံးဦးတည်လိုက် ပါသည်။ သူရော 'သော်' ပါ ဝါသနာပါသည့် စီးပွားရေးကိုစလုပ်ခဲ့ တာ (၆) လကျော်ခဲ့ပြီ မဟုတ်ပါလား။

❊





## အခန်း (၃)

Phone ထဲမှ ဒေါသတကြီးဖြင့် အော်လိုက်သည့်အသံက အတော်ကျယ်လေ၏။ ပစ္စည်းတွေသယ်ချလုပ်နေရင်း phone မြည် တာက သုံးလေးကြိမ်မကမို့ သူကိုင်ရတော့တာပါ။ အလုပ်သမားတွေ သယ်ပေးတာမှန်ပေမယ့် နေရာမှန်နေသားတကျဖြစ်ဖို့က သူကိုယ်တိုင် စီပေးမှ ဖြစ်မှာလေ။

"ကျော်!"

"ဘာလဲ တေးရာ။ ကိုယ် ဒီမှာအလုပ်များနေတယ်လို့ ပြော ပြီးပြီလေကွာ"

"ကျော့်အလုပ်က အရေးကြီးလား။ ကျွန်မက ပိုအရေးကြီး လား"

"ကျစ်! ခက်တာပဲ"

"ရှင်းရှင်းပြောစမ်းပါ။ အလုပ်များမှန်းသိပေမယ့် နာရီဝက်လေးတောင် လာမတွေ့နိုင်ဘူးလား"

အဘယ်မျှ စိတ်ပျက်စရာပါလဲ။ ဒီလောက်အလုပ်များနေမှန်း သိသိကြီးနှင့် မနက်အစောကြီးကို ဂျစ်တိုက်ပြနေတာလေ။ ချစ်သူထားကြတယ်ဆိုတာ ကိုယ်စိတ်ချမ်းသာဖို့ ပျော်ရွှင်စေချင်ဖို့ပဲ မဟုတ်လား။ အခုတော့ဖြင့် ချစ်သူထားမိတာ မှားများမှားပြီလားဟုပင် သံသယဝင်ဖွယ်ရာပါ။

ဘာကြောင့်များ 'တေးပန်းချို' ဆိုသည့် မာနခဲလေးကို 'နေမျိုးကျော်ဇင်' ဟူသည့် သူက ချစ်မိခဲ့ရတာပါလိမ့်။

"ကျော်"

"တိုးတိုးပြောပါ တေးရယ်။ ကိုယ်ကြားပါတယ်"

"အလုပ်တွေကို အလုပ်သမားတွေနဲ့ လွှဲခဲ့ပေါ့ ကျော်ရယ်။ ကိုယ်တိုင် ဝင်လုပ်စရာလား။ မလိုတာတွေ လျှောက်လုပ်နေတာပဲ"

"ဩော် အဲဒီလိုချည်း လွှတ်ထားခဲ့ရင် ပျောက်ရှတာတွေ ကွဲအက်ပျက်စီးတာတွေ ဖြစ်ကုန်မှာပေါ့ တေးရဲ့"

"ကျော်ဟာလေ၊ မဟုတ်တာတွေ လိုက်ပူပင်နေတော့တာပဲ။ တကယ်စိတ်တိုတယ်"





"တေးက နားလည်ပေးမှပေါ့"

"ဘယ်လောက်ထိ နားလည်ပေးရမှာလဲ။ ဒီလောက်နီးနီးလေး ရှိနေရာက အဝေးကိုထွက်ပြေးတာ ဘယ်သူလဲ"

"ဩော် ခက်တော့တာပဲ၊ တိုက်ခန်းတွေက မေမေ့ကျန်းမာရေးနဲ့ ဘယ်လိုမှ အဆင်မပြေလို့ ပြောင်းရတာလေ။ ဆိတ်ငြိမ်ရပ်ကွက်ထဲမှာ ဒီနေရာလေးရတာပဲ ကံကောင်းတာ တေးရဲ့"

"ကံက ဘယ်သူ့အတွက်ကောင်းတာလဲ။ ပြောစမ်းပါဦး။ ကျွန်မအတွက်တော့ အတော်ကံဆိုးတဲ့ ဆောင်းဦးအစပဲ ကျော်"

သူ့ သက်ပြင်းရှိုက်လိုက်တာကို phone ထဲကပင် အတိုင်းသား ကြားနေရလေ၏။ စိတ်ကုန်နေပြီလား။ ချစ်သူသက်တမ်း တစ်နှစ်မပြည့်ခင်မှာတင် ဒီလိုပြဿနာတွေက ဆက်တိုက်ဆိုသလို ဖြစ်နေရတာပါလေ။ ကျွန်မတို့နေသည့် အိမ်ရာလုံးချင်းတိုက်နှင့် သူတို့နေနေပါသည့် တိုက်ခန်းတွဲက သိပ်ကြီးမဝေးလှပါ။ ကားနှင့်မသွားချင်လည်း လမ်းလျှောက်သွားချင်ပါက အနီးလေးပါပဲ။

အဲဒါကို သူမိခင်အန်တီဇင် 'ဒေါ်သဇင်' ကို အကြောင်းပြပြီး ပြောင်းသွားတာပါလေ။ 'ကျော့်' ဖေဖေ အန်ကယ်မျိုး 'ဦးနေမျိုး'က ကျွန်မဒက်ဒီ 'ဦးနေမင်းရှိန်' ၏ လူယုံလည်း ဖြစ်သလို ရှေ့နေလည်း ဖြစ်ပါ၏။ ဒက်ဒီက ဘာမဆို 'အန်ကယ်မျိုး' နှင့်တိုင်ပင်ညှိနှိုင်းပြီးမှ

စာချုပ်စာတမ်းလုပ်တာ လက်မှတ်ထိုးတာတို့ကို လုပ်ပြီး စီးပွားရေး လုပ်သည့်သူပါ။

ကျွန်မ ငယ်ငယ်ကလေးဘဝကတည်းက အိမ်ဝင်ထွက်ခဲ့ သည့် 'အန်ကယ်မျိုး'က ကျွန်မအပေါ် တရင်းတနှီးလည်းရှိပါ ပွဲလမ်းသဘင်မျိုး ပါတီရှိတာမျိုးမှသာ 'အန်တီဇင်' တစ်ခါတလေ လိုက်လာလေ့ရှိလေသည်။ သူ့ကိုတော့ ကျွန်မတစ်ကြိမ်တစ်ခါမျှ မတွေ့ ခဲ့ဖူးပါချေ။

မှတ်မှတ်ရရ ကျွန်မတို့ခြံကို သူရောက်လာသည်က ကျွန် ဒုတိယနှစ် စာမေးပွဲဖြေရန် စာကျက်နေချိန်မှာပါ။ ခြံထဲရှိ ဒန်းပေါ်မှ ထိုင်ရင်း ဗီးထုပ်စားလိုက် စာကျက်လိုက်ဖြင့် တစ်ယောက်တည်းရှိ စဉ် ခြံတံခါးဝမှ သူရပ်နေလေ၏။ လူခေါ်ခေါင်းလောင်းလေးကို လှုပ် ခေါ်နေပေမယ့် ကျွန်မက မကြားချင်ယောင်ဆောင်ခဲ့မိပါသည်။

"ဒီမှာ ဒီမှာခင်ဗျ"

"ကလောင်! ကလောင်!"

"ဘယ်လိုဖြစ်နေလဲ။ ဒီမှာ စာကျက်နေတာမမြင်ဘူးလား အနှောင့်အယှက်မပေးနဲ့"

"ကျွန်တော်"

သူ့ကို လှမ်းအော်ပစ်လိုက်ပြီး စာအုပ်ပြန်ကိုင်လိုက်သော်ငြား





တာထဲ စိတ်မဝင်စားနိုင်တော့ပါ။ ကြည့်ပါဦး! ခန္ဒာ ဒိယ်တစ်ပိုင်းလေးပဲ မြင်နေရတာတောင်မှ အတော့်ကို ကြည့်ကောင်းပြီး သန့်ပြန့်နေတာပါ လေ။ အထူးသဖြင့် စိမ်းမှောင်ထူထဲပါသည့် သူ့မျက်ခုံးတစ်စုံကို သဘောကျမိသွားရတာပါပဲ။ ယောကျ်ားလေးတွေကို တော်ရုံဖြင့် အထင်မကြီးတတ်သည့် 'တေးပန်းချီ' ကို ထိုမျက်ခုံးအစုံက ဖမ်းစား ခဲ့တာလေ။

"ဟယ်! သမီးရယ် ... ညည်းသည် ဒီလောက် bell တီး နေတာ တံခါးသွားဖွင့်ပေးမှပေါ့"

"တေးမှ မအားတာ"

"မပုံက အဝတ်လျှော်နေတယ်လေ။ အားတဲ့သူက တံခါးဖွင့် ပေးရမှာပေါ့။ ခက်လိုက်တာနော်။ အားနာလိုက်တာသားရယ်။ ရောက် တာကြာနေပြီလား"

"ရပါတယ် အန်တီ။ သိပ်မကြာသေးပါဘူး"

မာမီကိုယ်တိုင် တံခါးပေါက်အကြီးကို ဖွင့်ပေးလေ၏။ ခြံထဲ သို့ ဝင်လာပါသည့် သူက ရှပ်အင်္ကျီလက်တိုအဖြူနှင့် ပုဆိုးအပြာကွက် ဝတ်ထားသလို ကတ္တီပါဖိနပ်အနက်ကို သေသပ်စွာ ဝတ်ထားလေ သည်။ အသားရောင်က သိပ်ကြီးမဖြူသလို ညိုလည်းမညိုဘဲ အသား ခပ်လတ်လတ်ပါ။ သို့သော် ... အရပ်အမောင်းနှင့် ခန္ဓာကိုယ်

တည်ဆောက်ပုံကအစ ယောက်ျားပီသဟန်အပြည့်ပါပဲ။

"နှုတ်ဆက်လေ သမီးရဲ့။ ကိုယ့်ထက်အသက်ကြီးတဲ့ အစ်ကို"

"တေးမှ မသိတာ"

"သမီးအန်ကယ်မျိုးရဲ့သားလေ။ နာမည်က နေမျိုးကျော်ခင်တဲ့"

"ဟင်"

အန်ကယ်မျိုးနှင့် ဒီလောက်ရင်းနှီးခဲ့တာ ကြာပေမယ့် သား တစ်ယောက်ရှိတာကို ကျွန်မ မသိခဲ့ပါ။ ပြုံးယောင်ယောင်မျှသာ ရှိသည့်အပြုံးနှင့် အကြည့်တစ်စုံက ရင်ကို ရှိန်းတိန်းတိန်း ဖြစ်သွားစေလေ၏။ 'တေးပန်းချီ' ဆိုတာ တော်ရုံယောက်ျားလေးတွေကို အနားမှာ မရှိသလို မာနတစ်ခွဲသားနှင့် နေတတ်သူပါလေ။ အခုတော့ လူကို ကလေးနယ် အထင်သေးသည့်အကြည့်က စိတ်ကို ပိုတိုသွားစေလေ၏။

"ဒါ အန်တီတို့သမီးလေးပေါ့။ တေးပန်းချီတဲ့ သားရဲ့"

"ဟုတ်ကဲ့"

"မသိချင်ပါဘူး"

"ဩော် ... သမီးကတော့လေ။ အဲဒီလိုပဲ သားရယ်





ကလေးက-အလိုလိုက်ခံထားရတော့ ဆိုးတယ်ကွယ့်"

သူက မာမီခေါ်သွားသည့် နောက်သို့လိုက်သွားသဖြင့် တိုက် ထဲ ရောက်သွားလေ၏။ တစ်ယောက်တည်း ခြံထဲမှာ ဆက်ထိုင်နေရင်း ထဲစိတ်မဝင်စားတော့သဖြင့် စာအုပ်ကို ပိတ်လိုက်ရလေတော့သည်။ မိခေါ်၍ ရောက်လာတာဆိုတော့ သူက ဘာလာလုပ်တာတဲ့လဲ။ စုချင်စိတ်က နိုးဆော်လာသဖြင့် ဒန်းပေါ်မှ ထရပ်လိုက်ရလေတော့

"ဖြစ်ရဲ့လားသား"

"ဟုတ်ကဲ့ အန်တီ"

"သေချာကိုင်ဦးနော်၊ မတော် ပြုတ်ကျနေမှဖြင့်"

အကဲပိုရန်ကောဟု မျက်စောင်းထိုးမိပါ၏။ အသံကြားရတာမို့ ကဲထဲဝင်ရန် ပြင်လိုက်စဉ် ကျွန်မရှေ့တည့်တည့်သို့ ရောက်လာပါ ည့် ခေါက်လှေကားကြောင့် လန့်သွားရလေသည်။ လူကို တမင်များ နှံ့စေသလားဟု စိတ်လည်းတိုသွားရပါ၏။

"အား! ဘာလုပ်တာလဲ"

"စာကျက်နေတယ်ဆိုပြီး ဘာလို့အိမ်ထဲဝင်လာရပြန်တာလဲ ရယ်၊ ဒီမှာ မီးဆိုင်းက မီးလုံးတွေ ကျွမ်းကုန်လို့ ပြင်ဖို့လုပ်နေတာ"

"တေး, ဗိုက်ဆာလို့ မာမီရဲ့"

"ဒါဆိုလည်း တစ်ခုခုသောက်လိုက်ကွယ်။ မာမီ ဒီမှာ အလုပ်များနေတယ်"

"အာ မရဘူးကွာ။ မာမီက တေးကို ဦးစားမပေးဘူး"

"ရေခဲသေတ္တာထဲမှာ Juice တစ်ခုခု ယူသောက်မှပေါ့။ ဘယ်လိုဖြစ်ပြီး မဟုတ်တာကျစ်တိုက်နေလဲ"

"မရဘူးကွာ၊ ခေါက်ဆွဲပြုတ်ပေး"

"အဲဒါဆိုလည်း မပွဲပြီးရင် လုပ်ခိုင်းလိုက်"

"ဟာ မပွဲက အဝတ်လှန်းတာနဲ့ ကြာဦးမှာ။ တေး မစောင့်နိုင်ဘူး။ ဗိုက်ထဲမှာ စစ်ဖြစ်နေပြီ မာမီရဲ့။ တေး gustritis ဖြစ်ရင် တရားခံက မာမီပဲ"

"ဟွဲ!"

"ရပါတယ် အန်တီ၊ ထားခဲ့ပါ။ ကျွန်တော့်ဘာသာ လုပ်ပေးပါ့မယ်"

"လှေကားတော့ မလဲအောင် ကိုင်ထားပေးရမှာပေါ့။ ဒါဖြင့် သမီးလာကိုင်ထား"

"မကိုင်ပေးပါဘူး။ ဘာလို့ကိုင်ရမှာလဲ"

"အဲဒါဆိုလည်း စောင့်ဟယ်။ ငါ စိတ်မရှည်တော့ဘူး"

"မာမီနော်၊ တေးက first လား၊ သူစိမ်းက first လား





ခင်းရှင်းပဲပြော"

"ဟွဲ! ပြောပြန်ပြီ။ ဒီကလေးဟာလေ၊ ဘာကိုမှ အလိုက်သိမရှိ နားမလည်ဘူး"

လှေကားထိပ်ကို တက်နေပြီဖြစ်သည့်သူက အောက်သို့ ငုံ့ကြည့်လိုက်ပါ၏။ ကြမ်းပြင်မှာ carpet ခင်းထားပေမယ့် လူအလေးချိန်နဲ့ဖြင့်တက်ပါက ကိုင်ထားမှသာ Ok မှာပါ။ မာမီ ဖျစ်တောက်ဖျစ်တောက်ပြောစဉ် လှေကားက လှုပ်သွားသဖြင့် တန်းကို ဖျတ်ခနဲကိုင်လိုက်ရလေသည်။ မကိုင်ပါဘူးဟု ပြောနေပေမယ့် လက်က အလိုလို ကိုင်လိုက်မိရတယ်လို့။

"ကျွန်မလက်သည်းကျိုးသွားရင် ရှင် တရားခံပဲ၊ သိလား"

"သြော် နေရင်းထိုင်ရင်း ပြဿနာပတ်ရှာနေပြန်ပါပြီ။ ဒီကလေးကတော့လေ၊ ခဏပဲစောင့်ပေး"

မာမီက ကျွန်မကိုထားခဲ့ပြီး နောက်ဖေးသို့ ဝင်သွားလေ၏။ သူက စိတ်မချသလိုဖြင့် ထပ်၍ ငုံ့ကြည့်လိုက်ပြန်သဖြင့် မျက်စောင်းထိုးလိုက်မိပါသည်။ စိတ်ခုပုံမရပါဘဲ နားလည်ပေးသည့်အပြုံးမျိုးဖြင့် ပြုံးပြပြန်လေ၏။

အို! ရင်ထဲမှာ နွေးခနဲဖြစ်သွားရသလိုပါပဲလား။

အဲဒီကတည်းက 'တေးပန်းချီ' ရဲ့နှလုံးသားကို သူ အပိုင်

သိမ်းသွားခဲ့တလေ။

"တေး ဟယ်လို တေးလေး"

"ဘာလဲ"

"စိတ်ကောက်နေပြန်ပြီလား။ ကိုယ်မှမအားတာ တေးရယ်။ လာလို့မရလို့ပါ"

အတွေးလွန်သွားရမှ သတိဝင်သွားပုံပါ။ ဘာတွေတွေးပြီး သူနှင့် phone ပြောနေတာကို မေ့သွားရတာပါလိမ့်။ သူ့ရှေ့မှာချထား ပါသည့် စာအုပ်ပုံးက ခုထိ နေရာမရွှေ့ဘဲ ရှိနေတုန်းပါ။ စောစောစီးစီး ချစ်သူက phone ဆက်ပြီး စိတ်ကောက်ပြတာမျိုး ကြုံဖူးကြပါ သလား။

"မအားတာချင်းအတူတူ တေးက ကုမ္ပဏီအလုပ်လေ။ ကျော်က အိမ်ကအလုပ်တွေပဲဟာ"

"ကိုယ်နေရာတကျ လုပ်ထားတာ မြန်မှ မေမေနားလို့ အဆင်ပြေမှာလေ တေးရယ်"

"မသိဘူးကွာ"

"ဟြော် ကြည့်! မနက်မတွေ့ရလည်း ညနေလာခဲ့မယ်လေ"

"သေချာလို့လား"

"စိတ်ချပါ တေးရဲ့"





"ကတိကိုလွယ်လွယ်မပေးနဲ့နော်၊ ကျွန်မ မကြိုက်ဘူး"

"သိပါတယ်ဗျာ၊ သိပါတယ်"

"ဒါဖြင့် See you ကျော်"

"Ok!"

ဒါပဲလား။ တခြားချစ်သူတွေလိုမျိုး phone ထဲကနေ fly kiss လေးတောင် မပေးပါလားနော်။ ကျွန်မချစ်သူကိုက အေးလွန်း ...ည်လွန်းနေတာ ခက်ပါရဲ့။ ဒါပေမဲ့ ရင်ထဲမှ နှလုံးသားက ဤလူ ...စ်ယောက်ကိုမှ ရွေးချယ်ခဲ့မှတော့ အလုံးစုံပုံချစ်ဖို့ အဆုံးစွန်လက်တွဲဖို့ ...ိုတာက ကျွန်မဘဝမှာ ရှိလာခဲ့ပြီလေ။

'ကျော်' နှင့်ပတ်သက်လာလျှင် အမြဲတစေ တိတိလေး ...ုပ်ထားပါသည့် လက်သည်းခွံလေးတွေ။ ခပ်တိုတိုညှပ်ထားလေ့ ...သည့် ဆံစနက်နက်လေးတွေ။ ပန်းနုရောင်မှုန်မှုန်လေး လွှမ်းနေပါ ...သည့် ခြေသည်းခွံလေးတွေ။ ခပ်ရှည်ရှည်လေးပေါက်နေပါသည့် ...ကျော်' လက်ဖျံထက်ဆီမှ မွေးညင်းစိမ်းကလေးတွေကိုကအစ ကျွန်မ ...စ်တတ်ခဲ့တာပါ။

ဒီကမ္ဘာမှာ 'တေးပန်းချီ' ချစ်တဲ့ယောက်ျားဆို၍ (ဒက်ဒီပြီး ...ှင်) 'နေမျိုးကျော်ဇင်' တစ်ယောက်တည်းသာ ရှိခဲ့လေ၏။

❊

## အခန်း (၄)

ကားကို 'ပန်းအိပ်မက်' ဟု အမည်ပေးထားပါသည့် ဆိုင်ရှေ့မှာရပ်လိုက်ပါ၏။ ဆိုင်ရှေ့မှ ကြည့်လိုက်ပေမယ့် 'သော့်' ကို မမြင်ရပါချေ။ ဒီကောင် ဆိုင်နောက်ဘက်မှာ ရောက်နေပြန်ပြီထင်ပါရဲ့။ မုန့်မှာထားပြီး စားဖို့တောင် အချိန်မပေးနိုင်ဘဲ သူထက်ပင် အလုပ်ရှုပ်နေပုံပါလား။

"မင်္ဂလာပါရှင်၊ သြော်!... ရဲကိုး"

"အံမယ် ... customer ထင်ပြီး လူကိုပဲတစ်ပိဿာနဲ့ ကြိုလိုက်တယ်ပေါ့လေ"

"မဟုတ်ပါဘူးနော်၊ ပစ္စည်းလာပို့ပေးမယ့်သူ ထင်လို့ပါ"

"ဘာပစ္စည်းမို့လို့လဲ"

"Plastic ဆိုင်က plastic အိုးပေါ့။ မြေအိုးဆိုင်က မြေအိုး စဉ့်အိုးပေါ့ဟာယ်။ သော်က ဘာပစ္စည်းမှာရမှာလဲ။ အဲဒါတွေမဟုတ်ရင်





အပင်ထဲထည့်ရမယ့်ဆေးတွေမှာဖို့ပဲ ရှိတာ"

"မပြောနိုင်ဘူးလေ။ ဥပဒေနဲ့ မကင်းတဲ့ပစ္စည်းတွေများ သက်သိပ်ထိုးရောင်းနေလားမှ မသိနိုင်တာ၊ မဟုတ်ဘူးလား"

"ကြည့်!... မဟုတ်တာပြောပြီ"

"ရော့! ပူတုန်းလေး စားပါ။ Tea လည်း နွေးနွေးလေးပဲ"

"ဘယ်လောက်ကျလဲ"

"မေးစရာလား"

"စီးပွားရေးက သက်သက်လေဟာယ်"

"ဘာလဲ နင့်ဆိုင်က ပန်းမျိုးတောင်းမှာစိုးလို့လား"

"သြော် ... မဟုတ်ရပါဘူး ရဲရယ်။ အန်တီထားအတွက် ဘုရားတင်ဖို့ ပန်းမှာတိုင်း ခြံထဲက အမြဲခူးပေးတာပဲဟာ။ စိုက်ဖို့မှ လို့တာပဲ"

"တွေ့လိုက်လား"

"ဘာကိုလဲ"

"လမ်းထဲကို မိသားစုအသစ် ပြောင်းလာတဲ့ကားတွေလေ"

"ဘယ်သိမှာလဲ။ သော်က မိုးလင်းတာနဲ့ ဆိုင်ရောက်နေပြီတာ"

"အေးပါ၊ ပြောတာပဲ။ နောက်မှ အဲဒီခြံက အစ်ကိုကြီးက

မိုက်တယ်ဆိုပြီး ငါ့ကိုမကြွားနဲ့''

''ဟီဟိ! ... အစ်ကိုကြီးတဲ့လား။ ခေါ်လို့ကောင်းသားပဲ''

''သော်နော် လုပ်လာပြီ''

''နင်ပြောတာလေ''

''ငါ လည်ပင်းညှစ်လာချင်အောင် မလုပ်ပြချင်နဲ့။ ဈေးဝယ်စရာရှိလို့ လစ်တော့မယ်''

''အင်းပါ။ Tea နဲ့မုန့်အတွက် ကျေးဇူး။ အ! ''

ဒီလိုပြောမည်မှန်း သိနေသဖြင့် သူက 'သော့်' နဖူးလေးကို လက်သီးဆုပ်ဖြင့် ခပ်ဖွဖွလေးထုလိုက်မိ၏။ အာမေဋိတ်သံထွက်သွားပေမယ့် 'သော်' စိတ်မဆိုးပါလေ။ အဘယ်မျှ စိတ်ထားဖြူစင်သည့် သူငယ်ချင်းလေးပါလဲ။ တံခါးဖွင့်ပြီးထွက်ရန် ပြင်လိုက်စဉ် နောက်သို့ လှည့်ကြည့်လိုက်မိလေ၏။ ဒီနေ့မှ ထူးထူးဆန်းဆန်းဖြစ်နေသလို 'သော်' က ပိုပြီးလှနေသည့်နှယ်ပါ။

''ဘာကျန်ခဲ့လို့လဲ''

''မကျန်ပါဘူး''

'သော်'က ဆိုင်ထောင့်ရှိစားပွဲပေါ်မှာ Tea ဘူးနှင့် မုန့်ထုပ်ကို တင်လိုက်ပြီး မေးလေ၏။ T-shirt အဖြူကို Jeans အနက်အရှည်ဖြင့် ခါတိုင်းလို ဝတ်ထားပေမယ့် ပိုပြီးလှနေသလိုပါပဲလား။ မျက်နှာ





ရှေ့ ပါးဖက်မှကျလာသည့်ဆံပင်တိုလေးတွေကို လက်ဖြင့်သပ်ပြီး နားရွက်နောက်သို့ ပို့လိုက်ပုံက တစ်မျိုးလေး ဆွဲဆောင်မှုရှိနေတာပါ။

သေတော့မှာပဲ၊ သူတော့ သူငယ်ချင်းလေးအပေါ် တစ်မျိုး မြင်မိနေလေပြီ။

''ဒါဆို ဘာလဲ''

''နင် ဘာလိမ်းထားသေးလဲ''

''မျက်နှာလား''

''အင်း''

''ခါတိုင်းလို cream ပါးပါးလေးပဲ လူးလာတာလေ။ ဘာဖြစ်လို့လဲ''

''နှုတ်ခမ်းကိုပြောတာ''

''ဘာမှ ဆိုးထားပါဘူး''

''ပြီးရော ပြီးရော''

ခေါင်းခါပြလိုက်ပြီးနောက် တံခါးမှ ထွက်လိုက်ပါ၏။ ဆိုးဆေးတင်ထားပါဘဲ 'သော့်' နှုတ်ခမ်းပါးလေး နီရွှေးရွှေးလေးဖြစ်နေတာ သဘာဝတဲ့လား။ ဘယ်လိုဖြစ်ပြီး ဒီနေ့မှ သတိထားကြည့်လိုက်မိတာပါလိမ့်။ ဟိုကောင်တွေ ရွှတ်နောက်နောက်ပြောကြတာနှင့် သူလည်း ယောင်ယောင်ကမ်းကမ်းတွေ ဖြစ်ကုန်တော့တာလေ။ 'သော့်' အပေါ်

မရိုးမသားစိတ်မျိုး ဖြစ်စရာလား။

ကားကို ဈေးရှိရာဆီသို့ မောင်းလိုက်ပါ၏။ သူတို့အုပ်စုက လူငယ်ပီပီ ဝေလေဒလအချိန်မဖြုန်းတတ်ကြပါ။ ကျောင်းပြီးတဲ့ရသည် နှင့် လုပ်ငန်းတူ စပ်တူလုပ်ကြရန် ကျောင်းတက်စဉ်ကတည်းက တိုင် ပင်ခဲ့ကြလေ၏။ 'သော်' လည်း ငွေထည့်ပြီးပါချင်ပေမယ့် ယောက်ျား လေး (၄) ယောက်အုပ်စုထဲ မပါစေရန် တမင်ချန်ခဲ့ရတာပါ။ Ca ဆိုင်မှာ ကောင်တာထိုင်ပြီး ကောင်လေးတွေ၏ မျက်စိစားပွဲ ထိုး အကြည့်ခံရတာကို မလိုလားလို့ပါပဲ။ သူ၏ 'သော်' ကတော့ သူ့အမေ မှာ ယောက်ျားမိန်းမ မခွဲခြားဘဲ ချစ်ခင်ရင်းနှီးရင်းစွဲရှိခဲ့တာ အနှ (၂၀) တိုင်တိုင်ပါပဲ။

သူနှင့် 'သော်' က သူငယ်ချင်းဆိုတာထက် မောင်နှမန သံယောဇဉ်ပိုခဲ့ကြတာပါ။ တစ်ယောက်နှင့်တစ်ယောက် နေထိုင် မကောင်း ဖြစ်တိုင်း အသနားပိုတတ်ကြပြီး စာတွေကူးပေးတာ ပိုင်း ကျက်မှတ်တွက်ပေးတာတို့ကို အစဉ်အမြဲ လုပ်ခဲ့တာပါလေ။ အရွယ် ရောက်လာသည်နှင့်အမျှ တချို့လူတွေသာ လျှို့ဝှက်တတ်ကြပေမယ့် 'သော်' ကဖြင့် ခေါင်းမူး ဗိုက်အောင့်တာကအစ သူ့ကိုမကွယ်မဝှ ပွင့်လင်းစွာပြောလေ့ရှိခဲ့ပါ၏။

ဤသို့ ချစ်စဖွယ်ကောင်းလွန်းပါသည့် 'သော့်' ကို တစ





သူစိမ်းတွေနှင့် ရင်းနှီးသွားမှာ ပိုင်ဆိုင်ခွင့်ရသွားမှာကိုဖြင့် သူ အကြောက်လန့်ဆုံးဖြစ်ပါသည်။ သူနှင့်သာ ရယ်မောပြောဆိုတာကို သာလိုလားပြီး သူစိမ်းတွေနှင့် အပြုံးဖြင့် စကားပြောတာကိုတော့ သူ လက်မခံချင်တာ ဘာကြောင့်ပါလဲ။

တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုယ် အတ္တတွေသိပ်ကြီးနေပြီလား ဟု ထင်မိပေမယ့် အဲဒီအတွေးကို ချက်ချင်း ဖျောက်ပစ်ရတာပါလေ။ တကယ်တော့ သူနှင့် 'သော်' က နှစ်ကိုယ့်တစ်စိတ်နှယ် မခွဲအတူ နေခဲ့ပါသည့် ထုံးစံကို တစ်သက်တာ တည်မြဲသွားချင်တာ သူ၏ဆန္ဒပင် ဟုတ်ပါလား။

ကားကို ဈေးထိပ်မှာရပ်ခဲ့ပြီး ကားပေါ်မှ ဆင်းလိုက်ပါ၏။ အိတ်ကပ်ထဲမှ စာရင်းစာရွက်ကို ထုတ်ကြည့်ကာ ဝယ်ရမယ့်ပစ္စည်းတွေ ထဲမှ ဦးစားပေးနံပါတ်တွေကို အရင်ရှာပြီး ဝယ်လိုက်ပါ၏။ နောက်တစ် ရက် breakfast menu အတွက် ဟင်းသီးဟင်းရွက်က မပါမဖြစ်မို့ ကုန်စိမ်းနှင့်သားငါးတန်းကို အရင်ဝင်လျက် ကုန်စိုပစ္စည်းတွေကို ဝယ် လိုက်ပါသည်။

စာရင်းအတိုင်းဆိုပေမယ့် ဆိုင်မှာလည်း ဝန်ထမ်းတွေရော သူတို့ပါ စားကြသဖြင့် ဟင်းချက်စရာ အစုံအလင်ကို ရှာဝယ်ရတာပါ။ ဘယ်လောက်ပဲ ဂရုမစိုက်ချက်ချက် 'သော့်' မေမေ 'မေသက်' ရဲ့

လက်ရာလောက် စားမကောင်းတာက သူ၏လျှာအကျင့်ဖွဲ့လား မ
တော့ပါ။ 'မေသက်' တို့အိမ်မှာ ငါးပိဖျော်လေးကအစ အရသာ
အောင် စားရတာမဟုတ်လား။ တွေးရင်းနဲ့ ပန်တွေဖျော်လေးစားချ
လိုက်တာနော်။

"အဟွတ်! အဟွတ်! "

"ဟယ်! ဟိုကောင်လေး ... ဘာတွေစားလို့ တံတွေးသီးနေ
တာလဲ"

ဈေးထိပ်ရှိ Mini Mart ထဲဝင်မှသာ တံတွေးက ထသ
လာလေ၏။ ဆိုင်ပိုင်ရှင်အစ်မက ဖောက်သည်ဖြစ်နေပါသည့် သူ့
လှမ်းမေးလိုက်လေသည်။ အတွေးလွန်၍ တံတွေးပင်သီးမိတာကြော
တစ်ယောက်တည်း ပြုံးလိုက်မိပါ၏။ ကုန်ခြောက်ပစ္စည်းနှင့် လက်
ဆေးဆပ်ပြာ gel ဘူးကိုပါ မကျန်စေရန် အချိန်ယူ၍ ရှာရပါ၏

"ဒီနေ့ ရဲရင့်အလှည့်ပေါ့လေ"

"ဟုတ်တယ် အစ်မရဲ့"

"မင်းဝယ်တဲ့အလှည့်ဆို ပိုများတယ်"

"လိုတာတွေ ကျန်တာတွေ မရှိအောင်လို့ သေချာဝယ်ရတာ
မဖို့ရေ။ ဟိုကောင်တွေဈေးဝယ်ရင် မကျန်အောင်စာရင်းလုပ်ပေး
မယ့် မျက်စိမှောက်ပြီး ကျန်ခဲ့တာက ရှိသေးတယ်"





"ဟုတ်ပါရဲ့၊ ကိုယ်တိုင်ဝယ်တော့ ...ထဲက စိုက်ရရော
ဟုတ်လား"

"သေချာတာပေါ့၊ ဒါလေး အရင်ထားခဲ့မယ်နော်၊ ထပ်ရှာ
ရာ ကျန်သေးတယ်"

"အေးပါ"

Casher စားပွဲအနီးမှာ ခြင်းတောင်းကိုထားခဲ့ပြီး နောက်ထပ်
တစ်တောင်းဆွဲကာ ပစ္စည်းတန်းတွေကြားထဲ ပြန်လျှောက်ခဲ့ပါ၏။
ဈေးဝယ်တိုင်း အပြည့်အစုံဝယ်တတ်တာက 'သော်'ပါ။ မိန်းကလေး
မျက်စိဖြင့် အလှအပကြည့်မြင်တတ်တာလည်း 'သော်' ပင်မဟုတ်ပါ
လား။ သူတို့ဆိုင် အပြင်အဆင် Decoration လာပြင်ပေးတာကအစ
'သော့်' လက်ရာနှင့်မကင်းပါလေ။

"ဒီမီးဆိုင်းလေးတွေကို ဒီနံရံလေးမှာတပ်၊ ဒီဖန်စီအိမ်လေးက
ဆိုင်ထဲဝင်တာနဲ့ မြင်သာတဲ့နေရာမှာထား။ ဒီပန်းခြင်းလေးတွေကိုက
ဒီလိုလေးတွေ ချိတ်"

ဟူ၍ သေချာကျနစွာ စီမံပေးခဲ့တာမို့ မျက်စိထဲ ရှုပ်ပွမနေဘဲ
တကယ့်ကို မျက်စိပသာဒဖြင့် ပြည့်စုံစေခဲ့တာပါ။ အဲဒီနေ့က တစ်နေ
ကုန် ဆိုင်မှာရှိခဲ့ပြီး 'သီဟ'တို့နှင့်ဆုံရင်း စကားအများကြီးပြောခဲ့ကြတာ
လေ။ ထိုစဉ်က 'သော့်' ကို မကြာခဏကြည့်ကြည့်နေတတ်ပါသည့်

ခင်းတို့ကြောင့် သူ အဘယ်မျှ စိတ်တိုခဲ့ရပါသနည်း။ သူ၏ 'သော် ကဖြင့် ဒါကို သတိမထားဖြစ်ဘဲ အလုပ်ထဲမှာ စိတ်နှစ်နေခဲ့တာ

"ရော့ စုံပါပြီ"

"ခဏလေးနော်၊ ဒီနှစ်ယောက်ကို အရင်လုပ်ပေးလိုက်မယ်"

"ဟုတ်ကဲ့ ရပါတယ်"

ပစ္စည်းနည်းနည်းပဲဝယ်သည့်သူတွေကို ဦးစားပေးလိုက်၏။ ပြီးမှ သူ့ခြင်းတောင်းတွေကို casher ခုံထက် တင်ပေးလိုက်သည်။ စက်ဖြင့် ငွေတွက်တာက သိပ်မကြာသဖြင့် စောင့်ရတာ မြ လေ၏။ ဆိုင်ရှင် 'မမိုမိုသိမ့်' က အသက်သိပ်မကြီးပါ။ သူတို့ထ လေးငါးခြောက်နှစ်ကျော်သာကြီးလေသည်။ အမြဲတမ်း oneset ဝ လေ့ရှိပြီး ခေတ်မီစွာ နေတတ်ကာ သဘောလည်း ကောင်းပါ၏

"သေချာထည့်ပေးနော် မြမူ၊ မကျန်ခဲ့စေနဲ့"

"ဟုတ်ကဲ့ပါ မမ"

"အဝယ်တော်ကို မိန်းကလေးမခန့်ဘူးလား"

"မဖြစ်ဘူး မမိုရဲ့၊ ဆိုင်မှာက ယောကျ်ားလေးတွေချည်းမို့ပါ"

"ဟိုကောင်မလေးရော"

"သော့်ကိုပြောတာလား"





"ဟုတ်တယ်၊ ချစ်စရာလေးလေ"

"သော်က အခု ပန်းဆိုင်ဖွင့်ထားတယ် အစ်မရဲ့။ သစ်ခွတို့ ဘာတို့ပေါ့။ ပျိုးပြီးရောင်းနေတာ"

"ဩော် . . . ကူတဲ့ဝန်ထမ်းတွေနဲ့ပေါ့လေ"

"မဟုတ်ဘူး မမိုရဲ့၊ တစ်ယောက်တည်းဖွင့်တာ"

"ဟယ် မိန်းကလေးတစ်ယောက်တည်း စိတ်ချရလို့လား"

"သူ့ဆိုင်က အမြဲတမ်းရောင်းရတာမှ မဟုတ်တာ။ ဝယ်သူ လာလည်း ကြိုမှာခဲ့ပြီးမှ အိမ်လိုက်ပို့ရတာပါ"

"ဟုတ်လား။ တော်သေးတာပေါ့"

Voucher ထွက်လာပြီမို့ သူ ငွေရှင်းကာ အထုပ်တွေ မနိုင်မနင်း သယ်လျက် ဆိုင်ထဲမှထွက်လိုက်ပါ၏။ ကားနောက်ခန်းထဲသို့ အထုပ်တွေထည့်လျက် ကားပေါ်ပြန်တက်လိုက်ပါသည်၊ စက်နှိုး၍ မောင်းထွက်လိုက်စဉ် 'စိတ်ချရလို့လား' ဟူသည့် မေးခွန်းက ခေါင်းထဲ ဝင်လာလေ၏။ ဘုရားရေ! ဒါကို သူ ဘာလို့မတွေးမိတာပါလိမ့်။

မဟုတ်သေးပါဘူး။ 'ပန်း' ဆိုတာ မိန်းကလေးတွေသာ နှစ်သက်ကြတာလေ။ သူတို့လို ယောကျ်ားလေးတွေက ဘယ်မှာ ကြိုက်ပါ့မလဲ။ ပန်းတို့ ပန်းပျိုးအိုးတို့ဆိုတာက အသက်ကြီးသည့် အန်တီတွေကသာ အမြဲတမ်း ဝယ်စိုက်ကြတာပါ။ မိန်းမတွေသာ

လာဝယ်ကြတာမို့ ဘာများ စိတ်ပူစရာရှိပါသလဲ။

သို့သော် စိတ်ချထား၍မရပါ။ သူနှင့် 'သော်' က အိမ်ခင်း လှမ်းလှမ်းဝေးပြီး တစ်လမ်းတည်းနေတာမှန်ပေမယ့် 'သော်' တို့ ဘေးခြံရှိ တိုက်ကို နှစ်ချုပ်ဖြင့် ငှားလိုက်သဖြင့် သူစိမ်းတွေ ရောက် လာတော့မှာလေ။ ခြံချင်းကပ်လျက်မို့ ထုံးစံအတိုင်း 'မေသက်' က အရင်ဆုံးဖော်ရွေရင်းနှီးစွာ ခေါ်ပြောနှုတ်ဆက်မည်သာ။ ဒါဖြင့် သူ၏ 'သော်' ပါ ပြောဆိုရယ်ပြုံးနေလျှင်ကော မခက်ပေဘူးလား။

မဖြစ်ဘူး 'သော်'။ ကိုယ့်ထက် ပိုပြီး ဘယ်သူစိမ်းတွေကိုမှ မခင်ရဘူး။ မရင်းနှီးရဘူး။ မပေါင်းသင်းရပါဘူး။ ကိုယ်လိုယောကျ်ား မျိုးဆို ပိုပြီး စိမ်းသက်ပြရပါမယ်။ မိန်းကလေးဆိုလျှင်လည်း ညီအစ်မ မရှိသည့် 'သော်' က ခင်တွယ်ပြီး ချစ်သွားမှာကို အစိုးရိမ်ဆုံးပါလေ။

ရိုးရိုးသားသားရော ဆန်းဆန်းပြားပြားပါ ချစ်လို့မရဘူး 'သော်'။ 'အချစ်' ဆိုတာကို ကိုယ်တောင်ရှာမတွေ့သေးဘဲ မင်းအရင်ဆုံး တွေ့သွားလို့မဖြစ်လို့ပါ။ ရန်ခုန်တိုင်း ကောင်းတာမှမဟုတ်ဘဲ။ အထူး သဖြင့် ရိုးသားဖြူစင်လွန်းပါသည့် 'သော်' ၏ အပြုံးလေးပျောက်ပျက် သွားမှာ 'သော်' ၏ ဒဏ်ရာမဲ့နှလုံးသားမှာ စွန်းထင်းနာကျင်စေမှာကို သူ မလိုလားလို့ပါပဲ။

ဩော် 'သော်' ရယ်။





# အခန်း (၅)

အလုပ်သမားတွေနှင့်အတူ ပစ္စည်းတွေအိမ်ထဲသို့ သယ်ယူ သည့်နေတာကြောင့် ကိုယ်လက်ခြေထောက်ပါ ညောင်းနေသလို ိတ်ပါမောနေရပါ၏။ ဒီလောက်အလုပ်များနေတာတောင်မှ အလိုက် တသိ မရှိပါဘူး။ လူကို တွေ့ချင်ရတာတဲ့လား။ အလိုလိုက်ခံထားပါ သည့် သူဌေးသမီးကိုမှ ချစ်သူအဖြစ် ထားမိတာက သူ့အဖြစ်ပါပဲ။ ကိုယ်ဖြစ်ကိုယ်ခံပေါ့ 'နေမျိုးကျော်ဇင်'။

အကုန်လုံးနီးပါး တိုက်ထဲရောက်တာမှန်ပေမယ့် အပြင်မှာ ကျန်နေသည့်ပစ္စည်းတွေက ရှိနေသေးတာပါ။ ပစ္စည်းလာချပေးသည့် အလုပ်သမားတွေက ကားပေါ်မှပစ္စည်းကုန်သည်နှင့် ပြန်ကြတော့မှာ လေ။ အိမ်ထဲမှာ ပစ္စည်းတွေနေရာစီဖို့က သူ့တာဝန်ပင် မဟုတ်ပါ သား။ ကားခပေးရန် ကျန်တာကို ရှင်းပေးပြီးသည်နှင့် ကားကြီးက

ခြံထဲမှ ထွက်သွားတော့၏။

"အိမ်ပြောင်းလာကြတာလား"

အသံကြောင့် ခြံတံခါးစေ့ပိတ်ရင်းမှ တစ်ဖက်ခြံကို လှည့်ကြည့်လိုက်မိပါ၏။ မေမေနှင့် သက်တူရွယ်တူ အန်တီကြီးက ခြံထဲမှာ ရှိနေပြီး သူ့ကို လှမ်းနှုတ်ဆက်လိုက်တာပါ။ ဒီကိုရောက်လာမှတော့ ဒီပတ်ဝန်းကျင်နှင့် သင့်လျော်အောင် ပေါင်းသင်းရမှာမဟုတ်လား။

"ဪ . . . ဟုတ်ကဲ့ပါ အန်တီ"

"သားတစ်ယောက်တည်းပဲ မြင်ရသလားလို့"

"ဟုတ်ပါတယ် အန်တီ၊ ဖေဖေနဲ့မေမေက ညနေမှလာမှာမို့ပါ"

"မိသားစုသုံးဦးတည်းပေါ့"

"ဟုတ်ကဲ့"

"နေ့လယ်စာ စားချိန်ရောက်နေပြီ၊ သားစားပြီးရဲ့လား"

"ခဏနေ အပြင်မှာထွက်ဝယ်စားလိုက်ပါ့မယ် အန်တီ"

"မဟုတ်တာကွယ်။ အန်တီလည်း သမီးအိမ်ခဏပြန်လာရင် စားတော့မှာ။ လာစားလိုက်ပါလား။ တစ်ယောက်တည်း ပင်ပန်းနေရတဲ့ ကြားထဲ အပြင်ထွက်စားရင် ပိုမောမှာပေါ့"

"နေပါစေ အန်တီရယ်"





"အားမနာပါနဲ့ သားရယ်။ တစ်ယောက်စာက ဘာများမှာမို့လဲ။ လာခဲ့နော်။ ခြံဘေးပေါက်တံခါးသော့ ဖွင့်ထားပေးမယ်"

"ဗျာ"

အလို! ဒီနှစ်ခြံကို ဘေးမှာ တံခါးပေါက်ရှိနေသတဲ့လား။ မသိလိုက်ပါဘဲ ဒီနှစ်ခြံပတ်သက်မှုက ရှိနေခဲ့တာလေ။ ခြံနှင့်တိုက် ဖေဖေ့မိတ်ဆွေမိသားစုက နိုင်ငံခြားအပြီးထွက်သွားပြီမို့ ဖေဖေ့ ကထဲ လွှဲပေးခဲ့တာပါ။ စာချုပ်ငွေကို တစ်ဝက်သာချေထားနိုင်ပြီး ငွေကို တစ်လစီ နည်းနည်းစုကာ (၆) လတစ်ကြိမ် ဘဏ်မှ လွှဲပေးရန် စီစဉ်ထားတာကိုပဲ သူသိထားတာပါလေ။

"အန်တီ့နာမည်က ဒေါ်မီမီသက်တဲ့။ မှတ်ထားနော် သား"

"ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော့်နာမည်က နေမျိုးကျော်ဖင် ဖေဖေက ရွှေနေကြီးဦးနေမျိုးပါ၊ မေမေက ဒေါ်သဇင်ပါ ခင်ဗျာ"

"ဪ . . . သားဖေဖေက ရွှေနေကြီးလား။ အေးကွယ် သိရတာ ဝမ်းသာပါတယ်"

"ကလင်! ကလင်! "

"ဟော! ပြောရင်းဆိုရင်း သမီးပြန်လာပြီ။ လာခဲ့နော် သား ထမင်းစားရအောင်"

သူ ဘာမှပြန်မပြောစဉ် ဟိုတက်ခြံတံခါးဖွင့်၍ ဝင်လာပါသည့် စက်ဘီးစီးစီးလေးကို တွန်းဝင်လာသည့် ကောင်မလေးကို လှမ်းမြင် လိုက်ရလေ၏။ Jeans pants ဝတ်ထားတာမို့ ခပ်ငယ်ငယ်ကောင်မ လေးမှန်း သူသိလိုက်တာပါ။ အားနာနေတာမှန်ပေမယ့် ရေရှည်ပေါင်း သင်းရမည့်အိမ်နီးချင်းမို့ အန်တီဖိတ်ခေါ်ထားတာကို မငြင်းသင့်ပါလေ။

နေ့လယ် (၁၂) နာရီလည်းကျော်နေပြီမို့ နေ့ခင်းဘက် တစ်အောင့်နားရန် ဆုံးဖြတ်လိုက်ပြီး ရေချိုးလိုက်ပါ၏။ အဝတ်အစား သင့်တော်ရုံသာ ရွေး၍ဝတ်ဖြစ်လိုက်ပြီး အိမ်ဘေးသို့လျှောက်ခဲ့ပါသည်။ တကယ်ပင် သံဆန်ကာဖြင့် ပြုလုပ်ထားပါသည့် သံတိုင်တံခါးအသေး ကို ဂလန့်ပင်ထိုးထားတာမို့ လက်ဖြင့် လှမ်းနှိုက်၍ ဖွင့်ဝင်လိုက်ပါ၏။ သူစိမ်းခြံထဲ ကျူးကျော်သလိုမျိုး ဖြစ်နေပြီလား။

ခြံလေးက သစ်ပင်ပန်းမန်တို့ဖြင့် ပသာဒဖြစ်ပြီး အေးစိမ့်နေ တာပါ။ နေရောင်ကြိုက်သည့်နေရာမှာက နှင်းဆီအိုးတွေရှိနေပြီး အမိုး မြင့်မြင့်မိုးထားပါသည့် အဆောက်အအုံအောက်မှာလည်း သစ်ခွအိုး တွေ မြောက်များစွာ ချိတ်ထားစိုက်ထားတာကို လှမ်းမြင်နေရလေ သည်။ စိတ်ထဲမှာ တကယ့်ကို အေးငြိမ်းသွားရတာအမှန်ပါပဲ။

"အန်တီ"

"ဝင်ခဲ့ သားရေ ဝင်သာဝင်လာခဲ့ တံခါးက စေ့ရုံစေ့ထားတာ"





ကောင်းပါလေ့။ လူတစ်ယောက်အကြောင်း သေချာ ဘာမှ မသိပါဘဲ အိမ်ထဲထိခေါ်နေတာပါလား။ တိုက်အိမ်တံခါးစေ့ထားတာ ကို တွန်းဖွင့်ဝင်၍ ပြန်စေ့ထားခဲ့ပါ၏။ ဖိနပ်ချွတ်မှာ ကတ္တီပါအနက်ကို ချွတ်၍ ခြေသုတ်ခုံထက် ခြေသုတ်ရင်း ဧည့်ခန်းကို ဝေ့ဝဲအကဲခတ် လိုက်မိလေသည်။ သူတို့အိမ်ထက်ပင် ပို၍ နေချင်စဖွယ် သပ်ရပ်နေပုံ က မိန်းမပီသသည့် လက်ရာတွေ ထင်ဟပ်နေတာမဟုတ်ပါလား။

"ဪ ခုထိ မဝင်လာသေးပါလား မှတ်တယ်၊ လာလေ သားရဲ့"

"ပိန်းပန်းအိုးလေးထိုးထားတာ လှလိုက်တာနော်"

"အဲဒါ သားညီမ လက်ရာလေ။ သမီးနဲ့မိတ်ဆက်ပေးရဦး မယ်"

"ပန်းကအစစ်ပါနော်"

"အစစ်ပေ့ါကွယ်၊ အိမ်မှာ plastic ပန်းဆိုလို့ မရှိသလောက် ပဲကွယ့်၊ လာပါ"

အလယ်ခန်းကိုဖြတ်၍ နောက်ဘက်အထိ ခေါ်လာလေ၏။ ထမင်းစားဆောင်က သီးသန့်ရှိနေပြီး ခြံဝင်းရှေ့ပေါက်ကို လှမ်းမြင်ရ သည့် နေရာထောင့်နားလောက်မှာပါ။ ဒါဖြင့် သူ ဘေးပေါက်မှဝင်လာ တာကိုလည်း အလွယ်တကူမြင်နိုင်လေ၏။ Idea ခပ်ကောင်းကောင်း

ဖြင့် တည်ဆောက်ထားသည့် ပုံစံလေးပါပဲ။

"ထိုင်ပါ သား၊ ဒီမှာလေ အန်တီ့သမီးလေး။ သော်တာမြင့် မိုရ်တဲ့။ ရှားရှားပါးပါး တစ်ဦးတည်းသောသမီးလေးပါ"

"ဟုတ်ကဲ့"

ကောင်မလေးက ဖန်ခွက်ထဲရေထည့်ထားတာကို သူ့ရှေ့စားပွဲထက် လှမ်းချပေးရင်း ဖျတ်ခနဲ မျက်လွှာပင့်ကြည့်လိုက်လေ၏။ သူ့ရင်ဘတ်ထဲမှာ ဒုတ်ခနဲမြည်သံကို ကြားလိုက်ရသဖြင့် လန့်သွားရပါသည်။ အလို! ဒီမျက်ဝန်းတွေ အပြစ်ကင်းစင်လွန်းပြီး ဘာမာနတို့မှ ရှိမနေပါသည့် မျက်ဆံနက်နက်လေးနှင့် မိန်းကလေးပါပဲလား။

မျက်နှာထက် ဖော်ရွေစွာပြုံးပြမှုမျိုး အနည်းငယ်မျှ ရှိမနေပါဘဲ သာမန်အသိအမှတ်ပြုရုံ အကြည့်ရိုးရိုးလေးကိုသာ တုံ့ပြန်လိုက်ရုံပါ။ ထမင်းစားပွဲဝိုင်းမှာ နေရာယူ၍ ထိုင်လိုက်သဖြင့် မိသားစုနယ်နွေးနွေးထွေးထွေးလေး ဖြစ်သွားရလေသည်။

"ထည့်စားနော်သား။ အားမနာနဲ့။ ကိုယ့်အိမ်မှာစားသလိုပဲ စားပါ"

"ဟုတ်ကဲ့ပါ"

ကိုယ့်အိမ်မှာစားသလိုတဲ့။ အိမ်မှာ မေမေက ရောဂါသည်မို့ ဘာကိုမှ အပင်ပန်းမခံနိုင်ပါ။ ယောကျ်ားသားတွေရှိသဖြင့် ထမင်းချက်





ဖော်လည်း မထားချင်သဖြင့် သူပင် အချိန်ရလျှင် ရသလို မေမေ့ကို ချက်ပေးရတော့တာ မဟုတ်လား။ သူတို့အိမ်၏ အစပ်အဟပ် ည့် တူးတာတူး မကျက်တကျက် ဟင်းလျာတွေနှင့် ဒီထမင်းပွဲက မှမတူတာလေ။

ကြည့်ပါဦး။ ငါးဆုပ်ဆီပြန်၊ ပန်းဂေါ်ဖီနှင့်ကြက်ဥခေါက် ကြော်၊ အာလူးအကြေကြော်၊ ငါးနှင့်ကင်ပွန်းချဉ်ရွက်ချဉ်ရည်တို့က းချင်စဖွယ်ပါ။ ပန်းကန်ပြားကျယ်ကျယ်ထဲမှာ သခွားသီးအကွင်း လေး၊ ရှောက်ရက်ခြွေထားတာ၊ ခရမ်းကျွတ်သီး၊ ဖန်ခါးသီး၊ ဆီးဖြူ ီး စသည့်တို့စရာအစိမ်းလေးတွေနှင့်အတူ ငရုတ်သီးစိမ်းရောဖျော်၍ ကျ်ထားပါသည့် ငါးပိချက်ခွက်က သွားရည်ကျစရာအကောင်းဆုံး မြင်ပါပဲ။

"ကျူးတာက ဖိတ်ကျွေးတာ မဟုတ်တော့ ဟင်းမစုံရင် းလည်ပေးပါကွယ်"

"မဟုတ်တာ အန်တီရယ်။ ဒီလောက်ဟင်းများနေတာ ဘာ းရမယ်မှန်းတောင်မသိတော့ဘူး"

"အိမ်မှာက အသီးအရွက်များများစားလေ့ရှိတာမို့ အသား င်းထက် အရွက်ဟင်းက ပိုများတတ်လို့ပါ"

ခုချိန်ထိ သူနှင့်အန်တီကသာ စကားပြောနေရင်းစားနေပြီး

သူမကတြင်း ထမင်းစားတာကိုသာ အာရုံစိုက်နေလေ၏။ 'တေး' နှင့်များ ကွာခြားသည်။ သူ၏ 'တေး' ကဖြင့် သူ့ရှေ့မှာ ပါးစပ်ဟရင်း အစား အသောက်စားရမှာကို ဝန်အလေးဆုံးဟုပြောခဲ့တာလေ။ အခု ဒီအိမ်မှ ကောင်မလေးကဖြင့် တဂျွတ်ဂျွတ် တကျွက်ကျွက်ဖြင့် အားပါးတရ စားပြနေတော့တာ မဟုတ်လား။ အနံ့တီက ဟင်းရည်ပန်းကန်လုံးထဲမှ ငါးအတုံးကို သူ့ထံဆယ်၍ ထည့်ပေးလိုက်စဉ် ကောင်မလေး၏ မျက်စောင်းက သူ့ထံ ဖျတ်ခနဲ ရောက်လာသဖြင့် လှစ်ခနဲ ပြုံးလိုက်မိလေသည်။

"ဘာပြုံးတာလဲ"

"ဘာမှမဟုတ်ပါဘူး"

"ဟယ် သမီးကလည်း၊ ကိုယ့်ထက်အကြီးကို တရိုတသေ ပြောမှပေါ့"

"ခင်ဗျားအသက်က ဘယ်နှနှစ်ရှိပြီမို့လို့လဲ"

"ဟဲ့"

"ကိုယ် (၂၄) ထဲမှာပါ"

နှာခေါင်းရှုံ့လိုက်လေ၏။ သိပ်အလှကြီးမဟုတ်ပေမယ့် ဤသို့ မထင်မှတ်ပါဘဲ ရုတ်တရက် ပြုမူလိုက်ပါသည့် ဟန်ပန်လေးကိုက သူမကို ချစ်စဖွယ်လေး ဖြစ်စေတာကို ဒီကောင်မလေး မသိလေ





သလား။ အထူးသဖြင့် တခြားမိန်းကလေးတွေရဲ့အသံလို ချိုတာ ခွဲတာမျိုး ရှိမနေပါဘဲ ဩရှရှလေး ဖြစ်နေပါသည့် အသံလေးက နားထဲမှာ အတော်လေး နားထောင်၍ ကောင်းနေတာလေ။

အလို! သူတော့ 'တေးပန်းချီ' ဟူသည့် ချစ်သူမဟုတ်သည့် မိန်းကလေးကိုမှ ဘာကြောင့် အကောင်းချည်း မြင်နေမိပါသလဲ။ 'တေး' လို ဆံနွယ်ရှည်ရှည်လေးတွေ မရှိ၊ ခန္ဓာကိုယ်ကောက်ကြောင်း သွယ်လှမျိုးလည်းမတွေ့ရ၊ ပြောဟန်ဆိုဟန်လေးဖြင့် ဆွဲဆောင်မှုရှိစေပြီး တစ်ဖက်သား အရည်ပျော်ကျစေရန် ဘာအထာလေးမှ မပြတတ်ပါသည့် အရပ်သိပ်မမြင့်သည့် ကလေးသာသာ ကောင်မလေးကိုမှ မြင်မြင်ချင်း ညီမလေးလို မြင်မိတော့တာပါပဲ။

"သူနဲ့ မခင်ချင်ပါဘူး"

"ဟယ် ပြောနေတဲ့ကြားက"

"ရဲက ကြိုမှာထားတယ် မေမေရဲ့"

"ဘာကိုလဲ"

"ဟိုဘက်ခြံကို လူသစ်တွေပြောင်းလာတာသိနေလို့ ပြောထားတာပဲ။ ရွယ်တူမိန်းကလေးပဲ ဖြစ်ဖြစ်၊ ယောကျ်ားလေးဖြစ်ဖြစ် သူ့ထက်ပိုပြီး မခင်ရဘူးတဲ့"

"ဪ ခက်တော့တာပဲ၊ ဒီကလေးတွေကတော့လေ။

ဟိုက ရှုံးနှမ်းနှမ်းပြောတာကို အဟုတ်နားထောင်နေပြန်ပါပြီ''

သူ တကာယ့်ကို နှစ်လိုစွာပင် ပြုံးမိတော့တာပါ။ ဘယ်လော မျှား ကလေးဆန်ဂိုက်ပါသလဲ။ သူငယ်ချင်းဖြစ်သူရဲ့စကားကို အထ အနက် နားထောင်တတ်ပုံက လေးစားစရာပါ။ 'ခတား' လို ရန်ရှာတ တာ၊ ရှာကြံစိတ်ကောက်တတ်တာ၊ စိတ်မထင်လျှင် မထင်သ အော်ဟစ်ပေါက်ကွဲတတ်သည်က အချိန်မရွေး ထဖြစ်တတ်တာ အတော်လေး လန့်စရာပါပဲ။

အခုတော့ ဒီခပ်ငယ်ငယ်ကောင်မလေးက ရင်ထဲရှိတာ ပွင့်ပွင့်လင်းလင်း ပြောချလိုက်ပုံက ဟန်မဆောင်ပါဘဲ စိတ်ထဲ ဖြ မှုကို အထင်းသားမြင်နေရတာလေ။ လူသစ်တွေရောက်လာတာ မခင်ရ မပေါင်းရဘူးဟု အမိန့်ပေးသည့်သူက သူမအတွက် ရိုးမှုရိုးသ ပါ့မလား။

''အခုက သော်ကသွားပြီးခင်တာမျိုးမဟုတ်ဘူးနော်။ မေ ခေါ်လာလို့ သိရတာမို့ ရဲလာရင် ရှင်းပေးပေတော့''

''အလိုတော်၊ အံမေထက်တောင်မှ ဟိုသူငယ်ချင်းက ပို အာဏာရှိနေလို့လား''

''ဒါတော့မသိဘူးလေ။ ဒီကောင် ပြဿနာရှာရင် သေ ခေါင်းကိုက်တတ်တာ မေမေအသိဆုံးပဲဟာ''





''အဲဒါပဲကြည့်တော့သားရေ၊ နှစ်ယောက်သားက အမှာတွေ လို လည်ပင်းဖက်ကြီးလာပြီး ခုထိ တပူးတတွဲရှိကြတုန်းပဲ။ ဟိုက လည်း သမီးဆို သည်းသည်းလှုပ်ချစ်လိုက်တာ ခုငီ။ မိဘတွေတောင် သက်မြှောက်ရတဲ့နှစ်ကောင်''

''ရဲဆိုတာ''

''သမီးနဲ့ငယ်သူငယ်ချင်းကောင်လေးလေ။ တစ်လမ်းတည်းပဲ နေကြတာ။ ရဲရင့်မြတ်သွေးတဲ့။ နောက်တော့ သားလည်းတွေ့မှာပါ''

ပါးစပ်ထဲ ရုတ်တရက် ကိုက်မိလိုက်သည့် ငရုတ်စိမ်းက အတော်လေးစပ်သွားစေပါ၏။ ဒါဖြင့် ယောကျ်ားလေးပေါ့လေ။ 'ရဲရင့် မြတ်သွေး' တဲ့။ နာမည်ကိုက အတော်ကိုစီးပိုးလွှမ်းနေတာပါ။ ဘယ်လိုဖြစ်ပြီး ဒီအမည်ကို ကြားမိသည်နှင့် သူ့အတွက် တစ်မျိုးကြီး ဖြစ်ရစေပါသလဲ။

''အဟွတ်! အဟွတ်! ''

ရေဖန်ခွက်ကို ယူ၍ သောက်လိုက်စဉ် ကောင်မလေးက ကြည်လင်သလို မျက်မှောင်ကြုတ်၍ စူးခနဲ ကြည့်လိုက်ပါသည့် အကြည့်နှင့်တိုးသွားလေ၏။ အသက်ရှူလမ်းကြောင်းထဲ ကမောက် ကမ ဖြစ်ရလေအောင် ပြုစားတတ်ပါသလား 'သော်တာမြင့်မိုရ်'။

❊

## အခန်း (၆)

မီးတွေလင်းထိန်နေအောင် ဖွင့်ထားတာကို ခလုတ်တိုက်ပိတ်ကာ အလင်းရောင်လျှော့လိုက်ပြီး ဆိုင်ထဲမှ ခပ်မှိန်မှိန်လေးလင်းစေရုံ ပြုလုပ်ထားလိုက်ပါသည်။ ညဦးပိုင်းအချိန်မို့ ဆိုင်ထဲမှာစုံတွဲတွေ လူငယ်အုပ်စုတွေ ရှိနေပါသေး၏။ မုန့်ကောင်တာထဲ ရှင်းလင်းတာကို ပြီးအောင်လုပ်လိုက်ပြီးနောက် အမှိုက်ပုံးထဲသို့ အမှိုက်ထုပ်ကို စုထည့်လိုက်ပါသည်။

ခပ်ဖွဲဖွဲရွာနေပါသည့် မိုးပေါက်တို့က ကတ္တရာလမ်းထက် ခပ်စောင်းစောင်းလေး ကျနေလေ၏။ 'သော်' ရော ဆိုင်ပိတ်နေပြီ လား။ ပန်းဆိုင်မို့ ညနက်ချိန်ထိ ဖွင့်စရာမလိုပါဘဲ (၇) နာရီလောက် နှင့် ဆိုင်သိမ်းလေ့ရှိတာပါ။ သို့သော် မိုးအရမ်းသည်းလျှင်ဖြင့် ဆိုင်ထဲမှာ





အတိတ်ကိုစောင့်ရင်း ကြာသွားတတ်တာ...

"မှာချင်မှာလိုက်လေ"

"ဘာကိုလဲ"

"မင်းရှိရာဆီ အပြေးလာချင်ပေမယ့် ဆိုင်မသိမ်းရသေးလို့ပါ

...ို"

"ဟော့ကောင် ပြောပြန်ပြီလား"

"ဘာလဲ တကယ်မကြိုက်ချင်ဘူးလား။ ဒီလိုမိုးဖွဲဖွဲလေးအောက် ...ာ ထီးလေးတစ်ချောင်းတည်း အတူဆောင်းပြီး ပူးပူးကပ်ကပ်လေး ...င်းလျှောက်သွားရင် ဘယ်လောက်ကများဆန်လိုက်မလဲ တွေးကြည့် ...ိုက်"

"မိုးမိ အအေးပတ်ပြီး မသာပေါ်မှာတော့ မတွေးဘူး"

'သီဟ'၏ စနောက်သည့်စကားကြောင့် သူပြုံးလိုက်ပါသည်။ ...ျှာ်နေမည့်မှန်းသိပေမယ့် 'သော်'က ကိုယ့်အားကိုယ်ကိုးတတ်သည့် ...ကျင့်ရှိတာမို့ အပြတ်အမှား စိတ်ပူစရာမလိုပါလေ။ ပြီးတော့ ပန်းဆိုင်နှင့် ...ူတို့လမ်းက ပို၍နီးနေပြီး သူကော်ဖီဆိုင်ကမှ ပိုဝေးနေတာပါ။ 'သော့်' ...ကို လမ်းကြိုဝင်နိုင်ပေမယ့် သူ့ဆိုင်ကိုက တကူးတကလာမှ ရောက် ...ာမဟုတ်လား။

"ရှေ့ဘက်အမိုးက ရေအိုင်နေပြန်ပြီ။ ဟိုကောင်ဖိုးကျော်

ဘယ်ရောက်သွားပြန်ပြီလဲ''

''နေပါစေ၊ ငါပဲလုပ်လိုက်မယ်''

''မင်း စိုက္ကန်မှာပေါ့''

''စိုတော့လည်း စောပြန်ရတာပေါ့ မဟုတ်ဘူးလား''

''အကြောင်းပြချက်က ရှာနေပြန်ပါပြီ''

ဆိုင်ဘေးလမ်းကျဉ်းကလေးမှ ပတ်ကာ ဆိုင်ရှေ့သို့ လျှောက်လိုက်ပါ၏။ ဆိုင်ထဲကို မိုးရေပက်သဖြင့် sunshade ကာရန် steal တန်းရိုက်ထားပြီးပြီ ဖြစ်ပေမယ့် အမိုးအရောင်က သူ့ဆိုင်နှင့် Match မဖြစ်သည့်အရောင်မို့ ပြန်လဲခိုင်းထားတာ လာမပို့သေးပါ။ လောလောလတ်လတ် မိုးကစရွာနေပြီမို့ တာလပတ်သားမိုးထားစဉ် ရေက အိုင်တတ်သဖြင့် အမြဲပြန်၍လှန်ကာ သွန်ရသည်က အလုပ်တစ်ခု ဖြစ်နေလေသည်။

''အို''

''Sorry! Sorry! ဝင်ပါခင်ဗျာ''

''မိုးမစိုချင်လို့ ဝင်ပါမယ်ဆိုမှ ဆိုင်ရှေ့ရောက်မှ ရေလောင်းခ ရလား''

''တောင်းပန်ပါတယ်၊ ရေတွေအိုင်ပြီးကျလာရင် customer တွေ ချော်လဲမှာစိုးတာနဲ့ စောင်းပြီးသွန်ချလိုက်မိတာပါ''





''တို့လည်း ယူ customer ပဲလေ။ ငါ့ကိုတော့ အလေး ထားတာလား''

''မဟုတ်ရပါဘူးဗျာ''

ကောင်မလေးက ဆံပင်ရှည်တွေကို ခါရင်း သူ့ကိုမျက်စောင်း ခဲကာ ဆိုင်ထဲဝင်သွားလေတော့၏။ အလို! ဒီမိန်းကလေးက ဟို တစ်လောက သူတို့ဆိုင်ကိုလာခဲ့သည့် ကောင်မလေးပါပဲ။ သူကိုယ် တိုင် waiter ဝင်လုပ်ပြီး ဧည့်ခံခဲ့ရတာမို့ မှတ်မိနေတာပါ။ တိုက်တိုက် ဆိုင်ဆိုင် ဒီနေ့ညမှ ဒီဆိုင်ကို တစ်ယောက်တည်း ရောက်လာပြန်ရတယ် ...။ လုပ်လက်စအလုပ်ကို အပြီးသပ်ပြီး ရေမြောင်းထဲ တစ်ခါတည်း ...စေရန် အုန်းလက်တံမြက်စည်းဖြင့် လှည်းချလိုက်ပါသည်။

''ကိုရဲ''

''အေး''

''အစ်ကို့ကို ခေါ်နေတယ်''

''ဘယ်သူကလဲ''

''စောစောက ဝင်လာတဲ့ အစ်မက အစ်ကို့ကိုပဲ လွှတ်လိုက် ...တဲ့''

ဟိုက်! ဘယ်လိုဖြစ်ရတာပါလိမ့်။ အခုလေးပဲ ရေစင်သွား ...ကို ဒေါသထွက်ပြီး ထပ်ဆူချင်တုန်းပဲလား။ ဆိုင် uniform

ဝတ်ထားတာမဟုတ်မှန်း တွေ့တာတောင်မှ သူ့ကို ဆိုင်ဝန်ထမ်းဟုပင် ထင်နေတုန်းပဲ ထင်ပါရဲ့။ လက်ရော ခြေထောက်ပါ ရေစိုပြီး ညစ်ပတ်နေပြီမို့ သန့်စင်ပြီးမှသာ ဆိုင်ထဲပြန်ဝင်ရမှာပါ။

"အေးအေး လာခဲ့မယ်"

ဘေးဘက်မှ ပြန်ပတ်ခဲ့ပြီး ခြေလက်သန့်စင်စေကာ ရေခြောက်အောင်လုပ်ပြီးမှ သူ ဆိုင်ဟောခန်းထဲသို့ ပြန်ထွက်ခဲ့ပါ၏။ စောစောက မိန်းကလေးက ဟိုတစ်ခါထိုင်သည့် ခုံမှာပဲ တစ်ယောက်တည်း ထိုင်နေလေသည်။ စိတ်တိုစိတ်ဆတ်ဟန်က သူမ မျက်နှာထက်မှာ အပြည့်ပါပဲ။ ခန္ဓာကိုယ်ထက် စိုနေပါသည့် ရေမှုန်ရေစက်တို့ကိုလည်း Tissue ဖြင့် သုတ်နေလေ၏။

"ကျွန်တော်ရောက်ပါပြီခင်ဗျာ"

"ယူလုပ်လိုက်တာမြင်တယ် မဟုတ်လား။ ရေစိုတာ မုန်းပါတယ်ဆိုမှ"

"ဒါလေးသုံးလိုက်ပါလား"

"အဲဒီလိုမှပေါ့"

သူက လိုအပ်မည်ဟုယူဆပြီး snow tower ရော tower အသေးလေးကိုပါ ယူလာသဖြင့် သူမကို ကမ်းပေးလိုက်ပါ၏။ ရေခြောက်အောင်သုတ်တာကိုသာ အာရုံစိုက်နေပြီး ဆိုင်ထဲ ဘာမှာ





သောက်ရမည်ကို မစဉ်းစားထားပုံပါ။ သူက လှည့်ထွက်ရန် ခြေနောက်ဆုတ်လိုက်စဉ် သူမက ဖျတ်ခနဲ ခေါ်လိုက်ပြန်လေသည်။

"အံမယ် လစ်ဖို့မကြံနဲ့လေ။ တို့အတွက် black coffee တစ်ခွက် လာပို့ပေးဦး"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ ဘာမုန့်များရသေးလဲ။ တို့ ဗိုက်ထဲ တော်တော်ဆာနေလို့ပါ"

"မုန့်တွေက ကုန်သလောက်"

ဘောင်းဘီအိတ်ကပ်ထဲမှ phone က ထမြည်လာလေ၏။ ပြဿနာပါပဲ။ ဒီအချိန်ခေါ်နေကျက 'သော်' ပဲဖြစ်နိုင်တာမို့ သူ ကိုင်၍ မရပါ။ အရမ်းအလုပ်ရှုပ်နေလျှင်တောင် သူငယ်ချင်းတွေထဲမှ တစ်ယောက်ယောက်က အဆင်ပြေအောင်ဖြေပေးနေကျ မဟုတ်လား။ အခုတော့ phone ထုတ်ကိုင်ရမလား သူမကို serve လုပ်ပေးရမလို ဆုံးဖြတ်ရခေဝါးသွားတာက ခဏတာလေးပါလေ။

"ဘယ်လိုလဲ ယူ့ phone က တို့လောက် အရေးကြီးနေလို့လား။ Customer ကို care လုပ်ဖို့က first လေ"

"မဟုတ်ပါဘူး။ အဲ! ဟုတ်ပါတယ်"

"ဘာကိုဟုတ်တာလဲ"

"ဟိုလေ၊ မုန့်တွေက ကုန်သလောက်ဖြစ်နေလို့ပါ"

"တစ်ခုခု လုပ်မပေးနိုင်ဘူးလား"

"ကြက်ဥပူတင်းဆို ဖြစ်မလား"

"ဖြစ်တယ်လေ၊ သိပ်ပြီး မချိုစေနဲ့ပေါ့"

"ဟုတ်ကဲ့ပါ။ ဒါဖြင့် ခဏလောက် စောင့်ပေးပါ ခင်ဗျာ"

"Ok! "

သူက ကောင်တာရှိရာဆီသွားရင်း phone ကိုထုတ်ကြည့်လိုက်ပါ၏။ တကယ်ပင် 'သော်' ခေါ်နေတာပါ။ သ မကိုင်တာနဲ့ phone ပိတ်လိုက်သဖြင့် စိတ်ထဲမှာတစ်မျိုးလေး ဖြစ်သွားရလေသည်။ သူ၏ 'သော်' က ဘယ်တော့မဆို တစ်ဖက်သားဂုဏ်ညှာနားလည်ပေးတတ်တာလေ။ အခုလည်း သူ မအားဘူးအထင်ဖြင့် ဆက်မခေါ်တော့တာဖြစ်နိုင်ပါ၏။

"Black coffee တစ်ခွက်၊ ပူတင်းကို ကြက်ဥနဲ့ ဖုတ်ပေးပါ။ သိပ်မချိုစေနဲ့"

"Ready made ပေးရမလား"

"မပေးနဲ့ ကိုယ်တိုင်လုပ်တာမှ စိတ်ချရတယ်"

"စောင့်နိုင်လို့လား"

"အေး"





အဖျော်သမားက မြန်ပေမယ့် မုန့်ဖုတ်သမားက စောင့်ရမှာပါ။ သော်' လည်း မုန့်ကြိုက်တတ်တာမို့ အိမ်အပြန်မှာ မုန့်တစ်ခါတလေ မှာတတ်ပါသည်။ အခုလည်း မုန့်မှာချင်လို့များ phone ဆက်တာများလား။ ကားပေါ်ရောက်ပြီး အိမ်ပြန်နေလျှင်ဖြင့် သူ လှည့်ပြီးသွားယ်မှာကိုလည်း အမြဲတမ်းစိုးရိမ်တတ်တာလေ။

"ပူတင်းရပြီ"

"ပေး"

"ချာတိတ်တွေ နိုင်းလေ"

"နေပါစေ၊ ဒီလောက်တော့ ငါပဲပို့ပေးပါ့မယ်"

"ရဲရင့်နော်၊ ရဲရင့်။ သော်တာမြင်ရင် အပြောခံရဦးမယ်"

"ဘာဆိုင်လို့လဲ"

"ကောင်မလေးက လှတာတော့ အတော်လှတယ်"

"သော်လား လှမယ်အားကြီး"

"သော်တာ့ကိုပြောတာမဟုတ်ဘူး။ စောစောက ဟိုကောင်လေးကို ပြောနေတာ"

"အဲဒါကြောင့် ဒီကောင်ကိုယ်တိုင် waiter လုပ်တာပေါ့ သိန်းဇော်ရဲ့"

ကျိတ်ရယ်သံတွေ ထွက်လာတော့၏။ သူက ပြုံးရုံပြုံးလိုက်

ပြီး ကော်ဖီခွက်နှင့်မုန့်ပန်းကန်ကို လင်ဗန်းအသေးလေးထဲသို့ ထည့်ကာ သယ်လာခဲ့ပါသည်။ သူတို့ပြောမှပဲ သူက 'သော်'အပြင် တခြားမိန်းကလေးတွေကို ကြည့်ခွင့် ကြိုက်ခွင့်မရှိသလိုပါလေ။ သူနှင့် 'သော်'ကဖြင့် ခုချိန်ထိ သူငယ်ချင်းပဲ မဟုတ်ပါလား။

"ဒီမှာရပါပြီ"

"ယူတို့ဆိုင်လေးကို သဘောကျတာ အမှန်ပဲ"

"ကျေးဇူးပါ ခင်ဗျာ"

"နာမည်ဘယ်လိုခေါ်လဲဟင်"

"ဗျာ!"

"မပြောချင်ဘူးလား"

"မဟုတ်ပါဘူး။ ကျွန်တော့်နာမည် ရဲရင့်မြတ်သွေးပါ"

"ဟင်! နာမည်ကြီးကလည်း ရင့်လိုက်တာ"

"လူက မရင့်လို့လား"

"အင်းပေါ့။ ယူ့အသက် အလွန်ဆုံးရှိလှ (၂၀) (၂၁) လောက် မဟုတ်ဘူးလား"

"မှန်းတာတော်သားပဲ"

"တော်ရမယ်လေ၊ တို့က တေးပန်းချီပဲဟာ"

"ဘယ်လို တေးပန်းချီ"





"ဟုတ်တယ်၊ ဘာလဲ လုလို့အံ့ဩသွားတာလား"

"အမှန်ပဲ၊ နာမည်နဲ့အရမ်းလိုက်ဖက်လွန်းလို့ပါ"

နှစ်လိုဖွယ်အပြုံးကိုတွေ့ရလေ၏။ တစ်ဖက်သား သူစိမ်းတစ်ယောက်ကို ညှို့ငင်ဆွဲယူသည့် ပဥ္စလက်အပြုံးမျိုးပါပဲ။ လှပါသည်ဆိုသည့် မိန်းကလေး၏ ရေမဆိုတစ် မခြောက်တစ်ခြောက် ကပိုကယိုအလှနှင့် ဒီအပြုံးကဖြင့် အရမ်းကို လိုက်ဖက်ပြီး Melody ဖြိလွန်းနေတာလေ။ မိုးနတ်သမီးလေး ဘုံကြိုးပြတ်ပြီး ဆင်းသက်လာလေသလား 'တေးပန်းချီ' ရယ်။

"ချွင်!"

မှန်တံခါးတွန်းဖွင့်ဝင်လာသံကို ကြားလိုက်ရပါ၏။ သူကဖြင့် သူမနှင့်စကားပြောနေတာမို့ အဝင်ဝကို လှည့်မကြည့်မိပါ။ ညမီးရောင်အောက်က လှဒေဝီ၏ အလှတစ်ပါးက သူ့အား ဆွဲဆောင်ညှို့မျှားသည့်နှယ် မဟုတ်ပါလား။ မျက်လုံးလေးတွေထဲမှာ မာနရောင်မတွေ့ရတော့ဘဲ တောက်ပသက်ဝင်လွန်းနေတာပါလေ။

"ဟယ် ရဲရယ်၊ ဒီလောက်ခေါ်နေတာကို phone တစ်ချက် ကိုင်ဘူး တကယ်ပဲ"

"ဟင်! သော်"

တစ်ကိုယ်လုံး ရွှဲရွှဲစို၍ ရောက်လာပါသည့် ကောင်မလေး

ကြောင့် ရင်ထဲပူသွားရပါ၏။ ဆိုင်ထဲမှာ ယောကျ်ားလေးတွေ အတော် များများ ရှိနေတာမို့ မျက်လုံးတွေ၏ စုရပ်က 'သော့' ထံကို ပြုကျလာ တော့မှာ မဟုတ်လား။ 'မိသော်' ကတော့ လုပ်ချလိုက်ပြန်လေပြီ။

"ဘယ်လိုဖြစ်လာတာလဲ သော်ရယ်"

"ဘယ်လိုဖြစ်ရမလဲ၊ အပင်မှာတဲ့ အိမ်အထိ ပစ္စည်းသွားပို့ပြီး အပြန်မှာ ကားကပျက်ပါလေရော။ အဲဒါ နင့်ကို phone လှမ်းခေါ်တော့ မရတာနဲ့ ဝပ်ရှော့ကိုပဲ ခေါ်ရတော့တယ်။ ဟိုက ကားလာဆွဲတဲ့အထိ စောင့်နေတာနဲ့ လူလည်း ကြွက်စုတ်ပုံဖြစ်နေပြီ။ အဲဒါ taxi နဲ့လာရင်း ဆိုင်ထဲမှာ နင့်ကိုလှမ်းတွေ့လိုက်လို့"

"လာ ပြန်ကြမယ်"

"ကော်ဖီပူပူလေး တိုက်ဦးလေ"

"အိမ်ရောက်မှ သောက်ပါသော်ရာ။ ကျွစ်! ဒီပုံစံနဲ့ ဖျားတော့ မှာပဲ"

နှုတ်မှပြောလည်းပြောကာ သူ့ဂျာကင်ကို သွားယူ၍ 'သော့' ခန္ဓာကိုယ်ထက် လွှမ်းခြုံပေးလိုက်သလို ခေါင်းကိုလည်း towel ဖြင့် သုတ်ပေးရင်း ဆွဲခေါ်လာစဉ် သူတို့ကိုငေးကြည့်နေသည့် တေးပန်းရဲ့ ၏ နှုတ်ခမ်းနှင့်မျက်ဝန်းတို့မှာ အံ့ဩနေဟန်က အထင်းသားပါတော

❊





## အခန်း (၇)

ခြံဝင်းထဲသို့ ကားကို အပြင်းမောင်းဝင်လိုက်တာမို့ ခြံစောင့် ဦးလေးကြီးက လှည့်ကြည့်လိုက်လေ၏။ အရှိန်ဖြင့် မောင်းမိသဖြင့် တိုက်ရှေ့သို့ ထားထားပါသည့် (ပန်းအိုးကြီးဖြင့်စိုက်ထားပါသည့်) ...မို့ အုန်းအလှပင်ကို တိုက်မိတော့သည်။ ဂွပ်ခနဲအသံကြောင့် အိုး ...ကွဲသွားပြီမှန်း သိပါ၏။ ကျွတ်စိ ကျွတ်စိ အသံတော့ ကြားရဦးမှာပါ ...သား။

"ဟယ်! ...အမလေးလေး။ ဘယ်လိုလုပ်လိုက်တာလဲ ...တေးရယ်။ ဒီစဥ္စပန်းအိုးတွေက ဈေးကြီးကကြီးနဲ့။ ဘယ်လောက် ...ပေးဝယ်ရတယ် ထင်သလဲ"

"မာမီကလည်းကွာ ...အဲဒီပန်းအိုးနဲ့ တေးက ဘယ်သူ

အရေးကြီးလဲ''

''သမီးနော်''

''မာမီ တေး, စိတ်တိုနေတာ''

''ဘယ်သူနဲ့ စကားများခဲ့လို့လဲ။ ကုမ္ပဏီအလုပ် စလုပ်တာ ဘာမှမကြာသေးဘူး။ အိမ်ပြန်ချိန်က ဒီလိုပဲမှောင်မှရောက်ရသလား''

''ဟာ! ကျစ်! နားညည်းလိုက်တာကွာ''

''တေးပန်းချီ!''

''စိတ်ညစ်နေပါတယ်ဆိုမှ မာမီက ထပ်ပြီး ဓာတ်ဆီလောင်း ရသလား''

''ဟဲ့!''

''ဘာတွေဖြစ်နေကြတာလဲ။ သားအမိနှစ်ယောက် တွေ့တာနဲ့ နောင်ကျိန်ကချကြပြီ''

''ကိုသမီးက ပြောလို့ဆိုလို့မှ မရတာ''

''ဒီအရွယ်ရောက်မှ ဘာပြောလို့ရတော့မလဲ နွယ်ရယ် ဆိုးလို့ ပြောမယ်ဆိုလည်း ရှေ့ကနေ ကာဆီးကာဆီး လုပ်ခဲ့တာ မဟုတ်လား။ သမီးကိုချစ်တာ ချစ်ပါ။ အလိုမလိုက်နဲ့လို့ ကိုယ် ဘယ် နှစ်ခါ ပြောရမလဲ''

စာကြည့်ခန်းထဲမှ ထွက်လာပါသည့် ဒက်ဒီနှင့် မာမီတို့





ကားနိုင်လှပွဲက ဆက်လေတော့၏။ ရင်ထဲမှာ အတော်လေးပူနေပြီမို့ ...ပေါ်သို့ အပြေးတက်လာမိတော့တာလေ။ ရေချိုးခန်းထဲဝင်ကာ ...တစို အဝတ်အစားတွေကိုချွတ်၍ ရေစိမ်ချိုးဒိုက်မိလေသည်။ ...ဘယ်မျှ အထီးကျန်လွန်းပါသလဲ။ ချစ်သူတစ်ယောက်လုံး ရှိနေတာ ...ောင်မှ 'တေးပန်းချီ' ဘဝက ပျော်စရာမရှိသည့်နှယ်ပါ။

'ကျော်' ကျွန်မအပေါ် ဤသို့ တယုတယကြင်နာမှုမျိုး ရှိခဲ့ ...သလား။ တွေ့ချင်လျှင်လည်း ခေါ်ရသလို လွမ်းလျှင်လည်း phone ...ဆက်ရတာက ကျွန်မသာ အရင်ဆုံးလုပ်ခဲ့ရတာလေ။ ''ချစ်တယ်'' ...တာမျိုးက တစ်ဦးတစ်ဖက်တည်းမှာသာ မဟုတ်ဘဲ နှစ်ဦးနှစ်ဖက် ...ပေးအယူမျှခဲ့လို့သာ ချစ်သူဘဝ ရောက်ခဲ့ကြတာမျိုးပါ။

ကျွန်မအပေါ် တကယ်ပဲ မချစ်ခဲ့လေသလား 'ကျော်' ရယ်။

အာရုံက စောစောကမြင်ကွင်းကိုသာ တရေးရေးမြင်ယောင် ...မိလေ၏။ ပြောတဲ့စကားထဲမှာ နှင်နဲ့ငါဆိုပြီး အဘယ်မျှ ရင်းနှီးမှု ...ိုက်ပါသလဲ။ မိုးရေ ရွှဲရွှဲစိုနေပါသည့် ကောင်မလေးကို လှည့်ကြည့် ...က်ပါသည့် သူ့မျက်ဝန်းတစ်စုံက တကယ့်ကိုသက်ဝင်လှပလွန်းနေ ...ပါလေ။ ကြင်နာမြတ်နိုးမှုတွေ သိန်းသန်းကုဋေကုဋာကျော်မျှ ...ဝင်နေသလိုပါပဲ။ မျက်စောင်းလေးဝင့်ပြီး လေသံပျော့ဖြင့် အပြစ် ...င်သည့် ကောင်မလေးကို စိတ်မတိုတဲ့အပြင် ကရုဏာတွေ သွန်းပြီး

ခွေသွားသည်က 'ရဲရင့်မြတ်သွေး' ဆိုသည့် ကောင်လေးပါပဲ။

သူ့ဂျာကင်ကို အမြန်သွားယူလာပြီး ခြုံပေးလိုက်တာ။ ခပ်တို့တို့ ဆံပင်တိုလေးတွေကိုလည်း Towel အသေးလေးဖြင့် သုတ်ပေး သည်က အဘယ်မျှ ကြည့်ကောင်းလိုက်ပါသလဲ။ "မြန်ကြမယ်" ဆိုပြီး လက်ကောက်ဝတ်ကို ဆုပ်ကိုင်ဆွဲခေါ်ထုတ်သွားပုံက တကယ့် Hero တစ်ဦးနှယ် ချစ်သူကို ဦးဆောင်သွားဟန်အပြည့်ပါလေ။

အဲဒီလောက်တောင် ချစ်တတ်ပါသလား 'ရဲရင့်မြတ်သွေး' ရယ်။

ပါးပြင်ထက် စီးကျလာပါသည့် မျက်ရည်တို့ကို မသုတ်မြ ပါချေ။ ထိုမြင်ကွင်းလေးကို တရိပ်ရိပ်မြင်ယောင်နေမိသည်က ကျွန်မ ကို နှိပ်စက်နေသည့်နှယ်ပါ။ 'သော်' တဲ့။ သူ့အပေါ် ဤမျှ အားကို တကြီးနှင့်ရောက်လာရတယ်လို့။ ရင်ခွင်ထဲပြေးဝင်ပြီး ငိုရှိုက်တာမျိုး မလုပ်ပေမယ့် သူနှင့်သူမဟန်ပန်က သာမန်ထက်ပို၍ နက်နဲမှုရှိတာ ဖြင့် သိသာစေတာပါ။

မင်းဘယ်သူလဲ 'သော်'။

ချစ်ရမယ့်သူဘေးမှာရှိနေပါလျက် ကျွန်မ ဤသို့ ဂရုတစိုက် ဖြင့် အချစ်မခံရသည့်နှယ်ပါ။ မိဘတွေချစ်တာကတော့ သိပါ၏ သို့သော် ဤသို့ ကယုကယင်ချစ်ပြတာမျိုး မဟုတ်ပါဘဲ နားမှုနားဆ





ုပ်သမျှ နားမခံသာလို့ သတ်မှဲ့ပစ္စည်းတွေသာ လိုသလောက် ဝယ် းတတ်တာမျိုးလေ။ ဒီတော့ 'တေးယန်းချို' ရဲ့ရင်ထဲမှာ အချစ်တွေ ပေးချင်သလို အချစ်ခံချင်စိတ်ကလည်း ပင်လယ်ကြီးတမျှပါပဲ။

"ဒုန်း! ဒုန်း! "

"ဟိုကောင်မလေး"

"ရေချိုးနေတယ်လေ မာမိရာ"

"တော်ရုံ သင့်ရုံချိုးပေါ့အေ၊ လူကြီးကိုအရွဲ့တိုက်ပြီး ရေထဲ ပြမနေနဲ့။ ဖျားနာလို့ ဆေးထိုးရင်လည်း အော်ဟစ်သောင်းကျန်း သေးတာ။ ညည်းနဲ့တော့ ခက်ပါတယ် မိတေးရယ်"

ဂရုစိုက်တာလား၊ ဒါမှမဟုတ် တမင်အပြစ်ရှာတာလား နမ မသိပါ။ အပြင်ကနေ ဒီလောက် ပွစိ ပွစိ ရေရွတ်နေပြီမို့ စိမ်တာ ဘယ်လိုဇိမ်ရှိပါတော့မလဲ။ ရေချိုးကန်ထဲမှထွက်ကာ န်းဖွင့်ချလိုက်ရင်း ရေချိုးခြင်းကို အပြီးသတ်လိုက်ရပါ၏။ ဆံနွယ် ည်တွေပါ စိုနေပြီမို့ Shampoo သုံး၍ ခေါင်းပါလျှော်လိုက်ရတာပါ။

"ဂျလောက်!"

ရေချိုးခန်းမှထွက်တော့ အိပ်ခန်းထဲမှာ မာမိမရှိတော့ပါ။ ာလဲ၊ ဖျားမှာတော့ စိုးရိမ်ပြီး ခေါင်းသုတ်ပေးဖို့တောင် မစောင့်ပါ း။ 'တေး' ကို အဲဒီလိုမျိုး ဂရုစိုက်ဖို့ မလိုတော့ဘူးတဲ့လား။

ရွှေပေါ်မြတင် တန်ဖိုးထားပြီး သည်းသည်းလှုပ်ချစ်ပါသည်ဆိုတဲ့ သမီးလေးကို ငိုပြ အော်ပြမှသာ ဂရုစိုက်ခံရတာမို့ ခပ်ဆိုးဆိုးလေး ဖြစ်လာခဲ့ရတာပါပဲလေ။

"ချမ်းလိုက်တာ"

ရေမြန်မြန်သုတ်လိုက်ပြီး ဆံနွယ်ရှည်တွေ အမြန်ခြောက်အောင် Dryer သုံး၍ မှုတ်လိုက်ပါ၏။ ဤအမြတ်တနိုး အရှည်ထားထားဖြစ်သည့် ဆံပင်တို့ကို အမြဲတစေ ဆိုင်မှာသာခေါင်းလျှော်တာ ပေါင်းတင်တာတို့ကိုသာ မကြာမကြာ သွားလုပ်တတ်တာပါ။ ကိုယ့်ဘာသာ လျှော်တိုင်း လက်လည်းညောင်းရ ဇက်လည်းနာရတာလေ။

ဒါဖြင့် ဟိုကောင်မလေးကတော့ ဆံပင်လုံးလုံးတိုတိုလေး ညှပ်ထားတာပေါ့၊ အတော်သက်သာမှာပါပဲ။ ဇက်လည်း မညောင်း ခေါင်းပေါ့ပါးနေမှာလေ။ "မိန်းမတို့တုန်း ဆံထုံး" ဆိုတာထက် ကျွန်မ ဆံပင်အရှည်ထားတာက ရည်ရွယ်ချက်နှင့်ပါပဲ။ တော်ရုံ သိပ်မချော သိပ်မလှသည့် မိန်းကလေးတွေတောင် ဆံပင်အရှည်က ကြည့်ကောင်းအောင် ထိန်းသွားတာလေ။

သို့သော် ဟိုချစ်စဖွယ်ကောင်မလေးက ဘာကြောင့် အတို ညှပ်ပါသလဲ။ ကိုယ့်ကိုယ်ကိုယ် ဝယ်နုလှပနေအောင် ကောင်းရွေး တန်ဖိုးကြီးပေးဆိုသည့် အောက်ခံ cream တွေ၊ cover puff တွေ lip sticks၊ eye-liner ၊ မျက်တောင်ကော့... ဒီးတာ၊ မျက်ခုံးရိတ် ဘာတွေဲ့တာတို့ဖြင့် အသုံးပြုနေရတာ မဟုတ်လား။ ဒီကြားထဲ အစားမှားသည်နှင့် မျက်နှာထက်မှာ ဘုတွေထစ်တွေ ထွက်လာတာလောက် စိတ်ညစ်ဖွယ်ကောင်းတာမရှိပါ။

ဟိုကောင်မလေးကဖြင့် တကယ့်ကို ဆယ်ကျော်သက် အပျိုပေါက်လေးနှယ် နုဖတ်နေအောင် လှလွန်းတာလေ။ ဘာမှ မလိမ်းထားတဲ့ မျက်နှာပြောင်လေးမှာ ရေစိုပြီး လက်နေတာ၊ ချမ်းလွန်းလို့ တုန်ရင်နေပါသည့် နှုတ်ခမ်းပါးလေးတွေက ဆိုးဆေးမရှိပါဘဲ နီစွေးစွေးလေး ဖြစ်နေတာ အဘယ်မျှ အသည်းယားဖွယ်ရာပါလိမ့်။

တမင်ပြင်ဆင်ခြယ်သထားတာမျိုး မဟုတ်ပါဘဲ နဂိုအရှိအတိုင်း အလှက အကြည့်ခံသလို ဘေးဘီဝန်းကျင်မှ (ပုရိသအများစု) ၏အာရုံကို ဖျတ်ခနဲ ဖမ်းစားလိုက်တာ မဟုတ်ပါလား။ ကျွန်မ ရောက်လာစဉ်က သတိမထားကြပါသည့် မျက်လုံးတို့က သူမဝင်လာသည်နှင့် တစ်နေရာတည်းကို စူးစိုက်ကျပြီး စိတ်ဝင်စားသွားစေတာလေ။

"တောက်!"

ဘီးကျဲဖြင့် ဖြီးစဥ် ဆံပင်ရှုပ်သွားတာမို့ စိတ်တို၍ တက်ခေါက်လိုက်မိလေ၏။ ဒါဖြင့် ညှပ်ပစ်လိုက်ရမလား။ မဖြစ်သေးပါဘူး။ 'ကျော်' က ကျွန်မ၏ ဆံနွယ်ရှည်တွေကိုမှ သဘောကျတာတဲ့လေ။

လူကိုထိတာ ဖက်တာမျိုး အသားမယူတတ်ပါသည့် ချစ်သူက
ဆံနွယ်တွေကိုဖြင့် တယုတယ ကိုင်ကြည့်လေ့ရှိတာ မဟုတ်လာ

"ဒေါက်! ဒေါက်!"

"မမလေး"

"ဘာလဲ"

"ကော်ဖီသောက်မလားလို့ လာမေးတာပါ"

"မသောက်ဘူး"

Hair-coat လှူးနေရင်း ဖြေပြီးမှ စိတ်ကပြောင်းသွားရပါ
အပြင်မှာရှိသေးလားအထင်ဖြင့် တံခါးဖွင့်လိုက်စဉ် 'မပု' ကိုမတွေ
တော့ပါ။ စိတ်မြန်သည့်ကျွန်မထက်ပင် 'မိပု' က ခြေပိုမြန်နေတာ
ဆိုင်မှာ ကော်ဖီဝင်သောက်ခဲ့ပြီးပြီမို့ ဗိုက်တော့မဆာပါ။ သို့သော်
အိပ်ခါနီး နွားနို့ပူပူလေးဖြစ်ဖြစ်တော့ သောက်ချင်ပါ၏။

တံခါးကိုပြန်စေ့ပိတ်လိုက်ပြီး ခုတင်ရှိရာဆီ လျှောက်လိုက်
သည်။ TV remote ကိုယူ၍ TV ဖွင့်လျက် အိပ်ရာထက် ပစ်
ချလိုက်ပါ၏။ ညအိပ်ဝတ်စုံဝတ်ထားပြီမို့ စောင်ကိုသာ ဆွဲခြုံလိုက်
လေသည်။ TV အစီအစဉ်တွေကလည်း ဒီညမှ ကြည့်စရာမကောင်း
သလိုပါပဲလား။ ခါတိုင်း MTV ရှာဖွင့်လေ့ရှိပေမယ့် ဒီညတော့
ဘာသီချင်းမှ နားမထောင်ချင်ပါလေ။





TV မကြည့်ချင်တော့၍ ပြန်ပိတ်လိုက်ပါ၏။ အိပ်ရာထက်
ဟိုဒီလှိမ့်ရင်း မျက်စိကြောင်နေလေသည်။ ဒါဖြင့် သူ့ဆီ phone
ဆက်ရမလား။ အချိန်က ည (၁၀) နာရီထိုးကာနီးမို့ ခေါ်၍မဖြစ်တော့
ပါ။ အိပ်ချိန်မှာ phone ခေါ်တိုင်း သူ စိတ်ဆိုးဒေါသထွက်တတ်တာ
ကြောင့်ပါပဲ။ Phone ကို မှန်တင်ခုံထက် ပြန်လှမ်းတင်လိုက်ပြီးနောက်
ခုတင်ထက်မှ စောင်ဖယ်လျက်ဆင်းလိုက်ပါ၏။

မှန်ပြတင်းပိတ်ထားတာကို ဖွင့်၍ ပြတင်းပေါင်ကိုမှီလျက်
ရပ်နေမိသည်။ အပြင်မှာ မိုးက သိပ်မသည်းတော့ပါပဲ ခပ်ဖွဲဖွဲသာ
ရွာနေလေ၏။ လေပြင်းတစ်ချက်အဝှေ့မှ ကျွန်မ၏မျက်နှာထက် မိုးမှုန်
တို့ လာထိလေသည်။ ရင်ထဲကြည်နူးမှု မဖြစ်ပါဘဲ မျက်ရည်သာ
ဝဲလာရပါ၏။

လွမ်းတယ်၊ လွမ်းလိုက်တာဟု မည်သူ့ကို ရင်ဖွင့်ရပါမည်
နည်း။ ချစ်သူရှိပေမယ့် ထိုချစ်သူက ဒက်ဒီ့ကို ရှိန်နေသဖြင့် ကျွန်မ
အပေါ် အစ်ကိုတစ်ယောက်နှယ်သာ အလိုလိုက်ခဲ့တာပါလေ။ "သူ့ကို
စိတ်ဝင်စားတယ်" ဟု ပွင့်လင်းစွာပြောချလိုက်မိသည့် ကျွန်မစကား
ကြောင့် 'အန်ကယ်မျိုး' တစ်ယောက် အံ့သြပြီး မျက်လုံးကျယ်ခဲ့ရတာ
အမှန်ပါ။ အဲဒီကမှတစ်ဆင့် လူကြီးတွေအချင်းချင်း ပြောပြီး သူနှင့်
ကျွန်မ တွဲခဲ့ဖြစ်တာ မဟုတ်လား။ တခြားစုံတွဲတွေလို "I love you.

Do you love me?" ဟု မပြောခဲ့ရပါဘဲ နားလည်မှုဖြင့် တွဲခဲ့သည့် စုံတွဲကို ပြပါဆိုလျှင် 'နေမျိုးကျော်ဇင်' နှင့် 'တေးပန်းချီ' ကိုသာ ညွှန်ပြရမှာပါ။

တကယ်ရော ကျွန်မအပေါ်မှာ 'ကျော်' ချစ်ပါရဲ့လား။ သံသယဝင်တာမျိုး အလျဉ်းမရှိခဲ့ပါ။ သူ့အကြည့်၊ သူ့အပြုံး၊ သူ့ မျက်ဝန်းတွေထဲမှာ ပျော်ဝင်နေခဲ့ပါသည့် ကြင်နာရိပ်ကို မြတ်နိုးခြင်းဟု သာ ကျွန်မ မှတ်ယူခဲ့တာလေ။ ဒီလောကကြီးထဲမှာ အလိုဆန္ဒပြည့်မှု သူတစ်ယောက်နှယ် ကျွန်မ ပျော်ပိုက်ခဲ့ရတာအမှန်ပါပဲ။

အခု 'ကျော်' ဘာလုပ်နေမလဲ။ အိပ်ပျော်နေပြီထင်ပါရဲ့ ကျွန်မလို computer ကိုင်ရုံ၊ ထိုင်ခုံမှာ ထိုင်ရုံလေးမဟုတ်ပါဘဲ အမြင့်တက်ရတာ၊ အလုပ်သမားတွေကို ကြီးကြပ်ပေးရတာကအစ သူပင်ပန်းတာကို သိနေပါ၏။ သို့သော် 'တေးပန်းချီ' ဆိုသည့် ကောင် မလေးက အလိုက်တသိ မရှိခဲ့ပါလေ။

"ဂျိန်း! ဂျလိန်း!"

"အမေ့!"

လျှပ်စီးလက်ပြီးနောက် မိုးခြိမ်းသံကြောင့် နှလုံးသားက အထိတ်တလန့် ဖြစ်သွားရလေသည်။ ညရှုခင်းကိုငေးပြီး စိတ်ကူးယဉ် ခွင့်တောင် မပေးချင်ပါလား။ ပြတင်းပေါက်ကို ပြန်ပိတ်လိုက်ပြီး





လိုက်ကာကိုပဲ ဆွဲပိတ်လိုက်ပါသည်။ မီးချောင်းဖြူဖြူတွေလင်းတာကို ပိတ်ထားတာမို့ ညအိပ်မီးအိမ်အလင်းသာ နံရံထက်မှ ခပ်မှိန်မှိန် ဖြာကျ နေလေ၏။

ခြေလှမ်းကို ရွှေ့လိုက်စဉ် ခြေဖဝါးမှ အေးခနဲနင်းမိသည့် အရာကြောင့် လန့်သွားရပြန်လေသည်။ ဘာများလဲဟု ငုံ့ကြည့်မိစဉ် စာစောက လေအတိုက် ဝင်လာပါသည့် သစ်ရွက်ဝါလေး ဖြစ်နေပါ ၏။ မင်းလည်း တို့လိုပဲ အထီးကျန်နေတာပေါ့နော်။ သစ်ရွက်လေးကို ကောက်ယူကာ အိပ်ရာထက် ပြန်လှဲအိပ်လိုက်ပါသည်။ 'တေးပန်းချီ' မှာ အချစ်ရှိသလို အလွမ်းတွေ တမ်းတတာတွေလည်း ရှိနေပါတယ်။

အများအမြင်မှာ မာနခပ်ကြီးကြီးနှင့် သူဌေးသမီးမို့ စိတ်မာ ကက်ထန်သည်ဟုသာ ထင်နေကြမှာပါ။ တကယ်တမ်း အထီးကျန်နေ တာ ဝမ်းနည်းတတ်တာ၊ တစ်ယောက်တည်း အဖော်မဲ့စွာနေနေတာ ကိုဖြင့် ဘယ်သူမှ မသိနိုင်တာလေ။ ငိုချင်ပေမယ့် မငိုမိအောင် ကိုယ့် ကိုယ်ကိုယ် စိတ်မာအောင် ထားရတာ အဘယ်မျှ ပင်ပန်းရပါသလဲ။

"ကျော်"

ဟိုကောင်လေး ဂရုစိုက်သလိုမျိုး ကျွန်မကိုလည်း ဂရုစိုက် ပေးပါ။ ဟိုကောင်လေး ပွယန်ပြသလိုမျိုး ကျွန်မကိုလည်း စိုးရိမ်ပေးပါ။ ဟိုကောင်လေး ကရုဏာသက်မြတ်နိုးတတ်ပုံမျိုးနဲ့ ကျွန်မအပေါ်မှာ

လည်း ချစ်ခင်ယုယပေးပါလားကွယ်။

ချစ်ခြင်းရဲ့နောက်ကွယ်မှာ ဘာတွေရှိနေပါသလဲ။ မာနလား။ ဒါမှမဟုတ် အတ္တလေလား။ ကျွန်မ မသိချင်ပါ။ ဘဝတစ်လျှောက် ဘယ်တုန်းကမှ ယောကျ်ားတွေကို အထင်မကြီးခဲ့ လှည့်မကြည့်တတ်တဲ့ 'တေးပန်းချီ' ရဲ့မာနလေးကို 'ကျော်' တစ်ဦးတည်းကသာ ချစ်ခြင်းတို့ဖြင့် အရည်ပျော်ကျစေခဲ့တာ အမှန်ပါလေ။

❋





## အခန်း (၈)

မေမေ အားရှိစေရန် ခပ်ကြာကြာပြုတ်ထားပါသည့် ကြက်ပြုတ်အိုးကို ခလုတ်ပိတ်လိုက်ပါ၏။ ကျွမ်းကျင်တာမဟုတ်ပေမယ့် နည်း ပြုတ်နည်း စာအုပ်ထဲကအတိုင်း လုပ်ပေးဖြစ်တာပါ။ ပ်ပြန်ဆင်းနေရပြီမို့ စောစောထပြီး ချက်ပြုတ်သည့်တာဝန်ကို ယူရလေသည်။

"ငါ့သား ဘာချက်နေလဲ"

"ဘဲဥပါ မေမေ"

"လာပြန်ပြီလား။ ရွှေခေါင်းပြောင်ဟင်း။ ငါစားဖို့ ပြုတ်ပေး ဘ်။ ကြော်ပေးလိုက်နဲ့ မရိုးအောင်ချက်ပေးတတ်ပ့ါ နေမျိုးကျော်

သူ ပြုံးလိုက်မိပါ၏။ တတ်သလောက် မှတ်သလောက်က ဒီမြင်နေတာ မဟုတ်လား။ ငါးတွေ ငါးခြောက်တွေ ကြော်လည်း ကျွေးတာက များသဖြင့် ဒီချက်နည်းကသာ သူ့အတွက် easy ပါပဲ။ ဒီမနက် မေမေ့ကို ဆရာဝန်လာကြည့်ပေးမှာမို့ စောင့်ပြီးမှသာ ကုမ္ပဏီ သွားရမှာပါ။ သူတို့ဆိုက်က ပုဂ္ဂလိကမို့ အင်ဂျင်နီယာ (ကန်ထရိုက်တာ) အစ်ကိုက နားလည်မှုရှိတာပဲ တော်ပါသေးသည်။

"မေမေက ဘာစားချင်လို့လဲ"

"စားချင်လည်း ချက်ပေးတတ်တာမှ မဟုတ်တာ။ လေကျင့်တာပဲ အဖတ်တင်မယ်"

"မေမေရုံးသွားတော့မလို့လား"

"အေး"

"အန်ကယ့်ကုမ္ပဏီသွားဖို့ရှိသေးလား"

"မရှိပါဘူး။ ဘာလဲ . . . မင်းယောက္ခမထီးကို သွားကြည့်ပေးဖို့ လိုလို့လား"

"မဟုတ်ပါဘူးဗျာ"

"သမီးနဲ့အဆင်ပြေတယ် မဟုတ်လား"

"ဒီလိုပါပဲ"

"သွေးကအေးပုံ ငါ့သားရယ်"





"အားမှမအားပဲ မေမေရဲ့"

"Phone လေးဘာလေးဆက်၊ message လည်း ပို့ချင်ပို့မှပေါ့"

"အလုပ်ကိုယ်စီနဲ့လေဗျာ"

"ဟင်း ငါ့သားနဲ့တော့ အတော်ဝွကျတာပါပဲ။ သမီးက ပြည့်စုံတဲ့ကလေးမို့ မျက်စိကျတဲ့သူတွေများတယ် သားရဲ့။ မင်း ဒီလိုပုံတောန်မလှုပ်နဲ့တော့ မလွယ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"သူများနောက်ပါသွားမှာ စိုးလို့ပေါ့ကွ။ ငါအကုန်ပြောပြမှ သိမှာလား"

သူ မဲ့ပြုံးပြုံးလိုက်မိလေသည်။ သွေးအေးသတဲ့လား။ အမှန်ပါပဲ။ ခပ်အေးအေးနေတတ်ပါသည့် သူ့ကိုမှ 'တေးပန်းချီ' က စိတ်ဝင်စားပြီး မိဘတွေကို ထုတ်ပြောခဲ့တာလေ။ အစစအရာရာ ငဲ့ကွက်ရသည့် မေမေ။ ကိုယ့်ထက်ငယ်သူ အားနွဲ့သူကို စာနာငဲ့ညှာတတ်ပါသည့် သူ့အားနည်းချက်ကိုမှ ကိုင်လှုပ်ခဲ့တာက 'တေး' ၏ ဒက်ဒီဖြစ်သည့် 'ဦးနေမင်းရှိန်' ပါပဲ။

တွေ့စတုန်းကဖြင့် လူကို အကြည့်ဖြင့် အထင်သေးသလို နှမ်းချ၍ပြောပြီးမှ မကြာခဏ ဝင်ထွက်စဉ်မှာ စိတ်ဝင်စားမိတာတဲ့လေ။

မိန်းကလေးဖြစ်ပြီး အဘယ်မျှရဲတင်းသည့် အပြောအဆိုပါလိမ့်။ ရှောင်ရှားချင်တာထက် အလိုလိုက်ထားပါသည့် သမီးဖြစ်သူကို လိုက်လျောညီထွေစွာ ဆက်ဆံပေးပါဆိုသည့် တောင်းဆိုချက်ကြောင့် အလိုက်သင့်တွဲဖြစ်ခဲ့တာပါ။

လောကမှာ အားနာစာ၊ နမျောစာဆိုသည့်အရာတွေကို ရှောင်ဖို့က လူသားတွေအတွက် သတိထားသင့်တာအမှန်ပါပဲ။ သူက အအေး သူမက အပူဆိုတာကိုသိထားပေမယ့် ထောက်ထားညှာတာစရာတွေက တစ်ပြုံကြီးမို့ ရှောင်လို့မရခဲ့ပါ။ အစကဖြင့် 'ကိုကို' ဟုခေါ်ပြီး ရင်းနှီးမှုရှည်ကြာလာသည်နှင့် 'ကျော်' ဟု ရွယ်တူနှယ် ပိုင်စိုးပိုင်နင်း ခေါ်တတ်လာတာက 'တေးပန်းချီ' ပါပဲ။

ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားငဲ့ညှာပေးရတာကိုဖြင့် သူမ လုံးဝနားမလည်ပါ။ မည်သူ့ကိုမဆို ဗိပြောမှ နိုင်အောင်ပြောမှသာ သူမ၏စိတ်က ပြေတာကြောင့် အကျင့်ဖြစ်နေတာ မဟုတ်ပါလား။

စိတ်ကစားသည့်အရွယ်ကြောင့် သူမကို သူက အလိုက်တသင့်ဖြင့် ပြောဆိုနေတာ မဟုတ်ပါလား။ အရွယ်၏အသိဖြင့် တကယ်ချစ်လာမည့် လူနှင့်ဆုံလာလျှင် သူ့ဘက်က အချိန်မီနောက်ဆုတ်ပေးဖို့ အဆင်သင့်ပါပဲ။





"တေးက တော်ရုံနဲ့ ယောကျ်ားတွေကို စိတ်မဝင်စားတတ်ဘူးဗျာ"

"အေးလေ၊ တော်ရုံယောကျ်ားမျိုး မဟုတ်ဘဲ အတော်ဆုံး ...ရေးသမားတွေက မျက်စိကျလာလို့ ပြောနေတာ"

"အနုကယ့်မိတ်ဆွေတွေထဲကလား"

"ဟုတ်ပါ့"

"သူ့ သဘောကျရင် ပြီးတာပါပဲ ဖေဖေရယ်"

"ဘာကွ ဘယ်လိုပြောလိုက်တယ်"

"ဟုတ်တယ်လေ၊ သူ့စိတ်က ခုတစ်မျိုး ခဏနေတစ်မျိုး ...ပြောင်းနေတာပဲဟာ။ တခြားတစ်ယောက်ကို စိတ်ဝင်စားနိုင်တာ ...း ဖြစ်နိုင်တာပဲ"

"နေမျိုးကျော်ဇင်"

"ဗျာ"

"သမီးကို မင်း တကယ်မချစ်ရဲ့လား"

သူ မဖြေပါ။ ဖြေဖို့မလိုအပ်သောကြောင့်ပါပဲ။ အချစ်ဆိုတာနဲ့ ...န်စိတ်လှုပ်ရှားဖို့ထက် ဘဝရဲ့ပြဿနာတွေကို ဖြေရှင်းဖို့ကသာ ...ဦးစားပေးရမှာလေ။ ရည်းစားထားပြီး ချစ်သူနှင့် အချိန်ဖြုန်းပြီး ...နေတာက ဘဝမှမဟုတ်တာပဲ။ မိဘတွေက မြီးခြောက်ခွေတာပြီး

ပညာသင်ပေးခဲ့သည့်ကျေးဇူးကိုမှ သူ နားမလည်လျှင် ဒီလောက
လူစာရင်းမှာ သူ့အမည် ပါတော့မည်မဟုတ်ပါလေ။

"မေးတာ ဖြေလေ"

"ကျွန်တော်ချစ်ဖို့ထက် သူချစ်ဖို့ကသာအဓိက မဟုတ်လား ဖေဖေ"

"ဘာ"

"ခဏတာ စိတ်ကစားပြီး စိတ်အာသာပြေရုံ သဘောမျိုးနဲ့ သူ ကျွန်တော့်အပေါ်ထားနေတာပါ"

"မင်း! "

"ကြာတော့ ရိုးသွားတဲ့အခါ ချန်ခဲ့မှာပါပဲ ဖေဖေ။ ကျွန်တော့် ကိုယ်ကျွန်တော် မရှိသုံးပစ္စည်းလို့ပဲ မြင်နေတာကြာပြီ။ သူ့ခေါ်ရာ သွားဖို့ သူထားရာနေဖို့ ကျွန်တော်က အလှမွေးတိရစ္ဆာန်မှ မဟုတ်တာ"

"ကြည့်စမ်း! တွဲတာမှ တစ်နှစ်ကျော်ရုံရှိသေးတယ်။ စိတ် ပျက်တဲ့လေသံ ထွက်နေပါရောလား"

"ကိုယ့်ဝမ်းနာ ကိုယ်အသိဆုံးပါ ဖေဖေ။ အမြဲတစေ မျိုသိပ် ထားပြီး ပြောမထွက်တာတွေ အများကြီးပါပဲ။ ဒီထဲ သိမ်းထားသမျှ ပွင့်ထွက်မလာအောင် ထိန်းထားရတာ ပင်ပန်းလွန်းနေပြီ"

"တီတီ! "





ကားဝင်လာသံကြောင့် ဆရာဝန်ရောက်လာပြီမှန်း သိလိုက် ၏။ မေမေ့အတွက် အမျိုးသမီးဆရာဝန်သာ သီးသန့်ခေါ်ပြီးကုပေး ာမို့ family doctor 'အိမ့်ကြာဖြူ' နှင့် အကော်ရင်းနှီးနေလေပြီ။ သက် (၃၀) စွန်းရုံအရွယ်မို့ သူ့အစ်မကြီးအရွယ်ဆိုသည့် မမှားပါ ချေ။

"ကြွပါ ဒေါက်တာ"

"အေး Morning လို့ မနှုတ်ဆက်တာ ပိုကောင်းသားပဲ"

"ဘာဖြစ်လို့လဲ"

"လူနာတွေကြည့်ရတာဆက်နေလို့ မင်္ဂလာနံနက်ခင်းမှ ဟုတ်တော့တာ ငါ့မောင်ရဲ့။ အန်တီ့ကိုကြည့်ပြီးရင် ဟိုဘက်အိမ်က ေါက်စလေးကို သွားကြည့်ပေးရဦးမယ်"

"ဟောဗျာ! သော်က ဘာဖြစ်နေလို့လဲ"

"မိုးမိပြီးဖျားလို့ ကွေးနေလေရဲ့။ ကဲ အန်တီ့ကို အကြော ေးသွင်းမယ်။ လာ ကိုင်ထားပေးဦး။ မနက်က ဘာစားထားလဲ"

"နွားနို့နဲ့ ပေါင်မုန့်"

"အားရှိတာစားမှ မြန်မြန်ကျန်းမာမှာနော်။ ဟိုရှောင် ဒီရှောင် မစားချင်တာမျိုး မဖြစ်စေနဲ့။ နှလုံးရောဂါသမားဆိုတာ အစားပုံမှန် ား ကျန်းမာရေး ဒေါင်ဒေါင်မြည်ရင် အသက်ရှည်တယ်။ သွေးတိုး

ဆီးချို ဆက်မဖြစ်အောင်သာထိန်းပါ''

''မေမေက မစားလို့ခက်နေတာ''

''ရှင်လေးက လျှာအရသာတွေ့အောင် ချက်မကျွေးတာကိ

''ချက်မှမချက်တတ်တာဗျ။ ထမင်းချက် မြန်မြန်ရှာရဦး

မယ် ထင်ပါရဲ့''

''အဲဒါရှာမယ့်အစား မိန်းမယူလိုက်ပါလား ငါ့မောင်ရယ်

လွယ်လွယ်လေး''

''မထင်နဲ့ဒေါက်တာရေ၊ သားရှာထားတဲ့ မိန်းကလေး

ဘာမှ မချက်တတ် မပြုတ်တတ်နဲ့ ရွှေပေါ်မြတင် မင်းသမီး''

''ကောင်းရော''

မျက်နှာရွှမ်းနေပါသည့် မေမေပင် စကားပြောသံထွက်

ရယ်လေတော့၏။ သူ့အဖြစ်က ဤသို့ဤနှယ် လူရယ်စရာပါ

မေမေ သိပ်မကျန်းမာ၍ လာကြည့်ဖို့ စကားပင် မစရသေးခင် 'မေ

က 'မအားသေးပါ' အကြောင်းပြပြီး ရှောင်သွားတာ မဟုတ်လား

မေမေ့ကို reason ပြပြီး သူကလည်း သူမခေါ်တိုင်း မကြာခ

သွားမတွေ့ဖြစ်ပါ။ သူကိုတကယ်ချစ်ပါလျှင် သူ့မိသားစု (အထူးသဖြ

တရှောင်ရှောင်ဖြင့် မကျန်းမာတတ်သည့် လူမမာ မေမေ့ကိုလည်

ချစ်ပြရမှာပါလေ။ ခုတော့ဖြင့် –





''ကိုယ်အလုပ်သွားဦးမယ် သဇင်၊ ညနေ ဘာဝယ်လာခဲ့ရ

မလဲ''

''နေပါစေအစ်ကိုရယ်၊ သားနဲ့ပဲ လိုအင်ပေ မှာလိုက်ပါ့မယ်''

''အေး အေး''

ဖေဖေက နှုတ်ဆက်ပြီးနောက် အခန်းတံခါးပြန်စေ့ခဲ့ကာ

အောက်ထပ်သို့ ဆင်းသွားလေပြီ။ ဒေါက်တာက တစ်ချက်လှည့်ကြည့်

ရင်း ပခုံးတွန့်ပြလိုက်လေ၏။ မေမေ့ကျန်းမာရေးကြောင့် အခန်း

သီးသန့်ခွဲနေတာ ဘယ်နှနှစ်ခန့်ရှိနေပြီလဲ။ သူ သိထားသလောက်က

သုံးနှစ်ခန့်ရှိနေမည်သာ။

''အဲဒါကြောင့် ကျွန်မ အပျိုကြီးလုပ်တာ''

''ဘာဖြစ်လို့လဲ''

''ယောကျ်ားတွေလေ၊ ယောကျ်ားတွေ။ သူတို့ နေမကောင်း

ဖြစ်နေတော့ မိန်းမဖြစ်သူက ခြေဆုပ်လက်နယ်နဲ့ ဘေးကခွာလို့တောင်

မရဘူး။ မိန်းမဖြစ်သူ နေမကောင်းတာ နဖူးလေးလာစမ်းပြီး နေသာ

ရဲ့လား မေးပါတော့လား''

''ဩော် အစ်ကိုက အလုပ်များတယ်လေ ဒေါက်တာရယ်''

''ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ အဲဒါကြောင့် အန်တီတို့ပဲ

အိမ်ရှင်မဖြစ်နေတာ။ ကျွန်မတော့ အိမ်ရှင်မ မလုပ်ချင်ပေါင်။ မင်း

အလှည့်မှာ ဒီလိုမဖြစ်အောင် ကျပ်ကျပ်သတိထားပါ ကျော်ကျော်

"ဟောဗျာ! ကျွန်တော့်ဘက် လှည့်လာပြန်ပြီ"

"အားငှုံး ပုံမှန်ပဲမို့ စိတ်ချရပါပြီအန်တီ။ ရင်ထဲမဟော အခါတော့ ခြံထဲလမ်းဆင်းလျှောက်ပေးနော်"

"ဟုတ်ကဲ့ပါ"

"ဟိုဘက်အိမ်သွားရဦးမယ်"

"ဘေးပေါက်ကသွားရင် ပိုမြန်မယ် မမရဲ့"

"အေးပါ၊ မို့ဆီကော ရောက်သေးလား"

"ဟင့်အင်း။ ကျွန်တော်တို့ ဒီပြောင်းလာတာတောင် သူ မသိသေးဘူး။ သူလည်း ဆိုင်ဖွင့်တာနဲ့ မအားပါဘူးဗျာ"

"ဟုတ်ပ။ ငယ်သူငယ်ချင်းတွေ လုပ်ငန်းကိုယ်စီနဲ့ဆိုတော့ ဘယ်တွေ့ဖြစ်ပါတော့မလဲ။ သတိတော့ရသား"

ဝမ်းကွဲအစ်မ၏ ငယ်သူငယ်ချင်းမို့ မေမေ့ကိုပါ အိမ်အဝ လိုက်ကြည့်ပေးတာပါ။ ဒီရပ်ကွက်ထဲမှာ ဒီဆရာဝန်ကို ခေါ်ကုကြသည လူနာတွေက ရှိနေတာပါလား။ သိမ်းစရာရှိတာ ကူသိမ်းပေးပြီး ဆေး အိတ်ကို သူကိုင်ပေးပါ၏။ ဒေါက်တာက သူနောက်မှ ပါလာသဖြ ရှေ့မှဦးဆောင်၍ သွားလေပြီ။ ခြံဘေးရှိ တံခါးသို့ရောက်စဉ် အတွ ကလန့်ကို သူနှိုက်၍ ဖွင့်လိုက်ပါ၏။





"အိတ်ပေးတော့လေ"

"ကျွန်တော်လည်း လိုက်မှာပါ"

"ဟယ် အလုပ်သွားရမယ် မဟုတ်လား"

"ခဏပါပဲ မမရဲ့။ အလုပ်ကို ဒီရက်ဆို နောက်ကျမှ ရောက် ည်း ရပါတယ်။ မေမေ့ကို ဆေးကုတဲ့နေ့မို့ပါ"

"ဪ ဒါနဲ့ အန်တီပြောတာ အဟုတ်ပဲလား"

"ဘာကိုလဲ"

"သူဌေးသမီးနဲ့ကြိုက်နေတယ်ဆိုတာ"

"ဟုတ်တော့ ဟုတ်ပါတယ်"

"ရှာလည်းရှာတတ်ပါ့။ သူဌေးသမီးရမှတော့ ကိုယ်က အောက်ခြေသိမ်း အကုန်လုပ်ပေးနေရမှာပေါ့ ငါ့မောင်ရယ်"

"ဆောက်ဖြစ်မှ ကျောင်းဒကာပါ မမရာ"

"သော်တာ့လို မိန်းကလေးမျိုး မရှာတတ်ဘူးလား"

"ဗျာ!"

"သော်တာဆို အိမ်မှုကိစ္စလည်း လုပ်တတ်တယ်။ အပြင်မှာ ငွေထွက်ရှာတတ်တာလည်း မျက်မြင်ပဲဟာ။ ဘယ်လောက်တော်တဲ့ ကလေးလဲ။ မမတော့ တကယ်သဘောကျတာ ကျော်ကျော်ရဲ့"

ပြဿနာပါပဲ။ ဒီဘက်အိမ်ရှေ့ရောက်ကာမှ ဒီလိုစကားကို

ပြောရပါသလား။ အိမ်ထဲမှ ကြားသွားမှာစိုးပြီး ရင်ထိတ်သွား
အိမ်တံခါးလာဖွင့်ပေးသည်က 'အန်တီသက်' ဖြစ်နေလေ၏။ ဒီအိမ်
ရော သူ့အိမ်မှာပါ လူပိုခေါ်မထားတတ်တာမို့ အိမ်ရှင်မတွေချည်
နေ့စဉ်ကျုန်ရစ်နေခဲ့တာက စိတ်ပူစရာပါပဲ။

"သြော် သားပါလိုက်လာတာကိုး"

"ညီမလေး နေမကောင်းဘူးဆိုလို့ပါ အန်တီ"

"ဒီလိုပဲ အအေးမိပြီး ဖျားတာပါ သားရယ်။ သိတဲ့အတိုင်း
အိမ်ထဲကုပ်နေရရင် ဒင်းက မနေတတ်လို့ ဆေးထိုးရပြီလေ"

အိပ်ခန်းရှိ ခုတင်ထက်မှာ ဖြူဖျော့ဖျော့လေးဖြစ်နေပါသည်
ကောင်မလေးကဖြင့် သူ့ကို ရန်စကားမပြောနိုင်တော့ပါချေ။ သနား
စရာလေးပါလားနော်။

❊





## အခန်း (၉)

တစ်ကိုယ်လုံး နွမ်းနေတာမို့ ကိုယ်လက်တွေပါ ကိုက်နာ
ပြင့် တစ်နေကုန် အိပ်ပျော်ခဲ့တာ ကြာနေပါသည်။ ဆေးသောက်ချိန်
ာင်မှ မေမေက အတင်းနှိုး၍ ရေပတ်တိုက်ပေး၊ အဝတ်အစားလဲ
ပြီးမှ ဆန်ပြုတ်နွေးနွေးလေးသောက်ကာ ပြန်အိပ်ခဲ့တာပါ။ အခုမှ
နားယူရတာမို့ "ဝအောင်အိပ်" ဟုပင် ဖေဖေက ပြောခဲ့ပါသတဲ့။

အပြင်ဘက်မှ လေတိုက်သံတို့ကြောင့် အိပ်ပျော်နေရာမှ
နိုးသွားရပါ၏။ ချွေးတွေထပ်ပြီး ထွက်နေသဖြင့် ဖျားတာ
က်သာပြီမှန်း သိလိုက်ပါသည်။ ရေချိုးလိုက်ချင်ပေမယ့် မေမေဆူ
ိုး၍ ရေပတ်ထပ်တိုက်ရင်း အဝတ်အစားလဲကာ အပေါ်မှ လက်
ည်ပါးပါးလေး ထပ်ဝတ်လိုက်ပါ၏။

"သမီး"

"ရှင်"

"နိုးလာပြီလား၊ ဆင်းလာတာနဲ့ အတော်ပဲ ကိုယ်ပူကျ
လား"

လှေကားမှဆင်းလာစဉ် မေမေမြင်သွားလေ၏။ နဖူး
လက်ဖြင့် မစမ်းပါဘဲ ပါးဖြင့်ကပ်၍ ကိုယ်ပူကျတာကို စမ်းပေး
သည်။ ထမင်းစားချင်လိုက်တာ မပြောပါနှင့်။ ဗိုက်ထဲမှာဟာနေသ
လူကလည်း မောနေတာအမှန်ပါ။ ချဉ်ငန်စပ်ထမင်းသုပ်နှင့် အားရပါး
စားလိုက်လို့ကဖြင့် အရသာရှိလိုက်မယ့်ဖြစ်ခြင်း။

"ဆာတယ် မေမေ"

"အေးပါ၊ မေမေ ကြွေကာဖျော်ပေးပါ့မယ်၊ ပေါင်မုန့်လေး
စားပေါ့"

"ထမင်းမကျက်သေးဘူးလား"

"အလိုတော်၊ ထမင်းစားလို့ ဘယ်ဖြစ်ဦးမလဲ။ အခု အ
တွေက ကြီးကကြီးနဲ့။ ရက်တာရှည်တယ်တဲ့ သမီးရဲ့"

"ဗိုက်ထဲမှာ ဘာမှမရှိတာ မေမေရဲ့"

"ဒါဖြင့် ခေါက်ဆွဲပြုတ်ပေးရမလား"

"မသောက်ချင်ပါဘူး။ နေမကောင်းဖြစ်တဲ့အချိန်ဆို
ပြုတ်တွေ၊ ခေါက်ဆွဲပြုတ်တွေကို အနံ့မခံနိုင်လွန်းလို့ မုန်းစရာကြီး"

"ဪ ခက်တာပဲ။ ဒါဖြင့် ဘာစားချင်သလဲ"





"ထမင်း"

"ထမင်းမစားရဘူးဆိုမှ သမီးနော်"

"နည်းနည်းပဲ စားမယ်လေ မေမေရယ်"

"မရဘူး"

နှုတ်ခမ်းစူလိုက်မိပါ၏။ စိတ်မကောက်တတ်ပေမယ့် စိတ်က
ကယ်စားချင်တာကို ဘယ်လိုများထိန်းရပါ့မလဲ။ စားချင်၍ အောက်
ည်ကို ဆင်းလာကာမှ မေမေက တားရတယ်လို့။ အလုပ်မလုပ်ရလျှင်
သော် မနေတတ်တာကို သိပါရဲ့လား။ တစ်ကိုယ်လုံး ညောင်းညာ
ိုက်ခဲနေရတာကြောင့် စိတ်က ပိုဆိုးလာတာလေ။

"သော့ကို ဒါလေးတောင် အလိုမလိုက်ဘူး"

"အလိုလိုက်စရာမှ မရှိတာ။ မတည့်တာပူဆာရအောင်
ာလေးလည်းမဟုတ်ဘဲနဲ့"

"ဖေဖေ ပြန်လာရင်တိုင်ပြောမယ်"

"တိုင်ပေါ့ရှင်။ စားချင်တာမစားရအောင် မနေနိုင်ရင် မဖျား
ဆနဲ့ပေါ့"

"အဲဒါ ရဲကြောင့်ဖြစ်တာ"

"နေရင်းထိုင်ရင်း သူများကို အပြစ်ပုံနေပြန်ပါပြီ။ ကဲ!
ာလုပ်ပေးရမလဲ ပြော"

"ဘာမှမလုပ်နဲ့ မစားဘူး"

"အေး ပြီးတာပဲ"

မေမေက ညနေစာချက်နေဆဲမို့ မီးဖိုခန်းဘက်သို့ ပြန်ဝင်သွားလေတော့၏။ စိတ်တိုလိုက်တာနော်။ အိမ်ရှေ့အပေါက်ဝဘက် လျှောက်ခဲ့စဉ် နောက်ဖေးမှ 'လေစိမ်းအတိုက်မခံနဲ့' ဟု လှမ်းအော်၍ သတိပေးပြန်လေသည်။ ညနေစောင်းမို့ ခြံထဲဆင်းရန် ပြင်လိုက်သည့် ခြေလှမ်းကို ရပ်လိုက်ရတော့၏။ တိုက်ပေါက်ဝမှာ ငုပ်တုတ်လေးထိုင်လျက် မေမေ့ကို မျှော်နေမိသည်။ မနက်က J-donut butter cake ဝယ်လာပေးမည်ဟု ပြောသွားလို့ပါပဲ။

"သားပြန်လာတာ စောသားပဲ"

"တမင်စောပြန်ခဲ့တာပါ မေမေ။ အိမ်မှာ မေမေတစ်ယောက်တည်း ဖြစ်နေလို့ အစ်ကိုက ပေးပြန်တာပါ"

"လခတွေတော့ ဖြတ်တော့မှာပါပဲ"

"ရပါတယ် မေမေရယ်။ တစ်ရက်တလေပဲဟာ"

"ဘာတွေ ဝယ်လာတာလဲ"

"မေမေ အားရှိအောင်စားစေချင်လို့ ကြေးအိုး ဝယ်လာတာလေ"

"အများကြီးပဲ သားရယ်"





Taxi ဖြင့်ပြန်လာပါသည့် သူ့ကို မေမေက စောင့်ကြိုနေသ၏။ အိပ်ရာထဲမလဲတော့တာမို့ စိတ်အေးသွားရပါသည်။ ဟိုဘက်က ကောင်မလေးရော သက်သာပါရဲ့လား။ ဒီနေ့ဆို နှစ်ရက်ကျော်ပြီမို့ သက်သာကောင်းပါရဲ့။ နောက်ဖေးခန်းအထိ သယ်လာပါသည့် ကြေးအိုးအထုပ်ကို မေမေစားလျှင် နွှေး၍စားလို့ရရန် အိုးထဲသို့ ဖြည့်ထည့်ထားလိုက်ပါသည်။

"သမီးလေးကို တစ်ချိုင့်လောက်ပို့ပေးလိုက်ပါလားကွယ်"

"စားပါ့မလား မေမေရဲ့။ အန်တီသက်က အကုန်ချက်တတ်တာ"

"မေမေတို့ကိုရည်း ဘာဟင်းညာဟင်းချက်ပြီး ပို့နေတာလေ သားရယ်။ တစ်ခါတလေ ကိုယ်ကတစ်ပြန် ပေးရမှာပေါ့"

"အင်းလေ"

"ဒါဖြင့် မေမေ နွှေးထားပေးမယ်။ သား ရေချိုးတော့"

"ဟုတ်ကဲ့ပါ မေမေ"

အလို! 'သော်' က ခုထိ နေပြန်မကောင်းသေးဘူးတဲ့လား။ ...ယ်လိုဖြစ်ပြီး အဖျားက တာရှည်ရပါသလဲ။ အိပ်ရာထက် စောင်လေး ...း ပျော့ခွေလှဲနေသလို မျက်တောင်စင်းစင်းလေးဖြင့် အားမရှိသလို ...ပျော့နေတာ အဘယ်မျှ သနားစရာကောင်းလိုက်ပါသလဲ။ အပြင်

ပန်းတော့ ခပ်မာမာ ကောင်မလေးဟု မြင်ရပေမယ့် တကယ်တမ်း
ဖြင့် စိတ်က အတော်ပျော့နေတာပါ။ ဘာလဲ၊ ဟိုကောင်လေး
မကြည့်တာကြောင့်များ ပိုအားငယ်နေတာလား။

ရေကို ခပ်မြန်မြန်ချိုးလိုက်ပြီး အိမ်နေရင်း အဝတ်အစား
သာ ပေါ့ပေါ့ပါးပါး ဝတ်လိုက်ပါ၏။ ဗိုက်တကယ်ဆာနေတာက
ပေမယ့် 'သော်' အတွက် စိတ်ပူနေမိတာကြောင့် အရင်ပို့ပေးဖို့ကို
ရွေးချယ်လိုက်ပါသည်။ ခဏသွားပို့ပြီးပြန်လာမှ စားလည်းဖြစ်တာပါ

"ရပြီလား မေမေ"

"အေး သား၊ ဒီမှာ မေမေ ထည့်နေပြီ"

မေမေက steel တစ်လုံးချိုင့်ဖြင့် ထည့်ပေးနေပြီမို့ ခဏစော
လိုက်ပြီး ချိုင့်ယူကာ အိမ်ရှေ့မှ ထွက်လိုက်ပါ၏။ မှောင်ရီပျိုးတေ
မည်မို့ ဘေးတံခါးကိုဖွင့်၍ သူမတို့ခြံထဲသို့ ဝင်ခဲ့လေသည်။ အိမ်ရှေ
ဘက်သို့ ပတ်၍ ဆက်လျှောက်ခဲ့စဉ် တိုက်ရှေ့မှာ ငုပ်တုတ်လေး
ရင်း မျက်နှာရွှမ်းရွှမ်းလေးကို တွေ့လိုက်ရပါသည်။

"ဟောဗျာ၊ ဘယ်သူ့ကို မျှော်နေတာလဲ"

"ဖေဖေ့ကို"

"အန်ကယ်လည်း မပြန်လာသေးဘူးပေါ့လေ"

"အင်း"





"လေစိမ်းတွေတိုက်မှာပေါ့ ညီမလေးရယ်။ အိမ်ထဲမှာပဲ
စောင့်ပါလား။ အပြင်မှာအေးလာပြီ"

"ဟင်!"

"ညီမလေး" တဲ့။ ဘာသဘောနဲ့ ခေါ်လိုက်တာပါလဲ။ နား
လည်သည့် မျက်ဝန်းတို့ဖြင့် သူ့ကို မော့ကြည့်လိုက်မိ၏။ အလို!
တကယ့်ကို ကြင်နာရိပ်သမ်းနေပါသည့် ကြည်လဲ့လဲ့မျက်ဝန်းတို့ကြောင့်
အံ့ညြသွားရတာပါ။ လေအေးတွေတိုက်နေတာမှန်ပေမယ့် မေမေ့ကို
စိတ်ကောက်ပြီး တမင်ပေကပ်ထိုင်နေမိတာ ခြေထောက်တွေပင် ကျဉ်
နေလေပြီ။

"ထလေ၊ အိမ်ထဲဝင်ရအောင်။ ဒီမှာ မေမေ့အတွက်
ကြေးအိုးဇယ်လာတာ ညီမလေးများ သောက်ချင်မလားလို့ လာပို့တာ"

ရင်ထဲ သိမ့်ခနဲ နွေးသွားရတာပါ။ 'ရဲ' လည်း 'သော့်'အပေါ်
ဤသို့ ကြင်နာပါ၏။ သို့သော် ဒီလို ပျော့ပြောင်းငြင်သာသည့်လေသံမျိုး
ဖြင့် ပြောတာမဟုတ်ဘဲ အနိုင်ယူသည့် လေသံဖြင့်သာ အမြဲတစေ
ပြောတတ်တာပါ။ နင်နဲ့ငါဆိုပြီး ရင်းနှီးသည့် စကားလုံးတွေထဲမှာ
ကြင်နာစရာလိုပါသေးလား။ 'သော်' မသိပါချေ။

"ထလို့မရဘူး"

"ဘာဖြစ်လို့လဲ"

"ခြေထောက်ကျဉ်နေပြီ"

"ဒါဆို ကိုယ်တွဲထူပေးမယ်လေ။ ကြိုးစားပြီးထကြည့် လာ"

ညာဘက်လက်ကို ကမ်းပေးလိုက်သဖြင့် 'သော်' ပြုံးလိုက်မိပါသည်။ ဟိုတစ်လောက ရန်စကားပြောထားတာတောင် အမှတ်မထားသလိုပါပဲလား။ တကယ်ပဲ ညီမလေးလို သဘောထားပြီး အစ်ကိုလို ခွင့်လွှတ်တတ်ပေးတာပေါ့လေ။ သူ့လက်ကိုကိုင်၍ ထရပ်လိုက်စဉ် ယိုင်သွားသဖြင့် သူက 'သော့်' လက်မောင်းကို အမြန်ပြောင်းကိုင်၍ ထိန်းပေးလိုက်လေသည်။

"လက်တွေတောင် အေးနေပြီ"

"မေမေက သော်စားချင်တာမှ မကျွေးတာကိုး"

"ညီမလေးက ဘာများစားချင်လို့လဲ"

"ဟော! မပြောချင်ပါဘူး သားရယ်။ မတည့်တာကိုမှ တောင်းစားနေရတယ်လေ။ သားညီမက"

"ဘာများလဲအန်တီ"

"ထမင်းတဲ့လေ"

"ဟောဗျာ"

မေမေက နောက်ဖေးမှထွက်လာပြီးနောက် သူ့လက်ထဲမှ ချိုင့်ကို ယူလိုက်လေ၏။ မေမေ့နောက်မှ ခြေထောက်ကျဉ်နေတာကို





ိန်းလျှောက်ရင်း သူနှင့်တူ လိုက်ဝင်ခဲ့ပါသည်။ အမလေးနော်။ ့နေ့မှ မေမေကလည်း ချဉ်ပေါင်နှင့်မျှစ်ချဉ်ရည်ဟင်းကို နံ့နံ့ပင်အုပ်ပြီး ွေးနေအောင် ချက်ရတယ်လို့။ ဆာနေသည့်ဗိုက်ကို ဒုက္ခပေးပြန်လေ ြီး

"ညီမလေး စားဖို့ပါ အန်တီ။ ကြေးအိုးပါ"

"အားနာစရာသားရယ်။ သူ့ကို ဘာစားမလဲလို့ အန်တီမေး ါတယ်။ ဗိုက်ကောက်က ကြီးဖန်ကောက်ပြနေတာပါ"

"သော် စိတ်မကောက်တတ်ပါဘူးနော်"

"ပြောရင်တော့ ဒီအတိုင်းပဲ။ အခု စားမလား။ မေမေ တစ်ခါတည်း ပြင်ပေးမယ်"

"စားမယ်"

"အတော်ပဲ။ သားတို့ သားအမိတွေ ညနေစာစားရအောင် ်းကြော်နှပ်နဲ့ ချဉ်ရည်ဟင်း တစ်ခါတည်း ပြန်ထည့်ပေးလိုက်မယ်"

"မေမေပြောနေပါပြီ အန်တီသက်ရယ်"

"အိမ်နီးချင်းလေကွယ်။ ပြောစရာမှ မလိုတာ။ ရဲလည်း ီမှာကြိုရင် ဝင်စားသွားတာ သားရဲ့။ ခဏစောင့်နော်။ အန်တီချိုင့် ေးလိုက်ဦးမယ်"

"မေသက်ရေ!"

''ဟော! သေခဲဦးမယ်။ ပြောရင်းနဲ့ရောက်လာပါပြီ။ နောက်ဖေးမှာရှိတယ် သားရေ ဝင်လာခဲ့''

သူမ ကြေးအိုးစားနေတာမို့ ဘေးရှိခုံမှာပင် ဝင်ထိုင်၍ စောင့်နေလိုက်တာပါ။ အပြင်မှအော်ခေါ်၍ ဝင်လာသည့်ခြေသံကြောင့် လူက သတိအနေအထားဖြင့် ခပ်မတ်မတ် ထိုင်ဖြစ်သွားလေ၏။ 'မေသက်' တဲ့လား။ ဒီချာတိတ်က အန်တီ့ကို ဒီလိုချစ်စနိုးခေါ်ခွင့်တောင် ရှိတာပေါ့လေ။ ခြေသံတရှပ်ရှပ်နှင့်အတူ အသားဖြူဖြူသန့်သန့် ချာတိတ်က ရောက်လာလေ၏။

''သော် ဗျားနေ့၊ ဟင်!''

''ခုမှလာရလား''

''ဘာတွေစားနေတာလဲ''

''ကြေးအိုး''

''နင် bread စားမလားလို့ ငါယူလာပေးတယ်''

''Ok တာပေါ့။ နောက်ဆာမှပဲ စားပါမယ်''

ယောကျ်ားလေးနှစ်ဦး၏အကြည့် ဆုံသွားတာက ခပ်ကြာကြာပါ။ သူက ဘာမှမဖြစ်ပေမယ့် 'ရဲ'ကဖြင့် မျက်မှောင်ကြုတ်သွားလေ၏။ ဘာလဲ အိမ်ထဲမှာ သူစိမ်းရောက်နေလို့ဆိုပြီး အပြစ်တင်ချင်နေပြီလား။ သူငယ်ချင်းအရင်းကြီးက နောက်ကျမှ ရောက်လာပြီး သူစိမ်းကဖြင့်





အရင်လာပြီး ဂရုစိုက်ပေးနေတာလေ။

''သော့်သူငယ်ချင်းလေ၊ ရဲရင့်မြတ်သွေးတဲ့''

''ဩော်''

''ဟိုဘက်အိမ်က အစ်ကိုပါ''

''ကိုယ့်နာမည် နေမျိုးကျော်ဇင်ပါ''

''ရပြီသားရေ၊ အပေါ်အံပြားထဲမှာ ငါးကြော်နှပ်ထည့်ပေးထားတယ်နော်။ သားရဲ့မေမေ နေရတာ သက်သာရဲ့လား''

''ဟုတ်ကဲ့''

''အေးကွယ်၊ နှလုံးရောဂါသမားဆိုတာ တစ်နေ့ရှေ့ တစ်နေ့ ငွေ ကောင်းချင်ကောင်း ဆိုးချင်ဆိုးတာမျိုးကွယ့်''

''ဒီနေ့တော့ နေရတာလန်းပါတယ် အန်တီ။ ကျွန်တော် ပြန်ပါဦးမယ်၊ သွားမယ်နော် ညီမလေး''

''ဟုတ်!''

'ရဲ' က မကျေမနပ်ဖြင့် တရှူးရှူးဖြစ်သွားစဉ် သူက နှုတ်ဆက်၍ အိမ်ပြန်လေပြီ။ တိုက်ရှေ့မှာ ဖေဖေ့ကားပြန်လာရပ်ပြီမို့ ဖေဖေ့ကို တရိုတသေ နှုတ်ဆက်နေတာကိုပါ ကြားနေရပါသည်။ 'ရဲ' က 'သော့်' လက်ဖမိုးကို လက်ညှိုးဖြင့် ဖျတ်ခနဲ တောက်လိုက်လေ၏။ မကျေညက်ချက်ကို ပြပြီပေါ့လေ။

## အခန်း (၁၀)

ကားကို 'သော်' တို့ခြံထဲသို့ မောင်းဝင်လိုက်ပါ၏။ ခပ်စော စောမို့ ကုမ္ပဏီသွားမည့် 'အန်ကယ်မိုး' (ဦးမိုးမြင့်မိုရ်) ကားပင်မထွက် သေးပါ။ 'သော့်' ကားက ဝပ်ရှော့ပို့ထားတာမို့ နေပြန်ကောင်းလျှင် ကြိုပို့တာဝန်ယူချင်သဖြင့် အခုလို စောစောလေးရောက်လာတာပါ။

''ဩော် ကားသံကြားလို့ ဘယ်သူများလဲထင်တာ သားကို''

''သော်ရော မေသက်''

''အမလေး! မပြောချင်တော့ပါဘူး သားရယ်။ နေကောင်း တာနဲ့ အလုပ်ပြန်လုပ်နေတော့တာပါပဲ''

''ဟာ! သော်ကတော့လုပ်ပြန်ပြီ။ ဒါဖြင့်ဆိုင်ရောက်နေပြီပေါ့ လေ''





''အဲဒါတော့ မေသက် သေချာမသိဘူး ကလေးရဲ့။ မနက်က ...ားခေါ်တာ ရောက်တာနဲ့ ခြံထဲက သူ အဆင်သင့်ပြင်ထားတဲ့ ...န်းအိုးတွေ တင်ပြီး သွားပို့တာပဲလေ''

''ဟင်! ဘယ်အထိတောင် သွားတာတဲ့လဲ''

''ရွှေတောင်ကြားလမ်းလို့တော့ ပြောထားတာပဲ။ အဲဒါပဲ ...ဖြစ်မှာပေါ့''

''ရဲလား''

''ဟုတ်ပါတယ် အန်ကယ်မိုး''

''သမီးကိုဝင်ကြိုတာထင်တယ်။ မနက် (၆) နာရီမထိုးခင် ...လေးထွက်သွားတာ လမ်းပိတ်မှာကြောက်လို့တဲ့''

''ဟုတ်ကဲ့၊ ဒါဖြင့် ကျွန်တော်သွားပါဦးမယ် မေသက်နဲ့ ...န်ကယ်မိုး''

''အေးအေး''

''ကောင်းပြီ''

ကားပေါ်ပြန်တက်၍ နောက်ဆုတ်ကွေ့ကာ ပြန်ထွက်ခဲ့ရပါ ...။ စောစောစီးစီး စိတ်ပူပြီး ရင်ထဲမှာ အတော့်ကိုပူနေမိတာအမှန်ပါ။ ...တိုင်းသွားနေကျ ဖြစ်ပေမယ့် နေပြန်ကောင်းခါစမို့ ဂရုစိုက်ရမှာ ...ဟုတ်လား။ အခုတော့ အစောကြီးထွက်သွားသတဲ့။ ကားကို သူတို့

cafe ဆိုင်ဘက် ဦးတည်၍မောင်းရင်း phone ခလုတ်ကို နှိပ်လိုက် ပါသည်။

"လူကြီးမင်းခေါ်ဆိုသောတယ်လီဖုန်းမှာ ဆက်သွယ်မှုဧရိယာ ပြင်ပသို့ ရောက်နေပါသဖြင့်"

"ဟာ! တောက်! တစ်မြို့တည်း ဆက်နေတာကို ဘယ်က ပြင်ပရောက်ရမှာလဲ။ တဆိတ်ရှိ လူကြီးမင်းနဲ့ပဲ တိုးနေရတာ။ စိတ်ထို တယ် တကယ်ပဲ"

'သော်'အကြောင်း သူအသိဆုံးဖြစ်ပါလျက် သတိမမူမိတာ ပါလား။ အလုပ်ရှုပ်နေချိန် phone ကို မကိုင်တတ်တာ သူတို့ရဲ့အကျင့် ပါလေ။ ကိုယ့်အလုပ်ညှိတုန်းကဖြင့် 'သော်' အခက်အခဲဖြစ်နေတာ မသိခဲ့တာပါ။ အခု သူစိုးရိမ်စိတ်ဖြင့် ခေါ်သည်ကို 'သော်' က တမင်ဥပေက္ခာပြုလိုက်လေသလား။ "ဘေးအိမ်ကအစ်ကို" တဲ့။ ပြော ရိုးပြောစဉ်လေသံဖြင့် မိတ်ဆက်ပေးတာဖြစ်ပေမယ့် အခုလို အိမ် နောက်ဖေးခန်းထိ ဝင်ခွင့်ရသွားသည့်လူက သူနေရာကို ဝင်လုလိုက် သည့်နှယ် ခံစားရတာ ဘာကြောင့်ပါလိမ့်။

မင်း အတော်ရက်စက်တယ် 'သော်'။

"တောက်!"

"ဟော! စောစောစီးစီး ဘာတွေဒေါပွလာပြန်ပြီလဲ"





"ဘာမှမဟုတ်ဘူး"

"Breakfast စားလာလား"

"No!"

"ငါ တစ်ခုခုလုပ်ပေးရမလား ရဲရင့်"

"မလိုဘူး"

အဝတ်လဲခန်းမှာ အကြမ်းဝတ် ဝတ်စုံ ဝင်လဲလိုက်သလို ကြမ်းပြင်တိုက်တာကို သူကိုယ်တိုင် လုပ်လိုက်ပါ၏။ ခုံတွေက တည်းက ထောင့်မှာ စုစီထားတာမို့ Hall ခန်းကို သူစိတ်ကြိုက် ကြမ်းတိုက်တံဖြင့် တိုက်နေတာပါ။ ဝန်ထမ်းချာတိတ်တွေရောက်လာပြီး ကို မျက်လုံးပြူးကြည့်ကုန်ကြလေ၏။

"အစ်ကို အစ်ကို"

"ဘာလဲ"

"ကျွန်တော်တို့ လုပ်ပါ့မယ်"

"မလိုဘူး။ တခြားလုပ်စရာတွေရှိတာ လုပ်ပါလား။ ဘယ်လို ပြီး ငါလုပ်နေတာကို လာလုရတာလဲ"

"ဖိုးကျော်နဲ့ကိုဖြိုး"

"ဗျာ"

"သူကိုသွားမရှုပ်နဲ့။ တစ်ယောက် ခွက်တွေပြန်ဆေး။ တစ်

ယောက်က နံရံမှန်ချပ်တွေ ပြောင်လက်နေအောင်တိုက်''

''ဟုတ်!''

'သီဟ'က ချာတိတ်တွေကို အလုပ်ခွဲဝေလုပ်ခိုင်းလိုက်ပေ၏။ ဆိုင်အရင်ဖွင့်သည့်လူက အလုပ်စတင်နေရသလို စီမံခန့်ခွဲထား ရတာပါ။ ဒီရက် ဈေးဝယ်စရာရှိပေမယ့် အပြင်ထွက်ဖို့တာဝန် သူလုပ်ရမှာမို့ သူငယ်ချင်းနှစ်ယောက် မျက်စပစ်ရင်း မပြောရဲကြ ဒီမနက် ဆင်ကြီးမှန်ယိုနေပြီဟု တိုးသဲ့သဲ့ အတင်းပြောသံကိုလည်း ကြားနေရလေသည်။

''ငါပဲသွားလိုက်ပါ့မယ်၊ ပေး list နဲ့ money''

''အေး ရော့''

''ရဲရင့် ဘာမှာစရာရှိသေးလဲ''

သူ ဘာမှပြန်မပြောဘဲ အလုပ်ကိုသာ အာရုံစိုက်နေသည်။ 'သိန်းဇော်'က ဘေးပေါက်တံခါးဖွင့်၍ ဈေးဝယ်ရန် ထွက်သွားလေ၏။ သူက လုပ်လက်စအလုပ်ကို လက်စသပ်၍ ပြီးအောင်လုပ်သလို ခုံတွေ ပြန်နေရာစီချတာတွေရော၊ စားပွဲခင်းတွေထားတာတွေကိုပါ စိတ်ရှည် စွာဖြင့် တစ်ခုံချင်း ဆက်လုပ်နေပါ၏။ ဒီတစ်ခါတော့ ချာတိတ်တွေ လာမရှုပ်ရဲတော့ပါ။

စားပွဲတစ်လုံးစီမှာ Menu card ထောင်တာ Tissue Bo





...တာတို့ကိုပါ သူ ဆက်လုပ်လိုက်ပါသည်။ သူ ကြားထိုးတံဘူးကို ...eakfast စားချိန် ထားပေးရတာမို့ လင်ပန်းဖြင့် စီထည့်လာပြီး ...ခုံမှာ နေရာတကျ လိုက်ထားလိုက်၏။ ဒီမနက် Today morning ...ecial board ကို မရေးရသေးသဖြင့် သူ့ကိုပြောဖို့ တစ်ယောက် ...က်နှာတစ်ယောက် ကြည့်လျက် သူပြော မင်းပြောဟု အရိပ်အကဲ ...နေကြတာပါ။

Board မှာ စာရေးလျှင် သူရေးတာက ပြည့်စုံပြီး လက်ရေး ...ည်း လှပသေသပ်တာကို။ ဒီမနက် စိတ်တိုပြီး အလုပ်တွေ သိမ်း ...ကြီးလျှောက်လုပ်နေပါသည့် သူ့ကို 'သီဟ' တစ်ယောက်သာ စကား ...ပြောရဲတာပါ။ 'မြင့်ကျော်'က ဒီမနက် နောက်ကျမည်ဟု ကြိုပြောထား ...၏။

''ရဲရင့်''

''ဘာလဲ''

''ငါရေးရမှာလား''

''ဘာကိုလဲ''

''Morning breakfast ကို''

''ငါရေးမယ်၊ ဘာတဲ့လဲ''

''ဒီမှာ''

အဆင်သင့်ကြော်ထားပြီးပြီဖြစ်သည့် ထမင်းကြော်ကို ပန်းကန်ပြားပက်ပက်ဖြင့် ပြင်ထားပေးလေ၏။ သူက ဇွန်းခက်ရင်း တပ်ပေးထားပါသည့် ထမင်းပန်းကန်ကို ကိုင်လျက် ဆော့လ်ပင်ယူ၍ ဆိုင်ရှေ့သို့ထွက်ခဲ့ပါသည်။ White board ကို သန့်ရှင်းထားပြီးသား ဒီမနက် ရောင်းချမည့် အစားအစာကို သေချာရေးနေမိလေ၏။

"မွှေးလိုက်တာ၊ အဲဒါစားရမှာလား"

"အာ Morning ပါ"

"Morning! ယူက လက်ရေးလှသားပဲ။ Special ထမင်းကြော်တဲ့လား။ မိုက်တယ်၊ good ပဲ"

"ဆိုင်ထဲဝင်လေ၊ မှာလို့ရနေပါပြီ"

"ယူ့ပန်းကန်ထဲက နည်းနည်းကျွေးလို့မရဘူးလား။ အမြည်းသဘောလေ"

"ဒါက ကျွန်တော်စားဖို့ မဟုတ်ပါဘူး။ ဒီနေ့မနက် ရောင်းမယ့် sample ပါ"

"တစ်ဇွန်းလောက် ခွံ့ကျွေးလေ"

ဟော်! ဒီလောက်ကြီးလည်း မရင်းနှီးပါဘဲ တရင်းတနှီးဟန်ဖြင့် (လက်နောက်ပစ်ကိုယ်ကိုင်းလျက်) ပြောနေပါသည့် ကောင်မလေးကြောင့် သူ ပြုံးမိသွားရတာပါ။ ဆိုင်ကိုလာနေကျ customer ကို





မှတ်မိပေမယ့် နာမည်မှတ်တာက မကြာခဏ မေ့သွားတာ သူ့အကျင့်ပါပဲ။

"ဆိုင်ထဲမှာ"

"No! No! တို့က ယူ့ပန်းကန်ထဲက တစ်ဇွန်းအရင်မြည်းကြည့်ချင်တာ။ ကြိုက်မှ မှာစားမယ်လေ၊ Ok လား"

"အင်း Ok ပါတယ်"

တော်ပါသေးရဲ့။ စောစောက စားပွဲမခင်းမီ သန့်ရှင်းရေးလုပ်ပြီးသည်နှင့် လက်ကို cleaning လုပ်ပြီးထားလို့ လက်က သန့်နေတာပါ။ တကယ်စားချင်နေပုံပြနေတာမို့ သူက အသီးအရွက်ဖြင့် ရောကြော် ထားပါသည့် ထမင်းကြော်ကို တစ်ဇွန်းခပ်၍ သူမကို ခွံ့ကျွေးလိုက်မိ လေ၏။

"အင်း! good! I like it. ဒါပဲမှာစားရမှာပေါ့လေ"

"ဆိုင်ထဲကြွပါ ခင်ဗျာ"

"တို့နာမည် မေ့နေပြီလား"

"အဲဒါက"

"အင်းပေါ့လေ၊ customer တွေထဲ ရောကောသောကောမို့ ဘယ်မှတ်ထားနိုင်ပါ့မလဲ။ တို့က ယူ့ရဲ့ special မှ မဟုတ်တာ"

"ဟာ! အဲဒီလိုလည်း မဟုတ်ပါဘူး"

"တကယ် မေ့နေတာလားဟင်"

"မမေ့ပါဘူး"

"ဒါဆို ဘာလဲပြော"

သူက သူမထိုင်နေကျ စားပွဲနေရာကိုသာ ခေါ်လာပေးရင်း နှုတ်ဆိတ်နေမိတာပါ။ စိတ်မကြည်သည့်လူကို မျက်လုံးတွေ၊ နှုတ်ခမ်းတွေဖြင့်ပါ အရိပ်အယောင်ပြပြီး ပြုံးစေတာ မဟုတ်လား။ အထူးအဆန်း အမည်ပို့ မှတ်ထားတာပါ 'တေးပန်းချီ'။ အများထဲမှာ ထင်းပြီး ပေါ်လွင်နေပါသည့် အလှပိုင်ရှင်ဖို့ မှတ်မှတ်ရရ ရှိနေခဲ့တာ အမှန်ပါပဲ။

"တေးပန်းချီလေ"

"တော်တယ်၊ ယူမှတ်မိသားပဲ"

"လှတာကိုး"

"လူလား နာမည်လား"

"နှစ်ခုစလုံးကိုပြောတာပါ"

"မဆိုးဘူး။ ယူက အလှတရားကို မြင်သိ ချီးမွမ်းတတ်သားပဲ။ ယူ့ကောင်မလေးနဲ့ တို့က ဘယ်သူပိုချောလဲ"

"ဟင်"

သူ အံ့ဩသွားရလေ။ သူ့ကောင်မလေးတဲ့လား။ ဘုရားရေ့ ဟုတ်သားပဲ။ ဟိုတစ်နေ့ညဦးပိုင်းမှာ သူ၏ 'သော်' ကို အမှတ်မထင်ဘဲ





...သွားတာလေ။ မိုးရေတွေ ရွှဲရွှဲစိုပြီး ရောက်ချလာပါသည့် 'သော် ...မြင့်မိုရ်' က အဲဒီညမှာပဲ အပြင်းဖျားပြီး နှစ်ရက်လောက် အိမ်မှာ ...ခဲ့ရတာ မဟုတ်ပါလား။

"မဟုတ်ဘူးလို့တော့ ညာမယ်မကြံနဲ့နော်။ အဲဒီတစ်ယောက် ...ပေါ် ကြင်နာပြလိုက်တဲ့ ယူ့ပုံစံကို ခုထိ မြင်နေတုန်းပဲ"

"အဲဒါ ကျွန်တော့်ကောင်မလေး မဟုတ်ပါဘူး။ သူငယ်ချင်း

မျက်စောင်းလှလှလေး ရောက်လာလေ၏။ ချောလှတဲ့သူ ...မှဲ့ပြ မျက်စောင်းထိုးပြတာတောင်မှ အလှပျက်မသွားတာလေ။ ...ရောက်လာပါသည့် 'ကိုဖြိုး' ကို လက်ထဲ ပန်းကန်ပေးလိုက် ...သမင်းကြော်တစ်ပွဲ မှာလိုက်ပါ၏။ အရသာရှိအောင် ကြော်ထား ...မို့ တွဲစားစရာ အရန်ကို (ကြက်သွန်နီကွင်း၊ ဂရုတ်သီးစိမ်းပါးပါး ... ရှာလကာရည်ဆမ်းထားပါသည့်) အချဉ်ပန်းကန်နှင့် တွဲချပေး ...ပါ။

"မယုံဘူး"

"ဩော် ... တကယ်ပါ။ ငယ်သူငယ်ချင်း"

"သူငယ်ချင်းဆိုတာနဲ့ အဲဒီကြင်နာယုယမှုတွေ ပြတတ်လို့ ...။ တို့ပတ်ဝန်းကျင်မှာ အဲဒါမျိုးမရှိပေါင်"

"ခက်တာပဲ"

သူ အကြပ်ရိုက်သွားပုံကို ကြည့်ရင်း သူမ တီးတိုးရယ်လိုက်လေ၏။ ထမင်းကြော်နှင့် အလိုက်ဖက်ဆုံးက ရေနွေးပူပူမို့ လက်ဖက်ခြောက်နှပ်ထားပါသည့် ရေနွေးခွက်ကို သူယူလာပေးရှာပါ။ အခုတော့ သူမ စကားပြောနေသဖြင့် ထွက်သွားရအခက်ပါပဲ။

"Coffee သောက်မလား။ ရေနွေးပဲသောက်ချင်လား"

"စကားဖြတ်တာလည်း ပရိယာယ်မကြွယ်လိုက်တာ၊ ရေနွေးပဲ ပေးပါရှင်"

"Ok! ခဏစောင့်ပေးပါ"

သူက ကောင်တာတွေရှိရာဆီသို့ ဆက်လျှောက်ခဲ့ပြီး သူမှာထားပါသည့် ထမင်းကြော်ကို ပန်းကန်ပြားထဲ ထည့်စေပြီး လင်ဗန်းထဲမှာ အချဉ်ပန်းကန်၊ ရေနွေးခွက်ထည့်ကာ တစ်ခါတည်း ယူလာပါ၏။ သူမ စားပွဲထက်မှာ နေရာတကျပြင်ပေး၍ လင်ဗန်းလွတ်ကြီး သူလှည့်ထွက်စဉ် အနားသို့ရောက်လာသည့် 'ဖိုးကျော်' က သူ့ထံ အထုပ်တစ်ထုပ် လှမ်းပေးလိုက်လေသည်။

"ဒါကဘာလဲ"

"မသော် ပေးသွားတာ"

"ဘာ"





ကြည့်စမ်း! ကြီးဖန်တိုက်ဆိုင်ပြန်ပြီလား။ ဆိုင်ရှေ့သို့ အမြန်လျှောက်ရင်း လှမ်းကြည့်လိုက်ပေမယ့် အရိပ်အယောင်ပင် မမြင်လိုက်ရပါချေ။ Plastic လှလှလေးဖြင့် ထုတ်ထားပါသည့် အိတ်ထဲသို့ဖွင့်ကြည့်စဉ် 'သော်'ကို ချိုပေးခဲ့သည့် သူ၏ဂျာကင်က ပရုတ်လုံးနံ့မွှေးကြိုင်လျက် သေသပ်စွာခေါက်ထားသည့်ပုံစံမျိုးဖြင့် ရှိနေလေသည်။ လွဲပြန်ပြီလား 'သော်'။

❊

## အခန်း (၁၁)

"ချွင်!"

မှန်တံခါးပွင့်သွားတာကြောင့် ဆိုင်ရှေ့သို့ သူ ကြည့်လိုက်မိပါ၏။ ရင်တွင်းမှ ဒိန်းခနဲဆောင့်မြည်သံနှင့်အတူ မင်သက်သွားရလေသည်။ အလို! တိုက်တိုက်ဆိုင်ဆိုင် ဒီအချိန်ကြီး ဒီလူက သူတို့ဆိုင်ကို ဘာကိစ္စနှင့် ရောက်လာရပါသလဲ။ Customer ကို သူ ကြောင်ကြည့်နေသဖြင့် 'ဖိုးကျော်' ကပင် အလိုက်တသိ နှုတ်ဆက်လိုက်လေ၏။

"မင်္ဂလာပါ ခင်ဗျာ"

"တေး ဒီမှာ, ကျော်"

သူမက လက်ထောင်လျက် ထိုလူကို လှမ်းခေါ်လိုက်လေ၏။ ဘာလဲ ဒီလူက ဒီလို မိန်းကလေးတွေ ကျမ်းကြေအောင် ပေါင်းတတ်





တာပဲလား။ သူမနှင့် ထူးဆန်းစွာ ပတ်သက်နေပါလျှင် သူ၏ 'သော်' ကိုတော့ မထိစေချင်ပါ။ 'သော်တာမြင့်မိုရ်' ဆိုတာ ပကတိအဖြူရောင် သန့်သန့်လေးနှင့် စံပယ်ပွင့်လေး မဟုတ်ပါလား။

"အန့်တီသက်သာရဲ့လား ကျော်"

"အင်း"

"မာမီလည်းပြောပါတယ်၊ တေးလည်း တကယ်မအားတာမို့လောဖြစ်တာပါ။ ကျော်တို့အိမ်အသစ်ကို လာကြည့်ရဦးမှာ"

ကြည့်စမ်း! မေမေ နေမကောင်းတာကိုတော့ လာမကြည့်ပါဘဲ အိမ်အသစ်ကိုတော့ ကြည့်ချင်တာတဲ့လား။ မင်း ဘယ်လို မိန်းကလေးပါလဲ 'တေးပန်းချီ'။ ကိုယ်ချစ်တဲ့သူ့ရဲ့အမေ၊ ကိုယ့်ယောက္ခမလောင်းကိုတော့ ဂရုမစိုက်ချင်ပါဘဲ သက်မဲ့ပစ္စည်းတွေကိုဖြင့် အလေးထားသတဲ့လား။ ဘေးအိမ်ရှိ ချာတိတ်မလေးကဖြင့် မနက်၊ နေ့လယ်၊ ညနေတိုင်း မေမေ့ကို (ခြံထဲမှာရှိနေတာကို စောင့်ကြည့်ပြီး) သာကြောင်း မာကြောင်း အလေးထား မေးတတ်တာလေ။ မိန်းကလေးချင်းဦးက ကွာခြားပါရောလား။

"ဒီမှာတော့ စားဖို့ အချိန်ပေးနိုင်တယ်ပေါ့လေ"

အကြည့်က စူးခနဲရောက်လာလေ၏။ ရန်စကားပြောမိလေပြီလား။ ဖေဖေ သတိပေးထားပါသည့်ကြားထဲမှ ပြဿနာထပ်ဖြစ်လာ

လျှင် သူပဲ ခေါင်းကျိန်းရမှာပါ။ မီးကို စပျိုးမိသည့်လူက သူ မဖြစ်ပါ စေနှင့်လား။ အနားရောက်လာပါသည့် waiter ကြောင့် စကားပြော တာကို ခဏမျှ ရပ်ထားလိုက်ရလေသည်။

"ဘာများသုံးဆောင်မှာပါလဲ ခင်ဗျာ"

"ကိုယ့်ကို ပေါ့ဆိမ့် Tea တစ်ခွက်ပဲ ပေးပါ"

"ဟုတ်ကဲ့"

'ဖိုးကျော်' က customer မှာတာကို ကောင်တာရှိရာဆီသို့ သွားမှာပေးလေ၏။ သူကဖြင့် မလုပ်းမကမ်းနေရာမှာ ရပ်ရင်း သူမတို့ စုံတွဲအခြေအနေကို အကဲခတ်နေမိတာပါ။ "ပေါ့ဆိမ့် Tea" ဟု မှာလိုက်သည်က သူ့ရင်ကို အဘယ်မျှ မွန်းကြပ်သွားစေပါသလဲ။ တောက်! မှာတာတောင်မှ 'သော်' နှင့် အကြိုက်တူနေရတယ်လို့။

"အားလို့အပြင်ထွက်ပြီး စားနေတာမှ မဟုတ်ဘဲ, ကျော်။ ကုမ္ပဏီသွားရင်း လမ်းကြုံလို့ ဝင်ထိုင်ဖြစ်တာပါ။ ဒီဆိုင်လေးက သန့်ပြီး စားသောက်ရတာ အရသာတွေ့လို့ သဘောကျတယ်"

"သဘောကျတယ်" တဲ့။ လာပြန်ပြီလား ဒီစကားလုံး။ သူတုန်းကလည်း လူကြီးတွေရှေ့မှာ ဤသို့ သုံးနှုန်းခဲ့လို့ ဒီအခြေအနေ ထိ ရောက်လာရတာလေ။ ဘာကို ဘယ်လိုသဘောကျတာမျိုးပါလိမ့်။ နှလုံးသားတစ်ခုလုံး ဆတ်ဆတ်တုန်လာအောင် ချစ်တာမျိုး မဟုတ်ဘဲ





ခွေးလေး ကြောင်လေးတွေကို ချစ်စနိုးနဲ့ သဘောကျတာမျိုးလားဟု ကိုယ့်ကိုယ်ကိုယ် ထင်မိလေ၏။

အလုပ်များသည်ဟု Reason ပေးနေသမယ့် ကုမ္ပဏီမှာ ဘာကိုမှ မယ်မယ်ရရ လုပ်နေတာမှ မဟုတ်တာလေ။ ဒက်ဒီ့လုပ်ငန်း ကို နားလည်ထားမှ ဖြစ်မည်ဟု အကြောင်းပြပြီး ကုမ္ပဏီကို အပျော် တက်နေသည့် သင်တန်းနှယ် သွားချင်တဲ့အချိန်မှသွား ပြန်ချင်တဲ့အချိန် တော့ပြန်လေ့ရှိတာကို သူ မသိဘူးဟု ထင်နေမည်ထင်ပါရဲ့။ 'တေး ပန်းချီ' ဆိုတာ အင်မတန် မူယာမာယာများလွန်းသည့် မိန်းကလေးပါ လေ။

"အဲဒါက ဘာလဲ၊ ရောက်တာမှ ငါးမိနစ်ကျော်ရုံရှိသေး တယ်။ နာရီက ကြည့်နေပြီ၊ အဲဒါတွေကြောင့် ကျော့်ကို မကြိုက်တာ"

"အလုပ်ချိန် နောက်ကျမှာစိုးလို့ပါ"

"ဒါဆိုလည်းထွက်ပြီး တေးတို့ကုမ္ပဏီမှာလုပ်ပါလို့ ကျော့်ကို ပြောထားသားပဲ"

"အဝ်မှ မအဝ်စဝ်ပဲ တေးရဲ့"

"ဘယ်လို"

"ကိုယ်လုပ်နေတဲ့အလုပ်နဲ့ တေးတို့ကုမ္ပဏီလုပ်ငန်းက တူမှ တော့တာ။ ကိုယ်မကျွမ်းကျင်တဲ့အလုပ်ကို မျက်ကန်းလိုလျှောက်မလုပ်

ချင်ပါဘူး။ ပလာယာတွေ၊ fuse တွေ၊ cutter တွေ၊ wire တွေ pipe တွေကလွဲပြီး ကိုယ်က ဘာမှ နားမလည်တာ''

သူမ မျက်နှာလေး ရှုံ့သွားပါ၏။ ပြောစကားက နားဝင် ကန့်လန့်ကြီးဝင်လာသည့်နှယ်ပါ။ သူလုပ်နေပါသည့် သက်မဲ့ပစ္စည်း တွေလောက်တောင် 'တေး' ကို စိတ်မဝင်စားဘူးတဲ့လား။ တကယ် နှစ်ယောက်သား နေ့စဉ် အချိန်ပြည့်နီးပါး အတူရှိနေဖို့ စီစဉ်ပေးသည် လမ်းကို အလိုက်သင့်လေး လျှောက်လိုက်ရုံပါ။ ဘာများခက်ခဲလို့ 'ကျော်' ရယ်။

"ဘယ်သူက အစကတည်းက တတ်နေလို့လဲ။ တေးလည်း ဒီလိုပဲ သင်လာတာပဲကို''

"ဘယ်နေရာမှာမဆို သင့်လျော်မှုရှိမှတဲ့ တေးရဲ့။ အစ ကရင်တောင် ကတတ်မှ ကြည့်ကောင်းတာကို တေးလည်းသိမှာပါ"

"ကျော်က စကားတတ်တာနဲ့ တေးကို အဲဒီလိုမပြောပါနဲ့ တေးမှ ပြိုင်မပြောတတ်တာ''

"စကားနိုင်လုနေတာမှ မဟုတ်ဘဲ တေးရယ်။ ကိုယ်က လက်တွေ့သမားမို့ လက်တွေ့ကျကျပဲ ပြောတတ်တာပါ။ ကိုယ်ထိုင် နေတာ (၁၀) မိနစ်ကျော်နေပြီ''

မျက်နှာမဲ့သွားပြန်လေ၏။ သိပ်မကျန်တော့သည့် ထမင်းကို





ကုန်အောင်လည်း မစားနိုင်ပါဘဲ ဟိုဒီမွှေပြီး အချိန်ဆွဲနေရတာလေ။ သူမအဖေကုမ္ပဏီကို အချိန်မီမရောက်လည်း ကိစ္စမရှိပါ။ သူက သူ့ အလုပ်ကို အချိန်မီမရောက်လျှင် ပြဿနာကြီးမှာပေါ့။ မေမေ့အတွက် နှင့် အလုပ်နားရတာ၊ အလုပ်ချိန်တွေ လျော့နေတာ အဘယ်မျှ များနေပြီလဲ။

"တေးနဲ့တွေ့ဖို့က အချိန် အဲဒီလောက်ရှားပါးနေလား''

"အလုပ်ချိန်နည်းနေတာကြာပြီ၊ ဒီထက် အခွင့်အရေး ပိုယူ လို့ ဘယ်ကောင်းပါ့မလဲ။ ကိုယ်က ကိုယ်လုပ်တဲ့အလုပ်ကို တန်ဘိုး ထားတယ်''

"ဒါဖြင့် တေးကိုရော''

"အာ မဆိုင်တာမေးပြန်ပြီ''

"တေးကိုတော့ တန်ဘိုးမထားဘူး။ အလေးအနက်မထားချင် ဘူးဆိုတဲ့ သဘောမျိုးပဲ မဟုတ်လား။ ကျော်က အတော်ဆိုးတာပဲ''

ရော်! ရှာကြံစိတ်ကောက်ပြန်လေပြီ။ အသက်အရွယ်လေးနှစ် ကျော်ကွာရုံဖြင့် အတွေးအခေါ်က ဤမျှ ကွာခြားတတ်ပါသလား။ သူဖတ်ဖူးသည့် စာအုပ်ထဲမှ စာသားကို သွားသတိရမိလေသည်။ ကြွက်ကို ဒိန်ခဲချမကျွေးမိစေနှင့်။ ကျွေးမိပါက နို့တစ်ခွက်ပါ ထပ် တောင်းလိမ့်မည်'' တဲ့လေ။ အခုလည်း သူအလိုလိုက်ခဲ့ပါသည့် 'တေး

ပန်းချီ' က ထပ်ခါထပ်ခါ ပိုပိုပြီး ရဲတင်းလာတော့တာမဟုတ်ပါလား။ 'တေးပန်းချီ' ကို ကြွက်ဖြင့် နှိုင်းမိချေပြီ။

"စိတ်မကောက်နဲ့လေ"

"ပြေအောင် ချော့ရမှာ ကျော့်တာဝန်ပဲဟာ"

"ကိုယ်က တေးလို အချိန်တွေ မပေါ်များဘူး။ လခစား ဝန်ထမ်းဘဝကို တေးနားလည်မှာမဟုတ်ပါဘူး"

"အဲဒါကြောင့် ထွက်ပါလို့ပြောနေတာပေါ့"

"တော်ပြီ၊ ဒီစကား ဒီမှာပဲရပ်သင့်ပြီ။ မဟုတ်ရင် ဂျာအေး သူ့အမေရိုက်သလို ဖြစ်နေပြီ"

"တေး, မကျေနပ်ပါဘူး"

မကျေနပ်ကြောင်း နှုတ်ကဖွင့်ပြောပေမယ့် သူ မဖြူ Tea တစ်ခွက်ကို မြန်မြန်ကုန်အောင်ပင် လေမှုတ်ပြီးသောက်နေတာလေ။ ချစ်သူနှစ်ဦး မျက်နှာချင်းဆိုင် တွေ့ရချိန်က မိနစ်ပိုင်းကာလတဲ့လား။ တခြားစုံတွဲတွေကြားလျှင်ဖြင့် လှောင်ရယ်ကြတော့မှာပါ။ 'တေး' က 'ကျော့်' အတွက် ဘာဆိုဘာမှ မဟုတ်ဘူးလားကွယ်။

"စားလို့ပြီးရင် သွားမယ်လေ"

"ကျော်!"

"Bill ကို ကိုယ်ပဲရှင်းလိုက်ပါ့မယ်၊ waiter please!"





"လာပါပြီ အစ်ကို"

"Bill ရှင်းမလို့ပါ"

"ဒီမှာပါ ခင်ဗျာ"

လင်ဗန်းလေးထဲ တစ်ခါတည်း Bill Voucher ထည့်ယူလာပေးတာမို့ အတော်ပင် ဖြစ်သွားပါ၏။ သူက စာရွက်ကို တစ်ချက်ကြည့်လိုက်ပြီး ကျသင့်ငွေကို ရှင်းပေးလိုက်ပါသည်။ သူ ထရပ်လိုက်ပေမယ့် ရွှေချောကဖြင့် ဆက်ထိုင်နေတုန်းပါလေ။

"သွားကြမယ်လေ၊ ထတော့"

"မထဘူး!"

"ဟာ! သူများဆိုင်ထဲမှာ ဒီလိုလုပ်စရာလား။ လူတွေရှိတာ သိရဲ့သားနဲ့ တေးရာ"

"ကျော်မှ တေးအပေါ် မကောင်းတာ"

"ကျစ်! ပြဿနာပဲ၊ ကိုယ် အချိန်မရှိဘူးလို့ ပြောပြီးပြီလေ"

"မသိဘူး။ အဲဒါတွေ ဘာမှ မသိချင်ဘူး။ ဘာမှ လာမပြောနဲ့"

စူးခနဲအသံကြောင့် ဘေးဘီစားပွဲတွေရှိ လူတွေထံမှ အကြည့်တွေက သူနှင့် 'တေး' ထံ စုပြုံရောက်လာလေတော့၏။ သူစိမ်းတွေရဲ့ အကြည့်၊ သူစိမ်းတွေရောင်းသည့် ဆိုင်ထဲမှာ သူ့ကို အရှက်ရစေဦးမှာ

လား။ လူတွေအမြင်မှာ မိန်းကလေးကို အနိုင်ကျင့်ဗိုလ်ကျသည့် လူဟုပင် သူ့ကိုမကောင်းမြင်ကြတော့မှာလေ။ သူ့ဘက်က အလျှော့ပေးနေပါလျက် သူမဘက်က အချိုးမှ မပြင်တာကို ဘာဆက်လုပ်ရမှာပါလိမ့်။

"တေးပြောစရာရှိရင် phone ဆက်လိုက်ပါ။ Phone နဲ့ပဲ ပြောမယ်"

"မဆက်ဘူး၊ မဆက်ဘဲနဲ့ နေနိုင်တယ် သိရဲ့လား"

"ကိုယ်နောက်ကျနေပြီ၊ လိုက်မှာလား မလိုက်ဘူးလား ပြော"

"မလိုက်ဘူး"

"ပြီးတာပဲ"

"ကျော်!"

ဆတ်ခနဲ ထထွက်သွားပါသည့် သူ့ကို လူတွေက စိတ်ဝင်တစားကြည့်နေကြလေ၏။ ရှက်လိုက်တာ၊ မရှက်ဘူးလား။ တမင်လူတွေ ဝိုင်းကြည့်တာခံရအောင် လုပ်ပြနေတာမှ မဟုတ်ဘဲ။ ဆိုင်တံခါးကို ဆွဲဖွင့်လိုက်စဉ် အနောက်မှ ဖျတ်ခနဲတွန်း၍ အရင်ဆုံးတွန်းထွက်သွားသည်က 'တေးပန်းချီ' ရယ်ပါ။

အားလုံးက လူဆိုးကြီးလို့ ကိုယ့်ကိုထင်ရလေအောင် ဖန်တီး





လိုက်ပါသလား 'တေးပန်းချီ'။

"ဒီနေ့ ပြဿဒါးရက်များလား"

"ဘာဖြစ်လို့လဲ"

"ရာသီဥတု ကမောက်ကမဖြစ်နေတာ မင်းမမြင်လို့လား"

"ရာသီဥတု သာယာပါတယ် အစ်ကိုရဲ့။ နေမင်းကြီးက ပူလို့၊ တိမ်တွေကလည်း ဖြူလို့၊ ကောင်းကင်ကြီးကလည်း ပြာလို့ သာလို့ပါပဲ"

"ဟော့ကောင်! ငါက ရွဲ့ပြောနေတာ။ စုံတွဲတွေ အဆင်မပြေတာကို တင်စားလို့ပြမှန်း မသိနားမလည်နဲ့ ငတုံးရဲ့"

"ဩော် အဲဒီလိုလား သိပါဘူး"

"ဘယ်စုံတွဲတွေ ဘာဖြစ်လို့လဲ"

'မြင့်ကျော်' နှင့်အတူ 'သိန်းဇော်' ပါဝင်လာသဖြင့် ဈေးဝယ်လာတာကို ကူသယ်ပေးလိုက်ပါ၏။ ဘေးပေါက်တံခါးကို သူတို့ဆိုင်ဝန်ထမ်းတွေသာ သုံးကြသဖြင့် စေ့ရုံစေ့ထားတာပါ။ သူက ကောင်တာအပြင်မှာပင် ရပ်နေသေးတာမို့ ဆိုင်ထဲမှ ထွက်သွားပါသည့် သူမနှင့် 'သော်' တို့ဘေးအိမ်မှ လူ၏အဖြစ်အပျက်ကို ကောင်းကောင်းမြင်နေရတာပါလေ။ ဘာလဲ ကားအတူမစီးကြဘဲ တစ်ယောက်က ကိုယ်ပိုင်ကား တစ်ယောက်က Taxi ဖြင့်သွားကြပါရောလား။

"ဟိုမှာလေ စုံတွဲတစ်တွဲ၊ နောက်တစ်တွဲက အဲဒီမှာ။ မနက်က လင်မှတ်ဖမ်းသလို စူပုပ်မည်းညစ်နေတဲ့ မျက်ခွက်နဲ့ ဒေါသတကြီး ပေါက်ချလာတာ"

"မင်းနဲ့သော်တာ ဘာဖြစ်ပြန်ပြီလဲ"

သူ့ကို သီဟက မေးဆတ်၍ ငဲ့ပြောလိုက်တာမို့ 'မြင့်ကျော်' ပါ မေးလေပြီ။ ဖွတ်ခဲ့နေရာမှာ 'သီဟ' က ထုံးစံအတိုင်း ဆရာကြီးပါပဲ။ Bill စာရွက်တွေကို ထပ်၍တွဲရင်း အလုပ်ရှုပ်ပြနေသည့် သူ့ကိုပင် အလွတ်မပေးပါလေ။ ဒီလိုရန်ဖြစ်စိတ်ဆိုးရတာမျိုး သူနှင့် 'သော်'က ဘယ်နှခါ မြင်ဖူးလို့ပါလဲ။

"ဘာဖြစ်လို့လဲ၊ ဘာမှမဖြစ်ဘူး။ အေးဆေးပဲ"

"အေးဆေးဆိုရင် ဂျာကင်ကို ကိုယ်တိုင်မပေးဘဲ ဖိုးကျော်နဲ့ ပေးလိုက်တာကရော ဘာသဘောလဲ၊ အဲဒါ စိတ်ကောက်တာ မဟုတ်လို့ ဘာလဲ"

သူ ဘာမှ မပြောတော့ပါ။ စိတ်ကောက်တာလား။ 'သော်' က စိတ်မှမကောက်တတ်တာလေ။

❊





## အခန်း (၁၂)

ကုမ္ပဏီမှာ လက်မှတ်ထိုးခဲ့ပြီး ဆိုက်ရှိရာဆီသို့ အစ်ကို အင်ဂျင်နီယာ 'ကိုဆန်းထွဋ်ခေါင်' ၏ ကားနှင့်အတူ ထွက်ခဲ့ပါသည်။ ဘောက်လက်စ သုံးထပ်တိုက်နှင့် ကန်ထရိုက်တိုက်ခန်းနှစ်ထပ် (၁၀) ခန်းက ပြီးပြီမို့ နှစ်နေရာကို တစ်ရက်တည်း ဟိုဒီသွားရမှာမို့ပါပဲ။ လက်ထဲမှစာရင်းစာရွက်တွေကို လှန်လှောကြည့်နေပါသည့် သူ့ကို အစ်ကိုက ကားမောင်းရင်း လှည့်ကြည့်လိုက်လေ၏။

"ဘယ်လိုလဲ"

"ဗျာ! ဘာကိုလဲ အစ်ကို"

"ကိုယ်နဲ့မို့က ဒီနှစ်လက်ထပ်ဖို့ တိုင်ပင်ပြီးနေပြီလေ။ ညီတို့ရော ဘယ်တော့ယူဖြစ်မလဲလို့"

"ဩော်၊ အဲဒါလား။ အဝေးကြီးလိုပါသေးတယ်ဗျာ"

"ကောင်မလေး၊ ဒီလောက်လှတာတောင်မှ စိတ်ချတယ် ပေါ့လေ"

"သူ့အမေနဲ့ တစ်ကုမ္ပဏီတည်း အတူလုပ်တာပဲဗျ။ စိတ်မချ စရာ မရှိပါဘူး"

အစ်ကိုက သူပြောတာကို သဘောကျပုံဖြင့် တီးတိုးရယ်လိုက်လေ၏။ ကန်ထရိုက်တိုက်ခန်းကို ကုမ္ပဏီမှာ ပြီးစီးကြောင်း အပ်ပြီးမှ သူနေ့စဉ် အလုပ်ဆင်းနေရပါသည့် လုံးချင်းသုံးထပ်တိုက်ရှိရာသို့ ဆက်လာခဲ့ရတာပါ။ ဖေဖေက သူ့ကို တစ်ပတ်ရစ်ကားဝယ်ပေးရန် ပြင်ပေးပေမယ့် အိမ်ခြံဝယ်ထားပါသည့် ငွေအကြွေး မချေရသေးတာမို့ သူက မဝယ်ခိုင်းတာပါလေ။

"ကောင်မလေးက မပူဆာဘူးလား"

"လက်ထပ်ဖို့လား"

"အင်း"

"ဟင့်အင်း၊ တစ်ခါမှမပြောဘူး"

"ညီ propose လုပ်မှာကို စောင့်နေလားမှမသိတာ"

သူ မျက်ခုံးမြင့်သွားရပါ၏။ သူက စပြောရမှာတဲ့၊ ဟုတ်သားပဲ။ ခက်တာက ဖေဖေရောသူပါ ဘာမဆို မေမေ့ကျန်းမာရေးကိုသာ





နေကြတာမို့ သူ့အိမ်ထောင်ရေးကိစ္စကို ဦးစားပေး မစဉ်းစားမိကြပါ။ သူတို့ဘဝမှာ မေမေသာ first ပင် မဟုတ်ပါလား။

"အန်တီ နေလို့သက်သာလာပြီလား"

"ဟုတ်ကဲ့"

"တစ်ခုခု မစိုးရိမ်ရအောင် လူခေါ်ထားဦးလေ"

"အဲဒါကိုပဲ စဉ်းစားနေတာပါ အစ်ကို။ အိမ်ဖော်ခေါ်တာထက် nurse ခေါ်ထားတာကမှ ပိုသင့်တော်မလားလို့ပါ။ စားတာက ဘာပဲ ဖြစ်ဖြစ် ကျွန်တော်တို့သားအဖ စားတတ်ပါတယ်"

"အေး အဲဒါလည်း ကောင်းတာပဲ၊ Day nurse ပဲငှားပေါ့။ လခပေးပြီး ခေါ်လေ။ တော်တော်လေး ငွေကုန်မယ်ထင်တယ်"

"အိပ်ရာထဲလဲနေတဲ့ လူမမာမဟုတ်တော့ လာပါ့မလားပဲ"

"အနီးနားတစ်ဝိုက်က အသိမျိုးရှာကြည့်ပါလား။ ဆွေမျိုးထဲ ကဆို ပိုအဆင်ပြေမယ်ထင်တယ် ညီရဲ့"

"ကျွန်တော်တို့က အိမ်ပြောင်းတာ သိပ်မကြာသေးတော့ ခဲရခက်တယ် အစ်ကိုရဲ့။ ညီမလေးကို မေးကြည့်ရင် ရမယ်ထင်တာပဲ"

"ဘယ်က ညီမလေးလဲ"

"ဘေးအိမ်ကပါ၊ တေးနဲ့ရှယ်တူလောက်ရှိမယ်။ ငယ်ရင်

လည်းငယ်မှာပါ"

"ဘာလဲ၊ မို့ပြောတဲ့ ကောင်မလေးလား"

"ဗျာ! "

သူ လန့်သွားရပါ၏။ အမှန်တော့ မမို့အဆက်အသွယ်ဖြင့် ဒီလမ်းထဲကခြံကို သူတို့ရခဲ့တာပါ။ ဘယ်လိုဖြစ်ပြီး ဝမ်းကွဲအစ်မက 'သော့်' ကိုသိနေရပါသလဲ။ ဒါဆိုရင် မြင်ဖူးတာပေါ့လေ။ ကောင်မလေးကို ချစ်စရာလေးဟု ပြောဖူးတာကို ကြားဖူးပေမယ့် သူက 'သော်' ဖြစ်နေမည်ဟု ထင်မှမထင်ထားဘဲ။

"ကော်ရုပ်လေးနဲ့ တူတယ်ဆိုလား။ နာမည်က သော်တာလား စန္ဒာလားပဲ၊ သူ့အဖေက ခရီးသွားအေဂျင်စီထောင်ထားတာလေ"

"အဲဒါဆို ဟုတ်တယ်၊ နာမည်က သော်တာမြင့်မိုရ်တဲ့။ အစ်ကိုပြောမှပဲ ညီမလေးလည်း ကော်ရုပ်ဖြစ်ပြီ"

"မို့ပြောလို့ ပြောတာလေ။ ဘာလို့ ညီမလေးလို့ ခေါ်တာလဲ"

"ဒီလိုပါပဲ၊ ခေါ်ချင်တာနဲ့ ခေါ်လိုက်မိတာ"

"စိတ်မဆိုးဘူးလား"

"သော်လား"

"မဟုတ်ဘူး၊ ညီ့ချစ်သူကိုပြောတာ"

"ဩော် သူ မသိပါဘူး။ အိမ်ကိုမှ လိုက်မလည်သေးတာ"





"စောစောတော့ပြောထားနော်။ နောက်သိသွားမှ ကျိုင်တက် န်မယ်။ မိန်းမဆိုတဲ့အမျိုးက 'မ' နဲ့ပတ်သက်လာရင် အူက လက် စ်ဆစ်ပဲရှိတယ်"

အစ်ကို့စကားကြောင့် သူ ပြုံးလိုက်မိပါသည်။ အူတိုတတ် တဲ့လား။ ညီမလေးကဖြင့် အူတိုတတ်ပုံမရပါ။ အိမ်မှာ စိတ်ကောက် ာတောင်မှ ခဏလေးနဲ့ ပြေသွားတာ သူမျက်မြင်ပါပဲ။ သို့သော် ချာတိတ်ကဖြင့် သူနှင့် 'သော့်'ကို အစောကြီးကတည်းက မခင်စေ င်သလို ကြိုပြီးတားထားတာ သူအသိပါလေ။

"ဟုတ်ပါတယ် အစ်ကို။ တေးက အရမ်းမာနကြီးပြီး စိတ် တ်တာသိပါတယ်။ ညီမလေးကတော့ စိတ်ထားဖြူတဲ့ မိန်းကလေး "

"သူ့မှာရော ချစ်သူရှိလား"

"ညီမလေးမှာလား"

"အေး"

"အဲဒါတော့ မသိဘူး။ ငယ်သူငယ်ချင်းကောင်လေးကတော့ တော်စိတ်ပုပ်တယ်"

"ဟား ဟား ဟား ဟား။ ညီ့ကိုပြိုင်ဘက်ထင်သွားလို့လား"

"ဗျာ! "

သူ အံ့ညြရပြန်လေပြီ။ ဘယ်လိုဖြစ်ပြီး ဒီချာတိတ်နဲ့မှ သူ့ကို ပြိုင်ဘက်ဟု မြင်ရပါသနည်း။ မိန်းကလေးတစ်ယောက်တည်းကို ပြိုင်လုပြီး ကြိုက်မှုသာ ထိုသို့ သတ်မှတ်ရတာပါ။ အလို! ဒါဖြင့် 'သော့'ကိုများ သူက စိတ်ဝင်စားမိသလို ဖြစ်နေပြီလား။

"အစ်ကို၊ ဘာသဘောနဲ့များ"

"သော်တာမြင့်မိုရ်အကြောင်း ပြောတိုင်း ညီ့မျက်နှာရဲ့အမြူးကို မြင်ရလို့မေးတာ"

"ဟာဗျာ၊ မဟုတ်ရပါဘူး"

"စေ့စပ်တဲ့အဆင့်မရောက်သေးခင် ကိုယ့်စိတ်ကို ပြန်ဆန်းစစ်ကြည့်ဖို့တော့ လိုလိမ့်မယ်ညီ။ နှလုံးသားက သေချာရွေးတဲ့သူကိုသာ ဘဝလက်တွဲဖော်အဖြစ် တွဲသွားစေချင်တယ်"

"ကျွန်တော်က"

"သော်တာ့ကို တကယ်ချစ်မချစ်"

"တေးကိုလို့ပြောပါ အစ်ကိုရာ"

"တေးပန်းချီကို တကယ်မချစ်ဘဲ ဦးနှောက်က ရွေးထားတာလား ညီ"

သူအတော်လန့်သွားရတာအမှန်ပါ။ ဆွေမျိုးတော်စပ်ရမည့် အစ်ကိုဖြစ်သူက ဘယ်လိုဖြစ်ပြီး နှလုံးသားရေးရာကို တရင်းတနှီးဖြင့်





လင်းစွာပြောနေပါသလဲ။ ရင်ခုန်စိတ်လှုပ်ရှားဖို့ဆိုတာထက် 'သော့' ညီမလေးလို သံယောဇဉ်မျိုးထားလို့ မရဘူးလား။ သွေးမတော် မစပ်ပေမယ့် ယောက်ျားလေးနဲ့ မိန်းကလေးက ဤသို့ ရိုးရိုးသား ား ခင်မင်ခွင့်မျိုး ရှိသင့်တာကို ဘယ်သူမှမသိကြဘူးထင်ပါရဲ့။

"မိဘတွေ သဘောကျပါ အစ်ကို"

"ကောင်းကွာ"

"ဘာဖြစ်လို့လဲ"

"မင်း အိမ်ထောင်ပြုမှာလား။ မိဘတွေက အိမ်ထောင်ပြု လား"

"အစ်ကိုကလည်း"

"ကိုယ်စိတ်ချမ်းသာမယ့်လမ်းကိုတော့ ရွေးသင့်တယ် ညီ။ ယ်ကတော့ ပိုက်ဆံချမ်းသာတာထက် စိတ်ချမ်းသာရတာကိုပဲ ပိုပြီး လားတယ်။ ကိုယ်ရောမှီပါ သိပ်ချမ်းသာတဲ့လူတန်းစားထဲက မဟုတ် လို မိဘအရိပ်ကို ခိုပြီး အားကိုးတကြီးနဲ့ ညာစားနေတာမျိုး မလုပ် း။ ကိုယ်စွမ်းကိုယ်စနဲ့ ကိုယ့်အားကိုယ်ကိုးပြီး ရပ်တည်နေတာ င်းအမြင်ပဲလေ။ ဒီခေတ်လူငယ်တွေရဲ့က computer brain မျိုးနဲ့ ဝကို အဲဒီ style မျိုးနဲ့ မမြုပ်နှံနိုင်ဘူး။ နှလုံးသားက သက်မဲ့မှ ဟုတ်တာ"

"ဟင်!"

"ဒီတော့ သူ ရှင်သန်နေစဉ်တစ်လျှောက် သူ့လွတ်လပ်ခွင့်နဲ့ ရွေးချယ်ပါစေလား ညီ"

"ကျွန်တော်"

"တကယ်ချစ်ရင် စွန့်စားရဲရမယ်၊ စွန့်လွှတ်ရဲရတယ်။ အဲ သဘာဝပဲ"

"တကယ်ချစ်ရင်"

"ဟုတ်တယ်၊ ရင်ဘတ်ထဲမှာ နှစ်နှစ်ကာကာနဲ့ မေ့မရအောင် ချစ်လာတာမျိုးကို ဆိုလိုတာ။ စက္ကန့်နဲ့အမျှ သတိရတာမျိုးပေါ့"

သူ မြို့မြမြဖြစ်သွားပါ၏။ စက္ကန့်နှင့်အမျှ သတိရတာတဲ့ 'တေး' ကို ထိုသို့သတိမရလို့များလား။ ညီမလေးကဖြင့် မနက်တစ် ကြိမ် ညနေ ပြန်ချိန်မျိုးမှာ တစ်ကြိမ်မဟုတ် တစ်ကြိမ် အရိပ်မမြင်ရ လျှင်တောင် အသံလေးတော့ သဲ့သဲ့ကြားရတာလေ။ ဒါဖြင့် စက္ကန့်နှင့် အမျှဆိုတဲ့ feel က ဘယ်မှာပါလဲ။

"ဘာလဲ၊ ကိုယ်ပြောတာကို လျှောင်ချင်တယ်ပေါ့လေ"

"အဲဒီသဘောမျိုး မဟုတ်ပါဘူး"

"တေးပန်းချီနဲ့ phone ပြောတိုင်း ဘယ်သူအရင်စခေါ်တာ လဲ"





"တေးပါ"

"သော်တာမြင့်မိုရ်နဲ့ နေ့တိုင်းမြင်တွေ့နေရတာ ပျော်လား"

"ဒီလိုပါပဲ"

"အင်း မင်း မချစ်တတ်သေးပါဘူး ညီ။ မင်းရင်ထဲမှာ အချစ်မဖြစ်တည်သေးဘူး"

သေရော! ဘယ်လိုဖြစ်ပြီး အတိအကျ ပြောနိုင်ရပါသလဲ။ ားမျှာ လက်ရှိတွဲနေပါသည့် ချစ်သူ 'တေးပန်းချီ' တစ်ယောက်လုံး နေပါလျက် 'မချစ်တတ်သေးပါ' ဟု အဘယ်ကြောင့် ပြောရပါ နည်း။ ရင်ဘတ်ထဲက အချစ်မဖြစ်တည်သေးတာကိုတော့ သူလည်း သချာမသိပါချေ။

"အချစ်မှာ အဓိပ္ပာယ်ရှိလို့လား"

"ရှိတာပေါ့ကွ။ ဒီလောက် လေးနက်တဲ့အရာတစ်ခုကို မင်း ပေါ့ပေါ့သဘောထားနေတာ အံ့ရော။ အချစ်ကြောင့် ပျော်ရွှင်ရတာ၊ ်းနည်းပူဆွေးရတာ၊ နာကျင်ကြေကွဲရတာ၊ ရင်ခုန်စိတ်လှုပ်ရှားပြီး ကြည်နူးရတာ။ အဲဒါတွေမှ အများကြီးပဲ။ ငါက ကဗျာဆရာ၊ စာရေး ဆရာမဟုတ်တော့ တဖွဲ့တနွဲ့ မပြောပြတတ်ဘူး။ ဒါပေမဲ့ အတွေးထဲ ာရော၊ နှလုံးသားကပါ ကိုယ်ချစ်တဲ့သူကို အမြဲတမ်း မြင်ယောင် သတိရတတ်တာ အမှန်ပဲ။ တစ်ခါတစ်ရံ စိတ်ဆိုးစိတ်ကောက်ပြီး

စကားမပြောဘဲနေမိတာတောင်မှ တစ်ရက်လေးကို တစ်နှစ်လော
ကြာတယ်လို့ ထင်ရတယ် ညီ။ အဲဒါ အချစ်ပါပဲ''

ဘုရားရေ့! အချစ်တဲ့လား။ သူ မသိသေးတဲ့အချစ်ဆို
အရာကို အဓိပ္ပာယ်ရှိအောင် ဒီအစ်ကိုက ပြောဘတ်ပါလား။ စိတ်
စိတ်ကောက်တိုင်းတဲ့။ သူတို့နှစ်ယောက် စကားများပြီး မတွေ့ဖြစ်
တစ်ပတ်ကျော်လည်း သူက အေးဆေးပါလေ။ တစ်ညလုံး လူးလိမ့်
အိပ်မပျော်တဲ့ သတိရနေ လွမ်းနေတာမျိုး ဘာကြောင့်များ မဖြစ်ခဲ့
သလဲ။

တကယ်ပဲ 'တေး' အပေါ်မှာ အချစ်စစ်နဲ့များ မချစ်ခဲ့မိ
လား။ အားနာစရာများဖြစ်နေပြီလား 'တေးပန်းချီ'။ လောက
အားနာစရာ၊ နမျောစရာ၊ အစာကို မစားသင့်တာကို သိခဲ့ပေမယ့်
သူက ဒီလိုအခြေအနေကိုမှ မိုက်မဲစွာဖြင့် ရောက်နေပြီလား။ ဘယ်
တော့မဆို မိတစကား မပယ်ရှားတတ်သည့် သားလိမ္မာအဖြစ် ခေါက်
ကျိုးခဲ့တာ ဘယ်နနှစ်ကျော်ကြာခဲ့ပါပြီလဲ။

သင့်လျော်ပါသည်ဆိုပြီး ဖေဖေနဲ့မေမေက သူ့ကို 'တေး
နှင့် စုံတွဲလို တွဲဖက်စေခဲ့တာမို့ အလိုက်တသင့် တွဲဖြစ်ခဲ့တာ
အချိန်ကြာလာသည်နှင့်အမျှ ချစ်ကြိုက်ဖို့ထက် သူ့အပေါ် ဆိုးနှဲ့ပြီ
အနိုင်ယူချင်သည့်စိတ်ကသာ 'တေးပန်းချီ' က ပိုဖြစ်နေလာတာ





င်ခုန်ရဖို့ထက် စိတ်ရှုပ်ခြင်းကသာ အမြဲတစေ ဖြစ်တည်ခဲ့ရတော့
က်သားလား။

''ကိုယ် တကယ်ချစ်တဲ့သူနဲ့ တစ်သက်လုံး လက်တွဲမှသာ
င်းပျော်မှာပေါ့ညီ။ မချစ်မနှစ်သက်သူကို မျက်စိမှိတ်ယူပြီး တစ်သက်
း စိတ်ဆင်းရဲခံသွားနိုင်လား။ စဉ်းစားကြည့်''

''အကြောင်းကြောင်းတွေကြောင့် သူ့ကို မငြင်းနိုင်ခဲ့တာပါ
စ်ကို''

''အဲဒါကိုက မှားနေတာပဲ ညီ။ အချစ်က အားနာစရာ
ဟုတ်ဘူး။ ချစ်ရင်ချစ်တယ်၊ မချစ်ရင်မချစ်နိုင်ဘူးပေါ့။ ယောက်ျား
ဆိုတာ ပြတ်သားရတယ် နေမျိုးကျော်ဖင်''

ကားက ဆောက်လုပ်စအိမ်ရှိရာ လမ်းထဲသို့ ချိုးကွေ့ဝင်လာ
သတော့၏။ ပြတ်သားရမယ်တဲ့လား။ ဖြစ်ပါ့မလား 'တေးပန်းချီ'။
ဆက်ဖြစ်ပျက်လာမယ့် ပြဿနာတွေက ပိုရှုပ်ကုန်ရင် ဘယ်လိုလုပ်
လဲ။ အားနာစရာတွေ ဖြစ်ကုန်မယ် ထင်ပါရဲ့။

''ဒါနဲ့ အဲဒီကောင်မလေးမိသားစုရဲ့ အထောက်အပံ့ကိုများ
သားမိလို့လား''

''ဟာဗျာ မဟုတ်ပါဘူး အစ်ကိုရ''

''အေး ... အဲဒါဆို ပြတ်ပြတ်သားသား ရှင်းလို့ရတာပေါ့

Fighting! "

အစ်ကိုက ကားပေါ်မှဆင်းလာရင် သူ့လက်မောင်းကို ဆ
ဆတ်ဆတ်ရိုက်ပိုက်လေ၏။ ရင်ထဲမှာ တင်းကျပ်နေတာကတော
အမှန်ပါဘဲ။ ပြောဆိုဆွေးနွေးလို့ရပါ့မလား 'တေးပန်းချီ'။ ရှေ့ဆက်
မတွဲချင်တော့ပါဘူးဆိုသည့်စကားကို အကြောင်းအရာစုံအောင် ရှ
ရှင်းနိုင်ရမှာပေါ့။ အပျော်အပျက် မရည်ရွယ်ခဲ့ပေမယ့် ကိုယ့်အနာဂတ်
မင်းရဲ့ဘဝအတွက် ပိုပြီးသေချာအောင် တိုင်ပင်ဖို့ပါ 'တေးပန်းချီ'

❊





## အခန်း (၁၃)

ဒက်ဒီ့ရုံးခန်းရှိရာဆီသို့ lift ဖြင့်တက်လာခဲ့ပါ၏။ MD
ခ်ဲ သမီးမှန်းသိတာမို့ ဝန်ထမ်းအားလုံးကို ဦးညွှတ်နှုတ်ဆက်ကြပေမယ့်
မြင်ယောင်ဆောင်ကာ မျက်နှာကို တမင်တင်းထားလိုက်ပါသည်။
လောကမှာ 'တေးပန်းချီ' လိုချင်သမျှ အရာအားလုံး မရခဲ့တာမျိုး
ဘယ်တုန်းကရှိခဲ့ပါသလဲ။

"ဒက်ဒီ"

"ကျစ်! တံခါးခေါက်ပြီး ဝင်ဖို့ ဘယ်နှခါသင်ပေးရမလဲ သမီး
ရယ်။ ရောက်လာပြန်ပြီလား"

"ပြောစရာရှိတယ်"

"အလုပ်ကိစ္စဆိုရင် ပြော"

"အဲဒါတော့ မဟုတ်ဘူး"

"ဒါဖြင့်ဘာလဲ၊ personal ဆိုရင်တော့ အိမ်ရောက်မှပြော[illegible] sweety"

"ကျော့်ကို အလုပ်ပြောင်းပေးပါ"

"ဘယ်လို"

"တေးတို့ကုမ္ပဏီကို ပြောင်းခိုင်းစေပါဒက်ဒီ၊ please!"

ဒက်ဒီက လက်မှတ်ထိုးရန် လာပို့ထားပါသည့် စာရင်း File တွေကို စစ်နေရာမှ ကျွန်မကို မော့ကြည့်လိုက်လေ၏။ အရာရာ ပြီး ပြည့်စုံနေပါလျက် ဘာကိုမှ စိတ်တိုင်းမကျတာ ဘာကြောင့်လဲ။ တွေ့ ချင်သလို တွေ့ခွင့်မရ၊ ပြောချင်သလို ပြောလို့မရပါသည့် သူ့ကိုသာ အလုံးစုံ အပြစ်တွေသာ ပုံချလို့ရရင် ပုံပစ်လိုက်ချင်ပါရဲ့။

"ဘာတွေဖြစ်လာပြန်ပြီလဲ"

ရောက်လာပုံက တော်ရုံနှင့် ပြန်ထွက်ဖို့မရှိတာမို့ ဒက်ဒီက ခုံမှထပြီး ထွက်လာသလို ညှိသည် ညှိခံသည့်ခုံမှာ လာထိုင်လေ၏ ဒီလိုပဲ ဖြစ်ရမှာပေါ့။ 'တေးပန်းချီ' ဆိုသည့် တစ်ဦးတည်းသော သမီးလေးကို အမြဲတစေ အရိပ်တကြည့်ကြည့်ဖြင့် အလိုလိုက်ခဲ့သည့် အကျင့်က ဖျောက်လို့မှ မရတာလေ။ အခုလည်း 'တေး' ရဲ့ နှလုံးသား လေး နာကျင်နေတာကို သက်သာအောင် ကုသပေးဖို့လိုပြီ ဒက်ဒီ





ဒက်ဒီနှင့် မျက်နှာချင်းဆိုင်ရှိခုံမှာ ပစ်ထိုင်လိုက်ရပါသည်။ ဝမ်းနည်းအားငယ်ဖို့ထက် စိတ်ဆိုးဒေါသဖြစ်တာကသာ ပိုနေလေ၏။ ဘာကြောင့်များ မျှော်လင့်ထားသည့်အတိုင်း စိတ်တိုင်းကျ မဖြစ်ရပါ သလဲ။ တကယ်ဆို ချစ်သူအဖြစ် သတ်မှတ်ပြီးတွဲတာမို့ တစ်ယောက် နှင့်တစ်ယောက် စိတ်ထားရော နှလုံးသားပါ ပိုနားလည်နေရမှာပါ။

ခုတော့ဖြင့် 'ကျော်' ရယ်။

"ထုံးစံအတိုင်း စကားများပြန်ပြီလား။ သမီးကို ဒက်ဒီ ဘာ ပြောထားလဲ၊ ကိုယ်ကအငယ်ဖြစ်တိုင်း အမြဲတစေ ဆိုးနွဲ့ပြလို့ မရဘူး လို့ အစကတည်းက သတိပေးထားတယ်လေ"

"တေးက ဘယ်မှာဆိုးနေလို့လဲ"

"ဒီလိုပဲ ပြောမှာပေါ့။ ဘယ်သူက ကိုယ့်အပြစ်ကို ကိုယ်ပြန် မြင်မှာလဲ sweety"

"ကျော်က အရင်လိုမဟုတ်တော့ဘူး ဒက်ဒီ။ တေးအပေါ်မှာ အလေးအနက်မရှိတော့သလိုပဲ"

"ဘာဖြစ်လို့ ဒီလိုထိ ပြောရတာလဲ"

"သိနေလို့ပေါ့"

"ကျစ်! အလုပ်နဲ့ အမြဲတမ်းစိတ်ရှုပ်နေတဲ့ ကောင်လေးပါ။ အမေဖြစ်သူရဲ့ကျန်းမာရေးကို စိတ်ပူပြီး သားရော အဖေပါ ရင်ထဲ

ဘယ်လောက်ပူလောင်နေမလဲ။ တနာခြင်းဆိုတာ ကိုယ်စားဝင်ကြည့် တတ်သူမှ သိမြင်နိုင်တာပါ sweety၊ လေသံပေါ့ပေါ့လေးနဲ့ မသုံး သင့်ချင်ပါနဲ့"

ထင်တဲ့အတိုင်းပါပဲ။ ဘယ်တော့မဆို ကျွန်မနှင့်ယှဉ်ပြောရင် 'ကျော်' သာ စံပြုအဖြစ်နေရာရခဲ့ပြီး 'တေးပန်းချီ' က ဘာမှမဟုတ် တော့သလို ဖြစ်သွားရတာ အမြဲပါ။ စာ ဘယ်လိုကြိုးစားတာ၊ ဘယ် လောက်တော်တာ၊ ဘယ်လောက်အထိ ကျောင်းမှာ စံပြလူငယ် ဖြစ် နေတယ်ဆိုတာတွေ၊ ဂုဏ်ထူးတွေတစ်သီကြီးနဲ့ အောင်ခဲ့တာမှန်ပေ မယ့် မရနိုင်တဲ့အရာကို လှမ်းယူလျှင် မိတတွေ ဝန်ပိမှာစိုး၍ မီနိုင်သည့် လက်တစ်ကမ်းကိုပဲ ဆုပ်ကိုင်ခဲ့တာ အဘယ်မျှ သိတတ် လိမ္မာလိုက်တဲ့ ကလေးလဲဆိုသည့် စကားလုံးတို့ကို နားနှင့်မဆန့်အောင် ကြားခဲ့ရတာ လေ။

ထိုသို့ ကျွန်မအထင်ကြီး လေးစားခဲ့ရပါသည့် 'ကျော်' ကို ဒီလိုမျိုး စိတ်ပြောင်းလဲလာလိမ့်မည်ဟု ထင်မှမထင်ခဲ့တာအမှန်ပါ ကြားဖူးတဲ့အတိုင်း ယောကျ်ားဟူသည် ဆိုခဲ့စေမြဲစေဆို၊ နေအောင် စကားနည်းပါသည့် သူ့ကိုမှ သဘောကျ နှစ်မြိုက်ခဲ့မိတာ 'တေးပန်းချီ' မှားမှာတဲ့လား။

"အဲဒါကြောင့် အလုပ်ပြောင်းဖို့ ပြောခဲ့တာပေါ့ ဒက်ဒီ"





"အဲဒါကိုက မှားနေတာလေ သမီးရယ်။ လူဆိုတာ ကိုယ် ရွေးချယ်ထားတဲ့လမ်းကြောင်းကိုပဲ အဆုံးထိ လျှောက်ရတယ်။ ဘာလို့ များ အလုပ်ပြောင်းဖို့ ခပ်လွယ်လွယ်ပြောထွက်ခဲ့ရတာလဲ။ သမီးနဲ့တော့ ခက်နေပါပြီ"

"ဒက်ဒီကလည်း တေးဘက်ကိုတော့ လိုက်မပြောဘူး"

"သမီးလုပ်နေပုံကိုက မှန်မှမမှန်တာ။ သူနဲ့မအပ်စပ်တဲ့ လုပ်ငန်းကို ရွေးချယ်မှာတဲ့လား။ စဉ်းစားစမ်း။ ယောကျ်ားအရိပ်ကို ခိုတတ်တဲ့ ခပ်ညံ့ညံ့ယောကျ်ားထဲမှာ နေမျိုးကျော်ဇင်ကိုပါစေချင် တာလား။ ဦးနှောက်ကို သုံးစမ်းပါ"

စကားအသုံးအနှုန်းက ကျွန်မအတွက်တော့ အတော်လေး ကြမ်းတမ်းနေပါသည်။ ဦးနှောက်မရှိတာတဲ့လား။ ဟင့်အင်း 'ကျော်' ကို ကျွန်မချစ်တာ ဦးနှောက်နဲ့မှ မဟုတ်တာ။ ဒီအကြည့် ဒီအပြုံးကို တွေ့လိုက်ကတည်းက နှလုံးသားထဲမှ အချက်ပြခဲ့တာပါ။ 'တေး ပန်းချီ'ရဲ့ အချစ်၊ နှလုံးသား၊ ရင်ခုန်ခြင်း ဆိုတာတွေအားလုံးကို တစ်ကြိမ်တည်းနဲ့ အပိုင်သိမ်းပိုက်ခြင်း ခံခဲ့ရတာလေ။

ကျွန်မ တကယ်စစ်မှန်ခြင်းအပြည့်နဲ့ ချစ်မိခဲ့တာပါ 'ကျော်'။

"ဒါဆိုရင် တေး ဘယ်လိုလုပ်ရမလဲ ဒက်ဒီ။ အလုပ်ပြောင်း တာကို သူ လက်မခံရင် တေးတို့ ရှေ့အနာဂတ်က ရေးတေးတေးပဲ

ဖြစ်နေတော့မှာ''

''ဘာကြောင့်လဲ''

''အခုဆို တေးတို့ တွေ့ချင်တာတောင်မှ အချိန်မပေးနိုင်တော့ တာ''

''Phone ဆက်လို့ရတာပဲ sweety မဟုတ်တာ ရှာကြံ မပူနေနဲ့''

''ဆက်တော့လည်း အမြဲမကိုင်ဘူး ဒက်ဒီ။ မအားလို့တဲ့ Reason က တစ်ခါနဲ့တစ်ခါ မတူအောင်မပြောဘဲ ဒီတိုင်း တုံးတိကြီး ပြောတတ်တာ။ တေး ဘာလုပ်ရမှာလဲ''

ဒက်ဒီက ကျွန်မကို စိတ်ပျက်ဟန်ဖြင့် ကြည့်နေလေ၏။ အရင်လို စိတ်မရှည်ချင်တော့ဘူးလား။ အလုပ်ဝင်နေပြီဆိုပေမယ့် အသက် (၂၀) ကျော်ဆိုသည့်အရွယ်က နုနယ်နေတုန်းပါ။ အထူး သဖြင့် တစ်ကြိမ်တစ်ခါမှ မဖြစ်တည်ခဲ့ဖူးသည့် နှလုံးသား၏ ပျိုမြစ်ခြင်း အစက အချစ်ဆိုတာကို ဖြစ်ပေါ်လာစေခဲ့တာလေ။ အရင်ဦးဆုံး နှလုံး သားကို 'ကျော်' ဘာကြောင့် မမြင်ခဲ့တာပါလိမ့်။

''လောကမှာ ကိုယ်ဖြစ်ချင်တိုင်း အမြဲတမ်း မဖြစ်တတ်ဘူး သမီး။ ဒါကိုတော့ နားလည်ဖို့လိုလိမ့်မယ်''

''ဒါဖြင့် မဖြစ်သေးတာပဲရှိတာဆို''





''ကျစ်! နေရာတကျ မသုံးတတ်ရင် စကားပုံအယူအဆတွေ ကို မသုံးပြချင်နဲ့ sweety မဖြစ်နိုင်တာမရှိဘူးဆိုတာမျိုးက စိတ်ဆန္ဒ ပြင်းပြပြီး အဆုံးတိုင်လုပ်ဆောင်ဖို့အတွက် စိတ်ခွန်အားပြည့်စေတဲ့ နေရာပါ။ သက်ရှိလူ သက်ရှိနှလုံးသားတွေကို တလွဲအသုံးပြုဖို့အတွက် အသုံးဝင်မယ့်အရာမှ မဟုတ်တာ''

''ဒါဖြင့် တေးနဲ့သူ နီးစပ်အောင် ဘယ်အရာက ဖြည့်ဆည်း ပေးမှာလဲ ဒက်ဒီ''

''အသက် (၂၀) နှစ်ဆိုတဲ့အရွယ်က အိမ်ထောင်တစ်ခုကို ထိန်းသိမ်းနိုင်တဲ့အရွယ်ကောင်း မဟုတ်သေးဘူး sweety ဒီထက်ပိုပြီး ရင့်ကျက်ပါစေလား''

ကျွန်မ မျက်နှာရဲသွားရပါ၏။ နီးစပ်မှုဆိုသည့်အသုံးက ဤ သဘောကို သက်ရောက်သွားပါသလား။ မဟုတ်သေးပါဘူး။ ပိုင်ဆိုင် ချင်တာက သက်သက်ပါ။ လက်ထပ်ခြင်းဆိုတာနဲ့ ကျွန်မရဲ့ပျိုမြစ်ခြင်း တွေကို အဆုံးသတ်မှုမပေးချင်သေးပါလေ။ ချစ်နေရုံလေးပါ။ 'ကျော်' နဲ့အတူ လတ်ဆတ်သည့် ရင်ခုန်သံတို့ဖြင့် ကျွန်မ နှလုံးသားလေး လှုပ်လပ်ချင်ပါသေးသည်။

''တေးက တေးက၊ အိမ်ထောင်ပြုချင်ပြီလို့ ပြောနေတာမှ မဟုတ်တာ''

"ဒါဖြင့် နီးစပ်ချင်တယ်ဆိုတာက ဘာသဘောလဲ"

"တေးအပေါ်မှ ခုထိ ကျော့အရိပ်အကဲတွေက အေးစက်စိမ်းသက်နေတုန်းပဲလို့ ထင်နေရလို့ပါ"

ဒက်ဒီ သက်ပြင်းရှိုက်လိုက်လေ၏။ ကျွန်မထက်ပင် ပို၍ရင်မောနေပြီလား။ မာမီနှင့် ရင်ဖွင့်တိုင်ပင်ချင်ပေမယ့် စိတ်မရှည်ပါ... ကျွန်မအပြစ်ကိုသာ တဖျစ်တောက်တောက် ပြောဆိုဆူပူလေ့ရှိတာ... မပြောရဲ မပြောဖြစ်ပါ။ အထူးသဖြင့် ကျွန်မ သဘောကျသည်ဆိုသည့် 'ကျော့' ကို လက်သင့်ခံဖို့ လူကြီးတွေအနေနဲ့ ပြောပေးထားတာက... လွန်နေပြီလေ။

"သမီးတို့ တရားဝင်တွဲတာဘယ်လောက ကြာနေပြီလဲ"

"တစ်နှစ်ပါ"

"အဲဒီလောက်တောင် ကြာတာတောင်မှ နေမျိုးကျော်ဇေ... စိတ်ကို ခုထိ မဖတ်တတ်သေးဘူးလား"

"ဟင်!"

"လူတစ်ယောက်ရဲ့စိတ်နဲ့အကျင့်ကို အလွယ်တကူပြင်... မရဘူး sweety။ အထူးသဖြင့် သားက ဘာမဆို ပွင့်ပွင့်လင်း... ပြောတတ်တဲ့သူ မဟုတ်ဘူး။ သူဘာလိုချင်တယ် ဘာဖြစ်ချင်... ဆိုတာကိုမှ မိခင်ဖြစ်တဲ့ မသဇင်က အရိပ်ကြည့်ပြီး သိရတာ။ နေ...





...ော်ဇင်ရဲ့ type က လျှို့ဝှက်သိုသိပ်ခြင်းပဲ"

"တေး အဲဒါကိုသိပါတယ်"

"ဒါတောင်မှ မနီးစပ်ဘူး။ စိမ်းကားတုန်းပဲလို့ ဘာကြောင့်...း ပြောရသလဲ"

"တေးရင်ထဲရှိတာကို ဒီထက်ပိုပြီး သူ့ကိုသိစေချင်ရုံပါ...ဒီ"

"ဒါက လူငယ်ချင်းပြောဆိုဆွေးနွေးရမယ့်အပိုင်းလေ"

"ဒါပေမဲ့ သူက အချိန်မပေးနိုင်ဘဲ ရှောင်နေတာမို့ပါ"

"တစ်ခါတလေ အလျင်လိုတာထက် စောင့်နိုင်တာက ပိုပြီး...ကျိုးရှိတတ်တယ် သမီး"

စောင့်ပါတဲ့လား။ ဘယ်လောက်အထိ စောင့်ရမှာလဲ။ ငယ်...ဘယ်ဆိုတဲ့ အသိနဲ့ 'တေး' ရဲ့စိတ်အစုံကို အဘယ်မျှ ချွန်းအုပ်...ချုပ်ခဲ့ရပါသလဲ။ အလုပ်မဝင်ခင်ကဖြင့် မကြာခဏ တွေ့ခွင့်ရခဲ့...ယ့် ကုမ္ပဏီကို ကျွန်မ စဝင်ကတည်းက မျက်နှာချင်းမဆိုင်...လောက် ဖြစ်ခဲ့ရတာလေ။ တွေ့ဖြစ်ရင်လည်း ကတောက်ကဆဖြစ်...ပြန်ခဲ့ရတာ ဘယ်နှကြိမ်ခန့် ရှိနေပါပြီလဲ။

ချစ်ခြင်းရဲ့အခြားတစ်ဖက်မှာရှိတာက ရင်မောခြင်းများလား...ကျော့။

"တေးကို ဘာအကြံမှ မပေးနိုင်ဘူးလား။ အိမ်မှာပြောတိုင်း လည်း မာမီက တေးအလွန်ပဲပြောနေတော့ ဘယ်သူ့ကို အားကိုးပြ... ဘာအကြံမျိုး ရပါတော့မလဲ"

"အဲဒါကိုပဲပြောနေတာ"

"ဘာကိုလဲ"

"သမီးမံရင့်ကျက် မတည်ငြိမ်သေးတာကို ပြောတာလေ"

"ဟင်!"

"အလုပ်ဝင်နေပြီ မဟုတ်လား။ ဘာမဆို လူကြီးလိုတွေး... စဉ်းစားတွေးခေါ်အောင် လေ့ကျင့်ယူပါလား sweety ။ ကလေး... မတည်မငြိမ်နဲ့ စိတ်မြန်လက်မြန်နဲ့ ဆုံးဖြတ်တတ်တဲ့ အပြောင်းအလ... မြန်တဲ့ ကလေးစိတ်ကို ဖျောက်သင့်နေပြီ။ ဒက်ဒီ့သမီး တေးပန်းချီ... ရင့်ကျက်တတ်ပါစေတော့လား"

ဘုရားရေ! ရင့်ကျက်တတ်ပါစေတဲ့။ ကျွန်မ တကယ်ပဲ စိတ်... ပြီး မတည်ငြိမ်သလို ဖြစ်နေတုန်းပဲလား။ ဟင့်အင်း၊ 'ကျော့' အပေါ် မှာ ကလေးစိတ်မျိုးနဲ့ ပြုံယိုင်လဲပြီး ပုံပေးခဲ့တာမျိုး မဟုတ်ရပါ... တကယ့်ကို စစ်မှန်တဲ့ ရင်ခုန်ခြင်းမျိုးနဲ့ ချစ်တတ်ခဲ့တာမျိုးပါ။ နှလုံး သားလေးတစ်ခုလုံး ပြုတ်ကျကြွေလုမတတ် ချစ်မြတ်နိုး တန်ဖိုးထား... တာပါလေ။ ဒါကို ဘယ်သူမှ မသိမမြင်ကြပါလား။





"ဒီထက်ပိုပြီး အဆင်ပြေစေချင်လို့ပါ"

"အဲဒါ သမီးဘက်က လုပ်ပေးရမှာလေ"

"တေးက ဘာကို"

"သူက ကိုယ့်ဆီမလာနိုင်ရင် သမီးက သူ့ဆီသွားရမှာပေါ့။ ...နဲ့တွဲနေရုံနဲ့ ဘဝနှစ်ခုက နီးမသွားဘူး သမီး။ နှစ်ယောက်တည်းနဲ့ ...တစ်ခု မတည်ဆောက်နိုင်ဘူး။ သူ့မိဘကို ကိုယ့်မိဘလို သဘော ...ပြီး ချဉ်းကပ်ပါ၊ ရိုကျိုးပါ၊ အလေးထားပါ sweety ။ အခုပြောင်း ...တဲ့အိမ်ကို ဘယ်နှစ်ခါ ရောက်ပြီးပြီလဲ။ မသဇင် မကျန်းမာဖြစ်တာ သမီး ဘယ်နှကြိမ်သွားကြည့်ပေးဖူးလဲ"

"တေးက ဆရာဝန်မှ မဟုတ်တာ"

"ကျစ်! ခေါင်းမာလိုက်တာ"

"ဒက်ဒီ"

"သူ့မိသားစုထဲကနေ နေမျိုးကျော်ဇင်ကို ဆွဲခေါ်ထုတ်လာလို့ ...။ sweety သူ့မိသားစုထဲကိုမှ သမီးက တစ်ဦးတစ်ယောက်အဖြစ် ...သင့်အောင် ကြိုးစားယူရမှာ။ ချွေးမနေရာကိုမယူတတ်ဘဲနဲ့တော့ ...ကွမတွေရဲ့ ချစ်ခြင်း လက်သင့်ခံခြင်းကို မမျှော်လင့်နေနဲ့တော့ ...ပန်းချီ။ Think about! Try your self!"

ဒါပဲလား၊ ဆွေးနွေးတိုင်းပင်ခြင်း၏ အဆုံးသတ်က ကျွန်မ

ဘက်ကသာ သူရှိရာဆီကို အရဲကိုးပြီး လျှောက်ရမှာတဲ့လေ။ လော
ကြီး မတရားသဖြင့် ဆုံးဖြတ်ပေးလေသလား။ သူကမ်းပေးမှသာ
သူ့လက်ကို ကျွန်မက ဖမ်းဆုပ်ထားရမှာပါ။ သူဖွင့်ပေးမှသာ သူ့ရင်
ထဲ ဝင်ခွင့်ကို ကျွန်မရရှိမှာလေ။ သူ ခေါင်းညိတ်ပြမှသာ သူ့ချစ်ခြင်း
ကျွန်မ အပိုင်သိမ်းပိုက်ထားနိုင်မှာပါ။

'ကျော်'။ 'တေးပန်းချီ' ရဲ့နှလုံးသားနှင့် ချစ်ခြင်းတွယ်တာ
မြတ်နိုးခြင်း၊ သံယောဇဉ်ကြီးတစ်ဆုံးကို ကြင်နာခြင်းတို့ဖြင့် မြင်
လှည့်ပါလား။

❋





## အခန်း (၁၄)

မှန်တံခါးကို တွန်းဖွင့်ဝင်လိုက်ပါ၏။ ဆိုင်ရှေ့ခန်းမှ ရှိမနေ
ဖြင့် နောက်ဘက်ရောက်နေပြီမှန်း သိလိုက်ပါသည်။ ဆိုင်နောက်
က်သို့ ဆက်လှမ်းခဲ့စဉ် ကျောပေး၍ အလုပ်ရှုပ်နေသည့် 'သော့်'
မြင်လိုက်ရပါ၏။ ဆိုင်ထဲ လူရောက်လာတာကိုမှ သတိမထားမိတဲ့
ုပ်ထဲ စိတ်နှစ်ထားရပါသလား 'သော်တာမြင့်မိုရ်'။

"သော်"

ဖျတ်ခနဲ လှည့်ကြည့်လိုက်သည့်အကြည့်မှာ အံ့သြဟန် လုံးဝ
ဘာလဲ ဒီအချိန် ညနေစောင်းရောက်လာတာတောင်မှ သူ့ကို
န်းတသာ မကြိုဆိုဘူးလား။ မျက်နှာက အတော်တည်နေသလို
လက်စ မြေပန်းအိုးကြီးကို 'မ' ယူသယ်လိုက်လေ၏။ ဒီခါးသေး

သေးလေးတော့ မနိုင်မနင်း အလေးအပင်တွေ 'မ' ပြီး နာကျင်တော့မှာပါပဲ။

"အထဲသယ်မလို့လား၊ ငါသယ်ပေးမယ်"

"မဟုတ်ဘူး၊ နေပါစေ ရတယ်"

"ပေးပါ"

"ကျစ်! ရပါတယ်ဆိုမှ ဖယ်ပါ"

"ငါသယ်ပေး ဟာ!"

"အ!"

"သော်!"

နှစ်ယောက်လုသယ်ရင်းမှ အိုးက မြေပေါ်သို့ ခွပ်ခနဲ ကျသွားလေတော့၏။ အရွက်ဖားဖားလုလု ပန်းပင်က ဘာမှမဖြစ်။ မြေညြဖာတွေနှင့် ပန်းအိုးကဖြင့် တစ်စစီ ပျံ့ကြဲကုန်လေသည်။ စိတ်ဆိုးသွားပြီး အော်မည်ဟု ထင်ထားပေမယ့် မအော်ပါဘဲ ရေဘုံပိုင်ဆီသို့သာ သွက်သွက်လျှောက်သွားလေသည်။ 'သော့' နောက်သို့ လိုက်သွားရလာလေ၏။

"ဟာ! ထိသွားလား"

ခါတိုင်း walking shoe, sport shoe ဝတ်လေ့ရှိသည့် 'သော်' က ဒီနေ့မှ ခြေညှပ်ဖိနပ်အပါးလေးသာ စီးထားပြီး ခြေခုံထက်





သွေးတို့က ရဲရဲနီနေသဖြင့် သူ မျက်လုံးပြူးသွားရလေသည်။ သူတော့ သူယယ်ချင်းလေးကို နာကျင်ခြင်းနှင့်အတူ သွေးထွက်သံယို ဖြစ်စေလေပြီလား။

"သော်"

"ရတယ် ဘာမှမဖြစ်ဘူး"

"ဘာလို့မဖြစ်ရမှာလဲ၊ ဒီလောက်သွေးထွက်နေတာ။ ဆေးခန်းသွားရအောင်"

"ခဏနေ တိတ်သွားလိမ့်မယ်။ ငါ့အလုပ် မပြီးသေးဘူး"

"ကျစ်! မင်းအလုပ်က ဘယ်နှပြားရမှာမို့လို့လဲ။ လူကမှ အရေးကြီးတာကို"

"ငါ့အလုပ် ငါပဲသိတယ်"

"သော်!"

"တောက်! အလကားနေ လူကို လာအော်မနေနဲ့။ ငါ နင့်အလုပ်သမား မဟုတ်ဘူး"

"ဘာ!"

"ဖယ်"

သူ့ကိုတွန်းဖယ်၍ ပန်းပင်ရှိရာဆီသို့ ပြန်သွား၍ ယူနေတာ စိတ်ကို ပိုတိုလာရလေ၏။ မအော်နဲ့တဲ့။ 'ရဲရင့်မြတ်သွေး' ဆိုတာ

စိတ်တို စိတ်ဆတ်သည့်အကျင့်ရှိမှန်း နှစ်ပေါင်းများစွာကတည်းက သိထားခဲ့ပါလျက် အခုမှ ဘာများအဆန်းလုပ်နေပြီး ပြောရပါသလဲ။ နောက်ထပ် ပန်းအိုးထဲ ပြန်စိုက်ရန် ထိုင်ချလိုက်ပါသည့် 'သော်' ကို ကျောဘက်မှရော ဒူးကြားအောက်ဘက်မှပါ လက်ထိုးသွင်း၍ ချီလိုက်ပါ၏။ ခပ်ပါးပါးခန္ဓာကိုယ်လေးက ဇွေ့ခနဲ ပါလာလေသည်။

"ဟာ! နင် ဘာလုပ်တာလဲ"

"ဆေးခန်းသွားမယ်"

"မသွားဘူး။ ဒီလောက်ဖြစ်ရုံလေးနဲ့ သေသွားမှာမှ မဟုတ်တာ၊ လွှတ်စမ်းပါ"

"နင်မသေပေမယ့် ငါသေတော့မယ် သော်တာမြင့်မိုရ်၊ ငြိမ်ငြိမ်လိုက်ခဲ့စမ်းပါ"

"ဟင်!"

ဆိုင်နောက်တံခါးကို ကိုယ်နှင့်တိုက်ဖွင့်ဝင်ခဲ့သလို ရှေ့တံခါးကိုပါ ဆွဲဖွင့်၍ ထွက်လိုက်လေ၏။ ကားတံခါးကိုပါ ခက်ခက်ခဲခဲဖွင့်၍ ရှေ့ခုံမှာပင် 'သော့်' ကို သူတင်ကာ ထိုင်စေလိုက်ပါသည်။ အန္တရာယ်ကင်းစေရန်အတွက် ခါးသိုင်းကြိုးကို ကျောဘက်မှ ဆွဲယူလျက် ပတ်ပေးလိုက်ပါ၏။ ပြီးနောက် ကားကို မောင်းထွက်လိုက်သဖြင့် ဆိုင်ကို 'သော်' လှည့်ကြည့်လိုက်မိလေသည်။





"နင့်ပန်းအိုးတွေ ဘယ်သူမှ အလေးမပြ အလစ်သုတ်မသွားဘူး"

"နင်နော်"

"ငါ ရန်မဖြစ်ချင်ဘူးနော်။ တစ်နေ့လုံးတင်းနေတာ"

"ငါက နင်စိတ်တင်းသမျှ လာဖြေလို့ရတဲ့ ကစားကွင်းမှ မဟုတ်တာ"

"သော်နော်၊ နင် ဘာဖြစ်နေလဲ"

"ငါက ဘာမှမဖြစ်ဘူး။ နင်သာ ဖြစ်နေတာ။ ပြဿနာ မီးခွက်ထွန်းမရှာနဲ့ ရဲရင့်မြတ်သွေး။ ငါ့ဘာသာ အေးဆေးနေနေတာ"

"ငါ့နာမည်ကို အရှည်ခေါ်စရာမလိုဘူး၊ သော်နော်"

"ဘာဖြစ်လဲ၊ နင်တောင်မှ ခေါ်သေးတာပဲ။ ငါက အခွင့်မရှိရအောင်"

"သော်!"

"ဘာလဲ!"

"ဟာကွာ! တောက်!"

သူအော်သလိုပင် အရှုံးမခံဘဲ ပြန်အော်လိုက်သဖြင့် ကားမောင်းသည့်ခွေကို လက်ဝါးဖြင့် သုံးလေးချက် ရိုက်လိုက်မိ၏။ ဘယ်လိုလဲ၊ ဒေါသဖြစ်နေပါသည့် သူ့ကို စိတ်မပြေစေဘဲ ရန်စောင်ပြနေတာ

က ဘာသဘောလဲ 'သော်'။ တကယ်ဆို တစ်နေကုန် phone တဂွမ်ဂွမ်ခေါ်နေတာ၊ message အစောင်စောင်ပို့နေတာက သူ ဘာအကြောင်းကြားစာမှ ပြန်မပြော phone ပြန်မဖြေပါဘဲ နေနိုင်သည့် သူက 'သော်' ပါလေ။ ဒါကို အပြစ်ရှိအောင် ပုံချချင်နေ သလား။

"ငါ တစ်နေကုန် phone ခေါ်နေတာ ဘာလို့ ပြန်မဆက်သွယ်လဲ"

"သိမှ မသိတာ"

"ဘာ!"

"Phone ပျက်လို့ ဆိုင်ပို့ထားတယ်လေ၊ ဘယ်သိမှာလဲ"

"အဲဒါ စောစောကတည်းကပြောပါလား။ ဘယ်တုန်းကတည်းက ပျက်နေတာလဲ"

"မိုးမိတဲ့နေ့ကတည်းကကွာ။ ရေဝင်ပြီး ဂန့်သွားတာ။ သိပြီလား။ အစစအရာရာ ပြောနေရအောင် ငါက"

သူ ဆတ်ခနဲလှည့်ကြည့်လိုက်စဉ် 'သော်' က စကား ဆက်မပြောပါဘဲ မျက်နှာလွှဲသွားလေ၏။ ကြည့်စမ်း! ဒါကဘာလဲ 'သော်' ပုံစံက သူ့ကို ဂရုမစိုက်ချင်သည့်နှယ်ပါလေ။ ဘယ်လိုလဲ ဘောအိမ်မှာ ဟိုလူမိသားစုရောက်လာတာနှင့် သူ့ကို အရာမသွင်းသည့်





နှယ် ပယ်ထားချင်ပြီလား။ 'ရဲရင့်ဖြတ်သွေး' ဆိုဟာ့ကောင်ကို အလကားကောင်လို့ မြင်နေပြီလား 'သော်'။

"ဘာလဲ ဆက်ပြောလေ"

"-----"

"သော်"

"မပြောချင်လို့ ပါးစပ်ပိတ်ထားတာ"

"ငါက နင့်အတွက် ဘာမှ မဟုတ်ဘူးလား။ လူရာတောင် မသွင်းချင်တဲ့သဘောလား သော်"

ဖျတ်ခနဲ လှည့်ကြည့်လိုက်ပါသည့် မျက်ဝန်းနက်တို့ထဲမှာ အရိပ်တစ်ခု ဖြတ်သွားလေ၏။ တကယ့်ကို ခဏလေးပါ။ နှုတ်ခမ်းထက်မှာ ပြုံးရုံလေးမဲ့ပြလိုက်သလို ချက်ချင်းပျောက်ကွယ်သွားလေသည်။ ဘာများလဲ၊ ဘာကိုများ နာကျင်နေရပါသလဲ။ မင်း ဘာတွေများ ဖုံးကွယ်သိုဝှက်ထားပါသလဲ 'သော်'။

သူ့ကို တစ်ချက်မှပြန်မကြည့်တော့ဘဲ ပြတင်းပေါက်ဘက်သို့ လှည့်ထားတာကြောင့် မျက်နှာကိုမတွေ့ရပါဘဲ လည်တိုင်သွယ်သွယ်ကိုသာ မြင်ရလေ၏။ ရန်မဖြစ်ချင်လို့ နှုတ်ဆိတ်နေသဖြင့် သူ ဘာမှ ဆက်မပြောနိုင်တော့ပါလေ။ ကားကို ဆေးခန်းရှေ့မှာသာထိုးရပ်လိုက်ပါ၏။ ကားတံခါးကို ဖွင့်လိုက်စဉ် ခါးပတ် (ခါးသိုင်းကြိုး) ဖြုတ်ပြီး

သောက်ဆေးရေးပေးလိုက်မယ်၊ ဆေးထိုးချင်လား"

"ဟင့်အင်း"

"လိုရင်တော့ ထိုးရမှာနော်။ ခြေထောက်နာတာတောင် သည်းခံပြီး အပ်တော့ကြောက်ရလား။ ခလုတ်တိုက်တာ မဟုတ်ရင် ဘယ်လိုဖြစ်ရတာလဲ"

"ပန်းအိုး 'မ' ရင်း ကျကွဲတာ"

"အလေးအပင်ဆိုတာ ယောကျ်ားလေးတွေလုပ်ရတာလေ။ ဘယ့်နှယ် အငယ်က လုပ်ရတာလဲ"

"သော်က ပန်းပင်ပျိုးရောင်းတာပါ ဒေါက်တာ"

"ကိုကိုက ဘာလုပ်တာလဲ"

"ကျွန်တော်က ကော်ဖီဆိုင်ဖွင့်တာပါ"

"မဖြစ်ဘူး။ အလုပ်ချင်း change လိုက်လေ၊ Ok သွားအောင်"

"အဲဒါတော့မရဘူး။ ဆိုင်မှာက ယောကျ်ားလေးတွေပဲရှိတာ။ ပြီးတော့ ကျွန်တော်နဲ့သော်က မောင်နှမ မဟုတ်ပါဘူး ဒေါက်တာ"

"ဒေါက်တာက မောင်နှမလို့ပြောမိလို့လား။ ကောင်တာမှာ ဆေးယူပြီး ငွေရှင်းလိုက်ပါ သမီးလေး"

"ရလား၊ လမ်းလျှောက်လို့ပို့မလား"





"ချီချင်ရင်လည်း ချီလိုက်ပါ ချာတိတ်ရယ်။ စနိုးရေ ကောင်တာမှာ ဆေးသွားယူလိုက်ပြီးရင် voucher ပါယူလိုက်ပါ။ ဘယ်လောက်ကျလဲဆိုတာ ချာတိတ်ကိုပြောလိုက်လေနော်"

"ရပါတယ်၊ ကျွန်တော်ပဲ"

"သူသိပ်ပြီး စိတ်ပူနေတယ် မဟုတ်လား။ အချိန်လိုက်ပါသိမ်းရယ်။ ဒါမှ အိမ်မြန်မြန်ရောက်မှာ"

ပြဿနာပါပဲ။ သူနာပြုဆရာမက ဆေးကုခန်းမှ အရင်ဆုံးထွက်သွားလေ၏။ 'သော်' က အောက်နှုတ်ခမ်းကို သွားဖြင့် အသာကိုက်ထားရင်း သူ့ကို မျက်စောင်းထိုးလိုက်ပါသည်။ မတတ်နိုင်ပါ။ 'သော့' ကိုချီရမှာက အဓိကပါပဲ။ ခုတင်မှာ ထိုင်နေပါသည့် 'သော်' ကို သူက ပွေ့ချီလိုက်ပါ၏။ ရန်ဖြစ်ချင်လည်း နောက်မှဆက်ဖြစ်ကြတာပေါ့နော်။

"နင်နော်"

"မရုန်းနဲ့လေ"

"ကျစ်!"

"ရန်တွေ့ချင်လည်း နောက်မှတွေ့။ အခု အိမ်ပြန်ကြမယ်"

"ဘာလို့ပြန်ရမှာလဲ၊ ဆိုင်မှာ"

"ဆိုင်ပိတ်ပေးမယ်။ ဒီခြေထောက်အနာနဲ့ ဘာဆက်လုပ်လို့

ရမှာလဲ။ လောဘမကြီးချင်နဲ့ သော်''

''အောင်မာ၊ ဒီကိစ္စတွေဖြစ်တာ နင့်ကြောင့်ဆိုနေမှပဲ၊ ကဲ!''

''ဘုတ်!''

''ဟယ် ကျီစားတာကလည်း ကြမ်းလိုက်တာ။ ဘယ်လိုမိန်းကလေးလဲ''

ဆေးခန်းထဲက အထွက်မှာ သူ့ရင်ဘတ်ကို ထုလိုက်ပါသည် 'သော့်' ကြောင့် ဆေးလာကုသည့် လူနာတွေက မြင်ကုန်ပြီး တီးတိုးပြောကြလေပြီ။ ကားပေါ်မှာ အရင်ထိုင်စေပြီးမှ ဆေးခန်းထဲ တစ်ခေါက်ပြန်ဝင်လျက် ဆေးကောင်တာမှာ ဆေးယူလျက် ငွေရှင်းလိုက်ရပါသည်။ မမှောင်ခင် မြန်မြန်ပြန်မှပါပဲ။ မဟုတ်ဘာ ပိုကြာနေရင် 'မေသက်' က စိတ်ပူတော့မှာလေ။ လောလောဆယ်မှာ ရင်အပူဆုံးက သူဖြစ်နေတာ အမှန်ပါ။

Phone ပျက်နေတာ၊ အဆက်အသွယ်မလုပ်တာ။ သူ့ကို မကျေမနပ်ဖြင့် စကားမပြောချင်သလို စိမ်းကားပြနေတာက ဘာအကြောင်းကြောင့်ပါလဲ 'သော်'။ ငါ့ရင်ထဲ မီးလိုပူနေပြီ 'သော်တာမြင့်မိုရ်' ရယ်။

❊





## အခန်း (၁၅)

''ဒါဆို ရပြီလား''

''ရေပန်းကရားနဲ့ ရေလောင်းပေးဦး''

''နည်းနည်းပဲလား''

''အင်း''

ကိုယ့်အပြစ်နှင့်ကိုယ်မို့ 'သော့်' ကို ဂရုဂရောင် ပြန်မပြောရဲပါဘဲ လက်ညှိုးညွှန်နိုင်းသမျှ သူလုပ်ပေးနေပါ၏။ ဘယ်လိုရှေ့ဆက်သွားရပါ့မလဲ။ ငယ်သူငယ်ချင်းမို့ စိတ်တူကိုယ်တူ တွဲခဲ့တာက အနှစ်နှစ်ဆယ်ကျော်ကြာခဲ့တာပါ။ ဒီလောက်ကြာခဲ့တာတောင်မှ သူစိမ်းသူ့ရန်ကိုစွန့်ပစ်သက်ပြီး နှစ်ယောက်သား စကားများရတာ ဖြစ်သင့်ပါရဲ့လား။ မပြောဖြစ်အောင် မျိုသိပ်ထားတာထက်စာလျှင် ပွင့်လင်းစွာ

ပြောဖြစ်တာကမှ စိတ်သက်သာရဦးမှာလေ။

"တော်ပြီ၊ ရပြီ မြေကြီးစိုရုံပဲ"

ပန်းအိုးကို နေရောင်ရသည့် ပိတ်စိမ်းဆန်ကာအမိုးအောက်မှာ ထားပြီးပြီမို့ အတော်ပါပဲ။ ဆေးခန်းမသွားရင် ကွဲသွားပါသည့်ပန်းအိုးကို အသစ်ပြန်ထည့်စိုက်လိုက်ရတာပါ။ သန့်အောင်ထားရပါသည့် ဂမုန်းအိုးကိုမှ သွေးထွက်သံယိုကိစ္စ ဖြစ်ရတာယ်လို့၊ နင်နဲ့ငါက ဘယ်လိုဖြစ်ပြီး အခုမှ မတည့်ရတာလဲ 'ရဲ' ရယ်။

"ရပြီနော်"

"လက်ဆေးဦးလေ"

"အင်းပါ"

သူက ဘုံပိုင်ဖွင့်၍ လက်ဆေးပြီး ဆပ်ပြာရည်ဖြင့် သန့်စင်အောင် ဆေးလိုက်လေသည်။ ဆိုင်ထဲရှိ ဆုံလည်ခုံ (ရွှေ့လို့ရသည့်ခုံ) ကို နေရာရွှေ့ရင်း Towel အလတ်လှန်းထားတာကိုယူ၍ ဆိုင်အနောက်ပေါက်မှ စောင့်နေရပါ၏။ ပြောသင့်သလား မပြောသင့်ဘူးလား။ 'သော်' မဆုံးဖြတ်နိုင်ပါ။ သေချာတာကဖြင့် 'သော့' အပေါ် သူက မတရားတာ အထင်တရပါပဲ။

"ရော့"

"ခြေထောက်အနာပျောက်မှပဲ ဆိုင်ပြန်ဖွင့်တော့၊ မလျှောက်လေ။ ငါချိုပါမယ်ဆိုမှ"



"ငါ ဒုက္ခိတ မဟုတ်ဘူး"

"ကြည့်! သော်နော်"

"မြန်မြန်ထွက်စမ်းပါ၊ ငါ သော့ခတ်ရဦးမယ်"

ခြေကို တစ်ဖက်ဖွနင်း၍ လျှောက်ပြီး နောက်ဖေးတံခါးလန့်ကို အရင်ပိတ်လိုက်ပါ၏၊ ဆိုင်ခန်းထဲမှ မီးခလုတ်ဖွင့်ထားတာကိုကုန်ပိတ်ပြီးမှ ဆိုင်ပြင်ထွက်ကာ တံခါးကို စေ့ပိတ်လိုက်ပါသည်။ တံခါးပေါက်သော့က အပေါ်တစ်ခု အောက်တစ်ခု တပ်ရသည့်ပြင် မှန်တံခါးနှင့် အတွင်းသံဆန်ကာတံခါးနှစ်ခုမို့ အတွင်းဘက်ကသနာမရှိပါ။ အပြင်မှန်တံခါးကို ပိတ်စဉ် ခြေဖျားထောက်ရတော့လေ။

"ပေး ငါ ခတ်ပေးမယ်"

လက်လှမ်းမမီသည့် သော့ပေါက်ကို ထိုးနေစဉ် သူက သော့' လက်ခုံကို လာကိုင်သလို သော့တွဲကိုပါ လုယူလိုက်လေ၏။ ကျောဘက်မှ လာဖိသလိုဖြစ်သွားသည့် ကိုယ်ဟန်ကြောင့် လူက ကျုံ့ကျုံ့လေးဖြစ်သွားရပါသည်။ ခါတိုင်းလိုမဟုတ်ပါပဲ ဒီနောက်ပိုင်း နှင့် 'သော်' က ဘယ်လိုဖြစ်ပြီး အခုလို လက်ပွန်းတတီး ကိုယ်နှင့် မကြာခဏ နီးကပ်လာရပါသလဲ။


ရွှေပဒေသာစာပေ

"ဒါက အောက်သော့လား"

"အင်း"

အောက်ကို ငုံ့၍ ဆောင့်ကြောင့်ထိုင်လိုက်တာမို့ ဘေးကို ရွှေ့ရန် ပြင်မိစဉ် သူက 'သော့' လက်ကို ဆွဲကိုင်ထားလိုက်ပါသည်။ လဲပြိုဟုများ ထင်လိုက်လေသလား။ ညာလက်ဖြင့် သော့ခတ်တာကို အပြီးသတ်လုပ်ပြီးမှသာ သော့တွဲကို ပြန်ပေးလေသည်။ ကားရှိရာသို့ လျှောက်တော့လည်း လက်မောင်းကို ထိန်းကိုင်ပေးလျက် တွဲခေါ် ပေး ပြန်လေ၏။ ခုမှလာပြီး ကပ်နေရပါသလဲ။

မခေါ်ခြင်လည်းရပါတယ်၊ ချစ်သူရှာလည်းဖြစ်ပါတယ်။ 'ရဲ' နဲ့ 'သော်' ကြားမှာက အဖြူရောင်ဇာပါးပါးလေးသာ ခြားထားတာကို စွမရှိပါ။ "ငါ့မှာချစ်သူရှိနေပြီ" ဟု ပေါ့ပေါ့လေးပြောရုံနဲ့ 'သော်'က congratulation! ဆိုပြီး ပါးပါးလေးအပြုံးနှင့် ဂုဏ်ပြုပေးနိုင်တာပ လေ။

"သော်"

"------"

"သော်"

"အင်း"

"စိတ်ဆိုးနေတာလား၊ အရမ်းနာနေတုန်းပဲလား"





ပြန်မဖြေမိပါ။ ပြင်ပနာကျင်မှုဆိုတာမျိုးက ဆေးလိမ်း ဆေး ...ည့်ရုံဖြင့် လွယ်လင့်တကူ ပျောက်ကင်းနိုင်တာမျိုးပါ 'ရဲ' ရယ်။ သော့်' ရင်ထဲကိုတော့ နာကျင်အောင်မလုပ်ချင်ါနဲ့။ သူ့ထက်ပိုခင် ...ယ့်လူကိုတော့ ရှေ့ကနေ ကာဆီးပိတ်ပင်ပြီး ကဖျက်ယဖျက်လုပ်နေ ...ာက ဘာအချိုးလဲ။ သူကဖြင့် 'သော့်' ကွယ်ရာမှာ 'သော်'မဟုတ် ...ည့် လုတပတ မိန်းကလေးနှင့် ထမင်းခွံ့ကျွေးပြီးပျော်ပြနေတာလေ။ ...ဖြင့် သူ့ကိုရော 'သော်' အူတိုခွင့်မရှိဘူးလား။ ပိတ်ပင်တားဆီး ...န်တွေ့ခွင့်မရဘူးလား 'ရဲရင့်မြတ်သွေး' ရယ်။

"ငါ ဘာပြန်လုပ်ပေးမှ နင် ကျေနပ်နိုင်မှာလဲ သော်"

"မလိုပါဘူး"

"အဲဒီလို မျက်နှာတည်ကြီး မလုပ်နေနဲ့လေ၊ ငါမနေတတ် ...ဘူး"

"ဒီလိုမနေလို့ ဘယ်လိုနေရမှာလဲ။ ခြေထောက်နာနေလျက် ... ထကနေရမှာလား။ ကြည့်လည်းပြောဦး"

"သော်နော်၊ စကားကောင်းပြောရင်း ဖောက်လာပြန်ပြီ"

"အိမ်ကိုသာ မြန်မြန်မောင်းစမ်းပါဟာ၊ ငါနားချင်နေပြီ"

လမ်းထိပ်နားမရောက်ခင်မှာပင် ကားက တုံ့ခနဲ ရပ်သွားလေ ...။ ကားအသစ်ကြီးမို့ ပျက်စရာမရှိပါ။ သူ တမင်ရပ်လိုက်ခြင်းပါ။

အမြန်ရောက်ချင်ပါသည်ဆိုသည့် 'သော်' ကို ပိုပြီး ရွံ့ပြန်ပါရောလား 'ရဲ' ရယ်။ ဘယ်တော့မဆို အနိုင်မရမချင်း မကျေမချမ်းဖြစ်တဲ့ အကျင့် က ဘယ်တော့မှ ပျောက်ပါ့မလဲ။

"အိမ်အမြန်ပြန်ချင်တာ အဓိကလား။ ဟိုတစ်ယောက်နဲ့ တွေ့ချင်တာက အဓိကလား"

"ကြည့်! ပြောပြန်ပြီ။ နင်ပြဿနာရှာတာ မပြီးသေးဘူး လား"

"သော်နော်၊ မေးရင်ဖြေမှပေါ့"

"အေး ဟုတ်တယ်ဟာ၊ ပြေးပြီးတွေ့ချင်နေတာ ဖျတ်ဖျတ် လူးပဲ၊ အစ်ကို့ကို ခြေထောက်အနာပြပြီး ငိုပြီးပြောပြ ချွဲနွဲ့ပြလိုက်ချင် တာ သေမတတ်ပဲ"

"ဘာ! မိသော်!"

"ငါ့ကိုမအော်နဲ့!"

"အော်မှာပဲ၊ မဟုတ်တာကို အရွဲ့မတိုက်ချင်နဲ့ မိသော်"

"ဘာမဟုတ်တာလဲ။ ဟုတ်တာကိုပဲ ပြောနေတာ။ လူဆိုတာ သူ့ဘက် ကိုယ့်ဘက် ကြည့်ပြီးမှ ပြောရတယ်ရဲရင့်။ ငါ့ကိုတော့ ဟိုလိုမလုပ်နဲ့၊ ဒီလိုမနေနဲ့၊ ဒီလူနဲ့မပေါင်းနဲ့ပြောရအောင် နင်က ဒါ အတွက် ဘာမို့လို့လဲ"





"ဟင်!"

"ငါမဟုတ်တာလုပ်ရင် မမှန်ရင် ငါ့မိဘ ဆိုဆုံးမလိမ့်မယ်။ နင်ပြောစရာ ဘာမှမလိုဘူး"

"နင် ဘာမှ မသိဘူးနော် မိသော်"

"ဘာမှမသိရအောင် ငါက ကလေးလား။ မူလတန်းအရွယ် မဟုတ်တော့ဘူး ရဲရင့်မြတ်သွေးရဲ့။ ငါ့အသက် (၂၀) ကျော်နေပြီ"

"သိတယ် သိတယ်၊ အရွယ်ရောက်ကြောင်း မကြော်ငြာနေနဲ့"

"သိရင်ပြီးရော၊ ပါးစပ်ပိတ်ထား"

"မပိတ်နိုင်ဘူး"

"ရဲရင့်နော် နင်"

ကြည့်စမ်း! ကလေးမဟုတ်တော့ဘူးတဲ့၊ အသိပေးနေတာက သူတစ်ယောက်တည်းကို ဟုတ်ပါ့မလား။ ဒီအရွယ်ရောက်နေပြီဖြစ်တဲ့ မိန်းကလေးတစ်ယောက်ရဲ့ နဂိုနေ ပင်ကိုအလှတရားတို့ကို အနီးဆုံး ကိုရောက်လာပါသည့် ဟိုလူက မမြင်ဘဲနေမည်မဟုတ်ပါ။ ဒင်းတို့ သုံးနေ ပြောနေကျ attraction ဖြစ်သည့် beauty ဆိုတာ အချိန်မရွေး danger ဖြစ်သွားနိုင်တာကိုဖြင့် မသိကြတာလေ။

ခက်ပြီကော 'သော်' ရယ်။

"အဲဒီလူအကြောင်း နင် ဘာများသိလို့လဲ"

"အို! သိဖို့မလိုပါဘူး။ ဒီတိုင်း အိမ်နီးချင်းရင်းနှီးတဲ့ အစ်ကို ဆို ပြီးတာပဲ"

"ဘာရယ်"

"သူနဲ့ငါ စကားပြောတာ လူကြီးတွေ ရှေ့မှာတွေ့တာ ပြော တာပါ။ ဘာမှ မဖွယ်မရာမရှိဘူး။ လူမြင်ကွင်းမှာ အကြင်နာတစ်ပိုသာ နဲ့ ထမင်းခွံ့ကျွေးတာထက်တော့ ပိုသိက္ခာရှိတယ်"

"ဘာ!"

ကဲ! ပြောချလိုက်ပြီ။ မှတ်ပြီလား 'ရဲရင့်'။ 'သော်' မသိအော နင်လည်း ဘာမှလုပ်လို့မရဘူး။ အရင်ကလို နင်ပြောသမျှ မျက်လုံး လေးပိုင်းပြီး ခေါင်းညိတ်နားထောင်တတ်တဲ့ မူလတန်းအရွယ် မဟုတ် တော့တာကို နင်သိပါစေ။ သူက 'သော်' ဤသို့ပြောမည်ဟု မထင် ထားတာမို့ အတော်ကြီးကို အံ့ဩမင်သက်သွားလေ၏။

"နင် နင် ဘယ်တုန်းက"

"ဆိုင်ကိုလာသမျှ customer တိုင်းကို ဒီလို serve ပေး မကြားဖူးပါဘူး။ ငါလည်း စဉ်းစားထားရမယ်။ ပန်းတစ်အိုးဝယ်တိုင်း ပန်းတစ်ခိုင်လာဝယ်တိုင်း ဘယ်လိုဝန်ဆောင်မှုမျိုး ပေးရင် ကော မလဲဆိုတာ"





"မိသော်!"

"ကြည့်! အော်ပြန်ပြီ"

"အော်မှာပေါ့၊ နင်ထင်တာ တလွဲကြီးကိုး"

"ထင်တာ မဟုတ်ဘူး။ မြင်တာ၊ မြင်တာ။ ဟောဒီပြူးနေတဲ့ ကျက်လုံးနှစ်လုံးနဲ့ မြင်ခဲ့တာ။ ဝမ်းသာပီတိ ဂွမ်းဆီထိနေတဲ့ နင့်အပြုံး ဟာဖော့သီသီကို။ တောက်! ပြောရင်း ဒေါသထွက်လာပြီ"

"ငါတို့က ရိုးရိုးသားသားကွ"

"အေးလေ၊ ဒါဆို ငါလည်း အစ်ကိုနဲ့ မရိုးသားလို့လား။ ကိုယ့်မျက်ချေးလည်း ကိုယ်ပြန်မြင်တတ်ဦးမှပေါ့"

"မိသော်"

"ဘာလဲ"

"သူ့မှာ ရည်းစားရှိတယ်ကွ"

"အဲဒါ ငါက ဘာလုပ်နေလို့လဲ။ လိုက်ကြိုက်ပြီး ပိုးပန်းနေ ဘာများတွေ့လို့လား"

"နင်နော် ကျစ်!"

"ဘာလဲ၊ ထုချင် ရိုက်ချင်သေးလို့လား။ ဗလအားကိုးရင် တော့ ငါလည်း သွားအားကိုးပြီး အားကုန်ပြန်ကိုက်ပစ်မှာ။ မလုပ်ဘူး ထင်နဲ့ ရဲရင့်ရဲ့"

အလိုလေး! စိတ်ကြီးပြနေလိုက်တာနော်။ သူ၏ မြို့စိမ် ဆံ အေးအေး သူငယ်ချင်းမလေးက တခြားတစ်ယောက် ပြောင်းသွာ သည့်နှယ်ပါလေ။ မြင်လိုက်သတဲ့လား။ မနက်က ဂျာကင်လာပို့ပေးချိ ဒီမြင်ကွင်းကိုမှ တိုက်တိုက်ဆိုင်ဆိုင် လာဆုံရပါသလား 'သော်တာ မြင့်မိုရ်'။ ငါတို့တွေ ဘာများဖြစ်ကုန်ပြီလဲ။ ဘာမဟုတ်တဲ့ သူစိမ်းတွေ ဆက်နွှယ်ပြီး ဖြူစင်တဲ့ သံယောဇဉ်ကိုများ လှုပ်ခတ်စေလေပြီလား 'သော်'။

"ရော့"

"ဒါက ဘာလဲ"

"နင်ရိုက်ချင်ရင် ရိုက်ဖို့ ပေးတာလေ။ အသားအနာခံ အောင်လို့"

"ငါ့ကို အမူတွဲထဲ ဆွဲမထည့်ချင်နဲ့။ ဦးနှောက်နည်းတဲ့ မဟုတ်ဘူး"

"နေမျိုးကျော်ဇင်ရဲ့ချစ်သူပါ'

"ဟင်! ဘာကိုလဲ"

"နင်မြင်လိုက်တဲ့ကစ်ယောက်ကို ပြောတာလေ"

"ဘယ်လို"

"တေးပန်းချိုတဲ့"





သူပေးလိုက်ပါသည့် ဓာတ်မီးကို dash board ပေါ် ပြန်တင် လိုက်ပါ၏။ ဘုရားရေ! အစ်ကို့မှာ ချစ်သူရှိသတဲ့လား။ ဖြစ်နိုင်တာပါပဲ။ ဘားတိုက်လေးမြင်လိုက်ရသလို ဖျတ်ခနဲကြည့်မိသည့် မိန်းကလေး က အတော့်ကို လှပတင့်တယ်လွန်းနေတာ မဟုတ်ပါလား။ အစ်ကိုက ပ်အေးအေးလေး ယောကျ်ားလေးပါ။ ဟိုမိန်းကလေးဖြင့် 'သော်'၏ သူငယ်ချင်း 'ရဲ' ကို အီစီကလီအကြည့်မျိုးဖြင့် ကြည့်နေသည့် ခပ်ရဲရဲ န်းကလေးဖြစ်နေရတယ်လို့။ ဘယ်လိုဖြစ်ပြီးတော့များ ဆန့်ကျင်ဘက် သူနှစ်ယောက်က ချစ်သူဖြစ်နေရပါသလဲ။

"သော်၊ နင် သူ့ကိုများစိတ်ဝင်စားနေပြီလား"

"လဲသေလိုက်၊ နင်သာ အဲဒီမိန်းမကို စိတ်ဝင်စားပြီး အီစီ ကလီလုပ်ချင်နေတာ"

"ဘာကွ"

"ကိုယ်နဲ့နှိုင်းမရိုင်းနဲ့။ နင် အနေမှန်မှသာ ငါ့ကို အပြစ်မြင် ဘတ်စမ်းပါ ရဲရင့်ရယ်။ ကိုယ်မမှန်ဘဲနဲ့ လာမပြောနေနဲ့"

"ငါ့မှာ အဲဒီလိုစိတ်မျိုး မရှိဘူး။ နင်မြင်လိုက်တာ sample အမင်းကြော် special breakfast ကို ကြော်ငြာဖို့ ကြည့်ရေးနေတုန်း သူရောက်လာတာပဲ။ မြည်းချင်တယ်ဆိုလို့ ကျွေးတုန်း တိုက်ဆိုင်ပြီး င်မြင်သွားတာ။ ငါနဲ့သူ ဘာမှ မဆိုင်ဘူး"

"မသိဘူး။ အဲဒါဆို ငါ့ကိုလည်း သူနဲ့ပတ်သက်ပြီး ပြဿနာ မရှာချင်နဲ့"

"နင် အရောမဝင်ရင်တော့ ဘာဖြစ်မှာလဲ"

"ဘာ"

"ယောကျ်ားမှန်သမျှ ကြီးကြီးငယ်ငယ် အစွယ်ပါတဲ့ကျားတွေ ချည်းပဲ သော်ရဲ့။ အန္တရာယ်ကို မြင်တတ်စမ်းပါ"

သူ့ကို မျက်စောင်းခဲလိုက်စဉ်မှာပင် ကားကို ဆက်မောင်း၍ လမ်းထဲသို့ ဝင်လိုက်လေ၏။ ခြံရှေ့မှာ မရပ်ပေးဘဲ ခြံထဲဝင်၍ တိုက်ရှေ့ အထိပို့ပေးတာကိုတော့ ကျေးဇူးတင်ပါသည်။ သို့သော် ရင်ထဲမှာ နာနေတာကတော့ အမှန်ပါပဲ။ နင့်ကို စိတ်ဆိုးတုန်းပါပဲ 'ရဲ'။

❊





# အခန်း (၁၆)

Voucher တစ်ရွက်ဖြင့် phone ဆိုင်ကို သူဝင်လိုက်ပါ၏။ ...ဦးပိုင်းမို့ ဆိုင်တွင်းမှာ လူအနည်းငယ်မျှ ရှင်းသလောက်ပါပဲ။ ပြင် ...သည့် ကောင်တာနေရာကို ကြည့်ရှုလိုက်ပြီးနောက် သူမ၏ ...one ကို ကျသင့်ငွေပေး၍ ရွေးလိုက်ပါသည်။ Phone cover ... အတော်လေးနွမ်းနေသဖြင့် လဲဖို့သင့်နေပေပြီ။

"Cover လှလှလေးတွေရှိရဲ့လား"

"ရှိတာပေါ့ အစ်ကိုရဲ့။ ဟိုဘက်ကို သွားလိုက်ပါ။ ကျွန်တော် ...ပေးပါ့မယ်"

ချာတိတ်လေးက ကောင်တာနောက်မှပင် ပတ်၍ ဆိုင်ရှေ့ ...က်နားရှိ ကောင်တာဘက်သို့ ရွှေ့၍ လျှောက်လိုက်လေ၏။ နံရံ

ဘက် ကပ်ထားပါသည့် ဆုံလည်စင်မှာက phone cover မျိုးစုံ ရှိနေပါသည်။ ဒီ phone နှင့် တပ်လို့ရမည့်အခွံလှလှ ရောင်စုံ တွေကို မှန်ပုံးပေါ်တင်ပေးလိုက်လေ၏။

"ကြိုက်ရာရွေးပါ အစ်ကို"

"ဈေးနှုန်းကရော"

"ငါးထောင်ဝန်းကျင်တွေပါ။ သိပ်မများပါဘူး။ ယောက် လေးတွေက အများဆုံးအရောင်ရင့်ပဲ သုံးကြပါတယ်"

"အင်း ဒါက မိန်းကလေး phone ပါ"

"ဩော် ဒါဖြင့် ဒီပန်းရောင်ဖျော့ဖျော့လေးပဲဖြစ်ဖြစ် ယူ

"မဖြစ်ဘူး သူက အရောင်နုမကြိုက်ဘူး ညီလေးရဲ့"

"ဟောဗျာ မိန်းကလေးဖြစ်ပြီး"

သူ ပြုံးလိုက်မိပါ၏။ မာနကြီးသည့် 'တေးပန်းချို' အတွ ကိုဖြင့် ဒီလိုစိတ်ကူးမျိုး စဉ်းစားပြီး လက်ဆောင်ဝယ်ပေးခဲ့တာ တစ်ခါမှ မရှိခဲ့ပါ။ သူ့ကိုဝယ်ပေးသမျှ ငြင်းဆန်ရတိုင်း စကားများရ မဟုတ်လား။ အခုတော့ တကယ်လိုအပ်သည့် ညီမလေးကို ဝယ်ပေးချင်စိတ် ဖြစ်လာတာက အဆန်းတကြယ်ပါလေ။

"ဟို ခဲရောင်ဖျော့ဖျော့လေး ပေးပါလား"

"ဒါယူမယ်ပေါ့လေ။ အစ်ကို့ကောင်မလေးက ယောက်





နဲ့မယ်ထင်တယ်"

သူ ဘာမှမပြောဘဲ ပြုံးရုံသာ ပြုံးလိုက်ပါ၏။ Phone cover ငှင်းတာက သူ့ပိုက်ဆံပါ။ ပြင်ခပေးလိုက်သည့် သူမ၏ငွေထဲမှ သည့်ငွေက (၁၅၀၀) တဲ့။ အလို! တကယ့်ကိုတိုက်ဆိုင်ပါပေရဲ့။ တိတ်လေးက သူမ phone ရှိ cover အနက်ရောင်ကိုခွာ၍ သူ ယ်ပေးသည့် ခဲရောင်အခွံအသစ်ဖြင့် လဲလှယ်ပေးလိုက်လေသည်။ ပင် အသစ်ဝယ်သည့် Handset လှလှလေးဖြစ်သွားပါ၏။

"ရပါပြီအစ်ကို၊ ဒါက အခွံဟောင်းပါ။ ပြန်ထည့်ပေးလိုက်ပါ ယ်။ နောက်လိုအပ်တာရှိရင်လည်း ကျွန်တော်တို့ဆိုင်မှာ လာရှာပါ နော်"

"ဟုတ်ကဲ့၊ Thanks ပါ ညီလေး"

ကတ္တူခွဲအိတ်လေးကို ကိုင်၍ ဆိုင်ထဲမှ သူထွက်ခဲ့ပါ၏။ Phone ပျက်လို့ ညီမလေးက သူ့ကို အကူအညီတောင်းလိုက်တာပါ။ မ်းကြိုးပါသည်ဆိုမှပင် phone ကို ပြင်နိုင်းလိုက်တာလေ။ မေမေ့ အတွက် ဘာအကူအညီလိုလို မရရအောင် ရှာကြံကူညီပေးလေ့ရှိသည့် သူမတို့မိသားစုကို အားနာသမှုဖြစ်မိလေသည်။

"ဟယ်လို"

"ကျော် ဘယ်မှာလဲ"

Taxi စောင့်နေစဉ် phone မြည်လာသဖြင့် ထုတ်ကိုင်လိုက်ရပါ၏။ အလုပ်ပြန်ချိန်မှန်း သိသိကြီးနဲ့ ဆက်ပြန်ပြီလား။ ကိုယ်ပိုင်ကားဖြင့် ကုမ္ပဏီအသွားအပြန်က အဆင်ပြေပြီး သူကဖြင့် Bus ဖြစ်ဖြစ်၊ Taxi ဖြစ်ဖြစ် အရေးကြီးသလို အဆင်ပြေသလို သွားလာနေရတာကို သူမ အသိပါ။ ဒါနဲ့များ ဒီမေးခွန်းမျိုး မေးသင့် မမေးသင့် သိရမှာလေ။

"အိမ်ပြန်နေတဲ့လမ်းမှာပါ"

"Taxi နဲ့လား"

"အင်း"

"ပြောစရာရှိလို့ ဆက်လိုက်တာပါ"

"ပြောလေ"

"ဒီ Sunday Off ရက်ရရဲ့လား"

"မရဘူး၊ ဆိုက်က salab လောင်းနေတာ ရပ်ထားလို့မရဘူး။ ကိုယ်တို့လည်း မီးကြိုးတစ်ခါတည်း ဆင်နေရတယ်"

"တေး လာမလို့ပါဆိုမှ ဘာလဲကွာ"

"အိမ်မှာ မေမေရှိတယ်လေ"

"ကျော်နဲ့တွေ့ချင်တာပါ ဆိုမှပဲ"

"ဒါဆိုရင်တော့ ဒီဆိုက်ပြီးမှပဲ လာတွေ့လို့ရမယ်"

"ကျော့်ဆရာက နည်းနည်းပါးပါး မပေးနားဘူးလား၊ သူများ





…ားသမီးကို နိုင်းကောင်းတိုင်း အတင်းဖွတ်နိုင်းစားနေတာပဲ၊ စိတ်တို…ယ်"

"အလုပ်က အလုပ်လေ တေးရယ်။ ကိုယ်ပိုင်လုပ်ငန်းမှ …ဟုတ်တာ"

"အဲဒါကြောင့် အလုပ်ထွက်ဖို့ ပြောနေတာပေါ့။ တေးစကား…ို နားမဝင်ဘူး"

သူက Taxi လာနေတာကို လက်လှမ်းတားလိုက်ပြီး တက်…းလိုက်ပါ၏။ ဆက်ပြောနေပါက စကားများဖို့သာ ရှိတာမို့ နောက်မှ …အိမ်ပြန်ရောက်မှ) ဆက်မည်ဟုပြော၍ phone ချလိုက်ရလေသည်။ …ားသမားကို အိမ်ရှိရာဆီ လမ်းညွှန်၍ ပြောလိုက်ပါ၏။ ဒီအချိန်များ …သူမ အိပ်နေပြီလား။ ညီမလေးက စောစောအိပ်ကျင့်မရှိပါလေ။ …သူ computer ဖြင့် အလုပ်တွေလုပ်ရင်း လှမ်းကြည့်တိုင်း ည …၀) နာရီအထိ သူမအခန်းက မီးလင်းနေတုန်း မဟုတ်လား။

"ဒီလမ်းနော်"

"ဟုတ်ကဲ့၊ နည်းနည်းဝင်ပေးနော်။ မိုးရွာနေလို့ပါ"

ကားလမ်းထဲသို့ဝင်၍ သူတို့ခြံလေးရှေ့မှာ ရပ်သွားပါ၏။ …ားခရှင်းပေးပြီးနောက် ခြံထဲသို့ အပြေးဝင်လိုက်ပါသည်။ မိုးက …ရပ်မသည်းသဖြင့် ခြံဘေးပေါက်ကိုဖွင့်ရန် အိမ်ဘေးဘက်သို့ ဆက်

ပြေးလိုက်၏။ စိုမယ့်အတူ စိုပါစေတော့လေ။ တိုက်ရှေ့ရောက်စဉ် ကားတစ်စီးရပ်ထားတာကို တွေ့လိုက်ရပါသည်။ အန်ကယ့်ကား မဟုတ်တာမို့ ဘယ်သူများရောက်နေတာပါလိမ့်။

"ညီမလေး"

တံခါးက ဘာဂျာတံခါးသာစေ့ထားသဖြင့် အတွင်းကိုမြင်နေရပြီး သူ့အသံပေးလိုက်ပါသည်။ အထဲမှ ချက်ချင်းမကြားသလို ဘယ်သူမှ ထွက်မလာပါချေ။ ဧည့်သည်ဆို ဧည့်ခန်းမှာ ရှိရမှာ ဖြစ်ပေမယ့် ဘယ်သူမှမရှိပါလား။ ဒီကားပိုင်ရှင်က အိမ်ထဲအထိ ဝင်ခွင့်ရမှဖြင့် သူစိမ်းမဟုတ်နိုင်တော့ပါ။ ဒါဖြင့် ဟိုကောင်လေးများလား။

"ညီမလေး"

"သားလား၊ ဝင်လာလေ။ အန်တီတို့ နောက်ဖေးခန်းမှာရှိတယ် ကျော်ကျော်"

အလို! အန်တီကြားသားပါပဲလား။ ဝင်လာဆို၍ ဝင်ရတော့မှာပါ။ တကယ်ဆို ပစ္စည်းယူလာတာကိုပေးပြီး ပြန်ရုံသာရှိပါ၏ ဖိနပ်ချွတ်မှာ ဖိနပ်ချွတ်၍ ခြေသုတ်လိုက်ပြီးနောက် မီးဖိုခန်းသို့ပင် သူ ဦးတည်လိုက်ရလေသည်။ ဝင်လာရင်းဖြင့် ဟင်းနံ့က မွှေးပျံ့နေပြီး ဗိုက်ထဲဆာလာစေရန် ဆွဲဆောင်လေတော့၏။

"အန်တီ"





"လာလာ သား"

"ညနေစာ စားနေပြီလား"

"အင်းလေ၊ ဆိုပါတော့။ သမီးစားချင်တယ်ဆိုလို့ ကပ်ကြေးကိုက်လုပ်ကျွေးနေတာပါ။ ထိုင်လေသားရဲ့။ တစ်ခါတည်း ဝင်စားလိုက်ပါ"

"နေပါစေ အန်တီ။ မစားတော့ပါဘူး"

အန်တီက အတူစားနေတာမဟုတ်ပါဘဲ ဟိုချာတိတ်နှင့် သူမကသာ ပန်းကန်ပြားအပြည့်ဖြင့် စားနေကြတာ ဖြစ်လေ၏။ အန်တီ့နှယ်ပင် ညီမလေးက သူ့ကို အပြုံးဖြင့် ကြိုဆိုလိုက်ပေမယ့် ဟိုကောင်လေးကဖြင့် မှုန်ကုပ်ကုပ်ဖြင့်သာ ကြည့်လိုက်တာပါ။ ဘာလဲ၊ သူ ရောက်လာတာကို မကြည့်လင်ပြန်ဘူးလား။

"မိုးစိုလာတာလား"

"ဟုတ်တယ်၊ နည်းနည်းပါ။ ဒီမှာ ညီမလေးယူခိုင်းလိုက်တာ"

မိုးစိုမည်စိုး၍ ကျွတ်ကျွတ်အိတ်ဖြင့် ထုပ်ထားပါသည့် အိတ်ကို ဖြည်၍ ကတ္တူအိတ်ကို ကြိုးမှဆွဲ၍ လှမ်းပေးလိုက်ပါ၏။ ထမယူပါဘဲ ခုံမှာပင် ထိုင်၍ သူမက ယူလိုက်လေသည်။ အိတ်ထဲမှ phone ဘူးကိုလည်း တစ်ခါတည်း နှိုက်ယူ၍ ကြည့်နေသဖြင့် ပိုငွေ

ပြန်အမ်းရန် သူ သတိရသွားပါ၏။ ပိုက်ဆံအိတ်နှိုက်၍ တစ်ထောင်တန် ရှာစဉ် မတွေ့သဖြင့် ငါးရာတန်အသစ်လေးသုံးရွက်ကိုပင် ယူလိုက်ပါ သည်။ ဆိုင်မှ အမ်းငွေက Taxi ခရှင်းသည့်ထဲ ပါသွားတယ်ထင်ပါရဲ့

"ဒါက ပိုတာပါ"

"ဒါတောင်ပိုတယ်"

"အင်း"

"ဟယ်၊ ဒါ သော့ phone ဟုတ်ရဲ့လား အစ်ကိုရဲ့။ အသစ် ဝယ်လာတာများလား"

"ဟုတ်ပါတယ် ညီမလေးရဲ့။ Power ဖွင့်ကြည့်ပြီး စစ်လိုက် လေ။ Cover က အရမ်းဟောင်းနေလို့ အသစ်လဲပေးလိုက်တာပါ"

"ဆိုင်က service တဲ့လား"

"အင်း ကြိုက်လား"

"ကြိုက်တယ်၊ လှတယ်နော်"

"ထိုင်လေသားရဲ့၊ ဒီမှာ ပြင်ပြီးနေပြီ။ တစ်ခါတည်း စားသွား လိုက်ပါ"

"အားနာစရာ အန်တီရယ်"

"ပြောပြန်ပါပြီ၊ ဒီလောက်ရင်းနှီးတာတောင် သူစိမ်းဆန်တုန်း ပဲ"





အန်တီက သူ့အတွက်ပါ ကပ်ကြေးကိုက်တစ်ပွဲကို ပန်းကန် ...းထဲ အတော်ခပ်မောက်မောက် ထည့်ပေး၍ ယူလာပြီမို့ အခက်ပါ။ ... ခွဲပေးနေသဖြင့် ထိုင်ရန်ပြင်လိုက်ရလေ...သည်။ အန်တီက ...စောင့်ဆိုပြီး သူ့အတွက် Towel အလတ်လေး ယူလာပေးသဖြင့် ...ခေါင်းထက် စိုနေပါသည့် ရေစက်တို့ကို သုတ်ရန် ခေါင်းငုံ့မိစဉ် ...တ်တီးစည်းနှောင်းထားပါသည့် သူမ ခြေထောက်ကိုမြင်သွားရလေ ...

"ဟာ! ညီမလေးခြေထောက် ဘာဖြစ်တာလဲ"

"ပန်းအိုးကျပြီး ခြေမကွဲသွားတာတဲ့ သားရေ။ အခုလေးတင် ... သားရဲ့ရင့် ဆေးခန်းပြပြီး ပြန်ခေါ်လာတာ"

"ဟော့ဗျာ၊ ဖြစ်ရလေ။ အတော်နာနေမှာပဲ။ ခြေထောက် ...မကျအောင် ခုံနဲ့တင်ထားရတယ် ညီမလေးရဲ့။ နေဦး ကိုယ်ယူ ...မယ်"

သူက အလယ်ခန်းမှာ မြင်ခဲ့ပါသည့် ခွေးခြေခုံ (သစ်သားခုံ) ...လေးကို သွားယူလိုက်ပြီး (သူထိုင်မည့်ဘက်မှ နေရာအနီးမှာ) ...ထားပေးကာ သူမခြေထောက်ကို အသာမ၍ တင်ပေးလိုက်ပါ ...။ Quater pants အညိုရင့်ရင့်လေး ဝတ်ထားပါသည့် ကောင်မ ...၏ ခြေထောက်လှလှလေးမှာမှ ဒဏ်ရာဖြစ်ရတယ်လို့နော်။

"အလိုက်သိတတ်လိုက်တာနော်။ ဒီလိုသားမျိုး ရချင်ပါရဲ့"

"မေသက်ကလည်းဗျာ။ ဘာလို့ အဲဒီလိုပြောရတာလဲ"

"ခြော် . . . သမီးအတွက် အားကိုးလို့ရတဲ့ အစ်ကိုမျိုး

ပြောတာပါ သားရဲ့"

"ဒါဖြင့် ကျွန်တော်ကရော"

"သားက သော်နဲ့ရွယ်တူဆိုတော့ အကြီးမဟုတ်ဘူးေ

စားနော်၊ ကျော်ကျော်၊ ဝအောင်စားပါ။ အန်တီအများကြီးကြော်ထာ

ပေးတယ်"

"ဟုတ်ကဲ့ပါ အန်တီ"

"ဒီမှာ ဟင်းချိုပူပူလေး"

ရေတ်ကောင်းမှုန့်ဖြူးထားပါသည့် ဟင်းခါးကိုပါ သီ

ထည့်ပေးပြန်လေ၏။ ခါတိုင်းလို စကားများများ မပြောတဲ့ ငြိမ်နေ

'သော်' က စိတ်ဆိုးနေတာများလား။ သူ့ကို ခဏတာငြိုးပြီး အ

စာကိုသာ ခပ်ဖြည်းဖြည်း စားနေတာလေ။ ကောင်လေးကဖြင့် မ

ခဏ အကဲခတ်နေပုံရလေသည်။

"လမ်းလည်းကြုံလို့ ဝင်ယူဖို့ပြောလိုက်တာ။ အန်တီက အ

နာရပါတယ် သားရယ်"

"အိမ်နီးချင်းမို့ အားနာဖို့မလိုဘူးဆို"





"ဒါနဲ့ အစ်ကိုပြောတဲ့ Home nurse လေ"

"ဟင်! ရလား ညီမလေး"

"ရတယ်၊ မနက်ဖြန် မဟုတ်ရင် သန်ဘက်ခါ အလုပ်စဆင်း

မယ်တဲ့၊ လဆန်းပေါ့နော်။ အသိသူငယ်ချင်းကတစ်ဆင့် ရှာပေးတာ

ပါ။ သူ့ဝမ်းကွဲအစ်မတဲ့"

"တော်သေးတာပေါ့၊ ကျေးဇူးတင်လိုက်တာ"

"ရပါတယ် အစ်ကိုရဲ့။ တစ်ယောက်တစ်လှည့် အပြန်အလှန်

ညီကြတာပဲဟာ"

"ငါပြန်တော့မယ်၊ ကျွန်တော်ပြန်ဦးမယ် မေသက်"

"အေး အေး သား။ ဒီနေ့အတွက် သားကိုလည်း ကျေးဇူးပါ

ယ်"

"ရပါတယ် မေသက်ရဲ့။ ဆိုင်မဖွင့်နဲ့ဦးနော်. သော်။ ပို့စရာ

ရင် ငါ့ကိုပြောဦး"

ခေါင်းကိုသာ ညိတ်ပြလေ၏။ ဒါပဲလား။ ညှော်သည်ကိုတော့

ကောင်းကောင်းမွန်မွန် စကားပြောပြီး သူ့ကိုဖြင့် စိတ်ဆိုးနေတုန်းပုံစံ

ပဲ။ ဟိုလူ မပြန်မချင်း သူစောင့်ချင်သေးပေမယ့် စားတာလည်း

ပြီးနေပြီမို့ ထရပ်လိုက်ရတာပါ။ တဖြည်းဖြည်းနှင့် ဒင်းကအရင်းဖြစ်လာ

ပြီး သူက အဖျားရောက်သွားသည့်နှယ်လေ။

မကျေနပ်ဘူး 'သော်'။ နင့်ကိုလည်း စိတ်တိုတယ်၊ ဟိုလူ... လည်း စိတ်ပျက်တယ်။ ငါ့ထက်ပိုတာကို မနှစ်သက်ပါလို့ ကြို... ထားပါလျက် အရွဲ့တိုက်ပြရတယ်လို့။

ရင်ထဲမှာ နာကျင်တယ် 'သော်'။

❋





## အခန်း (၁၇)

''စိတ်ချမယ်နော်''

''ဟုတ်ကဲ့ပါ''

မေမေ့အတွက် အဖော်လည်းရ ကျန်းမာရေးကိစ္စပါ ကူညီ...ပါသည့် *Home nurse* 'မနန်းစု' ကိုသေချာမှာ၍ အိမ်ထဲမှ ...ထွက်လိုက်စဥ် ခြံထဲသို့ ကားအသစ်လေးတစ်စီးက ခပ်မှန်မှန်ဝင်လာ...သော်။ Sunday ဝိတ်ရက် ဘယ်ကဧည့်သည်များ ရောက်လာပါ...သလဲ။

''ကျော်''

''ဩော် တေးကိုး''

''ဒါက ဘယ်လဲ''

"အလုပ်သွားမလို့လေ"

မျက်နှာကညှိုးချင်လာရပါ၏။ တွေ့ချင်၍ရောက်လာပါသ 'တေး' ကို ပြောပုံက သူစိမ်းနှယ်ပါ။ အိမ်ရှေ့တံခါးဆီ လာ၍ စေ့ဖိ လိုက်တာက 'အန်တီဇင်' မဟုတ်ဘဲ အတော်ကြည့်ကောင်းသ လုံးကြီးပေါက်လှ အမျိုးသမီးဖြစ်နေလေသည်။ ဒီလို ခပ်တော တောင့်ပုံစံနှင့် အလုပ်သမားကိုမှ ရွေးခန့်ထားတာ ဘာသဘောပါ

"တစ်ရက်တလေတောင် မနားသင့်ဘူးလား"

"ကိုယ်က ကိုယ့်အလုပ်ကို တန်ဖိုးထားတတ်မှန်း သိပါတယ်"

"ဒါဆို ရော့"

"ဘာလဲ"

"ကားသော့ပေးနေတာလေ"

"အဲဒါ ကိုယ်က ဘာလုပ်ရမှာလဲ"

"ကျစ်! ကျော်ကလည်းကွာ။ ဒီလိုပဲ Birthday pres လို့ သဘောထားပြီး ယူပေါ့။ ဘာများဝန်လေးစရာလိုလို့လဲ။ တကယ်လိုအပ်မယ့်ပစ္စည်းမျိုး တွေးပြီးဝယ်ပေးတာ"

"ယူလေ ကျော်ရဲ့"

"မယူပါဘူး"





"ကြည့်! ဒါလေးယူကိုင်ရတာ ဘာဒုက္ခကြီးလို့လဲ။ ကျော် လေ အမြဲပဲ ပေကပ်ကပ်နိုင်တယ်"

"ကိုယ် တကယ်မယူနိုင်ဘူး တေး။ မိန်းကလေးကို ကပ်စား းတဲ့ ကောင်လို့ လူအထင်မခံနိုင်လို့ပါ"

"ဘယ်သူကပြောမှာမို့လို့လဲ။ တေးတို့က သူစိမ်းလား ကျော် ။ ပြောပါဦး"

လက်ကိုဆွဲယူ၍ သော့ထည့်ပေးတာကို မယူဘဲ လက်သီး ်ထားမိလေ၏။ နှစ်ယောက်သား နီးနီးကပ်ကပ် ဖြစ်သွားသည့် နေအထားကို သူသတိမထားမိလိုက်ပါချေ။ 'တေး' ရောက်နေပြီ မေမေလည်း သိနေမှာဖြစ်ပေမယ့် အိမ်ရှေ့ထွက်ကြိုတာကို ုပ်ဘဲ သူနှင့်စကားပြောနေမည်ကို သိ၍ အလိုက်တသိ ရှောင်ပေး းပုံပါ။

"အစ်ကို့မေမေ၊ ဟယ်! Sorry!"

"ဟင်!"

နောက်နားဆီမှ အသံချိုချိုလေးကြောင့် သူ အလန့်တကြား ခြေလှမ်းနောက်ဆုတ်၍ လှည့်ကြည့်လိုက်မိလေ၏။ လက်ထဲမှာ ခွက်တွေပိုက်ထားသလို ချိုင့်တစ်ချိုင့်ဆွဲလျက် ကြောင်တောင် ာင်လေးရပ်ကြည့်နေသည်က 'သော်' ရယ်ပါ။ မနက်ပိုင်း မေမေ့ကို

လာတွေ့ပုံပါပဲ။

"မေမေအိမ်ထဲမှာရှိတယ် ညီမလေး။ ဝင်သွားလိုက်လေ"

"ဟုတ်ကဲ့"

ကြည့်စမ်း! ပထမဆုံးအကြိမ်ရောက်လာရပါသည့် ကျွန်မ ဖြင့် Welcome မလုပ်ပါဘဲ ဘေးအိမ်မှရောက်လာသည့် ကော လေးကို အရင်ဆုံးကြိုဆိုတာတဲ့လား။ ပြုံးရုံလေးပြုံးပြလိုက်ပြီး တစ်ချက်ညိတ်ပြကာ အိမ်ထဲဝင်သွားသည်က လာနေကျ ကိုယ့်အိ ကိုယ့်ရာနှယ်လေ။ အဘယ်မျှ ဒေါသထွက်စရာကောင်းလိုက်ပါသ

"ညီမလေး" တဲ့။ ခေါ်သံမှာကိုက ကြင်နာမှုတွေအပြ အလေးအနက် ထားမှန်းသိသာစေတာအမှန်ပါ။ သူစိမ်းမိန်းကလေး နာမည်တောင် မခေါ်ရက်ဘဲ ဤသို့ နာမ်စားသုံးပြီး ချစ်စနိုးခေါ် တဲ့လား။ ဘာသဘောများလဲ 'ကျော်'။ စောစောက အိမ်အကူ ရင်ထိတ်နေကာမှ ဒီချစ်စဖွယ်ကောင်မလေးကြောင့် ရင်ထဲမှာ ဟုတ်ခနဲထတောက်တော့တာပါလေ။

"ကျော်"

"ကိုယ်မယူ"

"သူက ဘယ်သူလဲ"

"သူ ဩော် ဘေးအိမ်ကပါ"





"တေးနဲ့ အဆက်အသွယ် သိပ်မရှိရှိန်လေး အတောအတွင်း ကျော် ဒီလောက်ပြောင်းလဲနေပြီလား"

"ဘယ်လို"

"တေးမဟုတ်တဲ့ သူစိမ်းမိန်းမတွေကို ဒီလိုပဲ အိမ်ဝင်ထွက်ခွင့် သားတာ ဘာသဘောလဲ ကျော်"

"ဟာ မင်း ဘယ်လိုပြောလိုက်တာလဲ"

"မြင်တဲ့အတိုင်း လက်တွေ့ကျကျ ပြောလိုက်တာလေ"

သူ အတော်စိတ်ပျက်ရပါ၏။ မိန်းကလေးမြင်တာနှင့် အရော ဟတ်မှန်း သူ့အကျင့်ကိုသိထားပါလျက် စော်ကားလေသလား။ န်းကျင်မှာ ယောကျာ်းသားတွေသာ အမြဲတစေ ရှိနေတတ်ပြီး သို့ မိန်းကလေးဆို၍ 'သော်' တစ်ဦးတည်းကိုသာ ရင်းနှီးခင်မင်ခဲ့ ။ မလွဲရှောင်သာမျိုးမဟုတ်ပါဘဲ ရေရှည်ပေါင်းသင်းဆက်ဆံရ ည့် ပတ်ဝန်းကျင်မို့ ရှောင်ရှားလို့မှ မရတာပဲ။

"ကျစ်! ထင်ရာမြင်ရာ စွတ်မပြောပါနဲ့ တေး။ ညီမလေးက ကြောင်းမဲ့သက်သက်နဲ့ အိမ်ကိုလာလေ့ရှိတာမျိုး မဟုတ်ဘူး"

ကြည့်ပါဦး။ ကဲကဲဆတ် မခံသလိုပါပဲလား။ အထိမခံဘူး လေ။ 'ညီမလေး' ဟု သူတစ်ခါသုံးလိုက်တိုင်း ရင်ထဲ ကျင်ခနဲ ျင်သွားရတာကိုမသိလေသလား။ ရက်စက်ပါ့ 'ကျော်' ရယ်။

တကယ်ဆို ကျွန်မနှင့် 'ကျော်' က ဖူးစာရှင်အဖြစ် ရွေးချယ်ပြီး လူတွေပါ။ ဘာမဟုတ်တဲ့ သူစိမ်းအတွက်နဲ့ အခုလိုစကားများသင့် မျိုး မဖြစ်သင့်တာလေ။

"ဘာသဘောလဲ ကျော်"

"ဘာကိုလဲ"

"နာမည်တောင် မခေါ်ရက်ဘူးပေါ့"

"ဘာ ဟာ! မင်း ဘယ်လိုတွေးနေတာလဲ"

"အဲဒီကောင်မလေးနဲ့ ဘယ်အခြေအနေထိ ပတ်သက် သလဲဆိုတာ မှန်မှန်ပြောပါ"

"ကိုယ်က အိမ်နီးချင်းမို့ အသက်ငယ်တဲ့မိန်းကလေးကို ညီ လေးလို့ခေါ်တာ ဘာလို့မေးရတာလဲ"

"အဲဒါကိုက မဟုတ်တာ။ သူ့မှာနာမည်ရှိရင် သူ့နာမည် ခေါ်ပေါ့။ ဘာကိစ္စ အဲဒီလိုမျိုး ခေါ်ရတာလဲ။ တေး မကြိုက်ဘူး"

"မကြိုက်လည်း မတတ်နိုင်ဘူး။ ဒါ ကိုယ့်ကိုယ်ပိုင် လွတ် လပ်ခွင့်ပါ တေးပန်းချီ"

"ဘာပြောတယ်"

စူးခနဲ ပြန်ကြည့်သည့်အားက အတော်ပြင်းထန်လေ သို့သော တွန်းအားတွေများ ရနေပါသနည်း။ 'နေမျိုးကျော်ဇင်'





ကြည့်နွေးနွေးနှင့် အပြုံးအေးအေးလေးသာ အမြဲရှိခဲ့တာမို့ ရင်ခုန်သံ ပြီး ကျွန်မ၏ ချစ်သူအဖြစ် ရွေးချယ် သတ်မှတ်ခဲ့ရတာလေ။ တော့ စိမ်းကားပြီး သူစိမ်းဆန်ကာ အကြည့်ဖြင့် 'တေးပန်းချီ' ခဲ့ကြည့်နေပြီပေါ့။ ဘာကြောင့်များပါလဲ 'ကျော်'။

"ကိုယ့် လွတ်လပ်ခွင့်ကိုတော့ လိုက်မပိတ်ပင်ပါနဲ့"

"တေးက ကျော့်ကို ဘာတွေများ လွန်လွန်ကျူးကျူးလိုက် ပင်နေလို့ပဲ။ ပြောပါဦး"

"ဟာ အခုပဲ ပြောနေတာလေ။ လူဆိုတာ ဝန်းကျင်အသိုင်း ဝိုင်းနဲ့ နေရတာပါ။ ဘယ်သူ့ကိုမှ မခေါ်နဲ့။ ဘယ်သူနဲ့မပြောနဲ့ဆိုပြီး ကန့်သန့်လို့မှ မရတာ"

"အို! မသိဘူး။ တေးကလွဲပြီး ကျော့်အနားမှာ ဘယ် မိန်း လေးမှ ထားခွင့်မရှိဘူး။ ဒါပဲ! "

"ဟား! ခက်လိုက်တာကွာ"

"ဘာမှ မခက်ဘူး။ ကျော်သာ စိတ်ပြတ်သားရင် ဘယ်မိန်းမ အနားကပ်ရဲမှာ မဟုတ်ဘူးလေ။ ဒါကိုသိရဲ့သားနဲ့ ဘာကြောင့် မာနေရတာလဲ"

အသံက အတော်ကျယ်နေသဖြင့် အိမ်ထဲမှပင် ကြားနေရပါ အန်တီနှင့်အတူ ဘုရားပန်းအိုးတွေ လဲပေးပြီးသလို အားရှိစေမည့်

နို့ထမင်း (နို့ဆန်ပြုတ်) လာပို့ပေးတာက ပြီးနေပါပြီ။ အိမ်ပြန်ဖို့ပြင်နေပေမယ့် အိမ်ရှေ့မှာ နှစ်ယောက်သား စကားများပွဲက အပြီးပြတ်သေးသဖြင့် ထွက်ရခက်နေပါ၏။ 'မနန်း' ကတော့ မသိသလိုပင် အန်တီ့အနီးမှာသာ ရပ်နေလေသည်။

"မပြန်ရဲလို့လား သမီး"

"ဟိုလေ၊ သူတို့အနီးက ထပ်ပြီးဖြတ်သွားရမှာ မျက်နှာပူလို့ပါ အန်တီ"

"ကိုယ့်အိမ်ကိုယ်ပြန်တာပဲကွယ်။ ဘာဖြစ်လဲ နေပါဦး၊ သားတို့က ခုထိ စကားများနေကြတုန်းပဲလား"

အန်တီက အိမ်ရှေ့ကို မထွက်သေးဘဲ ပြူပြင်းလိုက်ကာကို အသာဟလျက် အကဲခတ်လိုက်လေ၏။ 'မနန်း' က ခပ်လှမ်းလှမ်းမှာသာ ရပ်ကျန်ခဲ့တာပါ။ 'သော်' က အန်တီ့နောက်ပါးမှကပ်၍ ကြည့်လိုက်မိလေ၏။ နှစ်ယောက်သား မျက်နှာတွေနီပြီး စကားများနေကြတာလား စောစောကဖြင့် ရင်ချင်းကပ်ပြီး ပူးပူးကပ်ကပ် အခြေအနေပါ။

"စကားကို ယဉ်ယဉ်ကျေးကျေး မပြောတတ်ဘူးလား"

"ဩော် ဘာလဲ၊ တေးက ရိုင်းစိုင်းနေတယ်ပေါ့လေ"

"ကိုယ်က မင်းထက်အသက်ကြီးတဲ့သူပါ တေးပန်းချို။





ာမည်ကို ကိုတပ်မခေါ်ချင်လို့ အခုလို ခေါ်တာက ပြဿနာမရှိဘူး။ ါပေမဲ့ ကိုယ့်အပေါ် လေးစားမှုတော့ နည်းနည်းထားစေချင်တယ်"

"လေးစားခံချင်ရင် ကျော့်အကျင့်ကို ပြင်သင့်တာပေါ့"

"ဘာ"

"တွေ့ချင်လို့ဆိုမှ လာတွေ့တယ်။ ပြောစရာရှိတယ်ဆိုမှ hone ဆက်တယ်။ ဒါပဲလား။ ကျွန်မတို့ချစ်သူအဖြစ် တွဲခဲ့တဲ့ ာလက တစ်နှစ်ကျော် နှစ်နှစ်နီးပါး ရှိနေပြီ, ကျော်။ ကျွန်မအပေါ် ယ်လိုသဘောထားသလဲ။ ဘယ်လောက်ခင်တွယ်မှုရှိလဲဆိုတာကို ိုလိုလားလားနဲ့ ဘယ်နှကြိမ် ဘယ်နှခါများ ပြခဲ့သလဲ၊ ပြောပါဦး။ ်းကလေးဖြစ်တဲ့ ကျွန်မကသာ သိက္ခာအကျခံပြီး အောက်ကျို့နေခဲ့တာပါ။ သူ့အလှည့် ကိုယ့်အလှည့်ဆိုပြီး ညှာတာစိတ်မျိုးရော ကျော့်မှာ ရှိလို့လား"

ဘာတွေလဲ၊ ဘာကိုပြောမှန်းမသိပေမယ့် သမီးရည်းစားတွေ တွင်းရေးပြဿနာမို့ ဝင်မပြောဘဲ ငြိမ်နေရပါသည်။ အန်တီ တော် ာ်် မျက်နှာပျက်သွားပုံကသိသာလွန်းလေ၏။ ချွေးမတော်စပ်မည့် ်းကလေးက ရိုင်းပျတာထက် မောက်မာမှုတို့က အထင်သား မဟုတ် ါလား။

"ဟင်း စောစောစီးစီးကွယ်။ ဒီကလေးမနဲ့တော့ ခက်တာ

ပါပဲ''

“နားလိုက်ပါလား အန်တီ။ မနက်ဆေးလည်း သောက်ထားတာမို့ တစ်မှေးအိပ်သင့်ပြီ”

“ဒီပုံစံနဲ့ ဘယ်လိုအိပ်ပျော်ပါ့မလဲ မနန်းရယ်။ အသံတွေ ကြားတယ်မဟုတ်လား”

“အန်တီတော့ ပိုပြီး stress ရတော့မှာပဲ”

“ဟုတ်ပါတယ်အန်တီ၊ မနန်းပြောသလိုပဲ နားလိုက်ပါ။ သော် လည်း ပြန်တော့ပါမယ်”

“ဖြစ်ရဲ့လားကွယ်”

“ဖြစ်ပါတယ်အန်တီ၊ ရပါတယ်”

သူတို့စကားပြောပြီးပြတ်သည်အထိ စောင့်ဖို့ အချိန်မပေးနိုင်ပါ။ ‘သော်’ လည်း ကိုယ့်အလုပ်နှင့်ကိုယ်မို့ အချိန်မရှိသည့်သူပါပဲ။ အန်တီ့ကို ခပ်တိုးတိုးနှုတ်ဆက်လိုက်ပြီး တိုက်ထဲမှထွက်လိုက်ပါ၏။ တိုက်ကို မျက်နှာမူထားပြီး ရပ်နေပါသည့် မိန်းကလေးက ‘သော်’ နှင့် အကြည့်ဆုံသွားရလေသည်။

“တေးပေးတာကိုတော့ မယူနိုင်ဘူး ငြင်းနေပြီး ဟိုက လာပေးသမျှ လက်ခံနေတာကရော ဘာသဘောလဲ၊ အဲဒါ ရိုးသားတာ လားကျော်”





“ဘာ”

“သော့်ကိုပြောတာလား”

“ဟင်!”

“တစ်ခုခု အထင်မှားနေပြီထင်တယ်။ သော်က အန်တီစားဖို့ လာပို့ပေးတာပါ။ ဘုရားပန်းလည်း မှာထားတာနဲ့ ဒီဘက်ရောက်လာတာပါပဲ။ မတေးပန်းချီထင်သလို သူစိမ်းအိမ်ကို တစ်ချောင်းချောင်း လာလည်တတ်တဲ့ သူမျိုး မဟုတ်ပါဘူး”

“မင်း ဘာမှ ဝင်ပြောစရာမလိုပါဘူး”

“ဒါဆိုလည်း ကိုယ့်ပြဿနာကိုယ်ရှင်းအောင်ပဲပြောပါ။ အိမ်မှာ လူကြီးတစ်ယောက်လုံးရှိနေတာသိလျက်နဲ့ အသံကျယ်နေတာ ပတ်ဝန်းကျင်ကို အားနာဖို့ကောင်းပါတယ်။ အန်တီသိပ်နေလို့မကောင်းတာ အစ်ကိုသိမှာပါ”

“မင်းက ဘာမို့လို့ power ပြနေရတာလဲ”

“ဟာ! တေး မင်း ဘယ်လိုလုပ်လိုက်တာလဲ”

ရုတ်တရက်မို့ ‘သော်’ ဟန်ချက်ပျက်သွားရပါ၏။ ရင်ဘတ်ကို ခပ်သာသာတွန်းလိုက်တာက သိပ်မပြင်းလှပါ။ ခြေထောက်အနာဖြစ်နေသည့် ခြေဖျားဖြင့် နောက်ကိုလဲလိုက်မိသဖြင့် ထောက်မိတာကြောင့် မခံနိုင်ဘဲ ကြွေပြားခင်းလှေကားသုံးထစ်မှာ ပုံခနဲ လဲသွား

ရတာပါလေ။ အာမေဋိတ်သံနှင့်အတူ အိမ်ထဲမှ 'မနန်း' က အပြေးထွက် လာပြီး 'သော်' ကိုတွဲထူလိုက်သလို အန်တီပါ အိမ်ဝမှာထွက်၍ လာရပ်လေတော့၏။

ရန်ပွဲလည်း ပြီးချေပြီ။ အသံတို့လည်း တိတ်လေပြီ။ 'သော်' အနီး သူရောက်လာသည်နှင့် သူမက တက်တစ်ချက်ခေါက်လိုက်ပြီး ကားပေါ်တက်မောင်းသွားလေတော့သည်။ အမည်နှင့်လုံးဝမလိုက်ဖက် ပါလား 'တေးပန်းချီ'။

❋





## အခန်း (၁၈)

"အား! နာတယ် မနန်းရဲ့"

"နေနေ မထနဲ့၊ ကိုယ်ပွေ့လိုက်မယ်၊ ဆေးခန်းသွားရအောင်"

"ဟယ်! ခြေခေါက်သွားတာပဲ။ တော်တော်ယောင်နေပြီ"

"အစ်ကိုက အလုပ်သွားရမှာမဟုတ်လား။ ရတယ်၊ သော့ဘာသာ မေမေနဲ့ပဲ သွားလိုက်ပါ့မယ်"

"အန်တီက ညီမလေးကို ဘယ်ချီနိုင်ပါ့မလဲ"

"သမီးရေ သော်! "

"သော်တာလေး ဒီမှာချော်လဲလို့ပါ မသက်ရေ"

"ဟောတော်! ဘယ်လိုဖြစ်ပြန်တာလဲ။ ဒီကလေးကတော့

လေ။ ခုတစ်လော ပျော့ဖတ်နေတာပဲ။ သူ့အဖေ Golf ကွင်းသွားတာ အခုပဲပြန်ရောက်လို့ အိမ်ကားရှိတယ်''

''ဒါဆို သမီးတို့အိမ်ကကားနဲ့ပဲ သွားပို့ပေးလိုက်ပါ သားရယ်''

''ဓာတ်မှန်လိုအပ်ရင် ရိုက်ခဲ့လိုက်နော်။ မနန်း ဆေးပတ်တီး စည်းပေးလို့ရပေမယ့် မသက်သာဘဲ အထဲမှာ တစ်ခုခုဖြစ်နေမှာစိုးလို့ပါ''

''အင်းပါ ရတယ်၊ လာ ညီမလေး''

''မနန်းလိုက်ခဲ့ရဦးမလား''

''နေပါစေ၊ မလိုက်နဲ့''

သူက 'သော့' ကို ဖျတ်ခနဲ ချီပွေ့လိုက်ပါ၏။ ခြံဘေးတံခါး အသေးလေးကို မေမေ ဖွင့်ပေးထားပြီမို့ ဖေဖေ့ကားရပ်ထားပါသည့် အိမ်ရှေ့အထိ ဆက်ချီခဲ့ပါသည်။ ဖေဖေက ခဏနားပြီး ရေချိုးတော မှာမို့ 'သော့'ကိုမတွေ့ပါ။ ကားရှေ့ခန်းတံခါးကိုလည်း မေမေပင် အဆင်သင့် ဖွင့်ပေးလေ၏။

''မေမေပါ လိုက်ရမလားသမီး''

''ရပါတယ်အန်တီ၊ ဟိုတစ်ခါ ညီမလေးပြခဲ့တဲ့ဆေးခန်းက နီးလို့ အဲဒီမှာပဲ ပြလိုက်ပါ့မယ်။ စိတ်မပူပါနဲ့ ကျွန်တော်တို့သွားပြီနော်''





''အေးအေး''

ကားကို စက်နှိုး၍ ထွက်လိုက်ပါ၏။ လမ်းထိပ်ရောက်မှ ကားကွေ့ရန် ခဏရပ်ပြီးစောင့်စဉ် မျက်စိမှိတ်ထားလိုက်မိလေသည်။ ဘုရားရေ! ဘယ်လိုပါလိမ့်။ ဒီကိုယ်ခန္ဓာပေါ့ပေါ့လေးကို ပွေ့ချီမိစဉ်မှာမှ ဒီရင်ဘတ်ကြီးက လှိုက်ဖိုလာရပါသလား။ 'တေး' နှင့် လက်ချင်းထိ ဘာ ရင်ခွင်ထဲလာမှီတာတို့ကို မကြာခဏ တွေ့ထိမှု ဖြစ်ခဲ့တာမှန်ပေမယ့် ဤသို့သောအထူးအဆန်း ခံစားမှုမျိုး တစ်ကြိမ်မှ မဖြစ်ခဲ့ဖူးပါလေ။

ဘယ်လိုဖြစ်ပြီး ညီမလေးက သူ့နှလုံးသားကို ခုန်စေခဲ့ပါသလဲ။

''အစ်ကို''

''ဟင်! ဟင် ဘာလဲ''

''Aircon လျှော့ပေးပါလား''

''ဪ အင်း၊ အတော်နာနေလားဟင်။ တောင်းပန်ပါတယ် ညီမလေးရယ်၊ ကိုယ့်ကြောင့်ပါ''

''အစ်ကိုလုပ်လိုက်တာမှ မဟုတ်ဘဲ၊ တောင်းပန်စရာမလိုပါဘူး''

''ဘာပဲဖြစ်ဖြစ်လေ၊ ကိုယ်နဲ့ပတ်သက်ပြီး အခုလို အနာတရ

ဖြစ်တာတော့ ဘယ်ကောင်းပါ့မလဲ။ သူ့အတွက်နဲ့ ကို အတော်သည်း
ပေးရတာများပြီ''

ကြည့်စမ်း! ဒါက ညည်းပြတာလား။ ချစ်သူနှင့်တွေ့ တော
တောင်မှ မပျော်ရွှင်ပါဘဲ စကားများရတယ်လို့။ ဒီလောက်ချော
လှပပါသည့် မိန်းကလေးက ဘယ်လိုကြောင့်များ ဝန်တိုမစ္ဆရိယ
များပြီး သူ့ကိုရန်တွေ့ရပါသလဲ။ ဒီလောက်အေးဆေးပြီး စိတ်တည်
ငြိမ်သည့် အစ်ကို့ကိုမှ ပြဿနာရှာရတယ်လို့နော်။

''ဘယ်လိုဖြစ်ကြတာလဲ၊ သော်လာတုန်းက အေးဆေး
စကားပြောနေတာပါ''

''မနန်းကို တွေ့ကတည်းက မျက်နှာပျက်နေတာ။ ညီမလေး
ရောက်လာတော့မှ ထဖောက်တော့တာပဲ။ သူက အဲဒီလို ပြဿနာ
အမြဲရှာတာ အကျင့်ပါနေပြီ''

''အစ်ကို့ချစ်သူပဲဟာ၊ သည်းခံပေးရမှာပေါ့ မဟုတ်ဘူးလား''

''တော်ရုံဆို ကိုယ်သည်းခံပါတယ် ညီမလေးရယ်။ အခု
ကိုယ်ထိလက်ရောက် ရိုင်းပျတာတော့ ဒါဦးဆုံးပဲ။ ဒီလိုလုပ်ပစ်မယ်
ကို မထင်တာ''

''ရှေ့မှာရောက်ပြီ အစ်ကို''

''အင်း''





သူက ဆေးခန်းကြီးရှေ့မှာ ကားကို ရပ်လိုက်ပါ၏။
ပြီးမှ ကားတံခါးလာဖွင့်ကာ 'သော့' ကိုလာပွေ့လေသည်။ ဖေဖေ့
ကားက အမြင့်မို့ သူလည်ပင်း (ပခုံး) နေရာကို လက်နှစ်ဖက်ဖြင့်
အရင်ခိုလိုက်ပြီးမှ သူချီတာကို ဆင်းရတာမို့ မျက်နှာပူစရာပါ။ 'ရဲ'
နှင့်တုန်းက သူငယ်ချင်းမို့ ဘာမှထူးထူးဆန်းဆန်း မဖြစ်ခဲ့ပါဘဲ သူနှင့်
အခုလို ချီပွေ့ခံရတာက ရင်ထဲမှာ တစ်မျိုးကြီးပါပဲလား။

''လူရှင်းတယ်လေ၊ ဝင်လိုက်ပါ''

''ဟုတ်ကဲ့''

နာမည်စာရင်းပေးစဉ် စာရေးမလေးက ပြောလိုက်သဖြင့်
ဆေးကုသခန်းဆီသို့ ချီရင်း ဝင်လိုက်ပါ၏။ ရှေ့မှ လူနာကုအပြီး
မှတ်တမ်းရေးနေပါသည့် ဒေါက်တာမမက မော့မကြည့်သဖြင့် 'သော့'
ကိုမတွေ့ပါလေ။ မြင်လျှင်ဖြင့် ဟိုတစ်ခါတစ်ယောက် ဒီတစ်ခါ တစ်
ယောက်ဟုထင်တော့မှာပါ။ နာနေသည့်ခြေထောက်ပင် ထပ်ဖြစ်တာမို့
ဒီဆရာဝန်နှင့်ပင် ပြမှသင့်တော်မှာပါ။

''ထိုင်ပါ၊ ဘာများဖြစ်။ ဟောတော်! သမီး ခြေထောက်
ထောက်သာဘူးလား''

''ချော်လဲလို့ပါ မမ၊ နာနေတဲ့ခြေထောက်နဲ့ ထောက်မိလိုက်
လို့ ခြေခေါက်ပြီးလဲသွားတာပါ''

"ဖြစ်ရလေ၊ ဒီကလေးတော့ ဒီလို မကြာခဏဖြစ်နေတာ ခမဲလိုနေပြီထင်တယ်။ ဟော! ဒီတစ်ခါ နောက်တစ်ယောက်ပါလား"

ထင်သည့်အတိုင်းပါပဲ သူ့ကိုမြင်သည်နှင့် ပြောလေပြီ။ ဒီ အစ်ကိုက 'ရဲ' လို မှန်ကုပ်ကုပ် ဂျစ်ကန်ကန်မျက်နှာနှင့် မဟုတ်ပါ ကြည်လင်သည့် အပြုံးနှင့်အတူ တည်တည်ငြိမ်ငြိမ် ရပ်နေသဖြ ဒေါက်တာမမက သိပ်မစရဲပါချေ။ 'ရဲ' နှင့်တုန်းကဖြင့် ချာတိတ်ဆိုး စကောင်းသည့်နှယ် စနေတော့တာပါလေ။

"နှိပ်ကြည့်မယ်နော်၊ နာရင်ပြော"

"ဟုတ်! အ!"

"ဒီနေရာကော"

"ဟင့်အင်း။ အဲဒါ မနာဘူး"

"ဒါဖြင့် ဒီလိုကိုင်ရင်နာသေးလား"

"အား! အရမ်းနာတယ် မမ"

"ဖြည်းဖြည်းလုပ်ပါ ဒေါက်တာရယ်"

"ဩော် ကျိုးသွားလား။ အရွတ်ယောင်လား။ လေနိုသလာ သိရအောင် စမ်းသပ်တာပါရှင်။ လာပို့သမျှ အကုန် သူ့ထက်ကဲ ချည်းပါပဲလား"

"ဗျာ ဘာဖြစ်လို့လဲ"





"ဒီသမီးလေးကြောင့် အကဲပိုတာကို [illegible]တာလေ။ ဒီကိုကို က အသက်ပိုကြီးသလား"

"ဟုတ်! ဟိုတစ်ခါလိုက်ပို့တာက သူငယ်ချင်းပါ"

"ဩော် ဒါဖြင့် ဒီတစ်ယောက်က သူငယ်ချင်းမဟုတ်ဘူးပေါ့ နော်။ ဆေးလူးပေးမှာမို့ နာလည်း ကျိတ်ပြီးအောင့်ခံပါ"

"ဖြည်းဖြည်းနော် ဖြည်းဖြည်း"

သူက ဆရာဝန်ဆေးလူးပေးနေတာကိုပင် ဖယ်လိုက်ချင်သလို လက်ကာမိလေ၏။ ဒေါက်တာ မျက်စောင်းခဲလိုက်မှပင် လက်ကိုဖယ်ပေးလိုက်ရတာပါ။ သနားပါတယ်။ အဘယ်မျှ နာလိုက်ပါ့မလဲ။ မျက်ရည်တွေပါ ဝဲနေပြီမို့ ငိုချတော့မည့်နှယ်ပါလေ။ ညီမလေးမှ ဒီလိုလာဖြစ်ရတယ်လို့။

"ရှင် စည်းပေးမလို့လား"

"မဟုတ်ပါဘူး"

"မဟုတ်ရင် ဖယ်လေ၊ ဘယ်လိုဖြစ်ပြီး လိုက်ရှုပ်ချင်ရတာ လဲ"

"Sorry ပါ၊ ဟင်! ငိုနေတာလား။ အရမ်းနာနေပြီလား ညီမလေး"

"အင်း"

"နာတယ်တဲ့ ဒေါက်တာရဲ့"

"ရော်! ဆေးလူးတုန်း နာမယ်လို့ ကြိုပြောထားတယ်လေ။ ဘယ်လိုဖြစ်ပြီး သည်းသည်းလှုပ်နေလဲ။ မနာစေချင်ရင် ဒီလိုမဖြစ်အောင် သေချာဂရုစိုက်မှပေါ့။ လမ်းပေးမလျှောက်ဘဲ ပခုံးပေါ်သာ ထမ်းထားလိုက်ရှင်"

"ဒေါက်တာကလည်းဗျာ"

"အတော် မနာလိုစရာကောင်းတဲ့ သမီးလေးပဲ။ ချစ်တဲ့သူတွေများ ပုံလို့ပါလားနော်။ ရပါပြီ၊ ဆေးပတ်တီးမို့ ဆေးတစ်နေ့ နှစ်ကြိမ် လူးပြီးရင် ပြန်ချည်လို့ရတယ်။ လိမ်းဆေးဘူးဝယ်သွားလိုက်ပါ"

"သောက်ဆေးပေးဦးမှာလား"

"ညဘက်အေးပြီး ကိုက်ရင် သောက်မယ့်ဆေးတော့ အိမ်တိုင်းမှာရှိမှာပါ။ ရှင့်ညီမလေးကို ချီပြီးသွားနိုင်ပါပြီ"

"ကျေးဇူးပါ"

"ကျေးဇူးမတင်နေနဲ့။ ကလေးကို ခမဲသာပေးလိုက်"

ဒေါက်တာကပြုံးစိစိနှင့်ပြောလိုက်လေ၏။ လိမ်းဆေးဘူးအမည်ကို စာရွက်ဖြင့် ရေးပေးလိုက်တာမို့ အိတ်ကပ်ထဲအရင်ထည့်လိုက်ပြီးမှ ညီမလေးကို ချီလိုက်ပါသည်။ လမ်းမလျှောက်စေနဲ့ ပခုံးမှာ





ထမ်းထားတဲ့လား။ ရွဲ့ပြောမှန်းသိသော်ငြား သူက တကယ်ပဲ ပွေ့ချီသွားချင်တာအမှန်ပါ။

သူ့ထက်ကဲတွေ ရွှေပြည်စိုးတွေမကလို့ တာနေ့ာယက္ခနှင့် ၀င် နိုင်းယှဉ်ပြပါစေတော့။ သူ စိတ်မခုတာ အမှန်ပါပဲ။

"မငိုပါနဲ့ ညီမလေးရယ်"

"နာလို့ပါ အစ်ကို၊ မငိုပါဘူး။ ဒီလိုပဲ မျက်ရည်က အလိုလို ကျသွားရတာပါ"

ကားပေါ်မှာထိုင်စေပြီး အင်္ကျီအိတ်ကပ်ထဲမှ ယောကျ်ားကိုင် လက်ကိုင်ပဝါ မီးခိုးရောင်ဖျော့ဖျော့လေးကို ထုတ်ပေးလိုက်မိ၏။ ါးပြင်ထက်မှ မျက်ရည်ကို သုတ်ပေးချင်ပေမယ့် အခွင့်မှမရှိတာလေ။ ကိုချာတိတ်သာမြင်လျှင် အဘယ်မျှ ဇွေ့ဇွေ့ခုန်လိုက်မလဲ မသိပါ။ ခ်မာမာလေးထင်ထားပါသည့် 'သော်တာ' က မိန်းကလေးပါပဲ။ အားငယ်စိတ်ဖြင့် ဝမ်းနည်းမျက်ရည်ကျတတ်သည့် မိန်းမသားမှန်း သူသိနေရလေပြီ။

ဖြစ်ရလေ 'ညီမလေး' ရယ်။

"ခဏလေးနော်၊ ကိုယ် ဆေးယူပြီး ငွေရှင်းဦးမယ်"

"ဟုတ်!"

သူက ဆေးခန်းထဲ ပြန်ဝင်လျက် ဆေးဘူးဝယ်သလို

ဆေးကုသခပါ ရှင်းလိုက်ပါ၏။ ဆေးဘူးအရှည်က စက္ကူဘူးပြင်း ထည့်ပေးထားသလို plastic အိတ်ဖြင့် ထပ်ထည့်ပေးတာမို့ အနံ့ မရပါလေ။ ကားရှိရာဆီ ပြန်ထွက်ခဲ့စဉ် ကားပြတင်းပေါက်မှတစ်ဆင့် ဆေးခန်းအပြင်မှ ဈေးသည်တွေကို ငေးနေသည့် ညီမလေးကြောင့် အံ့ဩသွားရလေသည်။

"ညီမလေး"

"ဟင်"

"ဘာစားချင်လို့လဲ"

"ဟင့်အင်း"

"ကိုယ်ဝယ်ကျွေးပါ့မယ်။ စားချင်တာ မပြောလေ"

"တကယ်လား။ သေ့မှာ ပိုက်ဆံမပါလာလို့ပါ"

"တကယ်ပြောတာပေါ့"

"ကြက်သားသုပ်စားချင်တယ်၊ ကြာဆံချက်ရောပဲ။ ပြီးတော့ နာနတ်သီး"

"သုံးမျိုးစလုံးလား"

"အင်း"

"နာနတ်သီးက စိပ်ထားတာစားမှာလား။ အမှုန့်ဖြူးခိုင်း မလား"





"ဟင့်အင်း ဆားပဲဖြူးခိုင်းပါ"

"Ok"

ထမင်းစားချိန်ရောက်ခါနီး သွားရေစာတွေ ဝယ်ကျွေးတာ အဆူခံထိဖို့ သေချာနေပါပြီ။ ဘယ်တတ်နိုင်ပါ့မလဲ။ စိတ်မကောင်း ဖြစ်လွန်းလို့သာ စားချင်တာကို ဝယ်ကျွေးချင်တာပါ။ ဆိုင်ထဲမှာက ကြက်သားသုပ်နှင့် ကြာဆံချက်ကို ဝယ်လိုက်ပါ၏။ အပြင်မှာရောင်း သည့် သစ်သီးဆိုင်မှ နာနတ်သီးနှစ်စိပ်ကို တုံးခိုင်းလျက် ဆားဖြူးစေ လိုက်ပါသည်။ ပြီးမှ ကားရှိရာဆီ လျှောက်ခဲ့ပြီး တံခါးဖွင့်၍ တက် လိုက်ပါ၏။

"ဒါက ချိတ်ထားမှဖြစ်မယ်။ အခု ဘာစားမလဲ"

"နာနတ်သီး"

"အန်တီဆူရင် ကိုယ်မသိဘူးနော်"

"Lunch က နေ့ခင်း (၁) နာရီမှ စားလည်းရတာပဲဟာ။ အစ်ကိုအလုပ်ပျက်ပြီထင်တယ်"

"မပျက်ပါဘူး"

"ဟင်!"

"တမင် အိမ်မှာမနေချင်လို့ ရှောင်တာ။ သူ စောစောရောက် လာလို့ပျက်ရော"

နာနတ်သီးကို တုတ်တံဖြင့် ထိုး၍ ပါးစပ်နားတေ့ရင်း မစား ဘဲ သူ့ကို အံ့ဩလျက် ကြည့်နေသည့်ကောင်မလေးကြောင့် ပြုံးလိုက် မိလေ၏။ လိမ်ညာတတ်သည်ဟုများ ထင်သွားလေသလား။ တကယ့် ကို ထင်မထားသဖြင့် တအံ့တဩ မှင်တက်သွားပုံပါ။ တစ်ခါတလေ ထိပ်တိုက်ရင်ဆိုင်ရတာထက် အန္တရာယ်ကို ကြိုရှောင်တာမျိုးက ပို အကျိုးရှိတာကို ငယ်သေးပါသည့် ညီမလေးက နားမလည်နိုင်သေး ပါလေ။

"မတေးပန်းချီကို ရှောင်တာလား"

"ဟုတ်တယ်"

"ဘယ်လိုကြီးလဲ"

"တစ်မျိုးထင်ကောင်း ထင်နိုင်ပါတယ် ညီမလေး။ သူနဲ့ကိုယ် တွဲကြတာ နှစ်ချီကြာနေတာ မှန်ပေမယ့် တကယ်ချစ်ကြတဲ့ ချစ်သူမျိုး မဟုတ်ကြပါဘူး"

"ဟင်!"

"မိဘတွေကြောင့်ပါ။ ကိုယ့်အပေါ်စိတ်ဝင်စားပါတယ်ဆိုတဲ့ တေးပန်းချီကို နားလည်မှုနဲ့ ကိုယ်တွဲဖြစ်ခဲ့တာပါ"

"အဲဒါတော့ အစ်ကိုမကောင်းဘူး"

ရင်ထဲမှာ အောင့်သက်သွားရပါ၏။ မှန်သောစကားပါပဲ။





န်းကလေးတစ်ယောက်ကို တကယ်မချစ်ပါဘဲ အပျော်တွဲသည်ဟု င်တော့မှာပါ။ အမှန်ပါပဲ။ တစ်နေ့နေ့တော့ ချစ်လာမည်ဆိုသည့် ျှော်လင့်ချက် တစ်ပိုင်းတစ်စဖြင့် သူပြုမိသည့်အမှားက ဘဝမှာ အမှားအကြီးကြီး ဖြစ်နေလိမ့်မည်ဟု သိမှမသိခဲ့တာလေ။ ပြော် ညီမလေး' ရယ်။

## အခန်း (၁၉)

"အဲဒါ သမီးမှားတယ် sweety"

"မာမီ"

ဒေါသတကြီးဖြင့် ပြန်ရောက်လာရပြီး ရင်ဖွင့်ကာမှ အပြစ်က ကျွန်မအပေါ် ပုံကျလာပါသလား။ အဖြစ်အပျက်ကို အတိုချုံး၍ ပြော စဉ် အများဆိုတာက 'တေးပန်းချီ' ကိုမှ လက်ညှိုးညွှန်ပြရတယ်လို့ "အချစ်မှာ မျက်စိမရှိပါ" တဲ့။ 'ကျော့' အပေါ်မှာ ကျွန်မချစ်သည့် အချစ်က မျက်ကန်းနှယ် ဖြစ်ကောင်းဖြစ်နေနိုင်တာ အမှန်ပါ။

"ဒီလောက် အတန်တန်ပြောထားပါလျက်နဲ့ ဖြစ်အောင် လုပ်လာတယ်"





"သူ့အတွက် Birthday gift သွားပို့ပေးတာ တေးမှားလို့ လား မာမီ။ လိုအပ်မှန်းသိနေလို့ သူ့ရဲ့ကွက်လပ်လေးကို ဖြည့်ပေးရုံပါ"

"အေးလေ၊ အဲဒါကို မာမီလက်သင့်ခံပါတယ်။ ဒါပေမဲ့ ယောက်ျားလေးရဲ့မာနကို သမီး ဘာကြောင့်မေ့ထားရသလဲ။ ဈေးကြီး တဲ့ အဝတ်အစားတွေ၊ ယောက်ျားလေးအသုံးအဆောင်မျိုးတွေ ဝယ် ပေးတိုင်း သူ လွယ်လွယ်ကူကူ လက်ခံခဲ့သလား တွေးကြည့်စမ်းပါဦး"

ရင်ထဲအောင့်သက်သွားရပါသည်။ ဟုတ်ပါတယ်။ သူဝတ် လေ့ရှိသည့် shirt အင်္ကျီလှလှလေးတွေ ပုဆိုးအကွက်ဆန်းဆန်းလေး တွေ မြင်တိုင်း အမြဲဝယ်ပေးခဲ့တာပါ။ သူက style pants တွေ သိပ်မဝတ်ဖြစ်တဲ့ ထိုသို့ လူကြီးဆန်သည့် Fashion ဖြင့် သိပ်ကြည့် ကောင်းသည့် လူငယ်တစ်ယောက်ပါ။ တစ်စုံလိုက်လေး အလိုက်တသိ ဝယ်ပေးတိုင်း မျက်နှာနီပြီး စိတ်ဆိုးတတ်တာ 'နေမျိုးကျော်ဇင်' ပါပဲ။

"မလိုဘူး"၊ "နောက်ဝယ်မပေးပါနဲ့"၊ "အဲဒီလိုပေးနေရင် နောက်တစ်ခါ လာမတွေ့တော့ဘူး" ဟု ကျွန်မ သိပ်ကြောက်ပါသည့် ခြိမ်းခြောက်မှုမျိုးဖြင့် ပြောလေ့ရှိတာပါ။ ဒါကို အမှတ်မရှိသည့် 'တေး ပန်းချီ' က သိန်းရာကျော်တန် လက်ဆောင်မျိုးကိုမှ ဝယ်ပေးမိရတယ် လို့။ အမှန်တော့ 'တေး' သိပ်ပူဆာလွန်း၍သာ ဒက်ဒီဝယ်ပေးခဲ့တာ လေ။

"ဘာပဲဖြစ်ဖြစ် သူ တကယ်လိုတဲ့ပစ္စည်းမို့ လက်ခံသင်
ပေါ့ မာမီ"

"ကျစ်! ခက်လိုက်တာ သမီးရယ်။ လက်ညှိုးညွှန်ရာ ရော
တဲ့ ဘဝဆိုပြီး တခြားလူတွေကို သမီးစိတ်ကြိုက် ပုံသွင်းဖို့ မကြိုးစား
နဲ့လား။ အခု သမီးလုပ်ခဲ့တာ ပြန်ဆန်းစစ်ကြည့်ပြီး။ မသဇင်
အတော်လေးစကားထိန်းပြောတတ်တဲ့သူမို့ တော်သေးတယ်"

"ဟင်!"

"မဆီမဆိုင် သူစိမ်းကို ကိုယ်ထိလက်ရောက်ပြုမူခဲ့ရတာ
လို့"

ကြည့်စမ်း! သတင်းကမြန်လိုက်တာ။ ဘယ်လိုဖြစ်ပြီ
'အန်တီဇင်'က မာမီ့ကို phone ဆက်တိုင်ရပါသလဲ။ သားဖြစ်သူ
စကားများတိုင်း သူ့ကိုသာ အမြဲဆူလေ့ရှိပါသည့် 'ဒေါ်သဇင်' က
ခုတော့ဖြင့် ဘေးခြံက ကောင်မလေးကြောင့် ဘက်လိုက်တတ်နေပြီ
လား။ ထိုကောင်မလေးက 'ကျော်' နှင့် ဘယ်အတိုင်းအတာထိများ
ရင်းနှီးတွယ်တာမိနေလို့ သူမဘက်ကိုလိုက်ပြီး နာရပါသလဲ။

"အန်တီဇင်က ဘာပြောလို့လဲ"

"ဒီလိုပဲ အကြမ်းဖျင်းပြောရုံပါ။ သမီးက သားအလုပ်သွား
နီး ရောက်လာပြီး စကားကတောက်ကဆဖြစ်ကြတယ်။ အဲဒီအချိန်မှ





ားခြံက ကလေးမလေး ကိစ္စရှိလို့ ရောက်လာတာကို မကျေမနပ်နဲ့
ပြောပြီး တွန်းတယ်ဆိုလား"

"မာမီက ယုံလိုက်တာပဲလား"

"မယုံလို့ရမလား။ အခုပဲ အဲဒီကလေးမ ဆေးခန်းမှာ ခြေ
ာက်ဆေးသွားစည်းရတယ်လေ သမီးရယ်"

"တေးက အသာလေးတွန်းမိရုံပါ။ ဒီလောက် အဖြစ်သည်း
ရာမလိုပါဘူး။ ပိုကိုပိုလွန်းတယ်"

"သူ့ခြေထောက်က နဂိုကတည်းက ဆေးခန်းပြထားတာ
က်သာခါစပဲရှိသေးတာကို သမီးက ပိုဆိုးအောင်သွားလုပ်လိုက်တာ
ို။ ကိုယ့်အပြစ်ကိုယ်မြင်စမ်း"

"မာမီကလည်းကွာ"

"လူကြီးကအပိုပြောမလား"

"အဲဒါ ကျော့်ကိုချစ်လွန်းလို့ ဖြစ်ရတာ မာမိရဲ့"

"ခက်တော့တာပဲ"

"ဘာဖြစ်နေကြပြန်ပြီလဲ"

အပေါ်ထပ်မှ ဆင်းလာသည့် ဒက်ဒီ့အသံကြောင့် ရင်ထိတ်
ွားရတာအမှန်ပါ။ မာမီ့ကိုဖြင့် ရဲရဲတင်းတင်း ပြောတတ်ပေမယ့်
က်ဒီ့ကိုတော့ ဒီလို ဂျစ်တိုက်ပြီးပြောလို့ မရပါလေ။ အကြီးညာဏ်

သေချာပေးထားပါလျက် ကျွန်မက ဒက်ဒီပြောသည့်အတိုင်း လင်း
မလျှောက်မိတာ မဟုတ်ပါလား။

"ကိုယ့်သမီးလုပ်ပုံတွေက ပုံစံကိုမကျဘူးရှင်။ ဘယ်လိုလုပ်
ရမှန်းကိုမသိဘူး။ နွယ်က ဆိုင်သွားခါနီး မသဇင် phone ဆက်
သွားဖို့စိတ်ကပျက်ပြီ"

"ပြော ဘာတွေလုပ်ခဲ့ပြန်ပြီလဲ"

"ဟိုအိမ်ကိုသွားတာပါ ဒက်ဒီ"

"အဲဒီတော့"

"သူ့ကို ကားသွားပို့ရင်း စကားများလာတာ"

"ကျစ်! ပြောသားပဲ။ သမီးတို့ လက်ထပ်မှ အကုန်အပြ
အစုံ ဝယ်ပေးပါ့မယ်ဆိုတာကို မအောင့်မအည်းနိုင်ဘဲ ပူဆာ
ကို။ အခုဖြစ်ပြီ မဟုတ်လား"

"ဘေးအိမ်က ကောင်မလေးကို တွန်းခဲ့တာ ဆေး
ရောက်ရောတဲ့လေ"

"လက်လွတ်စပယ်လုပ်လာပြန်ပြီလား"

"သူက ကျော့်ကို လာရှုပ်တာကိုး"

"မဟုတ်တာပြောပြီ။ မသဇင်မှာထားလို့ ဘုရားပန်း
ပေးရင်း နို့ဆန်ပြုတ်ဆိုလား ယူလာပေးတာကို ပြဿနာရှာ





ဘယ်သူလဲ"

"မာမီ မသိဘဲ မပြောပါနဲ့။ အဲဒီကောင်မလေးအပြင် တခြား
နီးကလေးတစ်ယောက်ပါ သူ့အိမ်ထဲ ဝင်ထွက်နေမှာတော့မသိကြ
ဘူး"

"ဟဲ့! အဲဒါ မသဇင်အတွက် Home nurse ကို Day လ
တိုင်းခေါ်ထားတာတဲ့။ သိရဲ့လား။ ဘာမှ မစူးစမ်းဘဲ စိတ်လွတ်
လက်လွတ် လုပ်ကျင့်က မပျောက်နိုင်ဘူး။ ငါ စိတ်ပျက်ပါရဲ့"

"ဟင်!"

ဘုရားရေ! ဘယ်လိုဖြစ်ကုန်တာလဲ။ သူ့အိမ်မှာရှိနေတာက
'အန်တီဇင်' ရဲ့သူနာပြုဆရာမတဲ့လား။ ဘာလို့ 'တေး' ကို မပြော
တာလဲ။ အိမ်မှာလူပိုခေါ်ထားတာကိုတော့ အသိပေးရမှာလေ။ Day
စောင့်ပေးမယ့် nurse က အတော်လေး ကိုယ်လုံးခပ်တောင့်တောင့်
အရပ်ရှည်ပြီး ရုပ်ရည်တင့်တယ်နေတာကိုမှ ရွေးပြီးခန့်ရပါသလား။
အိမ်မှာ လူပျိုအရွယ် သားတစ်ယောက်လုံးရှိနေတာကို မစိုးရိမ်သလိုပါ
လေ။

"ဘယ်သူလွှန်သလဲ သိပြီလား"

"ဒက်ဒီ"

"သမီးကို ဘယ်လိုထိန်းမတ်ပေးရမလဲ။ ဒီအရွယ်အထိ

ရောက်လာတာတောင်မှ ကိုယ့်စိတ်ကို ကိုယ်ထိန်းနိုင်ရမှာပေါ့''

''ဟုတ်တယ်၊ သမီးက သားကျော်ဇင်ကို အမြဲတမ်း သဝန် နေတာကြောင့် အခုလို ပြဿနာတွေ ဖြစ်လာတာ။ သားလော တည်ငြိမ်တဲ့ယောကျ်ားလေးမျိုး ဘယ်မှာသွားရှာမလဲ။ စဉ်းစားကြ စမ်းပါဦး''

''မာမီကလည်း၊ တေးဘက်ကို မကြည့်ပေးဘူး''

''ဘယ်နေရာမဆို မျှတမှုရှိရတယ် sweety ။ သမီး ကိုယ့်ကိုကိုယ်သာ ချစ်တတ်ပြီး သားကျော်ဇင်ကိုတော့ ဝန်တိုစိတ် ရှိတာ မာမီတို့သိတယ်။ တစ်သက်တာလက်တွဲဖို့ ဆုံးဖြတ်ထားပြီး အဲဒီလူအပေါ် ယုံကြည်ကိုးစားမှုထားနိုင်ရမှာပေါ့''

''ယုံကြည်ကိုးစားမှု''

''ဟုတ်တယ်လေ၊ သူ့အပေါ် ယုံကြည်ပေးနိုင်မှ အား အားထား ပြုနိုင်မှာ။ လေးစားသမှုရှိမှသာ အိမ်ထောင်ဘက်အဖြ လက်တွဲသွားနိုင်မှာပေါ့ သမီးရယ်''

ကြည့်ပါဦး။ ကျွန်မက ကိုယ့်ကိုယ်ကိုယ်သာ ပိုချစ်တာ လား။ ပြောရက်ပါပေ့မာမီရယ်။ 'တေး' က 'ကျော့်' ကိုမှ ရင်း ပြီး ချစ်ခဲ့တာကို ဖွင့်ပြောမိတာကို မယုံကြဘူးပေါ့လေ။ ဘာ ဖွင့်ပြောမှသာ နေသာထိုင်သာရှိသည့် အကျင့်က မြဲစီစီ။ သူ





သနိ့ကျင်ဘက် ဖြစ်နေရတာပါ။ ဘယ်လိုဖြစ်ပြီး သူ့အိမ်ကိုရောက်မှ န်းကလေး (ခြံဘေးအိမ်က) ရောက်လာတာကို တိုက်ဆိုင်ပြီး တွေ့ရတာပါလိမ့်။

သူ့ဘေးမှာ ကျွန်မကလွဲပြီး ဘယ်မိန်းကလေးကိုမှ မရှိစေ င်တာကို ပြောထားတာကို မေ့နေသလိုပါ။ 'နေမျိုးကျော်ဇင်' ကို င်ဆိုင်ခွင့်က 'တေးပန်းချီ' တစ်ဦးတည်းသာရှိရမှာပါ။ ဒါကို သူသိသိ ကြီးနှင့် ကျွန်မ စိတ်ငြိုငြင်စေရန် ဖန်တီးရပါသလား။ အူတိုတတ်ပါ သည့် ကျွန်မအကြောင်းကို သူ အသိဆုံးပါလေ။

ခုတော့ဖြင့် –

''တေးက သူ့ကိုယုံပေမယ့် မိန်းမတွေက သူ့နားမှာ လာရှုပ် နေတာ''

''ကျွတ်! ပတ်ဝန်းကျင် အသိုင်းအဝိုင်းနဲ့ လူတိုင်းနေတတ်ရ တယ် sweety ။ မာမီလည်း ဆိုင်မှာထိုင်ရင်း customer တွေနဲ့ နေ့တိုင်း အပြုံးနဲ့စကားပြောရတာ သမီးသိတာပဲ။ သူ့အလုပ်မှာက ယောကျ်ားလေးတွေသာ အများဆုံးဆိုတာ မှန်တယ်။ အိမ်မှာတော့ အိမ်နီးချင်းကရှိမှာပဲလေ''

''ဒါပေမဲ့၊ အိမ်ထဲထိ ဝင်ခွင့်ပြုတာ သူနဲ့ ရင်းနှီးရတာက ဘာလို့လဲ''

"ခက်လိုက်တာ သမီးရယ်။ အတော်နားကောက်လိုက်တာ။ ကုမ္ပဏီမှာ အလုပ်ဝင်နေပေမယ့် သမီးကို ဒက်ဒီ့သမီးမှန်း သိတာ ကြောင့် ဘယ်ယောက်ျားလေးမှ စကားအပိုမပြောရဲကြတာလေ။ အပြင်မှာတော့ သူငယ်ချင်းအသိမိတ်ဆွေတွေရှိမှာပဲ"

"မရှိပါဘူး။ ရှိလည်း တေးက ကျော့်ထက်ပိုခင်မင်တာမျိုး မရှိတာအမှန်ပဲ ဒက်ဒီ"

နေပါဦး။ ခင်မင်တာဆို၍ ဟိုတစ်လောက coffee ဆိုင်မှာ နာမည်ပြောဆို မိတ်ဆက်ခဲ့ပါသည့် လူငယ်လေးကို သတိရသွားပါ၏။ အသားညိုညို အရပ်မြင့်မြင့် ခန္ဓာကိုယ်ပါးပါးနှင့် ကောင်လေးက အမည်နှင့်လိုက်ဖက်သည်ဟုပင် ထင်ခဲ့မိတာပါ။ 'ရဲရင့်မြတ်သွေး' တဲ့။ ဟုတ်သားပဲ၊ သူ့ကို ဘာကြောင့်မေ့နေမိတာလဲ။ ဘုရားရေ့ ဒါဖြင့် အဲဒီကောင်မလေးကို မြင်ဖူးပါတယ်လို့ထင်မိတာ။ သေချာတာ ပေ့ါ။ 'ရဲရင့်မြတ်သွေး' ရဲ့ချစ်သူ ကောင်မလေးဖြစ်နေပါလား 'ကျော့်'။

"အဲဒီလို အပြတ်မပြောနဲ့လေ"

"တေး မှတ်မိပြီ"

"ဘာကိုလဲ"

"အဲဒီကောင်မလေးကို"

"ဘယ်တုန်းက သိတာလဲ"





"ဟင့်အင်း။ သိတာမဟုတ်ဘူး။ တွေ့ဖူးတာပါ။ ဟိုတစ်လော က ကုမ္ပဏီသွားတိုင်း coffee ဆိုင်မှာ breakfast ဝင်စားတယ်လေ။ အဲဒီတစ်ရက် ညနေဘက်ဝင်ရင်းနဲ့ ဆုံခဲ့တာ။ ဟုတ်တယ်၊ အဲဒီ ကောင်မလေးပဲ။ ကြည့်စမ်း! ဒင်းက ချစ်သူရှိနေရဲ့သားနဲ့ ကျော့်ကို ရှုပ်ချင်နေတာပဲ"

"ပြောမှပဲ ပိုဆိုးနေပြီ"

"ဒက်ဒီ"

"ခုထိ စကားနားမထောင်ဘူး။ ဒက်ဒီပြောတဲ့အတိုင်း မလုပ် တာ သမီးပဲ။ အမြဲတမ်း ပြဿနာရှာ ရန်ရှာစကားများနေမှတော့ သမီးနဲ့ကျော်ဇင်က ဘယ်လိုတွဲဖက်လို့ ရပ့ါမလဲ။ သားကရော သမီး အပေါ် တွယ်တာလာပါတော့မလား။ အစကတည်းက သူ့မိဘတွေ ကြောင့် စကားနားထောင်ပြီး သမီးအပေါ် ညီမလေးလို သဘောထား မျိုးနဲ့တွဲခဲ့တာ သိရဲ့သားနဲ့"

ကြည့်စမ်း! 'ညီမလေး' တဲ့။ ဘာလို့များ ဒက်ဒီက ဤ အသုံးအနှုန်းကို ဒက်ဒီကပြောရတာလဲ။ ဟိုကောင်မလေးကို 'ကျော်' က 'ညီမလေး' ဆိုပြီးခေါ်တာကို ကြားခဲ့ရတာလေ။ အဘယ်မျှ စိတ်တိုစရာကောင်းလိုက်ပါသလဲ။ ဒီလောက် နှစ်နှစ်ကျော်ကြာ ခင်မင် တွယ်တာခဲ့သည့် ကျွန်မကိုဖြင့် ချစ်စနိုး ကောင်မလေးကိုမှ ထိုသို့

ခေါ်ရပါသလား။

ရင်ထဲနာတယ် 'ကျော်'။

"ညီမလေးလို့ မသုံးပါနဲ့ ဒက်ဒီ။ တေးနဲ့သူက မောင်နှမမှ မဟုတ်တာ။ ပြီးတော့ အဲဒီလို ခေါ်တာကို သူက ဟိုကောင်မလေးကို ခေါ်တာသိခဲ့လို့ စိတ်တိုနေတာ အရမ်းပဲ"

"အဲဒီလိုခေါ်တော့ . . . သားကို သူက ဘယ်လိုပြန်ခေါ်လို့ လဲ"

"အစ်ကိုတဲ့လေ၊ မုန်းလိုက်တာ"

"အဲဒါပဲ။ ကြီးသူကို ရှိသေလို့ အဲဒီလိုခေါ်ပြောဖြစ်တာပေါ့။ သမီးလည်း သားထက် သုံးလေးနှစ်ငယ်တာကို တရိုတသေ တလေး တစားသုံးနှုန်းပါလား။ ကိုကြီးဖြစ်ဖြစ် ကိုကိုဖြစ်ဖြစ်၊ သူ့နာမည်တစ်လုံး နဲ့တွဲပြီး ခေါ်လည်းရတာပဲ။ အခုတော့ ရွယ်တူလို မလေးမစားနဲ့ ခေါ်တာ သူက ဘယ်ကြိုက်ပါ့မလဲ။ သမီးမှာ ပြင်စရာတွေ များနေပြီ တေးပန်းချီ"

"ဒက်ဒီကလည်းကွာ၊ တေးကိုပဲ အပြစ်ပုံချနေပြန်ပြီ။ မာမီ ဒီလောက်ပြောတာ လွန်နေပါပြီဆိုမှ"

"ဒက်ဒီကလည်းကွ။ တေးကိုပဲအပြစ်ပုံချနေပြန်ပြီ။ မာမီ ဒီပလာက်ပြောတာ လွန်နေပါပြီဆိုမှ"





"အပြစ်မြင်နေရလို့ ပြောနေတာပေါ့ sweety မရှိတဲ့အပြစ် ကို ရှာကြံပြောနေတာမှမဟုတ်တာ"

"ရှုပ်ချင်တဲ့လူက သူပဲဟာ"

"သံသယဆိုတာ ထားနေမှတော့ မယုံကြည်ရင် ဆက်မတွဲ နဲ့ပေါ့ sweety "

"အို! တေးကတော့ မဖြတ်နိုင်ပါဘူး"

"အေး မဖြတ်နိုင်ရင် ကိုယ့်အမှားကိုပဲပြင်။ အစစအရာရာ ဆင်ခြင်သုံးသပ်ပြီးမှ သူနဲ့သချာတိုင်ပင်ပြီး ရှေ့ဆက်ပါ။ မဟုတ်ရင် တော့ အပြီးအပြတ်သာ ဖြတ်လိုက်။ နှစ်ယောက်စလုံး တကျိန်းကျိန်း ဝကားများရန်ဖြစ်နေတာမျိုးက အိမ်ထောင်ရှင်တွေမှာပဲ ရှိတာ။ နောက် ကို နေမျိုးကျော်ဖင်နဲ့ ပတ်သက်ပြီး မှုညံပူညံ ဘာသံမှ မကြားချင် တော့ဘူး။ ဒါ နောက်ဆုံးဖြစ်ပါစေ၊ ဒါပဲ သွားတော့"

ဝိုမဲ့မဲ့မျက်နှာဖြင့် ခြေဆောင့်၍ အိမ်ပေါ်ထပ်သို့တက်ခဲ့ရလေ ၏။ တော်ရုံနှင့် မျက်ရည်မကျတတ်ပါသည့် 'တေးပန်းချီ' ကို ငို တတ်အောင် ဘယ်သူသင်ပေးထားပါလဲ။ ရက်စက်ပ့ါ 'ကျော်' ရယ်။

အချစ်ဆိုတာ ဘာသာဗေဒတစ်ခုလို့ ကျွန်မ ယူဆသတ်မှတ် ဘာမျိုး မရှိခဲ့ပါ။ ချစ်တာကို ချစ်တာလို့ ခပ်ရိုးရိုးပဲ ခံယူထားပါတယ်။ ကိုယ်က ပိုချစ်တော့ ပိုခံစားရလေပါပဲ။ ဘာဖြစ်လဲ၊ အချစ်က ခံစား

ချက်မျိုးစုံပေးတတ်တဲ့ နတ်ဘုရားတစ်ပါးပင် မဟုတ်ပါလား။ သူ့အပေါ် ချစ်မိတဲ့ ကျွန်မရဲ့ချစ်ခြင်းတွေက အဆိပ်ဖြစ်နေမယ်လို့ ဘယ်ထင်ထား ပါ့မလဲ။ ရှုံးသွပ်မူးမေ့မတတ် ချစ်မိတဲ့လူရဲ့အပြစ်လား။ အဲဒါတွေ ဘာမှမသိချင်ပါ။ ရင်ထဲမှာရော ဦးနှောက်ထဲမှာပါ သိထားတာက တစ်ခုတည်းပါပဲ။ 'ကျော်' ကို ကျွန်မ သိပ်ချစ်တယ်။

❊





## အခန်း (၂၀)

ဆိုင်ကို အစောဆုံးရောက်တာက သူ အရင်ဆုံးပါ။ မုန့်လာပို့သည့် ကားကိုစောင့်ရင်း ဝန်ထမ်းချာတိတ်တွေနှင့်အတူ ဆိုင် သန့်ရှင်းရေးကို ဝိုင်းကူလုပ်နေလိုက်ပါ၏။ ရင်ထဲမှာ မကောင်းတာတော့ အမှန်ပါပဲ။ နီးနီးလေးရှိနေပါလျက်နှင့် သူက 'သော်' နှင့်ပိုပြီးဝေးကွာလာသလို ခံစားရတာ ဘာကြောင့်ပါလဲ။

"ကိုရဲ မျက်နှာမကောင်းတာ တစ်ပတ်ကျော်နေပြီ"

ချာတိတ်တွေ တီးတိုးပြောတာကို သူ မကြားယောင်ဆောင်နေမိပါ၏။ ဒေါသကြီးတာ၊ စိတ်လိုက်မာန်ပါ လုပ်တတ်သည့်အကျင့်ကို ည်သို့ ဖျောက်ရပါ့မည်နည်း။ သူ့ကြောင့် သူ့အတွက် သူအသုံးမကျ၍သာ အေးအေးလေးနေတတ်ပါသည့် 'သော်' ပင် ပြန်အော်တတ်

နေလေပြီ။ ဖြူစင်လွန်းပါသည့် စံပယ်ပွင့်လေးကို သူကြောင့် အနိုင် မဆန်စေချင်တာ အမှန်ပါ။

"မုန့်ကားလာပြီးရင် အိမ်ခဏပြန်ဦးမယ်"

"ဗျာ အစ်ကိုဘာပြောလိုက်တာလဲ"

"မင်းကိုပြောတာ မဟုတ်ဘူး။ ငါ့ဘာသာငါ ပြောတာ"

စားပွဲတွေထက် စာပွဲခင်းတွေခင်းစဉ် Tissue Box လား ပေးသည့် ဖိုးကျော်က သူ့အသံ တိုးတိုးရွတ်တာကို ကြားသွားပုံရလေ၏။ မုန့်တံခါးဖွင့်သံနှင့်အတူ 'သီဟ' တို့သုံးဦးပါ ရောက်လာ၍ မုန့်ကားလည်း အရောက်မို့ ပစ္စည်းကူသယ်ပေးတာက မြန်မြန်ပါပဲ။ မုန့်ပုံးထဲ မုန့်စီထည့်နေပါသည့် 'သိန်းဇော်' ရှေ့သို့ ... လျှောက်ရင်း ခါးမှာစည်းထားပါသည့် ဝိတ်စကို ဖြုတ်လိုက်ပါသည်။

"ငါ့ကို bread အဆိမ့်တစ်ထုပ်စာ ပါဆယ်ချွေးပေး"

"ဘာလုပ်ဖို့လဲ"

"အိမ်ခဏပြန်မလို့"

"ဘာပြောတယ်။ နားမယ်ဆိုလည်း မနက်ကတည်းက မလာနဲ့ပေါ့"

"ငါ့ခြေထောက်နဲ့ငါလာတာ မင်းကုန်းပိုးထားရလို့လား"

"ဟာ! ဒီကောင်တော့ စောစောစီးစီး မမူးဘဲ လာရစ်နေပြီ





သီဟရေ! ကြည့်ပြောပေးဦး"

"ရှိရှင့်"

"ဘာလဲ"

"Breakfast menu ကြော်ငြာမှာ special ခရုခေါက်ဆွဲကို အောင် သွားရေးပေးပြီး မင်းပြန်မယ့်ကိစ္စ ဆက်ဆွေးနွေးမယ်'

"အံမာ၊ ငါ့ကို ပြန်ခွင့်ပြု မပြု ပြောရအောင် ငါက မင်းတို့ အလုပ်သမားလားကွ! "

"ကျစ်! ငါပြောသလိုသာ လုပ်ပါကွာ။ ရော့ ဒီမှာ sample ခေါက်ဆွဲကြော်"

"ခါတိုင်းပါတဲ့ အမျိုးအစားတွေပဲ မဟုတ်လား။ အပိုမထည့်ဘဲ ရေးခိုင်းနေပြန်ပြီ"

"အေးပါ၊ သွားရေးမယ့်ဟာသာ ရေးစမ်းပါ"

'သီဟ' က သူ့လက်မောင်းကို တွန်း၍ပြောနေတာကြောင့် ဘောပင်ယူ၍ ဆိုင်ရှေ့သို့ ထွက်လိုက်ရလေ၏။ မနက်စာအထူးအစား အစာကိုသာ ရေးတာမို့ နေ့လယ်တိုင်း whiteboard ကို စာရေးထားတာ အမြဲဖျက်ထားသဖြင့် ဒီနေ့ date နှင့် အထူးအစာကိုသာ ရေးရန် ပြင်လိုက်ရလေသည်။ သူ off ရက်ယူလည်း ဒီအလုပ်ကိုတော့ တောဖြစ်ဖြစ် လာရေးပေးရတာလေ။

"ရပြီ"

"မုန့်က သော်တာ့အတွက်လား"

"အေး ဟုတ်တယ်"

"ခြေထောက်ပြန်ကောင်းပြီလား"

"အဲဒါပဲ သွားမေးမလို့"

"ရဲရင့်"

"ဘာလဲကွာ"

"သူနဲ့စကားမပြောရရင် မင်းမနေနိုင်ဘူး မဟုတ်လား။ ဒါ
များ စကားများရသေးတယ်"

"အဲဒီကောင်နဲ့ပိုရောဝင်နေလို့ ဒေါသဖြစ်ပြီး ပြောမိတာ
ကွာ။ မေသက်ကအစ သူ့လိုသားမျိုးပဲ လိုချင်တာတဲ့လေ။ ကောင်း
လေ့။ ဒီလောက်အထိ သားအရင်းလိုရှိခဲ့တဲ့ ငါက ဘယ်ချောင်ရော
သွားမှန်းကို မသိတော့ဘူး"

"ဒါဆို သဘောပေါက်ပေါ့"

"ဘာကွ!"

"ဟုတ်တယ်လေ၊ ဟိုလူက သော်တာ့အပေါ် ကြင်ကြ
နာနာ ဖွေးဖွေးထွေးထွေး ပြောဆိုဆက်ဆံမှုတော့ အန်တီသ
သဘောကျတာ ဆန်းမလား။ မင်းက တဆိတ်ရှိ သော်တာ့ကို ရန်





နေပြီးတော့"

"မေသက်က ငါ့ကိုချစ်တာကွ"

"မင်းကိုချစ်တာ သားလိုပဲ ဖြစ်မှာပေါ့။ သားမက်လိုတော့
ဘယ်မြင်ပါ့မလဲ"

"ဘာ!"

'သီဟ' ကို သူ စူးစူးရဲရဲ ကြည့်လိုက်မိပါ၏။ သားနဲ့သားမက်
တဲ့လား။ ဘယ်လိုများ တွေးပြီးပြောလိုက်ပါသလဲ။ သူကဖြင့် ဒါမျိုး
တစ်ခါမှ မစဉ်းစားမိခဲ့တာလေ။ နေပါဦး။ သားမက်တော်ချင်ရအောင်
ပင်းမှာ ရည်းစားရှိနေပါလျက်နှင့် သူ၏ 'သော်' ကို အလစ်ဝင်သုတ်
မည်ပါသလား။ ကြံစည်ရက်ပါပေ့ 'နေမျိုးကျော်ဇင်'။

"အဲဒီလူမှာ ရည်းစားရှိတယ်"

"အဲဒီတော့ ဘာဖြစ်လဲ"

"ဟာ ရည်းစားရှိနေလျက်နဲ့ ငါ့သော်ကို လာငြိလို့ ဘယ်ရပါ့
မလဲ"

"အံမာ၊ စကားထဲမှာတော့ အပိုင်ပဲ။ ငါ့သော်လို့ ပြောရ
အောင် မင်းက သော်တာ့ကိုရော သော်တာ့နှလုံးသားကိုပါ ပိုင်နေလို့
လား"

"ဘာ"

"ချစ်သူရည်းစားက သက်သက်။ အတည်ယူလက်ထပ်
တာက သက်သက်ပါ ရဲရင့်။ ဒီခေတ်မှာ အဆန်းမဟုတ်တော့ဘူး
မင်းကို အစောကြီးကတည်းက ငါတို့ သတိပေးခဲ့ပြီးသားပဲ။ ဖွင့်
ဆိုတုန်းကဖြင့် မဟုတ်ဘူးငြင်းနေပြီး ခုမှ မျောက်ငါးပိကိုင်မိသ
ပျာယာခတ်ပြမနေနဲ့။ အသုံးမကျတာကမှ မင်း"

"အေး ဟုတ်တယ်၊ ငါတို့လည်း အဲဒါကိုထောက်ခံတ
ကွက်တိ"

သူ့မျက်နှာ ရှုံ့တွသွားရပါ၏။ အခုမှပဲ ဝိုင်းအုံပြီး သူ့အ
နှိပ်ကွပ်ပြနေကြတာလေ။ အတော်ချစ်ဖို့ကောင်းတဲ့ သူငယ်ချင်း
ပါပဲလား။ 'သိန်းဇော်' က Tea ဘူးနှင့် ပေါင်မုန့်ထုပ်ကို သူ့ရှေ့
ကောင်တာပေါ်သို့ လာတင်ပေးလိုက်လေသည်။ 'သော့' အိမ်
ဘယ်လိုဝင်ပြီး 'သော့' မျက်နှာကို ဘယ်ပုံစံနဲ့ ကြည့်ပြောမှစိတ်ဆိုး
မှာပါလိမ့်နော်။

"ငါ ခွင့်မပြုနိုင်ဘူး"

"ဘာကိုလဲ"

"သော်နဲ့ အဲဒီလူကို"

"ဟာ ဒီကောင်တော့ ပြောနေရင်းနဲ့ကို ဖောက်လာပြန်ပြီ

"သော်နဲ့ငါက နှစ်ကိုယ့်တစ်စိတ်လို အမြဲရှိခဲ့တာကွ"





"အေးလေ၊ ငါတို့သိတာပဲ"

"တခြားသူစိမ်းတစ်ယောက်ကို ချစ်ဖို့ မဟုတ်သေးဘူး။
သူစိမ်းရဲ့ အချစ်ကို လက်ခံဖို့ဆိုတာ ဘာပဲဖြစ်ဖြစ် ပါနဲ့တိုင်ပင်ရမှာပဲ"

"ရဲရင့် ရဲရင့်၊ မင်းတော့သွားပြီ"

"ဘာကိုလဲ"

"မင်းကတော့ မင်းစိတ်ကြိုက် တခြားကောင်မလေးကို စိတ်
စားနေပြီး သော်တာ့ကို ဘယ်သူမှမကြိုက်အောင် ချုပ်ကိုင်ထားလို့
ယ်ရပါ့မလဲ။ သော်တာက မင်းအိမ်က မုန့်ဗီရိုထဲက ကော်ပတ်ရုပ်မှ
ဟုတ်တာ"

"အေးလေ"

"ဟုတ်ဟုတ် မဟုတ်ဟုတ်ကွာ။ တခြားလူဆို ငါစဉ်းစားပေး
ယ်။ ဒီလူတော့ မရဘူး။ သော့်ကို မပေးနိုင်ဘူး"

"ကုရာနတ္ထိ ဆေးမရှိနဲ့ ရဲရင့်မြတ်သွေး ဝါက်လာပြီဟေ့"

"သွားစမ်းပါ"

"မင်းသာသွားရမှာ။ သော်တာ့ဆီသွားမလို့ မဟုတ်လား"

"အေး သော်နဲ့ငါ စကားများထားတာ ခုထိ မပြေလည်သေး
"

"သွားချော့မလို့ပေါ့လေ"

"ပြေလည်အောင် ညှိမှာပါကွ"

"အေးပါ အေးပါ၊ ငါတို့ကောင်တော့ သော်တာနဲ့စကားများ
ရန်ဖြစ်ပြီး နေမထိ‌ထိုင်မသာ ဖြစ်တာကို မြင်နေရတာ စိတ်မချမ်းသာ
ဘူး။ အမြန်ဆုံးသာ ကြွပေတော့"

ဆိုင်ဖွင့်ချိန်မဟုတ်သေးပါ။ မနက် (၇) နာရီမထိုးသေးသည့်
အချိန်မို့ အရုဏ်တက်အလင်းနှင့် နေရောင်နွေးနွေးလေးသာ ရှိသေး
တာလေ။ Morning ပါ 'သော်'။ Breakfast အတူစားရင်း အရင်
တုန်းကလို ဖော်ရွေတဲ့အပြုံး နွေးထွေးသည့် ရယ်မောသံတို့နှင့် မနက်
အရုဏ်နေလင်းရောင်ကို ကြိုဆိုရင်း လက်ဖက်ရည်နဲ့မုန့် အတူစား
ရအောင်နော်။

ကိုယ်တို့သူငယ်ချင်းနှစ်ယောက်က ဘာကြောင့် ဝေးကွာလ
ရတာပါလဲ။ နေ့စဉ် အပြင်ထွက်ကြတာချင်းတူတာတောင်မှ တစ်ပ
မှာ တစ်ကြိမ်လောက်တော့ တွေ့ဖြစ်ကြတာလေ။ သိပ်သတိရလ
သည့်အခါမျိုးမှာ မုန့်လာပို့သည်ဟု အကြောင်းပြပြီး 'သော်'၏ပန်းဆိုင်
ကို သူရောက်သွားလေ့ရှိတာ မဟုတ်လား။ 'သော်' သည်လည်း
လမ်းကြုံတိုင်း သူ့ဆိုင်ထဲ ဝင်လာလေ့ရှိတာပါ။

မှတ်မှတ်ရရ အဲဒီရက် သူ့ဂျာကင်လာပြန်ပေးပြီးကတည်းက
နောက်ထပ် ရောက်မလာတော့တာပါ။ Customer ဆိုပြီး 'တေး





န်းချီ' ကို ပြောခဲ့သလို သူစိမ်းဆိုပြီး သူလည်း ဟိုလူ 'နေမျိုးကျော်
င်' ကို လက်ညှိုးညွှန်ပြခဲ့သေးတာပဲလေ။ နောက်ဆုံးတော့ အမှာ
မောင်နှမနှယ် ရင်းနှီးခင်တွယ်ခဲ့ပါသည့် 'ရဲရင့်ပြင်းသွေး' နှင့် 'သော်
တာမြင့်မိုရ်' ကို သွေးကွဲစေတာ ထိုသူစိမ်းနှစ်ယောက်ပင် မဟုတ်ပါ
လား။

"တီ!"

ဟင်းလင်းဖွင့်ထားပါသည့် ခြံတံခါးမှ ခြံဝင်းထဲသို့ ကားကို
မောင်းဝင်ရင်း ဟွန်းသံပေးလိုက်မိ၏။ တိုက်ရှေ့ မြက်ခင်းစပ်မှာ
plastic ကော်ခုံတွေနှင့် စားပွဲချထားသဖြင့် 'သော်' ဒီမနက်လည်း
ဆိုင်မသွားဖြစ်ဘဲ ခြံထဲထိုင်နေဦးမည်ဟု မှန်းဆမိပါသည်။ ကားကို
တိုက်ရှေ့အထိ မမောင်းပါဘဲ အနီကယ့်ကားထွက်လာလျှင် အဆင်ပြေ
ရန် မြက်ခင်းဘေးအစပ်မှာတင် ကပ်၍ ရပ်ထားလိုက်မိပါ၏။

"ဟင်!"

ကားတံခါးဖွင့်၍အဆင်းမှာပင် 'သော့်'ကို ပွေ့ချီ၍ ထွက်လာ
သည့် ဟိုလူကို တွေ့လိုက်ရလေသည်။ စောစောစီးစီး ကျက်သရေမရှိ
ရောက်နေပြန်ပြီလား။ ခုံမှာထိုင်စေပြီးနောက် ချည်စောင်ပါးလေးကို
သော့်' ပေါင်ထက် လွှားထားပေးသလို ပတ်တီးစည်းထားပါသည့်
ခြေထောက်ကိုလည်း ခုံပုလေးဖြင့်တင်ပေးပြန်လေ၏။ အတော့်ကို

အခွင့်အရေးတွေ ရနေပါလား 'နေမျိုးကျော်ဇင်'။

"သော်"

"ဟင်! ပြော် ရဲရောက်လာပြီလား"

"ခြေထောက်က ဘာထပ်ဖြစ်ပြန်တာလဲ"

"ခြေခေါက်ပြီးလဲသွားတာပါ"

"ဘယ်တုန်းကလဲ"

"ရက်ပိုင်းပါပဲ ရဲရယ်။ ကျေးဇူးပါ မနန်းရယ်။ သော့်ခြေ ထောက်က ဆေးလူးမှပဲ နာတာ သက်သာလို့ပါ"

"ရပါတယ် ညီမလေးရယ်။ ဒါဖြင့် အစ်မ အန်တီ့ဆီ သွား တော့မယ်နော်"

"ဟုတ်ကဲ့"

Nurse က အလိုက်သိစွာဖြင့် ဟိုဘက်ခြမ်းကူးသွားပေမယ့် ဟိုလူကဖြင့် 'သော့်' အနီးမှာ ရပ်နေပြီး မသွားသေးပါလေ။ မျက်နှာ ထက်မှ စိတ်မကောင်းဘဲ ဝမ်းနည်းသည့်အရိပ်အယောင်က အပြည့် ပါပဲလား။ ဘာလဲ ဒီလောက်ကလေး နာကျင်မှုဖြစ်နေပါသည့် 'သော့်' အပေါ် သည်းသည်းလှုပ်ပြစရာမှ မလိုအပ်တာလေ။

"နေသာရဲ့လား ညီမလေး။ ခြေထောက်က အရမ်းကိုက်နေ ရင် ဆေးခန်းထပ်ပြရမယ်နော်"





"ဟုတ်ကဲ့ပါအစ်ကိုရဲ့။ ပတ်တီးစည်းထားရင် မလှုပ်မိလို့ သက်သာပါတယ်"

"တစ်ခုခုဖြစ်ရင် phone ဆက်လိုက်နော်"

"ဟုတ်ကဲ့ပါ"

"ဒါဆို ကိုယ်အလုပ်သွားဦးမယ်"

"ခဏနေပါဦး။ ကျွန်တော် ပြောစရာရှိသေးတယ်"

"ဘာများလဲ"

"ဒါက သော့်အတွက် Morning Tea နဲ့ Bread ပါ"

"ဟယ်! သော်လည်းမမှာပဲနဲ့။ အခုပဲ မေမေ အုန်းနို့ ခေါက်ဆွဲချက်ကျွေးတာ စားပြီးနေပြီ"

"ဒါဆို ငါ လွှင့်ပစ်လိုက်ရမလား"

"ဟဲ့! မလုပ်ပါနဲ့။ နေ့လယ်ဘက်ဆာရင် ပြန်နွှေးပြီးစားမှာ ပေါ့"

သူ့လက်ထဲမှမုန့်ထုပ်နှင့် လက်ဖက်ရည်ဘူးကို လှမ်းယူနေ သဖြင့် စားပွဲထက်တင်ပေးလိုက်ရပါ၏။ တစ်ခုခု မှားနေပြီဟု မမြင် ဘူးလား။ ဒီလူကတော့ တကယ် ဂရုစိုက်ရမည့်သူကိုဖြင့် ဥပေက္ခာ ပြုထားပြီး သူ၏ 'သော်' ကိုမှ အနားလာကပ်နေတာလေ။ ခင်ဗျား တော့ ရိုက်ပေါက်တွေချည်း ရှာကြံလုပ်နေပါရောလား။

''အခုကရော ဘာအကြောင်းပြချက်နဲ့ ဒီမှာ ရှိနေတာလဲ''

''အဲဒါက''

''ကိုယ့်ကိုကိုယ် လွှန်နေပြီဆိုတာ မသိဘူးလား''

''ဘယ်လို''

''ရှဲ! ''

''ဂရုစိုက်သင့်တဲ့သူကိုတော့ ဥပေက္ခာပြုထားပြီး မဟုတ်သူကို လာကပ်နေစရာ လိုလို့လား''

''ဘာ''

''မိန်းကလေးတွေကို လှည့်စားတာ ကျွမ်းကျင်နေရင်လည်း တခြားမှာ သွားကစားပါ နေမျိုးကျော်ဇင်။ ကျွန်တော့်ရဲ့သော်ကိုတော့ လာမထိပါနဲ့။ သော်က သိပ်ဖြူစင်တဲ့ မိန်းကလေးကွ! ''

''ဟာ''

''ရှဲ! ''

သူ့ကို အံ့သြတကြီးဖြင့် ကြည့်နေပါသည့် ထိုလူက ဘာမှ ပြန်မချေပပါလေ။ 'သော်' က သူ့လက်ကို တစ်ခုခုလုပ်မိမှာစိုး၍ထပ် လှမ်းဆွဲထားလိုက်လေ၏။

❊





## အခန်း (၂၁)

နှစ်ယောက်သား ခုံတွေမှာပင် ထိုင်ဖြစ်ကြလေ၏။ 'မေသက်' က သူယူလာသည့် Tea နှင့်မုန့်ထုပ်ကို သိမ်းသွားသလို သူစားရန်အတွက် မုန့်ပွဲကို လင်ဗန်းဖြင့် သယ်လာပေးလေသည်။ အိမ်မှာ ကူလုပ်ပေးရန် မိန်းကလေးတစ်ယောက် ရောက်နေတာကြောင့် သူစားဖို့ ပြင်ဆင်ပေးလိုက်တာကို ယူလာပေးတာပါ။

''အန်တီသက်က အရင်စားလိုက်ပါ။ ပြီးမှ စကားပြောကြလို့ မှာလိုက်ပါတယ် အစ်ကိုလေး''

''ထားခဲ့လိုက် မိနီ။ နောက်မှ လာပြန်သယ်''

''ဟုတ်ကဲ့မမ''

'သော်' က ကောင်မလေးကို အိမ်ထဲပြန်ဝင်စေပြီး သူ့ကိုပါ

မုန့်စားရန် မေးဆတ်ပြလိုက်လေ၏။ စောစောက ဒေါ်သတွေ မနည်းကြီး မျိုချထားရတာ ဒီဗိုက်ကဆာနိုင်ပါ့မလား။ ဘယ်တော့မဆို ဟိုလူက အရင်ဦးပြီး အရင်ဆုံးစားခွင့်ကြုံတာကိုဖြင့် မနာလိုချင်ဖွယ်ရာ။ ဒီအိမ်မှာ သူက စားအိမ်သောက်အိမ် အချိန်မရွေး ဝင်လာခွင့်ရခဲ့ပြီးလျက် ဤအခွင့်အရေးက တဖြည်းဖြည်း လျော့ပါလာသလိုပါလေ။

"ဟိုလူကို ပြောလိုက်တာနဲ့ မကျေနပ်သလို မကြည့်ပါနဲ့ သော်ရဲ့။ မျက်နှာကိုပါ ရှုပုပ်ထားရလား"

"ငါ့ကိုပဲ ကြည့်ပြောမနေနဲ့။ နင့်မျက်နှာကသာ မည်းပုပ်နေတာ"

"ငါက ပြောသင့်ပြောအပ်လို့ ပြောလိုက်တာ၊ ဘာမှမလွန်ဘူး"

"ဟုတ်ပါတယ်၊ နင်ပဲ အမြဲမှန်ပါတယ် မောင်မှန်ရဲ့"

"သော်နော်"

"အစားကိုသာ ကောင်းကောင်းစားစမ်းပါ။ တော်ကြာ သည်းနေမှဖြင့်"

"အဟွတ်! အဟွတ်!"

"ဟော! တွေ့လား။ ပြောရင်းနဲ့ဖြစ်ပြီ။ နင်ဟာလေ ဒေါ်သက အမြဲရှေ့ကိုရောက်တယ်။ အဲဒီအကျင့်က ဘယ်တော့မှ ပျောက်မှာလဲ"





'သော်' က Tissue ထုပ်ထဲမှ Tissue ကို ထုတ်ယူပေးသလို ရေနွေးခွက်ကိုပါ လှမ်းပေးလိုက်လေ၏။ ဒီလိုမျိုး ဟိုလူ့ကိုပါ လုပ်ပေးပါသေးသလား။ မဟုတ်သေးပါဘူး။ ဟိုလူနဲ့ ဒီလောက်ထိ နီးကပ်လောက်ပါဘူးနော်။ ငါ စိတ်ပူလာရပြန်ပြီ 'သော်'။

"သော်"

"ပြော"

"အဲဒီလူနဲ့ ကင်းကင်းမနေနိုင်ဘူးလား"

သူ့ကို ဖျတ်ခနဲ ကြည့်လိုက်မိပါ၏။ 'သော့်'မှာ ပြောစရာနှုံပါ။ ဘေးခြံကိုပြောင်းလာပြီး မိသားစုချင်း အတော်ပင် တရင်းတနှီးဖြင့် ခေါ်ပြောနေပြီးမှ အစ်ကို့ကိုကွက်ပြီး တစ်ယောက်တည်း ကင်းကင်းနေနိုင်းလို့ ရပါ့မလား။ "ဟိုလူနဲ့မခေါ်ရ" ဆိုပြီး တားဆီးပိတ်ပင်ရအောင် 'သော်'က မူကြိုအရွယ်လေးမှ မဟုတ်တော့တာလေ။

"ဘာလဲ ငြင်းချင်လို့လား"

"ကလေးဆန်တဲ့အတွေးနဲ့ မပြောပါနဲ့ ရဲရယ်"

"ဘာပြောတယ်"

"ဟုတ်တယ်လေ၊ သော်ပြောတာ မဟုတ်လို့လား။ ငါမုန်းတဲ့သူရယ်နဲ့ မခေါ်နဲ့။ ကြည့်မရဘူးဆိုပြီး ပြောရအောင် သော်တို့က မူကြိုအရွယ်မှ မဟုတ်တော့တာ ရဲရင့်ရယ်"

"အဲဒါနဲ့ အခုက တူမှမတူတာ"

"နင်ရော ဆိုင်လာတဲ့ညည့်သည်တွေထဲမှာ ကြည့်မရတဲ့သူ ရောက်လာရင် မရောင်းဘဲ နေလို့လား"

"ကျစ်! ဘာဆိုင်လို့လဲ။ အဲဒီလိုပြောရအောင် သူက နင့် ပန်းဆိုင်ရဲ့ ဖောက်သည်မှ မဟုတ်ပဲ သော်။ ဒီလိုပြောလို့ ရမလား"

"ဒါဆို သူ့ကို အိမ်မလာနဲ့၊ မကြိုက်ဘူးလို့ ပြောရမှာပေါ့။ အဲဒီလိုလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး"

"ဒါနဲ့များ ပြောနေသေးတယ်"

သူ့ကို မျက်စောင်းခဲလိုက်မိပါ၏။ နေရာ...ာ လိုက်စွက် ဖက်နေလို့ သင့်လျော်ပါ့မလား။ သူကမှ ဆိုင်မှာ customer လှလှ လေးတွေနှင့် အပြုံးချင်းဖလှယ်ပြီး ရယ်ရယ်မောမော ပြောရသေးတာ ပါ။ 'သော့်' ပန်းဆိုင်ကဖြင့် အန်တီကြီးတွေသာ အများဆုံးလာကြတာ လေ။ ရွယ်တူဆို၍ ချစ်သူကောင်မလေးက ပန်းကြိုက်လွန်း၍သ လက်ဆောင်ပေးချင်၍ လာရှာဝယ်တတ်သည့် ကောင်လေးလောက် သာ တစ်ခါတစ်ရံ လာတတ်တာပါ။

"ဘာပဲဖြစ်ဖြစ်ဟာ၊ နင့်ကိုချိတာ ပွေ့တာတော့ ခွင့်မပြုသင့် ဘူးပေါ့"





သူ မျက်လုံးပြူးသွားရပါ၏။ အလို! ဘယ့်နှယ် ပြောလိုက် ဘာပါလိမ့်။ 'သော်' ကပဲ အစ်ကို့အချိအပွေ့ကို လိုလားစွာဖြင့် ခွင့်ပြု ထားသည့်နှယ်ပါ။ တကယ်ဆို ငယ်စဉ်ကတည်းက ဤသို့ ရင်းနှီး တ်သက်ခွင့်က သူ့တစ်ယောက်တည်းနှင့်သာ ရှိခဲ့တာလေ။ အခု တော့ သူ မဟုတ်သည့် အစ်ကို့ကို ဝန်တိုစိတ်များဖြစ်လာလေသလား။ တစ်မျိုးမတွေးပါနဲ့လား 'ရဲ' ရယ်။ နင်နဲ့ငါက ငယ်သူငယ်ချင်းတွေပါ လေ။

"အခြေအနေအရ မလွှဲသာလို့ပါဟယ်။ နင်လည်း ငါ့ကို ကျော်ပိုးခဲ့တာပဲဟာ"

"ဟိုတုန်းက ကလေးအရွယ်လေ၊ အခုက တူမလား"

ပြောရင်းဖြင့် လေသံက မာလာပြန်လေ၏။ ဒင်းဟာလေ၊ ဆိုင်မှာ စျေးရောင်းတိုင်း ဒီလိုမာကျောကျောလေသံဖြင့် ပြောပါသလား။ တဆိတ်ရှိ 'သော့်' အပေါ် အနိုင်ရလိုစိတ်ဖြင့် နိုင်ထက်စီးနင်းပြုမူတတ် တာကြောင့် မေမေပင် တစ်ခါတလေ ပြောတတ်တာလေ။ ဒင်းကဖြင့် ကိုယ့်အပြစ်ကိုယ် မမြင်တတ်ဘဲ ခပ်ဂျစ်ဂျစ်ကောင်ဆိုးလေးပါပဲ။

"အစ်ကိုက အားနာစိတ်နဲ့ ကူညီတာ"

"ဘာကို အားနာရတာလဲ"

မပြော၍ မဖြစ်တော့ပါလေ။ ကွယ်ရာမှာ အတင်းပြောသလို

ဖြစ်နေမည်စိုး၍ မျိုသိပ်ထားကာမှ ခင်းကြောင့် ပြောရတော့မှာပါပဲ။ ဒီဝန်တို မစ္ဆရိယကောင်စုတ်လေးနဲ့က မပွင့်မလင်း ဖုံးကွယ်ထားမိလျှင် ပေါက်ကွဲအော်ဟစ်တတ်တော့တာလေ။

"ဝို့ခြေထောက်နာတာ မတေးပန်းချီကြောင့် ဖြစ်သွားတာနော် ပါ"

"ဘာ!"

"လန့်လိုက်တာဟယ်၊ ဖြည်းဖြည်းပြောပါ ရဲရဲ"

"အဲဒီကောင်မလေးက ဘယ်ကနေ ဘယ်လို ပါလာရတာ လဲ"

'သော်' သက်ပြင်းရှိုက်လိုက်မိပါ၏။ တေးပန်းချီကို တကယ်မချစ်ခဲ့ပါ" ဟူသည့် စကားကို မကြာခဏကြားယောင်နေမိ လို့ပါပဲ။ ဘယ်တုန်းက ဘယ်လိုတွေပြီး တွဲဖြစ်ခဲ့ကြသလဲဆိုတာကို 'သော်' မသိပါ။ သို့သော် 'တေးပန်းချီ' ဆိုတာ အတော်လေး ချောမောလှပလွန်းပါသည့် မိန်းကလေးဆိုတာကိုတော့ 'သော်' လက်ခံ ပါ၏။ ဒီလောက်ချမ်းသာကြွယ်ဝပြီး လှပမှုနှင့် ပြည့်စုံပါလျက် ထို မိန်းကလေးကို သူ ဘာကြောင့် မချစ်သလဲဆိုတာကိုဖြင့် 'သော်' စဉ်းစားမရပါလေ။

"အဲဒီနေ့က သူ့အိမ်ကိုလာရင်း သော်နဲ့အမှတ်မထင်ဆုံရင်း





ဖြစ်တာ"

"ဘာ! နင်က ဘာကိစ္စ သူ့အိမ်ကိုသွားရပြန်တာလဲ"

"သြော် မနန်းစုကို Day nurse ရှာပေးတာ နင်သိတယ် လေ"

"အင်း"

"အဲဒီ မနန်းကိုသွားပို့ရင်း အန်တီဇင် ဘုရားပန်းလိုချင်တယ် ဆိုလို့ သစ်ခွတွေ သွားပို့ပေးရင်းဖြစ်တာ"

"သူက ဘာလုပ်လိုက်တာလဲ"

'သော်' ချက်ချင်းပြန်မဖြေဖြစ်ပါ။ အာရုံထဲမှာ မြင်ယောင် နေသောကြောင့်ပါပဲ။ မျက်ဝန်းတွေထဲ မီးတောက်လာသလို အကြည့် ဖြင့် စူးစူးရဲရဲကြည့်ပြီး အော်ဟစ်ခဲ့တာလေ။ အတော်လှပြီး အတော့် ကို ကြောက်စရာကောင်းသည့် မိန်းကလေးဟုထင်မိလေသည်။ ချစ် လို့ သဝန်တိုတာဆိုပေမယ့် နေရာဒေသကိုတော့ လိုက်လျောညီထွေ ဖြစ်အောင် လေ့လာသင့်တာမဟုတ်ပါလား။ ကိုယ့်နယ်ပယ်မဟုတ် သည့် နေရာမှာ သတိထားသင့်တာပေါ့နော်။

"ဒီလိုပဲ ခပ်သာသာလေး တွန်းလိုက်ရုံပါ။ သော်က နာနေ တဲ့ ခြေထောက်နဲ့ ထောက်လိုက်မိလို့ ပိုဆိုးသွားတာ"

"ဟင်! တေးပန်းချီက အဲဒီလိုလုပ်တာတဲ့လား"

ကြည့်စမ်း! မယုံသလိုပါပဲလား။ တကယ်ဆို 'သော့' ကို နာကျင်စေလို့ဆိုပြီး သူ့ကိုပါ ပြဿနာရှာရတယ်လို့။ တကယ်ဆို သူ့ကောင်မလေးကသာ သူ့ကွယ်ရာမှာ 'ရဲ' ကို အီစီကလီလုပ်ပြီး ကပ်နေတာပါ။ ဘယ်လိုညှော်သည်မျိုးက သူစိမ်းယောကျ်ားလေး၏ ခွံ့ကျွေးသည့် အစားအသောက်ကို စားပါ့မလဲ။ ဒီမိန်းကလေးနှင့် ရယ်ပြုံး ညှော်ခံနေတုန်းကပဲ 'သော်' phone ဆက်တာကို မကြားခဲ့ သလို ဆိုင်ထဲကို 'သော်' ရောက်လာတာကိုပါ မမြင်ခဲ့တာလေ။

ဒါနဲ့များတောင် အဲဒီမိန်းကလေးကိုမှ မထင်မိဘဲ သနား ကရုဏာသက်နေသလိုပါ။ ဘယ်လိုလဲ 'ရဲရင့်မြတ်သွေး'။ ငယ်စဉ် ကတည်းက သံယောဇဉ် နှောင်တွယ်ခဲ့ပါသည့် 'သော့' ထက်ပိုပြီး တခြားမိန်းကလေးအပေါ်မှာ ပိုပြီးသာယာနေပြီလား။ လှတာထက် ဆွဲဆောင်အားပိုလွန်းပါသည့် မိန်းကလေး၏ ညှို့ငင်မှုအောက်မှာ ကျဆုံးပြီလားဟင်။

"မယုံလို့လား။ မျက်မြင်သက်သေတွေ အများကြီးရှေ့မှာ ဖြစ်တာပါ,ရဲ။ အန်တီဇင်ရော မနန်းပါ တွေ့ခဲ့တာပါ။ နင် မယုံလည်း မတတ်နိုင်ဘူး"

"အဲဒီလိုမဟုတ်ပါဘူး သော်ရယ်။ နင့်ကိုကြည့်ရတာ သူ့ အပေါ် မုန်းမျှားမုန်းနေသလားလို့"





"ဘယ်လို"

"ဟုတ်တယ်လေ၊ ဆိုင်မှာ ငါနဲ့အတူ ရှိခဲ့တာကို တိုက်ဆိုင် ခဲ့တာ ဘယ်နှကြိမ်ရှိပြီလဲ။ ပြီးတော့မှ အဲဒီလူရဲ့ရည်းစားမုန်းသိပြီး"

"ရဲရင့်"

"ငါက စေတနာနဲ့ ပြောတာပါ သော်"

မုန်းနေသလားတဲ့။ ထင်ရက်လိုက်တာနော်။ တကယ်ဆို သော်' လည်း သူ့ကိုမုန်းချင်ပါ၏။ အကြောင်းမဲ့သက်သက် ကိုယ်နှင့် ာမှမပတ်သက်ပါပဲ မုန်းတာက အဓိပ္ပာယ်မှ မရှိတာနော်။ တကယ် ဆို အစ်ကို့အပေါ်မှာ တကယ့်မေတ္တာစစ်နဲ့ ချစ်ရိုးမှန်လျှင် အစ်ကို့အပေါ် သစ္စာရှိသင့်တာပေါ့။ ခုတော့ ကွယ်ရာမှာ သူစိမ်းကောင်လေး (တွေ) နှင့် တရင်းတနှီး ရယ်မောနေတာက ဖြစ်သင့်ပါသလား။ အစ်ကို့ကိုဖြင့် သော်' တို့ 'မနန်း' တို့လို မိန်းကလေးတွေနှင့် အူတိုပြီး ရန်စောင်ပြ ာက တရားမျှတမှု ရှိပါရဲ့လား။

"ငါလည်း မမုန်းချင်ပါဘူး ရဲရယ်။ အမုန်းဆိုတာ မျိုးသူရဲ့ ကို ပိုပြီးလောင်မြိုက်စေတဲ့မီးပါ။ ဒါပေမဲ့ နင့်ကိုရော အစ်ကို့ကိုပါ ခွဲခြားပြီး မြင်တတ်စေချင်တာအမှန်ပဲ"

"ဘာ"

"သော်တို့က သူငယ်ချင်းတွေပါ။ ငယ်စဉ်ကတည်းက ပြော

မနာ ဆိုမနာ စိတ်မကောက်စတမ်း သံယောဇဉ်ရှိခဲ့ကြတဲ့သူတွေပါ ရဲရယ်။ ဘာမဆို ပွင့်လင်းစွာပြောခဲ့ကြပါလျက် သူစိမ်းတွေနဲ့ ဆက်ဆံနေပြီး အခုလို မကြာခဏ စကားများကြရတာအလုပ်မဟုတ်ဘူး''

''ဟင်!''

'''သော်က အစ်ကို့မိဘတွေရှေ့ သော့်မိဘတွေရှေ့မှာ အစ်ကိုနဲ့ အရိုးသားဆုံး စကားပြောရုံပါ။ ဒီထက်မပိုပါဘူး။ ဒီလိုပဲ ရဲလည်း ကိုယ့်ဆိုင်ကိုလာလေ့ရှိတဲ့ customer ဆိုတဲ့အဆင့်ထက် သူ့အပေါ် မပိုစေချင်ဘူး။ အဲဒါ မှ တတဲ့ သင့်လျော်တဲ့ အခြေအနေမျိုးပါ ရဲရှင့်ကန့်သတ်တာ ချုပ်ချယ်တာလို့ နင်ယူဆရင် သော်လည်း ပြောခွင့်ရှိတယ်''

သူ မင်သက်နေမိပါ၏။ တစ်သက်လုံး လျှောက်လှမ်းလာသည့် လမ်းတစ်လျှောက်မှာ သူကသာ 'သော့်' အပေါ် ချုပ်ထိန်းအုပ်စိုးလာခဲ့တာလေ။ အခုလို limit မျိုးနဲ့ သူ့အပေါ်မှာ 'သော်' ချုပ်ကိုင်တာမျိုး တစ်ကြိမ်မှ မရှိခဲ့ပါ။ ဘယ်လိုဖြစ်ပြီး ဘာအကြောင်းကိစ္စက သူ၏ 'သော်' ကို ဒီလိုစကားမျိုးပြောထွက်လာစေရပါသလဲ

''ဒါဖြင့် ငါတို့ ငါတို့နှစ်ယောက်က သူတို့နဲ့ပတ်သက်ပြီး စကားမများသင့်တော့ဘူး။ အဲဒီလိုဆိုလိုတာလား''

''ဟုတ်တယ်''





''ဒါပေမဲ့''

''သူတို့ချစ်သူချင်း ပြဿနာက သူတို့ဘာသာရှင်းရမယ့်ကိစ္စပါ ရဲရှင့်။ သော်တို့ ဝင်ပါစွက်ဖက်ခွင့် မရှိပါဘူး။ ပြီးတော့ သူ့ချစ်သူနဲ့ ဒီထက်ပိုပြီး မရင်းနှီးချင်ပါနဲ့''

''ဘယ်လို''

''တိုက်ဆိုင်မှုကြောင့် ကျိုးရင်း ပြဿနာဖြစ်ကြမှာစိုးလို့ပါ။ သဝန်တိုတယ်ဆိုတာ ချစ်သူရည်းစားတွေကြားမှာသာ ရှိသင့်ရှိထိုက်တာလေ။ သော်တို့မှာ မရှိသင့်ဘူး''

''ဒါကတော့ သော်ရယ်''

''နင့်ကို သော်မမုန်းချင်ဘူး ရဲရှင့်''

''ဘာ''

''သော် မုန်းတဲ့သူတွေထဲမှာ နင့်ကိုမပါစေချင်လို့ပါ။ တစ်ခုတော့ နင်သိအောင် ကြိုပြောထားပါမယ်။ နင်သိသင့်တယ်လို့ ယူဆလို့ပြောရတာပါ''

''ဘာကိုလဲ''

''တေးပန်းချီနဲ့အစ်ကိုက နှစ်ဦးသား ချစ်ကြိုက်ပြီးတွဲခဲ့ကြတာမဟုတ်ဘူးဆိုတာပါ''

''ဟင်!''

"ဒီတော့ အဲဒီ မာယာများတဲ့မိန်းကလေးရဲ့အလှမှာ မယဉ်
မိပါစေနဲ့ ရဲ့။ ဒီလောက်ပဲ ငါ အသိပေးပါရစေ"

အလို! 'ခတေးပန်းချီ' နှင့် 'နေမျိုးကျော်ဇင်' ကြားမှာ
မသိတာတွေ ဘယ်လောက်များ ကျန်နေပါသလဲ။ အံ့ဩစရာပါလေ

❋





## အခန်း (၂၂)

"အဆင်ပြေသွားပြီလား"

သူ မဖြေပါ။ ရင်ထဲမှာ အခုထိ စိတ်မကောင်းဖြစ်နေတာ
မှန်ပါပဲ။ အဲဒီနေ့ 'သော်' ဆီကပြန်ပြီး အိမ်မှာ တစ်နေကုန် လူး
လိမ့်ရင်း နေလို့မကောင်းဘဲ ပျော့ခွေနေခဲ့မိတာလေ။ အလှမာယာ
ကြားမှာ မယစ်မူးစေနဲ့တဲ့လား။ စမြင်ခဲ့စဉ်ကတည်းက မျက်ဝန်း
ကာက်တောက်လေးတွေကို တွေ့ပြီး သူ စိတ်ဝင်စားခဲ့တာကို ဘယ်သူ
သိခဲ့ပါသလဲ။

အနီးနားမှာ 'သော်' တစ်ယောက်လုံးရှိခဲ့တာမို့ မိန်းကလေး
ကို စိတ်ဝင်စားဖို့ စိတ်ကူးမျိုး မရှိခဲ့တာအမှန်ပါ။ 'သော့်' အပေါ်
ယ်ချင်းဆိုတာထက် ညီမတစ်ယောက်ကို စောင့်ရှောက်ခဲ့သလို

အမြဲအတူတူရှိနေခဲ့သဖြင့် ရင်ခုန်ဖို့ မေ့လျော့နေခဲ့တာလည်း ဖြစ်ပါ၏။ ဆိုင်ထဲကို ခပ်စောစောရောက်တတ်သည့် မိန်းကလေး အရုဏ်ဦးအလင်းနှင့်(အတူ) အပြိုင် စတွေ့ခဲ့ရတာပါလေ။

ဂန္ထဝင်ဆန်သည့် အလှရှင်လေးမှာက ပိုင်ရှင်ရှိနေတာတဲ့ 'သော်'၏ အိမ်ထဲမှာ 'မေသက်' ကိုယ်တိုင် ဖော်ရွေစွာ ဖိတ်ခေါ် သည့် ညေ့သည်ကြောင့် ဒေါသတွေ ထွက်ခဲ့ရတာပါ။ သို့ ဆိုင်ထဲရောက်ခဲ့ပါသည့် 'နေမျိုးကျော်ဇင်' ဟူသည့်လူက 'တေး ၏ချစ်သူ ဖြစ်နေတာတဲ့လေ။ သူ အဘယ်မျှ အံ့ဩခဲ့ရပါသလဲ

"ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ဘူး"

"မင်းကိုပြောတာ မဟုတ်ဘူး။ သော်တာ့ကိုမေးတာ"

"ခြေထောက်နာနေတာပါ။ သက်သာသလောက် ရှိ ဒီနေ့ ဆိုင်ပြန်သွားတယ် ပြောတာပဲ"

"ဘာ style လဲ ရဲရင့်ရာ။ ပြောပုံကိုက ပေါ့ပေါ့တန်တန် သော်တာ့ကို အလေးမထားပုံမျိုး"

"အေးလေ"

"မင်းတို့မသိပါဘူးကွာ"

"အေးလေ၊ မသိလို့ မေးတာပေါ့ကွ။ သိမှတော့ မေး





"ဟုတ်ပ။ သော်တာ့ကိုတော့ J ပြီး ငါတို့တောင်မှ မရဘဲ အကြည့်မခံနိုင်တာ အဲဒါ ဘာသဘောလဲ"

မနေ့က အရောင်းစာရင်းတွေကို calculator ဖြင့် ပေါင်းနေ Bill စာရွက်ကရောသွားလေ၏။ သေတော့မှာပါပဲ၊ ဒီလောက် လုပ်နေကျအလုပ်ကိုမှ အမှားအယွင်းဖြစ်အောင် လုပ်မိရပါ သေး။ မှတ်ပြီးသားစာရွက်တွေကို (၁) မှ (၂၀) အထိ နံပါတ်စဉ် ကြည့်ပြီး နောက်ပိုင်းမှ ပြန်စတွက်ဖြစ်လေသည်။ တွက်ပြီးသား ရွက်တွေကို တစ်ထပ်စာ stapler ဖြင့်ချုပ်လျက် စုစုပေါင်း ရေး ကြက်ရပါ၏။

"သော်က ငါ့သူငယ်ချင်းအရင်းကြီးကွ"

"ဟာ! သူငယ်ချင်းမို့ မချစ်ရဘူး တားမြစ်ထားလို့လား"

"အေးလေ၊ နီးချင်ရင် အလွယ်လေးကိုများ တွေ့ဝနေသေး တယ်။ မင်းဖြစ်ဖြစ် သော်တာဖြစ်ဖြစ် ရှေ့ကို တစ်လှမ်းလေးတိုးလိုက် မှပဲ"

"ဟုတ်တယ်၊ ဒါမှ (၅၃) နံပါတ်နဲ့ wedding ဂါဝန်လေးဖြစ် သွားမှာ။ ခုတော့ ကျောပေးတဲ့ (၃၄) တဲ့။ ညံ့ပါ့ကွာ"

"ငါ့ကို ခေါင်းစားအောင် မလုပ်စမ်းပါနဲ့ကွ။ ဒီမှာ စာရင်းမှား နေပြီကွ"

"တော်စမ်းပါကွာ။ နိစ္စဓူဝလုပ်နေကျအလုပ်ကို ရေးကြ ခွင်ကျယ်လုပ်လို့။ နေ့တိုင်း စာရွက်တွေချုပ်ထားပါလျက်နဲ့ စိတ်လေပြ ဒီတိုင်းပစ်ထားတော့ ရောသမမွှေကုန်ရောပေါ့။ ဒါတောင် ငါ da ပြန်ကြည့်ပြီး ရွေးပုံထားပေးလို့ မင်း အဆင်ပြေပြေ စာရင်းပေါင်းနိ တာ။ စေတနာနဲ့ကို မတန်ဘူး"

"အေး ဟိုလိုလို ဒီလိုလိုနဲ့ မင်းရဲ့သော် တစ်ယောက်ယော နဲ့ ငြိသွားမှ လာမငိုပြန်နဲ့။ မသနားဘူး"

"ပါးစပ်ပုပ်ကြီးနဲ့ပြောရလား။ သွားပြီးပါးလုပ်ကျင်းလိုက်စ ပါ။ ပြောကို မပြောချင်ဘူး။ ကျစ်! မှားပြန်ပြီ"

"အဲဒါပဲ၊ ပြောရင်လည်း ဘူးခံငြင်းတဲ့ ဖရုံသီးမျိုး။ ဟော

'သီဟ' ကို ဒီနေ့ စားပွဲထိုးချာတိတ်တစ်ယောက် ဖျား ခွင့်ယူထားသဖြင့် အစားထိုးဝင်လုပ်ပေးနေတာပါ။ ကောင်တာရှေ ရပ်ရင်း သူ့ကို အားမနာစတမ်း ပြောရင်းမှ ညှိုသည်ရောက်လာသဖြ အနီးမှ ခွာသွားလေ၏။ အခုမှ စာရင်းကောင်းကောင်းဆက်လုပ်နိုင သက်ပြင်းရှိုက်ကာ နားလိုက်ရတော့သည်။ ငွေစည်းထဲမှ ငွေတော လည်း date ကို စက္ကူဖြင့် ရေး၍ ထည့်ညှပ်စည်းထားတာမို့ စာ အကိုက်ပါပဲ။ Calculater ကို အံဆွဲထဲထည့်သိမ်းလိုက်စဉ် သူ့ရှေ 'သီဟ' ပြန်ရောက်လာပြန်လေ၏။





"ဘာမှာလို့လဲ"

"မင်းနဲ့ပြောချင်လို့တဲ့"

"ဘယ်သူလဲ"

"ဟိုမှာလေ"

"ဟင်!"

အလို! ထောင့်ဆုံးခုံမှာ နေရာယူ၍ ထိုင်နေသည်က သူမ တဲ့လား။ ညနေစောင်းအချိန်ကြီး ထူးဆန်းစွာရောက်လာတာလေ။ ဘာဖြစ်လာပြန်ပြီလဲ။ 'သော်' နှင့် ပြဿနာဖြစ်ထားတာ မှန်ပေမယ့် သူနှင့် 'သော်'ကို သူငယ်ချင်းဖြစ်မှန်း သေချာသိတာမှ မဟုတ်ဘဲ။ သူရှိနေသည့်နေရာထံ ခပ်စူးစူး အကြည့်မျိုးဖြင့် လှမ်းကြည့်နေသဖြင့် ကောင်တာနောက်မှ သူထွက်ခဲ့ရလေတော့သည်။

"အလုပ်ကအပြန် ဝင်လာတာထင်တယ်"

"ဟုတ်တယ်"

"ဘာများ ပြောချင်လို့လဲ"

"ယူ ခဏထိုင်နိုင်မလား"

"ရပါတယ်"

သူမရှေ့ရှိခုံမှာ သူဝင်ထိုင်လိုက်ရလေ၏။ ဘာလဲ၊ ဟိုလူနှင့် ပြဿနာဖြစ်ပြီး ရောက်လာပြန်ပြီ ထင်ပါရဲ့။ ဘာဖြစ်လဲ 'တေးပန်းချီ'။

ကိုယ့်ကိုမချစ်နိုင်မှတော့ ဒီလောက် ကြိုးရှည်ရှည်ဖြင့် ဆွဲထားစရာမှ
လိုသေးလို့လား။ မကြင်နာနိုင်မှဖြင့် လမ်းခွဲရုံသာ ရှိတော့တာလေ
အဲဒီလူက မင်းထက်ပိုပြီး ပြည့်စုံချမ်းသာတာမှမဟုတ်တာ။ ဘာမှ
မက်မောစရာ ကျန်ပါသေးလို့လဲနော်။

"ကော်ဖီရပါပြီ"

"Thanks! ပါ"

'သီဟ' ပဲ သူမအတွက် ကော်ဖီလာပို့ပေးရင်း အလိုက်သိ
ဖြင့် ရှောင်သွားလေ၏။ နှိုင်းခပ်နည်းနည်းနှင့် သကြားနှစ်ဇွန်းလော
သာ ထည့်ပြီးမွှေနေလေသည်။ ဒါပဲလား။ ဘာလို့များ အကြိုက်တူနေ
ပါသလဲ။ ဟိုလူရောက်လာတိုင်း "ပေါ့ဆိမ့် tea တစ်ခွက်" ဟူ
အမြဲမှာတတ်လေ့ရှိတာလေ။ ဒါဖြင့် 'သော်' နှင့် အကြိုက်တူတာ
'နေမျိုးကျော်ဇင်' ဖြစ်နေပြီး 'တေးပန်းချီ' က သူနှင့် အကြိုက်တူနေ
အံ့သြစရာကြီးပါ။

"အမှန်တော့ အခုလိုလာပြောရတာ တို့အတွက် အနေ
အောက်တဲ့ကိစ္စပါ"

"အင်း"

"ဒါပေမဲ့ တို့သိပ်ချစ်တဲ့ ယောက်ျားတစ်ယောက်အတွ
ဘာမဆိုလုပ်ဝံ့တဲ့ သတ္တိကြောင့် အရဲစွန့်ပြီး ရောက်လာရတာပါ





ရယ်"

"ပြောပါ တေးပန်းချီ ကျွန်တော် နားထောင်နေပါတယ်"

"ကောင်းပြီလေ"

သူမက ကော်ဖီကို နှစ်ငုံမျှ သောက်လိုက်ပြီးနောက် သက်
ပြင်း ရှိုက်လိုက်လေ၏။ ရင်မောနေပြီလား။ ချစ်ခြင်းမှာ မောလျခြင်း
တွေ ပျော်ဝင်နေမှဖြင့် စိတ်နှလုံးကို ထိန်းချုပ်ပြီး မချစ်မိအောင်
ကြိုးစားပါတော့လား 'တေးပန်းချီ'။ အခုတော့ ကာယကံရှင်ထက်
ဘေးမှာ မြင်နေကြည့်နေရတဲ့ လူက ပိုပြီး ရင်မောရတာအမှန်ပါ။

"တို့ပြောမယ့် request က ယူ့အတွက် သိက္ခာထိခိုက်သွား
မယ်ဆိုရင်တော့ sorry ပါလို့ ကြိုပြောထားပါရစေ"

"------"

"ရဲရင့်မြတ်သွေး"

"ဗျာ"

"ယူ့ကောင်မလေးကို ကျေးဇူးပြု၍ ထိန်းမတ်ပေးပါ"

"ဘယ်လို"

"ကျော်က အခု သူနဲ့ အိမ်ချင်းနီးတဲ့ နေရာကိုပြောင်းသွား
တာ ယူသိမှာပါ။ အဲဒါကို မတားမြစ်နိုင်ခဲ့တာ တို့အားနည်းချက်ပဲ။
ကျော်နဲ့ အတော်လေး ဝေးကွာသွားသလိုလည်း ထင်မှတ်ရပါတယ်"

"အဲဒါက"

"ဆန်ကျင်ဘက် လူသားနှစ်ဦး နေစဉ်နဲ့အမျှ မြင်တွေ့ဖန်များ ပြီး အနေနီးစပ်လာရင် အန္တရာယ်ဆိုတာ ဖြစ်ပေါ်လာတတ်တာပါ"

"မဟုတ်ဘူး" ဟု သူ မပြောဖြစ်ပါ။ တကယ်ဆို 'သော်' နှင့် သူကမှ အစုထက် ပိုပြီးရင်းနှီးပူးကပ်ခဲ့တာလေ။ သူ့ပခုံးထက်မှ 'သော့်' ကိုချီပိုးခဲ့တာပဲ။ ကျောင်းသွားရင် ပခုံးဖက်ကာ ရယ်မော ပျော်ရွှင်ခဲ့တာပါလေ။ ဒါဖြင့် အနေနီးပြီး ချစ်ခြင်းဖြစ်တည်တတ်တာ က အမှန်ဆိုပါလျှင် 'သော့်' အပေါ်မှာ ဆန်းပြားသည့်ချစ်ခြင်းမျိုးဖြင့် သူ ဘာကြောင့် မချစ်ခဲ့တာပါလဲ။ မင်းမှားနေပြီ 'တေးပန်းချီ'။

"ဒီတော့ ယှကောင်မလေးကို ကျော်နဲ့ ‥ဝေးနေဖို့ ခင် ကင်းကင်းနေဖို့ ပြောပေးပါ"

အကြည့်ချင်းဆုံသွားရလေ၏။ တောင်းဆိုတာတဲ့လား 'သော့်' ကို အမိန့်ပေးတော့ နာခံမှာမှ မဟုတ်တာလေ။ 'သော်' ဆို နှစ်ဦးကို ဝေးစေချင်လျှင် သူလည်း 'တေးပန်းချီ' ကို ရှောင်ရမည်ဖ 'သော်' ကပင် ထောက်ပြခဲ့တာပါ။ သူ့ဘက် ကိုယ့်ဘက် မျှတစွာ ကြည့်ပါတဲ့။ ဘယ်တော့မဆို သူကချည်း တစ်ဖက်သက်အမြင်ဖြင့် ပြောခဲ့မှု 'သော်' က သွေးအေးစွာဖြင့် ပြေလည်အောင် ဖြေရှင်းသွား တာမဟုတ်ပါလား။





ဒါကို ကြိုမြင်နေလို့များ ပြောထားတာပါလား 'သော်'။

"Sorry ပါ တေးပန်းချီ"

"ဟင်"

"အဲဒါကို ကျွန်တော် မလုပ်နိုင်လို့ပါ"

"ဘာဖြစ်လို့လဲ"

"သော်ရဲ့ လွတ်လပ်ခွင့်ကို ကျွန်တော် စွက်ဖက်လို့ မရပါ ဘူး။ ပြီးတော့"

"အို! ဒါကတော့ ယူ အတော်ညံ့တာပဲ"

ရင်ထဲအောင့်သွားရပါ၏။ ညံ့သတဲ့။ ဒါက နှိမ်တဲ့သဘော ‥ ပြောလိုက်တာပေါ့လေ။ ကိုယ် စိတ်ဝင်စားမိပါသည့် မိန်းကလေး ‥ ကိုယ့်အရည်အချင်းကို အသိအမှတ်မပြုတဲ့အပြင် နှိမ်ကွပ်တဲ့အဆင့် ‥ပါ ပြောနေပြီပေါ့။ တစ်သက်လုံး အတူရှိခဲ့ပါသည့် 'သော်' ‥ ဤသို့ သူ့ကို တစ်ခါမှ မပြောဖူးပါချေ။

"ကျွန်တော်နဲ့သော်က သူငယ်ချင်းတွေပါ တေးပန်းချီ။ နှစ် ‥တစ်စိတ်ထိ အတွင်းကျကျ ရင်းနှီးခင်မင်ခဲ့ကြတဲ့ ငယ်သူငယ်ချင်း ‥။ ချစ်သူတွေ မဟုတ်ပါဘူး"

"ဘာ"

"ကျွန်တော်တို့နှစ်ဦးကြားမှာ ခြားထားတဲ့စည်းတစ်ဖက်ကို

ကျော်ပြီး သူ့ကိုတောင်းဆိုလို့ မရဘူးဆိုတာကို တေးပန်းချီသိစေချင်လို့ပါ''

''ဒါဖြင့် ဒါဖြင့် သူတို့နှစ်ယောက် ငြိစွန်းတဲ့အဆင့်ထိ ဖြစ်လာအောင် တို့က ဒီအတိုင်း ထိုင်ကြည့်နေရမှာလား၊ အဓိပ္ပာယ်မရှိတာ''

အလို! 'ငြိစွန်းတဲ့အဆင့်' တဲ့လား။ မိန်းကလေးဖြစ်ပြီး ဤ စကားလုံးကြမ်းကြမ်းကိုပင် ပြောရဲသတဲ့။ ဘယ်လိုလဲ 'သော်'။ ကိုယ် တွေ စကားများ ကတောက်ကဆဖြစ်ရင်တောင် 'နင်' တစ်ခွန်း 'ငါ' တစ်ခွန်း ပြောဖြစ်တာက အရင့်သည်းဆုံးစကားလုံးပါပဲ။ ခု ဒီမိန်းကလေး ချောချောလှလှက ဘယ်အခြေအနေထိ ကြို့မြင်နေ ဤသို့သော် အသုံးအနှုန်းမျိုး သုံးလိုက်ရတာပါလဲမှ။

''အဲဒါ မင်းရဲ့အားနည်းချက် လိုအပ်ချက်တစ်ခုလို့ မမြင် ဘူးလား''

''ဘယ်လို''

''ဟုတ်တယ်၊ မင်း ချစ်တယ်ဆိုတဲ့ ယောကျ်ားတစ်ယော ကို ယုံကြည်မှုပေးနိုင်ရမှာပေါ့ တေးပန်းချီ၊ တစ်သက်လုံး လက်တွဲ ဆုံးဖြတ်ထားရင် အဲဒီလူအပေါ် မင်း ယုံကြည်မှု ဖြစ်မှာပေါ့''

''တေးက ကျော့ကို ယုံပါတယ် ရဲရင့်၊ မယုံတာက ယှဉ်ချင်းကိုပါ''





''အဲဒါကိုက မှားနေတာပါ တေးပန်ချီ၊ မင်းကို သူ တကယ် ချစ်ခိုးမှန်ရင် မင်းမဟုတ်တဲ့ တခြားတစ်ယောက်ကို နေမျိုးကျော်ဖင် စ်မိမှာ မဟုတ်ဘူး။ အဲဒါ အသေအချာပဲ''

သူမ၏ ကြည်လဲ့လဲ့ မျက်စနူးအစုံက ရီဝေသွားကြလေ၏။ က်ကို ထိစေလေပြီလား။ တမင်မရည်ရွယ်ပါ။ ဒီလောက် သတိ းနေပါလျက် လွှတ်ခနဲ ထွက်သွားပါသည့် စကားလုံးတို့ကို မသိမ်း ည်းနိုင်ခဲ့ပါလေ။ 'အချစ်' တဲ့။ သူ့ထံမှာမရှိသည့် အရာတစ်ခုကို ရှေ့မှာ ထုတ်ပြောမိရတယ်လို့။

''တေးက၊ တေးက ကျော့ကို တကယ်ချစ်ခဲ့တာပါ။ ဒါပေမဲ့ ာ်ကတော့''

သူမ မျက်ရည်က မကျလာပါ။ မျက်တောင်ကိုပုတ်ခတ်၍ သည်းလျက် မဲ့ပြုံးပြုံးလိုက်လေ၏။ အံ့သြဖွယ်ကောင်းလေစွ။ ာက်လွန်းသည့် အပြုံးမျိုးပါပဲ။ မင်းရင်ထဲမှာ ဘာကိုမျိုသိပ်ပြီး င်သိမ်းဆည်းလိုက်ရပါသလဲ 'တေးပန်းချီ'။

ထူးဆန်းလေစွ။ မိန်းမတွေ အချစ်ကြီးတတ်ကြတာကို သူ သိနေတာပါပဲ။ ဒါပေမဲ့ အဲဒီမိန်းမလောက် သူချစ်သူကို ချစ် မြင်တဲ့လူတိုင်း အံ့သြစရာဖြစ်နေတာလေ။ သူမ ချစ်သူနဲ့ က်လာရင် မြင်မြင်သမျှ အရာအားလုံးကို ရင်ဆိုင်ဖြေရှင်းမယ့်

သူရဲကောင်းလိုမျိုး သွေးဆူပွက်လာတတ်တာ မဟုတ်ပါလား။ ရှင်းရှင်းပြောရရင် သူမကို ကြည့်ရ မြင်ရတိုင်း ကြက်သီးတွေ ဖြန်းခနဲထမိသည်အထိ သူ စိတ်လှုပ်ရှားခဲ့ရတာပါလေ။ နောက်ဆုံးမှာ သူသိလိုက်ရတာက အဲဒီမိန်းမကို အလိုလိုသနားမိရင်း ချစ်မိသွားရတယ်ဆိုတာပါ။

❊





## အခန်း (၂၃)

ပန်းပင်တွေ ကုန်သလောက်ရောင်းဖြစ်တာမို့ အသစ်အိုးတွေ ကားနှင့်သယ်လာရပြီး ဆိုင်ထဲမှာ ထည့်နေပါ၏။ အလုပ်သမား ခေါ်ချင်ပေမယ့် ခြေထောက်ဖြစ်ပြီးကတည်းက စိုးရိမ်ပြီး မေမေက ...မှ ဆွေမျိုးနီးစပ်ကောင်လေးတစ်ယောက်ကို လှမ်းခေါ်ကာ 'သော်' ... ကူစေလေသည်။ အိမ်မှာပင် နေဖို့ခေါ်ထားသဖြင့် ခပ်ငယ်ငယ် ...သက် (၁၇) နှစ်အရွယ် ချာတိတ်လေးပါပဲ။

"မမသော်၊ ဒါက ဘယ်နားထားရမှာလဲ"

"အဲဒါက ဆိုင်နောက်ဘက်ခြမ်းမှာထားရမှာ၊ တံခါးကို တွန်း ...က်လိုက်၊ အောင်အောင်"

"ဟုတ်ကဲ့"

ဒီအရွယ်ကောင်လေးကို မတိမ်းမယိမ်းဆိုပြီး 'ရဲ' တစ်ယောက် ပွစိပွစိရေရွတ်ဦးမှာပဲလား။ ဟိုတစ်လောကတည်းက မြီထဲမှာလာတွေ့ပြီး အခုတော့ဖြင့် အရိပ်သော်မျှ မမြင်ရလေပြီ။ အစ်ကိုနှင့်သာ အလုပ်သွားချိန် ပြန်ချိန် တစ်ခါတလေကြုံ၍ ပြုံးပြီးနှုတ်ဆက်ရုံထက်မပိုပါချေ။ ကားထဲမှပစ္စည်းတွေ အကုန်ချလိုက်ပြီးနောက် plastic အိတ်အထုပ်ထဲမှ လေးထောင့်ခြင်းကလေးတွေကို နှိုက်ယူလိုက်ပါ၏။ ဒီနေ့ Dancing lady အိုးတွေကို အိုးလှလှတို့ဖြင့် ခွဲထည့်ရမှာမို့ပါပဲ။

"ငါ့ကို နိုင်လွန်ကြိုးနဲ့ကပ်ကြေး ဟင်! "

ဆိုင်တံခါးအသံကြောင့် 'အောင်အောင်' ဟုပင်ထင်၍ ပြောရင်း လှည့်ကြည့်မိခါမှ အံ့ဩသွားရလေ၏။ ဘုရားရေ! ဘယ်ကနေဘယ်လိုသိပြီးများ 'သော်' ဆိုင်ကို ရောက်လာပါသလဲ။ သူမ၏အကြည့်တို့က စူးရဲစွာဖြင့် 'သော်' ကို စေ့စေ့ကြည့်နေတာ မဟုတ်ပါလား။ 'အောင်အောင်' က နောက်ဖေးကွက်လပ်မှာ ပန်းအိုးတွေကြည့်ကောင်းအောင် ပြန်စီနေသဖြင့် ဆိုင်ထဲသို့ မဝင်လာသေးပါလေ။

"ဘာကိစ္စများလဲ"

"ကိစ္စရှိလို့ လာရတာပေါ့"

ဘာလဲ ခုထိ မပြီးပြတ်သေးဘူးလား။ ညည်းစားတစ်ယောက်





ထားပြီး ဒီလောက်မွန်ထူနေသည့်မိန်းမကို သူမတစ်ယောက်သာ 'သော်' မြင်ဖူးပါ၏။ အစ်ကိုကလွဲပြီး တခြား ဘာကိုမှ မမြင်ရလေအောင် သူမ အမြင်တွေက အမှောင်ဖုံးနေသ ိုပါပဲလား။ မနက် (၈) နာရီထိုးခါနီးမို့ အလုပ်မသွားပါဘဲ ဆိုင်ကို ရောက်လာရပြန်တယ်လို့။

"ဘာလဲ ရှင့်လူကိစ္စပဲလား"

"ဟုတ်တယ်"

"ဒါဆိုရင်တော့ လှည့်ပြန်လိုက်ပါ,တေးပန်းချီ။ သော်က ရှင့်လူနဲ့ အရှင်းကြီးပါ။ သံသယမျက်စိနဲ့ လိုက်ကြည့်ပြီး ပြဿနာရှာတတ်တဲ့အကျင့်ကို ပြင်ပါတော့လား"

"အဲဒါ နင်ပြောစရာမလိုပါဘူး"

'သော့်' ထက် လပိုင်းတော့ကြီးမည်ဟု မှန်းပြီး 'မ' တပ်ခေါ်ရာမှ အမြင်ကပ်လာသဖြင့် ဒီအတိုင်း နာမည်ခေါ်လိုက်တာပါ။ Action အတိုင်း Reaction က ပြန်လာပါရဲ့။ "နင်" တဲ့။ ဒီတော့ 'သော်' လည်း 'ငါ' လိုက်ရုံပါပဲ။

"ဒါဆို ဘာအကြောင်းနဲ့ရောက်လာရပြန်တာလဲ"

"နင့်အတွက် choice လာပေးတာ"

"ဟင်"

"ကျော်လား ရဲရင့်လား။ နင်ကြိုက်တဲ့လူကို ရွေးပါ သော်တာမြင့်မိုရ်"

ဘုရားရေ! ဒီမိန်းမ ရူးနေပြီလား။ ကိုယ့်ချစ်သူက ကိုယ့်ကို ပြန်မချစ်နိုင်တာနှင့် ပတ်ဝန်းကျင်ကို လှည့်ရမ်းဟာတော့ မသင့်လျော်ပါ။ အထူးသဖြင့် 'ရဲ' နှင့် 'သော်' တို့၏ အဖြူရောင်ကြိုးတစ်စက် ဘာအကြောင်းကြောင့် ဖြတ်ချင်ရပါသလဲ။ အစ်ကိုလား။ 'ရဲ'လား ရွေးခိုင်းရအောင် သူတို့တွေက သက်မဲ့ပစ္စည်းမှ မဟုတ်တာလေ။

"အစ်ကိုနဲ့ရဲက သက်မဲ့တွေမှ မဟုတ်ဘဲ တေးပန်းချီ။ ဘာကြောင့် လာရွေးခိုင်းနေရတာလဲ"

သူမမျက်နှာကို မဲ့လိုက်မိပါ၏။ ရူးနေပြီဟုထင်နေမလား ဟုတ်ပါတယ်။ 'တေးပန်းချီ' ရူးလုနီးနီး အခြေအနေပါပဲ။ အဲဒ 'ကျော့်' ကြောင့်ပါ။ 'ကျော်' သာ 'တေး' အပေါ် ဤသို့ မပြောခဲ့လျှ ဒီလောက်ထိ ဆိုးရွားလာမှာမှ မဟုတ်တာလေ။ ရက်စက်ပါ့ 'ကျော်' ရယ်။ 'လမ်းခွဲကြစို့' တဲ့လား။ ဒီစကားကို ဘယ်လိုသောတွန်းအား ကြောင့် လွယ်လွယ်နဲ့ပြောထွက်ခဲ့တာပါလိမ့်။

"တေးအပေါ်မှာ ကိုယ် သံယောဇဉ်ရှိတယ်ဆိုတာကိုတော့ ဝန်ခံပါတယ်"

Coffee ဆိုင်က ညမှောင်ကာစမို့ ညမီးရောင်မှိန်မှိန်သာ





ရှိနေပါ၏။ တွေ့ချင်သည်ဆို၍ အိမ်ပြန်ရောက်ပြီးမှ တမင် အပြေးအလွှားပြန်ထွက်ပြီး ရောက်လာခဲ့တာပါလေ။ သူက ဒီနေ့ အလုပ်သိမ်းပြီမို့ အလုပ်ထဲမှာပင် ရေချိုးခဲ့သလို လန်းဆန်းမွှေးပျံ့နေလေ၏။ ုံးစုံအတိုင်း တိတိလေး ညှပ်ထားပါသည့် လှလက်သည်းခုံလေးတွေကို ငေးကြည့်နေမိသည်က 'တေး' ရယ်ပါ။ အရင်လိုကြည့်ကောင်းနေတုန်းပါပဲလား 'ကျော်' ရယ်။

"အဲဒါ တေးသိပါတယ်"

"ဟုတ်ပါတယ်၊ ကိုယ်တို့နှစ်ယောက် ဒီသံယောဇဉ်နဲ့ပဲ ရှေ့ဆက်လို့ ဖြစ်မယ်လို့ ကိုယ်ထင်ထားခဲ့တာ"

ဘာလဲ။ အခု မဟုတ်တော့လို့လား။ ချစ်သူလို မချစ်နိုင်သေး ှင်တောင်မှ အတူတူနေရင်း ချစ်လာနိုင်သေးတာလေ။ လူကြီးတွေ ုန်းကလည်း မိဘတွေပေးစားတဲ့ အိမ်ထောင်နဲ့ ပျော်အောင်နေတတ်ကြတာပဲ။ 'တေး' အလှည့်မှာလည်း နေနိုင်ရမှာပေါ့ 'ကျော်'။ ပျော်မှာ မနေရပေမယ့် တော်ရာမှာတော့ နေနိုင်အောင် 'တေးပန်းချီ' ကြိုးစားရမှာပါ။

"ဒါပေမဲ့ လက်တွေ့မှာ ကိုယ်ထင်သလို ဖြစ်မလာခဲ့ဘူး တေးပန်းချီ"

"ဟင်"

ဒါဆို ဒါဆို ဘာအတွက်နဲ့ ဒီကိုလာဖို့ သူ ချိန်းရတာလဲ ဘာကြောင့်များ ဟိုကောင်မလေးရောက်လာတတ်ပါသည့် ဒီဆိုင်ကို date ရပါသလဲ။ ဘာသဘောနဲ့လဲ 'ကျော်'။ နောက်ဆုတ်ဖို့ ကြိုးစား နေပြီလား။ မဖြစ်ဘူးနော်။ 'တေး' တို့နှယ်ယောက် နှောင်တွယ်ခဲ့တဲ့ ကာလက နှစ်နှစ်ကျော်ပါတယ်။ အဲဒီရက်ပေါင်းများစွာကို ငဲ့ကြည့်ပြီး ချန်ရစ်ဖို့ မကြိုးစားလိုက်ပါနဲ့လား။

''လူကြီးတွေကို မျက်နှာပူမိပါတယ်။ အထူးသဖြင့် တေး အပေါ်မှာ ကိုယ်အားနာမိတာအမှန်ပဲ''

''မဟုတ်ဘူး ဟင့်အင်း''

ခေါင်းကို ခါယမ်းလိုက်သည်က မြန်မြန်ပါပဲ။ မဟုတ်ဘူး နော်။ တကယ်ဆို Romatic ဆန်ဆန် အသည်းပုံ cake လေးထက် ဖယောင်းတိုင်လေးထွန်းပြီး လက်စွပ်ဘူးလေးဖွင့်ရင်း 'တေး' ကို propose လုပ်ရမှာလေ။ ခုတော့ဖြင့် ထင်ထားတာရဲ့ ဆန့်ကျင်ဘက် အခြေအနေကိုမှ သူ ဖန်တီးရပါသလား။

စိတ်ကို မတည်မငြိမ် ဖြစ်နေပါလျက် သူ မရိပ်မိစေဖို့ ထိန်းထားရပါ၏။ မငဲ့ညှာတော့ဘူးလား။ ချွဲနွဲ့နွဲ့ဟန်ဖြင့် လက်မောင်း ကို ဖက်တွယ်ပြီး 'တေး' ပြောသမျှ ရယ်မောပေးခဲ့ပါသည့် 'ကျော်' က ဘယ်လိုများပြောင်းလဲသွားပါသလဲ။ အရယ်အပြုံးများစွာပြင်





'ကလေးဆန်လိုက်တာ' ဟု ချစ်စနိုးပြောခဲ့သည့် 'တေး' ကို မမြင် တော့ပြီ။

''တေးတို့ တေးတို့ ဒီနှစ်ထဲ လက်မထပ်ဖြစ်ရင်တောင် Engage လုပ်မယ်လို့ တိုင်ပင်ထားတာပါ ကျော်ရဲ့။ အဲဒါကိုမလုပ်ချင် သေးလို့ ရက်ရွှေ့ချင်လည်းပြောပါ။ ရပါတယ်။ တေး နားလည်ပါ တယ်''

''မဟုတ်ဘူး တေး။ ကိုယ်ပြောမှာ အဲဒါ မဟုတ်ဘူး''

''ဟင့်အင်း။ ဒါဆို တေးမသိဘူး။ ဘာမှမသိချင်ဘူး။ အဲဒါ ပြောမယ်၊ တိုင်ပင်မယ်ထင်ပြီး ရောက်လာတာ။ အဲဒါမဟုတ်ရင် နားမထောင်ချင်ဘူး။ တေးပြန်တော့မယ် ကျော်''

''နေပါဦး တေး။ ကိုယ်ပြောဖို့ကျန်သေးလို့ ထိုင်ပါ''

''ဟင့်အင်း''

''ကိုယ်တောင်းပန်ပါတယ် တေးပန်းချီ''

ဆတ်ခနဲ ထရပ်လိုက်တာကို သူက တေးလက်ကို ဆွဲထား လေ၏။ ဆိုင်ထဲမှာ တခြားစားသုံးသူတွေလည်းရှိသလို 'ရဲရင့်မြတ် သွေး' ၏ စူးစမ်းသည့်အကြည့်ကိုလည်း မလှမ်းမကမ်းမှာ တွေ့နေ ရပါသည်။ 'တေး' တို့ ပြဿနာကြီးလာပါက လာဖြေရှင်းပေးမည့်ပုံစံ မျိုးပါပဲ။ လာကူညီပေးပါလား 'ရဲရင့်' ရယ်။ 'တေး' ဘက်မှာ ဘယ်

သူမှ မရှိတာကိုသိပါရဲ့လား။

"ဘာကို ဘာကိုတောင်းပန်တာလဲ၊ တေးတို့က"

"ကိုယ့်ဘက်က လူမဆန်တဲ့ အပြုအမူမျိုး ဖြစ်ခဲ့တာကို တောင်းပန်တာပါ တေးပန်းချီ"

"ကျော် တေးက ကျော့်ကို"

"ကိုယ်တို့လမ်းခွဲကြစို့ တေး"

"ဘာ"

"ဟုတ်တယ်၊ နှစ်ယောက်အတူ လက်တွဲဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့လို့ပါ။ တေးတို့ဘက်က ပြောခဲ့သလိုမျိုး ကိုယ်လည်း အချိန်ယူပြီး စဉ်းစားပေးခဲ့ပါတယ်။ ဒါပေမဲ့ ဒီထက်ပိုပြီး သံယောဇဉ် မဖြစ်တည်ခဲ့တာမို့"

ဆတ်ခနဲအကြည့်ကြောင့် သူ စကားပြောရင်းမှ ရပ်သွားလေ၏။ တစ်ခုခုလုပ်လိုက်မိမှာကိုစိုး၍ လက်ကို တင်းတင်းဆုပ်ထားမိလေသည်။ သံယောဇဉ်မဖြစ်တည်ဘူးတဲ့လား။ "မချစ်နိုင်လို့ပါ" ဆိုပြီး ရက်ရက်စက်စက်သာပြောချလိုက်ပါတော့လား 'ကျော်' ရယ်။ 'တေးပန်းချီ' အတွက် သန်းခေါင်ထက် ညဥ့်မနက်တော့ပါဘူး။

"ကျော်"

"ဟင်"





"တေးကို ချစ်ခဲ့ဖူးသလား"

"-----"

ပြန်မဖြေပါ။ သေချာပါတယ်။ သူ့ရင်ထဲမှာ 'တေး' မဟုတ့် အခြားသောတစ်စုံတစ်ယောက် ရှိကိုရှိနေပြီဆိုတာပါပဲ။ ဘယ်သူလဲဟု မေးနေစရာမလိုပါ။ ထိုကောင်မလေးကိုကြည့်သည့်အကြည့်တွေထဲမှာ ကိုက အကြင်နာပြည့်လျှံနေသည့် အရည်လေးတွေ လဲ့နေတာ။ "ညီမလေး" လို့ ညင်သာစွာခေါ်သည့် အမည်ထဲမှာ ကရုဏာတရားတို့ အပြည့်အဝပါနေတာကို ဘေးမှာရှိနေပါသည့် ကျွန်မက မသိရအောင် ငတုံးမှ မဟုတ်တာလေ။

"ကောင်းပြီလေ၊ ကျွန်မကို မချစ်ဘူးဆိုတာ သိရတဲ့အတွက် Thanks ပါ ကျော်"

"တေး"

"တေးမျက်နှာကို သေချာကြည့်ပါ"

"-----"

"ကျော့်ကိုချစ်ခဲ့တာ အပျော်သဘောနဲ့ စိတ်ကစားပြီး ချစ်ခဲ့တာမျိုး မဟုတ်ဘူး။ ရင်ထဲမှာ နင့်နေအောင် နက်နက်နဲနဲ အချစ်မျိုးနဲ့ ချစ်ခဲ့တာပါ ကျော်"

"ကိုယ်က"

"တေး ချစ်သလို အပြည့်အဝ မဟုတ်တောင်မှ နည်းနည်းလေးလောက်ပဲ ပြန်ချစ်ပါ။ မဖြစ်စလောက် သေးသေးလေး ဖြစ်နေလည်း တေး ကျေနပ်ပါတယ်"

"တေးရယ်"

"ဒါပေမဲ့ ကျော့ဆီက တေး ဘာမှ မရခဲ့ဘူး။ သက်ရှိသက်မဲ့ဆိုပြီး ပိုင်းခြားပြစရာမလိုအောင်ကို ဘာဆို ဘာမှ မရခဲ့တာ။ ဟောဒီလက်တစ်စုံနဲ့ ကျော့ကို ဖမ်းဆုပ်ကိုင်ခဲ့မိတာမို့ တစ်နေ့ ပိုင်ဆိုင်ရပြီဆိုပြီး ဒီရင်ထဲမှာ ဟောဒီနှလုံးသားနဲ့ အပြည့်အဝ မျှော်လင့်ခဲ့သမျှအားလုံး အလကားပဲ"

"Sorry တေးရယ်"

"Sorry တဲ့လား။ ပါးပါးလေးပဲလားကျော့၊ ရှင့်အပေါ်ထားတဲ့ ကျွန်မရဲ့မေတ္တာမျိုးနဲ့ ရှင်တခြားတစ်ယောက်ကို ချစ်ကြည့်လိုက်စမ်းပါ။ ဒီလိုနာကျင်မှုမျိုးနဲ့ ထပ်တူပြန်ခံစားစေရမယ် နေမျိုးကျော်ဖင်၊ ဒါက ကျွန်မနစ်နာခဲ့ရသမျှ လျော်ကြေးပဲ"

"ဖြန်း!"

"ဟာ"

ပါးတစ်ဖက် ပူခနဲဖြစ်သွားသလို သူ အရှကြောင်ကြောင်ဖြင့်ရပ်နေမိပါ၏။ ဒီလိုပြောလျှင် ဒီလောက်တော့ သူပြန်ရနိုင်မှန်း ခန့်မှန်း





ပြီးသားပါပဲ။ ဘယ်အခြေအနေ ဘယ်အချိန်အခါမဆို တူညီတဲ့ တန်ပြန်သက်ရောက်မှုတော့ ရှိနေမှာပါ။ တစ်ခါလေး ရိုက်ရုံနဲ့ ဒီလောက်တော့ မနာကျင်လှပါဘူး။

နာကျင်မှုတဲ့လား 'တေး' ရယ်။ ချစ်မိသမျှ နာကျင်စရာတွေချည်းပဲဆိုရင် ဒီကမ္ဘာပေါ်က သက်ရှိလူသားအားလုံး အချစ်ဆိုတာကို တွေ့ခဲ့ကြမှာ မဟုတ်ပါဘူး။ မရှောင်နိုင်လို့ တစ်ကြိမ်လောက်တော့ အချစ်နဲ့ ကြုံတွေ့ရမှာပါလေ၊ ချစ်ကြည့်လိုက်စမ်းပါတဲ့လား။ ပေါက်ကွဲမှု ထွက်ပေါ်လာသည်က 'အမုန်း' မဟုတ်ပါဘဲ ကျိန်ဆိုခြင်းပဲလား 'တေးပန်းချီ'။

လူတစ်ယောက်ကို အပိုင်ရယူလိုစိတ်ဖြစ်တာကိုများ 'အချစ်' လို့ ယူဆသတ်မှတ်ထားလေသလား။ ကိုယ်က မင်းလက်ထဲ ဖမ်းဆုပ်သိမ်းဆည်းထားရလေအောင် သက်မဲ့အရုပ်တစ်ရုပ်မှ မဟုတ်တာလေ။ နှလုံးသားနဲ့လူသားဆိုတာကို မင်းမေ့ထားသလား။

အချစ်ဆိုတာ သိမ်မွေ့နူးညံ့ နက်နဲလွန်းတဲ့အရာတစ်ခုပါ။ ပေးဆပ်ခြင်းနဲ့ ချစ်နိုင်မှသာ စစ်မှန်တဲ့ချစ်ခြင်းမျိုးဖြစ်ပေမယ့် ရယူလိုစိတ်နဲ့ ချစ်ရင်တော့ အဲဒါက အချစ်မဟုတ်တော့ပါဘူး။ ဖြစ်ခြင်းဖြစ် "အတ္တ"ပဲ ဖြစ်မှာပါ။ ဒါကြောင့်လည်း "အလိုကြီးအရနည်း" ဆိုတဲ့စကားပုံဖြစ်လာတာလေ။ နှစ်ကိုယ်တူချစ်တယ်ဆိုတာထက် ပိုချစ်တဲ့

လူက မီးလိုပူလောင်တတ်တယ်ဆိုတာ သူမ မသိဘူးထင်ပါရဲ့။ လောကမှာ ချစ်တဲ့လူထက် အချစ်ခံရတဲ့လူက ပိုပြီးလောင်မြိုက်ခံစားရတယ်ဆိုတာကို သူကိုယ်တိုင် လက်တွေ့ခံစားရမှပဲ သိခဲ့ရတာပါ။

❊





## အခန်း (၂၄)

ဆိုင်ထဲရောက်နေပြီး လူကို စားမတတ် ဝါးမတတ် အကြည့်မျိုးဖြင့် ကြည့်နေပါသည့် မျက်ဝန်းတို့ကြောင့် 'သော်' ပါ ရင်ထိတ်လာရလေ၏။ ပြောမရနိုင်ပါ။ ဒီမိန်းကလေး ခြေမြန်လက်မြန်ရှိတာကို သမတစ်ကြိမ် ကြုံခဲ့ဖူးသည် မဟုတ်ပါလား။ နှုတ်ထက် လက်ကမြန်သည့် မိန်းကလေးပါလေ။

"ဘာ အစ်ကို ဟုတ်လား။ ဘာမှ သွေးသားမတော်စပ်ပါဘဲ ကျော်က ညီမလေး ခေါ်ရုံနဲ့ နင်က အစ်ကိုလို့ ပစ်ခေါ်လိုက်တာပဲလား။ သော်တာမြင့်မိုရ်။ အတော် အရှက်နည်းတာပဲ"

ကြည့်စမ်း! သူတစ်ပါး ပိုင်နက်ထဲ ကျူးကျော်သလို စကားစပ်ခင်းပုံက ရင့်သီးလှချည်လား။ အရှက်နည်းတာ အရိုင်းဆန်တာမျိုး

ကိုတောင် သေချာခွဲခြားတတ်ပါရဲ့လားနော်။ ဆိုင်မှာ ဘယ်သူမှ မရှိဘူ
အထင်ဖြင့် စိတ်ကြိုက်ကြီးနေပါသည့် သူ့မကြောင့် 'သော်'က နောက်
ဖေးပေါက်တံခါးအနီးမှာ ရပ်နေလိုက်တာပါ။ 'အောင်အောင်' တင်
ယောက် ဆိုင်ထဲဝင်လာမှာကို တားချင်လို့ပါပဲ။

"အရှက်နည်းတယ်ဆိုတာ ဘာကိုရည်ညွှန်းတာလဲ တေး
ပန်းချီ။ ဒီလို ရိုးသားတဲ့ အခေါ်အဝေါ်မျိုးလောက်နဲ့တော့ အရှက်
တယ်လို့ မယူဆနိုင်ပါဘူး"

"ဘာ! ရိုးသားတယ်တဲ့လား။ အဲဒီလျှာဖျားမှာ အရိုးမ
သလိုနဲ့ မတန်မရာ စကားလုံးတွေ ယူမသုံးပါနဲ့လား သော်တာမြင့်မိုး
ကိုယ်နဲ့ တူတူတန်တန် အပြောအဆိုမျိုးကိုပဲ သုံးပြမယ်ပေါ့"

"မကျေညီရင်နေပါ အနှောင့်ယှက်ပါနဲ့လို့ ကျွန်မ ဆိုင်ထဲ
စာတမ်းချိတ်ထားတာကို ရှင် မြင်မှာပါနော်။ မမြင်ရအောင် ကန်း
တာမှ မဟုတ်တာပဲ"

"ဘာ!"

"ကျွန်မက ရှင့်လို ကမ္ဘာကြီးမှာ For show ပြပြီး အသ
အသွားအပြန်လုပ်နေတာမျိုး မဟုတ်ဘူး။ ကိုယ့်ကိုယ်ပိုင် ဝင်ငွေ
ကိုယ့်အားကိုယ်ကိုးပြီး ရှာစားနေတာပါ။ ဒီတော့ ရှင်နဲ့ အလဟဿ
အချိန်မဖြုန်းနိုင်ဘူး။ တေးပန်းချီ"





အလို! ဒါက နင်လွှတ်တာပေါ့လေ။ မနွေညဦးပိုင်းက မရည်
ရွယ်ပါဘဲ သူ့ပါးကို ရက်စက်စွာ ရိုက်ခဲ့မိသည့် လက်ဝါးထက် ရင်ဘတ်
ထဲမှ နှလုံးသားက ခုချိန်ထိ နာကျင်နေတုန်းပါပဲ။ ဒီမိန်းကလေးကိုများ
ဘိတ်တနိုးချစ်မိနေပြီလား 'ကျော်'။ ပုံစံကိုက ယောကျ်ားလေးလိုလို
မိန်းမလိုလို style မျိုးနဲ့ ယောကျ်ားတွေကို မထီတထီ အီစီကလီ
လုပ်နေတာမျိုး မဟုတ်ပါလား။

'ရဲရင့်' ကိုလည်း သူငယ်ချင်းမို့ ဆွဲထားသလို 'ကျော်' ကို
လည်း 'အစ်ကို' ဆိုပြီး မညှာတညာ ဖြားယောင်းနေတာမဟုတ်လား။
ဒါကြောင့်လည်း ယောကျ်ားနှစ်ယောက်စလုံး ဟိုလိုလို ဒီလိုလိုနဲ့
မပြတ်မသား ဖြစ်နေရတာလေ။ တော်ပါသေးတယ် 'သော်တာမြင့်မိုရ်'။
ခေါင်းမှာ ဘာဆေးစွမ်းကောင်းများ ရှိနေလို့ ဒီလိုမျိုး 'ရဲရင့်' နဲ့ 'ကျော်'
ကို မိုးပျံပူဖောင်းနှယ် ကြိုးဆွဲထားနိုင်ရပါသလဲ။

"နင့်ဘက်က ပြောဖို့မရှိပေမယ့် ငါ့မှာတော့ ပြောစရာအများ
ကြီးရှိတယ် သော်တာမြင့်မိုရ်၊ ဒီတော့ မင်း ပြတ်ပြတ်သားသားရွေးမှ
ဖြစ်မယ်။ ရဲရင့်လား။ ကျော်လား။ ရှင်းရှင်းပြောပါ။ အဲဒီလိုမရွေးဘဲ
နှစ်ယောက်စလုံးကို ချည်နှောင်တဲ့ စုန်းမလိုလို ကဝေမလိုလို အတတ်
ပညာတွေ မသုံးနဲ့ပေါ့"

'သော်' မျက်မှောင်ကြုတ်လိုက်မိပါ၏။ ဘယ်လိုလဲ၊ အစ်ကို

နှင့်တွဲနေတာတောင်မှ 'ရဲ' ကို မျက်စိကျနေပြီလား။ ဒါကြောင်လည်း 'ရဲ' တို့ coffee ဆိုင်ကို မကြာခဏ ရောက်နေတတ်တာပေါ့လေ။ 'သော်' အတန်တန် သတိပေးခဲ့ပါတယ် 'ရဲ' ရယ်။ ဒီလို မူယာမာယာ များတဲ့ မိန်းကလေးကို မယိုင်မိစေနဲ့လို့။ အခုတော့ 'သော်' နဲ့ 'ရဲရင့်' က သူတို့နှစ်ယောက်ကို မကွဲကွဲအောင်ခွဲတဲ့ ဓားတစ်စင်းနှယ် အဖြစ် ကြုံနေပြီလား။

"ရှင့်စကား အတော်လွန်နေပြီ တေးပန်းချို။ ရဲရင့်က ကျွန်မရဲ့ ငယ်သူငယ်ချင်းပါ။ ကျွန်မတို့ရဲ့ အဖြူရောင်ကို colour မဆိုးချင်ပါနဲ့"

"ဟုတ်ပါတယ်၊ အဲဒီအပြောလေးတွေကပဲ ရဲရင့်မြတ်သွေးကို တုတ်နှောင်ထားတာ။ လှုပ်လို့မရအောင်ကို ချည်ထားတာလေ။ သော်မှသော်ဆိုပြီး နှင့်ကို အထိမခံနိုင်ဖြစ်စေအောင် သိပ်စွမ်းပါတယ်"

"ဘာ"

"အဲဒါကြောင့်ပဲ ငါ့ရဲ့ကျော်က နှင့်ကို ယိုင်ကျလာတာ။ တစ်ဖက်သားရဲ့ အားနည်းချက်ကို နင်တတ်တာ ပညာသားပါသားပဲ သော်တာမြင့်မိုရ်။ ယောက်ျားနှစ်ယောက်စကားများကြပြီး ဘယ်လို အကျိုးဆက်မျိုး ဖြစ်လာနိုင်မယ်ဆိုတာကို ကြိုသိနေတဲ့သဘောလား"

"စကားများတယ်"





"ဟုတ်တယ်"

"မဖြစ်နိုင်ဘူး။ မဟုတ်တာတွေ မပြောချင်ပါနဲ့ တေးပန်းချို။ ဲရင့်က အစ်ကို့ကို ရန်စောင်ထားထားပါတော့။ အဲဒါ ကျွန်မကို စိုးရိမ် ူပန်လို့ သတိပေးတဲ့ သဘောမျိုးနဲ့ ပြောတာပါ။ ဒီကိစ္စနဲ့ပတ်သက်ပြီး သူတို့ ပြဿနာဖြစ်စရာအကြောင်း မရှိဘူး။ ကျွန်မသူငယ်ချင်းက ိတ်ဆတ်တာ မှန်ပေမယ့် အကြောင်းမဲ့ သက်သက်နဲ့တော့ အစ်ကို့ကို န်မရှာတတ်ဘူး တေးပန်းချို။ ရဲရင့်မြတ်သွေးမှာ လူမှုရေးအသိ ခေါင်းပါးဘူးရှင့်"

"ဟင်းဟင်း ဟင်းဟင်း။ လက်သည်းဆိတ်တော့ လက်ထိပ် တော့ နာတတ်သားပါပဲလား။ ခုမှပဲကြည့်ကောင်းတော့တယ်"

"ဒီမှာ"

"ငါပြောဦးမယ်"

"ရှင်တို့သမီးရည်းစားကိစ္စကို ကိုယ့်တာသာကိုယ် ဖြေရှင်းပါ။ ီမဆိုင် ရဲရင့်နဲ့ကျွန်မကို ကြားထဲ ဆွဲမထည့်ချင်ပါနဲ့"

အောက်နှုတ်ခမ်းကို သွားဖြင့်ကိုက်ထားမိပါ၏။ စိတ်ရှိ လက်ရှိ ွန်းလိုက်မိလျှင် နောက်တစ်ကြိမ် ယမ်းသည်ဟု မြင်ဦးမှာပါ။ နှလုံး း အလုပ်ခံလိုက်ရပါသည့် ကျွန်မက မနာရပါဘဲ ဒင်းက သူငယ်ချင်း သူ့အတွက်ပါ နာရသတဲ့လား။ ကာကွယ်ပေးနေလိုက်တာနော်။

တစ်ယောက်နဲ့တစ်ယောက် အထိမခံနိုင်အောင်ကို အဖြစ်သည်းပြနေ
လိုက်တာ။ အဲဒီလောက်တောင်မှ သံယောဇဉ်ပိုပြီးတွယ်တာကြပ
သလော။

'တေး' ကိုလည်း ဒီလို အပြည့်အဝမဟုတ်တောင်မှ နှစ်နှ
ကျော်ကာလ သံယောဇဉ်ကိုငဲ့ပြီး ကာကွယ်ပေးသင့်တာပေါ့ 'ကျော်'
ခုတော့ ထိုသို့မဟုတ်ပါဘဲ "လမ်းခွဲကြစို့" ဆိုပြီး ပြတ်သားတဲ့ အဆုံး
အဖြတ်နဲ့ ကျောခိုင်းရက်ရတယ်လို့ ဘဝမှာ အရှုံးဆိုတာ 'တေးပန်းချီ'
အတွက် တစ်ခါမှ မရှိခဲ့ပါ။ ဒီလို အနိုင်ပိုင်းသွားရုံနဲ့ ကျွန်မက အေး
အေးဆေးဆေး ပွဲသိမ်းပေးမယ်လို့ ထင်ထားပါသလော။

'တေးပန်းချီ' ဆိုတာ ကိုယ့်ရင်ကို လာစိုက်တဲ့မြားနဲ့ ထ
တူညီမျှတဲ့ အဆိပ်မျိုး ပြန်တံ့ပြန်ပေးတတ်တယ်ဆိုတာကို 'ကျော်
သိသင့်ပါတယ်။

"ငါတို့ နှစ်ယောက်တည်းရဲ့ ပြဿနာဆိုရင် ဆန်းမလာ
သော်တာမြင့်မိုရ်။ အခုက မင်းတို့နှစ်ယောက် ဝင်ရှုပ်နေလို့ ပိုရှုပ်ကု
တာ"

"ဘာရယ်"

"ရဲရင့်အပေါ် ဒီလောက်ချစ်နေရင် 'ကျော့' ကို လက်လွှ
ပေးပါ"





"ကျစ်! ရှင့်ကို ကျွန်မပြောပြီးပြီလေ။ ရဲရင့်က"

"အဲဒီလိုမှ မဟုတ်ရင် နင့်ရဲရင့်ကို ငါ အစားပြန်ယူရလိမ့်
ယ် ဆိုတာပဲ"

"ဘာ"

ဘုရားရေ! ဘယ်လိုကြီးလဲ။ သူ့လူကိုယ့်လူဆိုပြီး အစားပြန်
ယူရအောင် ငယ်ငယ်တုန်းကလို အိုးပုပ် ဂျိုးရုပ်လုကြတာမျိုးလည်း
ဟုတ်ပါ။ ဒီမိန်းမတော့ အတော်လေးကို ဦးနှောက်ချောင်နေပြီဆိုတာ
သော်' ရိပ်မိနေပါ၏။ 'ရဲ' ကို လုမတဲ့လား။ ချစ်လို့ရွေးချယ်လိုက်တာ
က အကြောင်းမဟုတ်ပေမယ့် မချစ်ဘဲနဲ့ တကယ်ချစ်ဟန်ဆောင်ပြီး
စ်သွားခဲ့ရင် 'သော့်' သူငယ်ချင်းလေး ရင်ကွဲရမှာလေ။ ရှင် အတော်
က်စက်တတ်တာပါပဲလား 'တေးပန်းချီ'။

"ရဲရင့်ကို ရှင် တကယ်ချစ်လို့လား"

"နင်သိဖို့မလိုပါဘူး"

"လိုတယ် တေးပန်းချီ။ တကယ်မချစ်နိုင်ဘဲနဲ့ ယောကျ်ား
တွေကို အပျော်တွဲပြီး အသည်းမခွဲချင်ပါနဲ့"

"ဘာ!"

ကြည့်စမ်း! ပြောရဲလိုက်တာ။ "အချစ်" ဆိုတဲ့ခေါင်းစဉ်နဲ့
ပ်ပြီး ပြောရအောင် ဒင်းက အချစ်ကို ဘယ်လောက်များ ခံစား

နားလည်တတ်လို့လဲ။ လူကောင်သေးသေးလေးနဲ့ မလိုက်ဖက်အောင် ကို စကားလုံးကြီးကြီး သုံးပြနေပါလား။ အတော့်ကို ရယ်စရာကောင်း နေပါလားနော်။

"နင့်မှာ ဒီလိုပြောခွင့် ရှိလို့လား"

"ရှိတယ်"

"ဘာပြောတယ်"

"ယောက်ျားလေးတွေကို ကစားစရာလို သဘောမထားပါနဲ့ ပြီးတော့ အချစ်ဆိုတာ အပျော်ရှာစရာ မဟုတ်ဘူး တေးပန်းချီ"

"နင်"

"ကိုယ့်ဘက်က ချစ်နေပါပြီဆိုရုံနဲ့ ဘဝတစ်ခုကို အတင်း တည်ဆောက်လို့ မရဘူးရှင့်။ တကယ်ချစ်တတ်အောင် အရင်သင် လိုက်ဦး"

"ကဲ!"

"ဖြန်း!"

"အ"

"မမသော်၊ ဟာ! ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျ"

"မလုပ်နဲ့,အောင် မလုပ်နဲ့"

'အောင်အောင်' က နောက်တံခါးပေါက်မှ အမြန်ဝင်လာ





သလို သူမလက်ကိုပါ ဆုပ်ကိုင်၍ လိမ်ချိုးလိုက်လေ၏။ အားသန် သည့် အရွယ်ကောင်းလေးမို့ သူမမျက်နှာ ရှုံ့မဲ့သွားရလေသည်။ ထင် တော့ထင်ပါ၏။ ဒီမိန်းမက လက်မပါရလျှင် မနေမထိ ထိုင်မသာ ဖြစ်ကျင့်ရှိတာလေ။ အံ့ဩရပါ့ 'တေးပန်းချီ'။

"လက်စသတ်တော့ မင်းကမှ ယောက်ျားတွေနဲ့ ကင်းကင်း မနေနိုင်ဘဲ သော်တာမြင့်မိုရ်၊ ကြီးငယ် လတ်မရွေး အပါးတော်မြဲတွေ က အဆင်သင့်ရှိနေတာပါလား"

"ခင်ဗျား အတော်လွန်နေပြီနော်။ အဲဒါ ဘာစကားလဲ။ ရုပ်နဲ့မလိုက်ဖက်တဲ့ အယုတ်အညံ့စကားလုံးတွေပဲ သုံးတတ်တာ။ မသော်က ကျွန်တော့်အစ်မဗျ။ နှစ်ဝမ်းကွဲ မောင်နှမ၊ ခင်ဗျားမို့ တစ်မျိုးမြင်တတ်တယ်။ မိုးကြိုးပစ်ခံရမှာမကြောက်ဘူးလား"

"ဘာ!"

"သွားတော့ ခုချက်ချင်းထွက်သွား။ မဟုတ်ရင် ကျွန်တော် တစ်ခုခုလုပ်မိတော့မယ်"

"အောင်အောင်"

"တောက်!"

လက်ပါပြီးတာတောင် တစ်ခွန်းမတောင်းပန်ပါပဲ တက်ခေါက် ၍ ထွက်သွားလေသည်။ ဘာတွေဖြစ်ကုန်ပါလိမ့်။ အခြေအနေက

ပိုရှင်းမလာဘဲ ပိုရှုပ်ကုန်လေပြီ။ 'ကြိုးတွေ' တဲ့။ တကယ်ပဲ 'သော်' က 'ရဲ' နှင့် သူ့ကိုလိုက်ချည်နှောင်တဲ့ကြိုးများ ဖြစ်နေမလား။ ဟင့်အင်း! မဖြစ်ချင်ပါ။ ဒီလို ဖယားရှုပ်ချင်တဲ့မိန်းမကို ချစ်မိလျှင် ရင်ကွဲနာကျမှာကို ကြိုသိနေလို့ 'ရဲရင့်' ကို ကြိုပြီး သတိပေးရုံထက် မပိုပါဘူး။

ချစ်ချင်လျှင်ချစ်ပါ။ 'သော်' မတားမြစ်ပါဘူးနော်။ အချစ် ဆိုတာ တားဆီးလို့ရတဲ့အရာမှ မဟုတ်တာပဲ။ ရင်ထဲမှာ သူ့အလိုလို ပေါက်ဖွားဖြစ်တည်လာတဲ့ ချစ်ခြင်းကို လွတ်လပ်စွာ ရွေးချယ်ခွင့် ပေးလိုက်ပါ။ ရုပ်ဆိုးသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ပညာမဲ့သည် ဖြစ်စေ၊ အယုတ်အလှ အမြတ်မရွေး ချစ်ခြင်းမှာ လွတ်လပ်ခွင့်ရှိပါ တယ်။

ဒါကို 'နေမျိုးကျော်ဇင်' ကိုချစ်ပါသည်ဆိုသည့် 'တေးပန်းချီ' က မသိဘူးတဲ့လား။ အနေနီးစပ်ရုံနဲ့ အချစ်ဖြစ်တည်မည်ဟု သူမ အဘယ်ကြောင့် ယူဆသတ်မှတ်ထားပါသနည်း။ အနီးအပါးမှာ သန့် ကျင်ဘက်တွေ ရှိနေရုံနဲ့ အားလုံးရဲ့ချစ်ခြင်းကို သိမ်းပိုက်ယူငင်နိုင်ည် ဟု အမှတ်မှားနေတာပါလား 'တေးပန်းချီ'။

လူတစ်ယောက်ကို စိတ်ဝင်စားခဲ့မိတာနဲ့ ဘေးဘီဝဲယာ ဘာမှမမြင်နိုင်အောင် သူမ အမြင်တွေပျောက်ကွယ်ကုန်တာ





ကြောင့်ပါလဲ။ တကယ့်ကို အတွက်ကြီးလွန်းလှည်း သူမကို သော် မြင်မိလေသည်။ ချစ်ခြင်းမှာ အတ္တတွေရောမွှန်းနေပါလျှင် အဆောင် တွေ စွန်းထင်းကုန်တော့တာပါလေ။

"မုန်းလိုက်တာဗျာ။ ရုပ်ကလေးလှသလောက် နှုတ်ကြမ်း စိတ်ကြမ်းတဲ့မိန်းမ"

"တော်တော့ ဆက်မပြောနဲ့၊ လုပ်စရာရှိတာ လုပ်စမ်းပါ အောင်ရယ်"

"မမသော် ဖြုတ်ခိုင်းလို့ နိုင်လွန်ကြိုးခွေ ဝင်ယူမှပဲမြင်တော့ တာ။ ကျွန်တော်က ဝယ်သူထင်ပြီး အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ"

သူမက ကားကို စက်နှိုး၍ ထွက်သွားလေ၏။ ဘာလဲ အစ်ကို နှင့်ပြီးပြတ်သွားတာများလား။ ဖြစ်နိုင်ပါသည်။ ညက အစ်ကိုအိမ်ပြန် နောက်ကျသလို ဒီမနက်လည်း နေမကောင်းဖြစ်ပြီး အလုပ်မသွားပါ တဲ့။ 'မနန်း' တစ်ယောက် 'အန်တီဇင်'ကိုပါမက နောက်ထပ်လူနာကို ပါ စောင့်ရန် တာဝန်ယူရတော့တာလေ။

အသည်းတွေကွဲကုန်ပြီလား။ သူကလည်း 'တေးပန်းချီ' ကိုမှ ရွေးပြီးတွဲခဲ့တာကိုး။ ခုတော့ ခြေဖဝါးမှာ ပုလင်းကွဲစူးသလို အနာရာအကြီးကြီးနဲ့ အိပ်ရာထဲ လဲနေပြီပေါ့။ ဒါဖြင့် 'ရဲရင့်' ရော ဘာတွေဖြစ်နေပြီလဲ။ 'သော်' နှင့် စကားမပြောဖြစ်အောင် ငိုမဲ့သော

ခြင်းတို့နှင့်အတူ ဥပေက္ခာပြုထားတာ ကြာနေပြီလေ။

'သော်' သူ့ကိုမုန်းသည်။ ခါးခါးသီးသီးကို မုန်းမိပါ၏။ လောကကြီးမှာ ယောက်ျားလေးနှင့် မိန်းကလေး ရိုးရိုးသားသားခင်မင်ခွင့်မျိုး မရှိရတော့ဘူးလား။ နေရာတကာ ရန်လိုစိတ် မစ္ဆရိယတို့နှင့် လောင်မြိုက်နေသည့် သူ့ကိုကြည့်ရင်း ကြောက်မိတာအမှန်ပါပဲ။ 'သော်' သိထားတဲ့ 'အချစ်' ဆိုတာက အေးငြိမ်းတဲ့ ကြာဖြူပွင့်လေးလို တည်တည်ငြိမ်ငြိမ်လေးပါလေ။ 'သော်' မြင်နေရတဲ့ သူ့ချစ်ခြင်းတွေက ဖြင့် ဟုန်းခနဲ ထတောက်တော့မည့် မီးတစ်စလို အန္တရာယ်အပြည့်နှင့် ပါပဲ။

ရှင့်ကိုမုန်းတယ် 'တေးပန်းချီ'။

❊





# အခန်း (၂၅)

ညည့်ခန်းမှာ ခေါင်းငုံ့ရင်း ထိုင်နေမိ၏။ သူ့ရှေ့ရှိ ခုံထက်မှာ ဖေဖေရော မေမေပါ ရှိနေလေသည်။ 'မနန်း' က မိသားစုဆွေးနွေးတိုင်ပင်စရာရှိမှန်း သိ၍ အလိုက်သိစွာဖြင့် ညနေခင်းစောစောအချိန်ပင် အလုပ်ဆင်းသွားလေပြီ။ ညကတည်းက ဘာမှမစားဘဲ အိပ်ရာထဲ လူးလှိမ့်နေရင်း မိုးလင်းသွားတာ မဟုတ်လား။ အလုပ်သစ်မစသေးတာမို့ နားရက်လေး သုံးလေးရက်ရစဉ်မှာ မပျော်ရွှင်ရပါပဲ သူ့အဖြစ်က ရင်နင့်စရာကြီးပါလေ။

"ကဲ! ပြော ဘာတွေဖြစ်ကုန်တာလဲ"

ဖေဖေ့အသံက တည်တည်ငြိမ်ငြိမ်ပါ။ ကုမ္ပဏီသွားစဉ်မှာ 'အန်ကယ်ဦးနေမင်းရှိန်'က တစ်ဆင့် သူတို့အကြောင်းကို အမြန်ဆုံး သိလာမှာပါပဲ။ ဒီကိစ္စက ကြာရှည်ဖုံးထားလို့မှ မရတာ။ အထူးသဖြင့် အိမ်မှာ 'တေးပန်းချီ' တစ်ယောက် ဆူညံပွက်လောရိုက်နေမှာ မလွဲမသွေပါပဲ။

"တေးနဲ့ကျွန်တော် လမ်းခွဲလိုက်တာပါ ဖေဖေ"

"ဟောတော်"

"မစိုးရိမ်ပါနဲ့ မေမေ။ ကျွန်တော်, သူ့ကိုကောင်းကောင်းမွန်မွန်ပြောပြပြီးမှ လမ်းခွဲခဲ့တာပါ"

"ကောင်းပါလေ့ သားရယ်။ လူကြီးတွေကြား မျက်နှာပူရမှာကိုတော့ မင်းမတွေးမိဘူးလား"

"နေရခက်တာတော့ အနိုက်အတန့်လေး ကြုံရမှာပါ ဖေဖေ။ ဒါပေမဲ့ ကျွန်တော်မှ သူ့ကိုလက်မထပ်နိုင်တာ"

"ဒါဖြင့် သူပြောတာ အမှန်ပဲပေါ့"

"ဗျာ"

"သားမှာ နောက်တစ်ယောက်ရှိနေလို့ သူ့ကို သစ်စိမ်းချိုးချိုးတာဆိုပြီး ငိုကြီးချက်မနဲ့ မိဘတွေကို တိုင်သတဲ့ နေမျိုးကျော်ဇင်၊ ငါ့သား ဘာတွေ ဇာတ်ရှုပ်နေသလဲ"

"ဟင်!"

သူ အံ့ဩသွားရပါ၏။ ဒီအတိုင်း အေးအေးလူလူနှင့် အဆုံးမသတ်နိုင်ဘူးလား။ မိဘတွေကိုပါ အပူကူးစက်မှ ကျေနပ်မှာလား 'တေး' ရယ်။ ဘယ်လို ကလိမ်ကကျစ်ဉာဏ်ဆင်ပြီးတော့များ ဖေဖေ့နားထဲရောက်အောင် ဖန်တီးပြောဆိုရပါသလဲ။ နောက်တစ်ယောက်တဲ့





လား။ မင်းအပြစ်ဖို့ရင်တောင် ကိုယ်က ငြိမ်ခံပေးမယ့်သူဆိုတာ သိရဲ့သားနဲ့လေ။

"ဘာမှ မရှုပ်ပါဘူး ဖေဖေ။ Engage လုပ်မယ်တိုင်ပင်မှ ဒီလိုပြောလိုက်ရတာပါ"

"သား"

"ခင်ဗျာ"

"ဖေဖေတို့ကို အမှန်အတိုင်းပြောပါ"

"ဘာကိုလဲ ဖေဖေ"

"မင်းမှာ သမီးအပြင် နောက်ထပ်ချစ်ရမယ့်သူရှိနေပြီဆိုရင် အဲဒါ ဘယ်သူလဲ"

သူ မျက်နှာကွက်ခနဲ ပျက်သွားရပါ၏။ ဖုံးထားလို့မရပါလား။ ပြောလို့မဖြစ်ပါ။ သူ့အပေါ်မှာ နဂိုကတည်းက ဟိုချာတိတ် မကျေမချမ်း ဖြစ်နေမှန်းသိသိကြီးဖြစ်ပါလျက်နှင့် ရှေ့တိုးလို့ရပါ့မလား။ အစစအရာရာ ငဲ့ညှာထောက်ထားစရာတွေ ရှိနေတာမို့ ကိုယ်တို့နှစ်ဦးကြားမှာ ပင်လယ်သမုဒ္ဒရာတမျှ ခြားနားထားတာပါလား 'ညီမလေး' ရယ်။

"ပြောလေ"

"မရှိပါဘူး"

"အဲဒါဆို သမီးကို ဘာကြောင့်ငြင်းဆန်ရတာလဲ"

"မချစ်နိုင်လို့ပါ ဖေဖေ"

"အစ်ကိုသားကို အစ်အောက်မေးလည်း ပွင့်ထွက်လာမှာ မဟုတ်ဘူး။ နဂိုကတည်းက မြို့စီစီနဲ့ ကလေးမှန်း အစ်ကိုအသိပါ။ ခေါင်းမာတယ်ဆိုလည်း တော်ရုံ သင့်ရုံပေါ့ သားရယ်"

"ဒါဖြင့် မင်းချစ်နေတာ ဘယ်သူလဲ"

"----"

ဟင့်အင်း သိလို့မဖြစ်လို့ပါ ဖေဖေ။ 'အနံကယ်နေမင်း' တို့နဲ့ မျက်နှာပူရတာကမှ ဝေးပါဦးမည်။ 'အနံတီသက်' တို့မိသားစုကိုဖြင့် နှီးနှီးလေးမို့ မည်သို့ ရင်ဆိုင်ရပါ့မည်နည်း။ နီစွေရှုမမြင်တွေ့နေရပါလျက် ညတိုင်း ဖေဖေတို့ chest အတူကစားနေလေ့ရှိရာမှ ေခါ်မပြောတွေ ဖြစ်လာလျှင် ဘယ်လို လုပ်ရပါ့မလဲနော်။

ခွင့်လွှတ်ပါ ဖေဖေနဲ့မေမေ။ ကျွန်တော့်ကို နားလည်ပေးစေ ချင်ပါတယ်။

"နေမျိုးကျော်ဇင်"

"ဗျာ"

"နေရာတကာ မျိုသိပ်နေလို့ အလုပ်မဖြစ်ဘူး ငါ့သား။ မင်းကို တရားဆိုင်ပေးနေတဲ့ ရှေ့နေအဖြစ် ငါတွေ့နေ ပြောနေတာ မဟုတ်ဘူးလေ။ ပွင့်လင်းသင့်တဲ့အချိန်မှာ နှုတ်ကိုရော ရင်ကိုပါ





ဖွင့်တတ်ရတယ် ငါ့သားရဲ့ ခက်တော့တာပဲ"

ဖွင့်ချင်တာပေါ့ ဖေဖေ။ ဟောဒီနှုတ်ဖျားကနေ 'ညီမလေး ကိုချစ်တယ်' ဆိုပြီးပြောချလိုက်ချင်တာ အမှန်ပါ။ ဒီရင်ဘတ်ထဲကနေ ပြီး "ချစ်တယ် ချစ်တယ် ချစ်တယ်" ဆိုပြီး ထပ်ခါ ထပ်ခါ ခုန်ပေါက် နေတဲ့ နှလုံးသားက ရင်ပွင့်ပြီး ခုန်ထွက်လုလု အခြေအနေကို ဘယ်သူ မှ မသိတာလေ။

ညော် 'ညီမလေး' ရယ်။

"ပြောလေ သားရဲ့"

"ပြောလို့မဖြစ်လို့ပါ မေမေ"

"ဘာကြောင့်လဲ"

"သူ့မှာ သူ့မှာ သက်ဆိုင်သူ ရှိနေလို့ပါ"

"ဘယ်လို"

"ဘာ! အိမ်ထောင်ရှိတဲ့ အမျိုးသမီးကိုများ သွားကြိုက်မိတာ လား"

"ဟာဗျာ၊ မဟုတ်ပါဘူး ဖေဖေရဲ့"

"ဒါဖြင့် စေ့စပ်ပြီးသားပေါ့"

"အဲဒီလိုလည်း မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲကွာ။ ငါတို့ဦးနှောက်စားလာပြီ။ ဘယ်လိုသား

မျိုး မွေးထားမိလည်း မပြောချင်တော့ဘူး''

သူ မျက်ရည်ပင် ဝဲသွားရလေ၏။ ငြိုငြင်ချင်ကြပြီလား 'တေးပန်းချီ' အပြစ်ဖို့တာက မပြီးသေးခင်မှာ မိဘတွေကပင် သူ့အပေါ် ဆူပူချင်နေလေပြီ။ တစ်ဦးတည်းသော သားသမီးတွေက မိသားစုတိုင်းမှာ ရှိကြတာ မှန်ပေမယ့် သူက သူ့ကိုယ်သူ အသိဆုံးပါလေ။ ဖွင့် မပြောနိုင်သည့် ကိစ္စတွေက ဘဝမှာ အများတကာ့အများကြီးပါပဲ။

ဒီမနက်ကို နေမြင့်မှ အိပ်ရာနိုးခဲ့သလို အလုပ်လည်း မသွား ဖြစ်သဖြင့် အိမ်မှာရှိနေခဲ့ရပါ၏။ ရေမိုးချိုးပြီး အိမ်အောက်ဆင်းစဉ်မှ အိမ်ထဲ၌ မေမေ ရှိမနေတာကို သိရတာပါ။ 'မနန်း' ရောက်လာပြီး 'နှစ်ယောက်အတူ ဈေးသွားသည်' ဟူ၍ မီးဖိုခန်း၏ whiteboard အသေးလေးထက် စာရေးထားတာကို မြင်လိုက်ပါ၏။

သူနိုးလျှင် စားရန်အတွက် ပဲပြုတ်ဆီဆမ်းနှင့် နံပြားအဆင် သင့် လုပ်ပေးထားသလို အဆင်သင့်ဖျော်သောက်ရန်အတွက် Teamix ခွက်ကိုပါ ထားပေးထားလေ၏။ နံပြားထဲ ပဲပြုတ်နယ်ထား တာကို ထည့်ပြီးစားရမှာမို့ ဘေဇင်မှာ လက်ဆေးစဉ် မေမေ့စိန်လက်စွပ် (လက်ထပ်လက်စွပ်) ချွတ်ထားတာကို မြင်လိုက်ရလေသည်။

''မေမေကတော့ မေ့ပြန်ပြီ။ တော်ကြာ ဈေးမှာကျပျောက်ပြီး ထင်တော့မှာပဲ''





အိမ်မှာ သူစိမ်းဖြစ်သည့် 'မနန်း' ဝင်ထွက်နေတာကို မယုံကြည်၍ မဟုတ်ပါ။ မတော်တဆ ပျောက်ရှ၍ မသင့်သည့်ပစ္စည်းမို့ မေမေတို့ အိပ်ခန်းဆီသို့ သိမ်းပေးရန် လျှောက်လာခဲ့ပါ၏။ ရတနာ ပစ္စည်းကို မီးခံသေတ္တာထဲမှာ ထားတတ်သလို များသောအားဖြင့် အမြဲတစေ ဝတ်လေ့ရှိသည့် ပစ္စည်းကိုတော့ အံဆွဲထဲရှိဘူးထဲမှာသာ လွယ်လင့်တကူ ထားတတ်လေသည်။

ယခုလည်း ဒီလက်စွပ်ကို မေမေ အလွယ်မြင်စေရန် အံဆွဲ ...လျက် ကတ္တီပါဘူးဖွင့်ကာ လက်စွပ်နေရာ အချိုင့်လေး၌ထည့်၍ ...လိုက်ပါသည်။ ဘူးကို ပြန်မပိတ်မီ သူ ရုတ်တရက်သတိထားမိ ...ပါ၏။ ဘူးအတွင်းဘက် မှန်နေရာမှာ ရှိရမှာက ပြဒါးမှန်မဟုတ် ...ဲ စာရွက်ဖြူဖြူဖြစ်နေသဖြင့် ပြန်ဖွင့်ကြည့်လိုက်မိတာပါ။

''ဟင်!''

ဓာတ်ပုံတစ်ပုံပါပဲ။ အတိအကျပြောရပါလျှင် ဟိုးအချိန်များစွာ ...ရိုက်ထားသလို ပျက်လုလု အဖြူအမည်း ဓာတ်ပုံပါ။ ထိုအထဲမှာ ...နေသည်က ရင်ခွင်ထဲ ထွေးပိုက်ထားပါသည့် ကလေးလေးကို ငုံ့ ...ည့်ပြုံးပြနေပါသည့် အမျိုးသမီးတစ်ယောက်၏ သားအမိပုံပါလေ။ ...မျိုးသမီး၏ မျက်လွှာချပုံ ခပ်ငုံ့ငုံ့အနေအထားနှင့် နုတ်ခမ်းပါးတို့မှ ...ပြုံးကိုမြင်ရစဉ် သူ့ခေါင်းထဲ မိုက်ခနဲဖြစ်သွားရတာ အမှန်ပါပဲ။

"သား"

"____"

"သား"

"ဟင်"

"ဘာကို အပြင်းအထန် စဉ်းစားနေတာလဲ၊ နာမည်ဖွင့်ပြောဖို့လေးတောင် အဲဒီလောက် ခက်ခဲနေရလား"

သူ မေမေ့မျက်နှာကို မော့ကြည့်လိုက်ရင်း ဖျတ်ခနဲ အကြည့်လွှဲသွားရပါသည်။ မွေးသမိခင်ကို မည်သို့ဖွင့်ဟမေးရပါ့မည်နည်း။ အထူးသဖြင့် နှလုံးရောဂါအခံရှိသည့် မေမေ့ကို ဝေဒနာ ထပ်မတိုးစေချင်ပါ။ မေမေသာ တစ်စုံတစ်ခုဖြစ်သွားလျှင် သူ ရင်ကျိုးရမှာလေ။

"သား"

"ဗျာ"

"ဒီနေ့ မေမေတို့အခန်းထဲကို ဝင်မိသေးလား"

"ဗျာ! အဲဒါ ဟို"

"မေမေ့လက်စွပ် ဘယ်နေရာမှာ ကျန်ခဲ့သလဲဆိုတာ မေမေ မှတ်မိပါတယ် သား။ ဘယ်နေရာမှာ သိမ်းနေကျဆိုတာကိုလည်း သိတယ်"

"မေမေ ကျွန်တော် ကျွန်တော်"





သူ ခုံမှထလိုက်ပြီး မေမေတို့ ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သလို မေမေ့ပေါင်ထက် မျက်နှာအပ်ချလိုက်မိတော့၏။ ထိန်းထားပါသည့် မျက်ရည်ပေါက်တို့က တစ်ပေါက်ပေါက် စီးကျလာလေတော့သည်။ ယောကျ်ားမှန်လျှင် မျက်ရည်မကျရဟု တားမြစ်ထားတာတော့ ရှိလောက်ပါဘူးနော်။ မေမေက သူ့ခေါင်းကို အသာပုတ်ပေးရင်း သက်ပြင်းရှိုက်လိုက်လေ၏။

"ဒါက ဘာဖြစ်တာလဲ"

"အစ်ကို့သား မာလာ့ပုံကိုမြင်သွားပြီ"

"ဘာ! ဘယ်လိုဖြစ်ပြီး"

"သားကိုယ်သား မွေးစားသားဆိုပြီး ရိပ်မိသွားပြီလား"

ခေါင်းကို အခါခါညိတ်မိလေ၏။ ရင်တွင်းဆို့နင့်လာမှုကြောင့် အသံပင်ထွက်မလာနိုင်တော့ပါ။ မွေးစားကလေးတဲ့။ ဒီလိုလူမျိုးက ...လေး' နဲ့ သူ့ကို ပိုဝေးကွာသွားစေသလိုပါလား။ မသင့်လျော်ဘူး ...ထက် မတူမတန်ဘူးဆိုသည့် အသိက ရင်ကို အစိတ်စိတ် ...မှာ ကွဲကြေစေလေ၏။ ကံကြမ္မာက သူ့အပေါ်မှာ သက်ညှာမှုမဲ့ ... သေမိန့်ချမှတ်လိုက်သည့်နှယ်ပါလေ။

"ဖြစ်ရလေ သားရယ်။ သားကို မေမေ့တစ်သက်မှာ မွေးစား ...လို့ တစ်ခါမှ မမြင်ခဲ့ပါဘူး။ လိုချင်တာရှိရင်တောင် ထုတ်မပြောတဲ့

တဲ့ ကလေးလေးရဲ့ မရဲတရဲအကြည့်လေးနဲ့တင် သားစိတ်ကို မေမေ ဖတ်နိုင်ခဲ့တာပါ"

"မေမေရယ်"

"ဘာမှ သွေးသားမတော်စပ်တာမှန်ပေမယ့် သားက မေမေ့ရဲ့ သားအရင်းလိုချစ်ရတဲ့ သားလေးပါ။ မာလာဆိုတဲ့သားမေမေက သားကိုမွေးပြီး အခါလည်အရွယ်မှာပဲ ကား Accident ဖြစ်ပြီး ဆုံးခဲ့တာကွယ့်။ မာလာဟာ မေမေ့ရဲ့အချစ်ဆုံးသူငယ်ချင်းပါ"

"ဒါဆို ဒါဆို ဖေဖေကရော"

"ဒီမှာလေ"

"ဗျာ!"

"ဖေဖေက ဖေဖေပေါ့ သားရဲ့"

သူ့မျက်ရည်က တန့်ခနဲရပ်လေ၏။ မိဘမဲ့ဟုထင်ထား လျက် အဖေဖြစ်သူက ရင်ဘတ်ပုတ်ပြပြီး ပြောနေလေပြီ။ သေ မှာပဲ။ ဒါဖြင့် သူက ဖေဖေ့သားဖြစ်ပြီး မေမေကမှ နောက်အမေဖြစ် တာပေါ့လေ။ အမယ်လေးဗျာ။ လောကကြီးရဲ့ လှည့်ကွက်က အံ့ဩ ပါပဲလား။

"တင်းတောင်!"

"ဟော!"





တံခါး bell သံပေးလိုက်ပြီးနောက် စေ့ထားသည့်တံခါးကို ဖွင့်၍ ခြေသံတရှပ်ရှပ်မြည်ရင်း ဧည့်ခန်းထဲသို့ လျှောက်လာသံ ကြောင့် သူ ခေါင်းကိုရော ခါးကိုပါ မတ်လိုက်မိသည်။ သူတို့အနီးသို့ steel ချိုင့်ကိုင်၍ ရောက်လာသည်က သူ၏ လမင်းကလေးပါပဲ။

"သမီးလေးရောက်လာတာကိုး"

"အစ်ကို နေမကောင်းဘူးဆိုလို့ မေမေ ပို့ခိုင်းလိုက်တာပါ အန်တီ"

"ဘာများလဲ သမီးရယ်"

"ကြက်သားဆန်ပြုတ်ပါ။ နေမကောင်းတဲ့လူက သံမံတလင်း မှာ ထိုင်နေရလား"

သူ ကမန်းကတမ်း ထရပ်ရင်း မျက်ရည်တို့ကို အမြန်သုတ် လိုက်ရပါ၏။ 'သော်' က တအံ့တသြဖြင့် သူ့ကို အငေးသားကြည့်နေ ပါ။ အလို! သူ မျက်ရည်ကျနေတာကိုများ မြင်သွားလေသလား။ ရှက်စရာကြီးပါပဲ။

"သော် တစ်ခါတည်း လှယ်ပေးခဲ့ပါ့မယ် အန်တီ"

"အေးကွယ် ... သမီးကို အားနာလိုက်တာ"

"ရပါတယ် အန်တီရယ်"

"ကျွန်တော် ကူလိုက်မယ် မေမေ"

"နေမကောင်းတဲ့လူက သက်သောင့်သက်သာနေပါလား

"နေကကောင်းပါတယ်"

"ဒါဖြင့် ဘာက မကောင်းတာလဲ၊ sorry! sorry! သေ
မမေးသင့်တာ မေးမိပြီ"

မီးဖိုခန်းထဲသို့ဝင်ရင်း ကြွေပန်းကန်လုံးကြီးထဲသို့ ဆန်ပြုတ်
ပူပူကို လှယ်ထည့်ကာ ကြက်သွန်ဖြူကြော်မှုန့်နှင့် ကြက်သွန်မြိတ်ည
ပြီး အပေါ်အံထဲ ထည့်လာတာကို အပေါ်မှ ဖြူးပေးလိုက်ပါ၏။ နံရံ
ဗီရိုကို ဖွင့်၍ ငရုတ်ကောင်းမှုန့်ဘူးကို ယူလိုက်ပြီးနောက် စားပွဲထ
တင်ပေးလိုက်သလို ဇွန်းအဝိုင်းအရှည်ကိုပါ ပန်းကန်လုံးထဲ တင်ပေး
လိုက်ပါသည်။

"စားလို့ရပါပြီ"

"ကျေးဇူး"

"အသည်းတစ်ခါကွဲရုံနဲ့ မျက်ရည်ကျရလား။ အစ်
ယောက်ျားမဟုတ်သလိုပဲ"

"အသည်းကွဲတယ်လို့ ဘယ်သူပြောလဲ"

"သိဘူးလေ"

"ဒါဆို ညီမလေး သိတာ ဘာရှိလဲ"

"ဘာမှမရှိဘူး"





"သေချာလား"

"အင်း"

"ဒါနဲ့ ကိုယ်တစ်နေရာသွားရင် ညီမငလေးကို ခေါ်သွားချင်
တယ် လိုက်မှာလား"

"ဘယ်ကိုလဲ"

"လိုက်ရင်သိမှာပေါ့"

"အဟမ်း!"

ထမင်းစားခန်းအဝမှာ ရပ်၍ ချောင်းဟန့်သံ ပေးလိုက်သဖြင့်
သူရော 'သော်' ပါ လှမ်းကြည့်လိုက်မိလေ၏။ သူ့ဖေဖေရော မေမေပါ
ကြည့်ပြီး ပြုံးနေသည့်အပြုံးက အဓိပ္ပာယ်တစ်ခုခု ရှိနေသလိုပါလေ။
ဘာတွေများလဲ။ 'သော့်' ကို ပဟေဠိတော့ မဝှက်ပါနဲ့နော်။

"သေချာပြီလား သား"

သူက ပြုံးရင်း ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်လေသည်။
ညီမလေး'ကဖြင့် ဘာမှ နားမလည်ဘဲ မျက်လုံးဝိုင်းလျက် ကြည့်နေ
ပါလေ။

**ပြီးစားလျက်**

မယဒ္ဒါမောင်
22nd Aug 2017
AM (00:25)